www.burmeseclassic.com

# သောင်းဝေဦး

# မလွှမ်းပိုမငိုနဲ့နော်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၃၇၄၀၉၀၈ |
| ျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၆၂၀၉၀၈ |
| ပထမအကြိမ် | - | ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | - | ၁၀၀၀ |
| ာန်ဖိုး | - | ၁၃၀၀ ကျပ် |
| ျက်နှာဖုံးပန်းချီ | - | မောင်မောင်သိုက် |
| ျက်နှာဖုံးကာလာခွဲ | - | မြကျွန်းသာ |
| အတွင်းဖလင် | - | **AZ** |
| ကွန်ပျူတာစာစီ | - | မြရတနာအဖွဲ့သားများ |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ
ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြ)
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့် သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ်(၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မြရတနာစာပေ


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြရတနာစာပေ



ဆောင်းဝေဦး

www.burmeseclassic.com

သောင်းဝေဦး

# မလှမ်းပို မငိုနဲ့နော်

မုရုဟာနှာစာပေ

www.burmeseclassic.com

# မာတိကာ

## မလွမ်းပို မငိုနဲ့နော်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တစ်ခါက ကျိုက်ထီးရိုး | ၅ |
| ၂။ | မှူးမြစ်ဝှမ်းက လွမ်းချင်းတစ်ပုဒ် | ၄၅ |
| ၃။ | နှောင်းသစ္စာက မပြယ်လေတယ် | ၇၁ |
| ၄။ | မေ့မရတဲ့ နွေညများ | ၁၀၃ |
| ၅။ | သက်ထားနဲ့ ဆင့်ဆင့် | ၁၃၁ |
| ၆။ | သံလွင်ကို သက်သေတည်၍ | ၁၅၃ |
| ၇။ | တောင်ပြာတန်းက သိတယ် | ၁၆၉ |
| ၈။ | ကျွန်တော်နဲ့ ကြောင်နှစ်ကောင် | ၁၉၁ |
| ၉။ | ကြွေနှင့်သွားသော ပန်းကလေးများ | ၂၀၇ |
| ၁၀။ | မလွမ်းပို မငိုနဲ့နော် | ၂၄၃ |


မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တစ်ခါက ကျိုက်ထီးရိုး

စစ်သားဘဝ၌ ကျိုက်ထီးရိုးဘုရားသို့ အခေါက်ခေါက် အခါခါ ရောက်ဖူးခဲ့သည်။ အရှေ့တောင်တိုင်း နယ်မြေတွင် ၁၅ နှစ်နီးပါးမျှ တာဝန်ထမ်းဆောင်ခဲ့ရာ အရာရှိငယ်ဘဝမှသည် နည်းဗျူဟာမှူးဖြစ်သည်အထိ ကျိုက်ထီးရိုးတောင်ကို အကြိမ်ကြိမ် တက်ခဲ့ဖူး၏။ ၁၉၉၅ စစ်သားဘဝမှ နယ်ဘက်သို့ ကူးပြောင်းတာဝန်ထမ်း ဆောင်ခါနီးမှာပင် ကျိုက်ထီးရိုး တစ်ခေါက် ရောက်ခဲ့သေး၏။ မိသားစုနှင့်အတူ ကျိုက်ထီးရိုး ဆံတော်ရှင် စေတီမြတ်အား ရှိသေမြတ်နိုး လက်စုံမိုးကာ ရှိခိုး ကန်တော့ခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနှင့် ဘုရားကန်တော့ပြီးအပြန်၌ ငယ်ဘဝကို ပြန်စဉ်းစား၍ တစ်ကိုယ်တည်း ပြုံးမိပါသည်။

ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်က ဒီကျိုက်ထီးရိုးတောင်ကို ပထမဆုံးအခေါက် ရောက်ခဲ့၏။ အခုလို ဘုရားစုံ အကုန်မဖူးဖြစ်ပါ။ ကိုယ့်အပူနှင့်ကိုယ်မို့ ရောက်သည်ဆိုရုံမည်ကာမတ္တသာ။ ရယ်တော့ ရယ်ရပါသည်။

ရှေ့တန်းတပ်မဋ္ဌာနချုပ်ရှိသည့် သထုံသို့ အပြန်လမ်းတွင် လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်က ကျိုက်ထီးရိုးကို ဘာမသိညာမသိဖြင့် သွားခဲ့သည့်အဖြစ်အား ပြန်ပြောင်းတွေးမိပြန်သည်။ ထိုစဉ်က အသက် ၂၀ ပင် မပြည့်သေးသော လူငယ်လေး။

ဩော် ငယ်ရွယ်သူဆိုတော့ သူ့သူ့ကိုယ်ကိုယ် ဖြစ်တတ်တဲ့အမျိုးပေပဲဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ကျွန်တော့်အဖြစ်က တစ်ခါဆိုတစ်ခါမှန်း သိသိသာသာမို့ ဒီဖြစ်စဉ်လေးကို အမှတ်တရ တစ်ခါက ကျိုက်ထီးရိုးအဖြစ် ပြန်ပြောင်းပြောပြချင်ပါသေးသည်။





၁၉၆၄ ခုနှစ်ကဖြစ်ရပ်များ။

ဘဝကိုတစ်ကိုယ်တည်း ပင်ပန်းချို့ငဲ့စွာ ရုန်းကန်ရင်း မမနှင့်ကျွန်တော် ဆုံဆည်းခဲ့ရသည်။ ညီအစ်ကို မောင်နှမ တစ်ဦးမှ မရှိဘူး၍ သံယောဇဉ်ဆိုတာ ဘာမှန်းမသိခဲ့သူ။ ကျွန်တော်သည် မမကိုတွေ့တော့ သံယောဇဉ်နှောင်ကြိုးကို ငင်မိသည်။ နှောင်ကြိုး၏မမြင်နိုင်သော ရစ်ပတ်မှုများကို ကြုံရ သည်။

မမနှင့်ကျွန်တော်က ကျောင်းဆရာလုပ်ရန် သင်တန်းသွားအတက် သင်တန်းမှာ စဆုံသည်။ သင်တန်းပြီးတော့ တာဝန်ကျရာအရပ်လာတူနေသည်။ ပြီးတော့ နေတာကလည်း အိမ်နီးချင်း၊ လမ်းနီးချင်း၊ ဝိဇ္ဇာနောက်ဆုံးနှစ်ကို လုပ်သားကောလိပ်တွင် အတူတက်ကြရပြန်သည်။ ဘာသာတွဲကလည်း အတူတူမို့ သွားအတူတူ၊ စားအတူတူ၊ လာအတူတူ ဖြစ်ခဲ့ကြရ၏။

မမသည် ညီအစ်မသုံးယောက်တွင် အငယ်ဆုံးဖြစ်၏။ မောင်မရှိပါ။ အစ်ကိုသုံးဦးတော့ ရှိပါသည်။ ခြောက်ယောက် အနက် အငယ်ဆုံးဖြစ်၍ အားလုံး၏အလိုလိုက်ခံထားရသည်။ ကျွန်တော်နဲ့ရင်းနှီးခင်မင်ကြတော့လည်း သူမအလိုကို ကျွန်တော်က လိုက်ရသည်။ စာကူးပေးရသည်။ စာအုပ်ငှားပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားလိုရာများသို့ မကြာ မကြာ လိုက်ပို့ပေးရသည်။ ကြာတော့ ဘေးက ပြောလာကြသည်။ မမထားနဲ့အပါဟု။

ထိုစဉ်က မင်းသမီးကြီးမြင့်မြင့်ခင်နှင့် မင်းသားညွန့်ဝင်း တို့၏ မမထားနဲ့အပါဇာတ်ကားက နာမည်ကြီးနေသည့်ကာလ။ မမတို့ကျောင်းသူအုပ်စုက ထိုရုပ်ရှင်ကားကို ကြည့်ပြီးသည်နှင့် ကျွန်တော်နှင့် မမအား မမထားနှင့်အပါဟု အမည်ပေးကြ၏။ သူတို့က ကျောင်းကား **Ferry** စီးကြသည်။ **Ferry** က လူ ၁၀ ဦးခန့် ဆန့်၏။

မညွန့်ရီ၊ မခင်မျိုးမြတ်၊ မခင်စန်းကြည်၊ မအဲလစ်၊ မအင်နာ၊ မပြုံးပြုံးမာ၊ မမွှေးမွှေး၊ မခင်စုစုတို့က ပင်တိုင်ကား စီးသူများမို့ သူတို့အားလုံးကို မှတ်မိနေ၏။ ကျန်နောက်တိုး များကိုမူ ကျွန်တော် မသိတော့ပါ။ သူတို့ **Ferry** ကားကပ်စီးရင်း သူတို့နှင့် ရင်းနှီးလာသည်။ ကားကပ်စီးရတော့ သူတို့ကျေနပ် အောင် သူတို့ခိုင်းတာလေးတွေ လုပ်ပေးရသည်။

သူတို့ အမျိုးသမီးအုပ်စုနှင့် အလုပ်များနေသဖြင့် ကျောင်းဆရာဖြစ်ကတည်းက တွဲနေကျယောက်ျားလေး သူငယ် ချင်းများနဲ့တောင် သိပ်မတွဲဖြစ်တော့။





ကိုချစ်စရာ၊ ကိုစိန်လင်း၊ ကိုဘိုလေး၊ ကိုထွန်းမြင့်၊ ကိုမောင်မောင်လှ၊ ကိုတင်ဝင်း စသူတို့နှင့် ယခင်အခါက ကျွန်တော် တွဲနေကျ။ သူတို့အထဲတွင် တစ်ရပ်ကွက်တည်း အတူ နေခဲ့ဖူးသော ကိုချစ်စရာနှင့်က အခင်မင်ဆုံးဖြစ်သည်။

ကိုချစ်စရာက လူစုံ၊ ပဲခူးသား၊ ပဲခူးဆား။ သူ့အပေါင်း အသင်းများထဲ၌ စာပေအနုပညာသမားများ၊ စစ်ဗိုလ်စစ်သားများ၊ အစိုးရဝန်ထမ်းများ၊ သင်္ဘောသားများပါ၏။ မိန်းကလေးအသိ မိတ်ဆွေများလည်း ပေါသည်။ တက္ကသိုလ်၌လည်း သိပ္ပံဘာသာ တွဲယူပြီးမှ အိုင်အက်စီအောင်ပြီး ဝိဇ္ဇာဘာသာတွဲကို ပြောင်းယူပြန် သည်။ နောက်တော့ ကျွန်တော်တို့နှင့်အတူ မူလတန်းပြဆရာ လာလုပ်ပြန်၏။ သူက အနုပညာဇရှိ၍ စာရေးစပြုနေသည့် ကျွန်တော့်အစ်ကို မောင်နှင်းဆွေနှင့်လည်း ခင်မင်ပြန်သည်။ မောင်နှင်းဆွေဆီ စာပေကိစ္စများဖြင့် မကြာ မကြာ လာဆွေးနွေး တတ်သည်။ ထို့ကြောင့် ထိုစဉ်က မောင်နှင်းဆွေနှင့်အတူနေသော ကျွန်တော့်ကို သူက ညီငယ်တစ်ယောက်လို သံယောဇဉ်သည်း ရှိသည်။ ရံဖန်ရံခါ သုံးယောက်သား နှလုံးသားကိစ္စများကို ဆွေးနွေးဖြစ်ကြသည်။ ကိုနှင်းဆွေ၏ ပထမဆုံးလုံးချင်းဝတ္ထုရှည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ''သစ္စာပွင့်ပန်း လန်းရာမြေ'' အား ဝေဖန်ကြသည်။ ကျွန်တော်၏နှလုံးသားကိစ္စများကိုလည်း သူနှင့်ကိုနှင်းဆွေတို့က စိတ်ဝင်စားကြသည်။

အထူးသဖြင့် ကျွန်တော်နဲ့မမကိစ္စကို ဘေးကမျက်မြင် ဖြစ်နေသည့် ကိုချစ်စရာက များစွာစိတ်ဝင်စားသည်။ ကျွန်တော်နဲ့ မမ တွဲနေတာ သူ မကြာခဏ တွေ့နေသည်။

''ဟေ့လူ ဘယ်လိုလဲဗျ။ ခင်ဗျားနဲ့ မမကြီး အခြေအနေ''

''ဒီလိုပါပဲ''

''ခင်ဗျား မမကြီးက ခင်ဗျားကို အရုပ်ကလေးတစ်ခုကို သဘောကျသလို ဖြစ်နေတာဆိုပြီး ဘေးက ပြောနေကြတယ်ဗျ''

''ဘယ်သူတွေကလဲ''

''ကျွန်တော်တို့အဖွဲ့က လူတွေကပေါ့ဗျာ။ ခင်ဗျားက **Lady** တွေနဲ့ချည်းပဲ အချိန်ကုန်နေတာ။ အဲဒါလေးတွေ ဆွေးနွေးရအောင် ကျွန်တော်တို့ဆီလည်း လာခဲ့ဦးလေဗျာ။ ရေကျော်ကအဖွဲ့တွေကလည်း ခင်ဗျား မလာတော့လို့ ပြောနေကြတယ်''

ရေကျော်၌လည်း ကိုချစ်စရာမိတ်ဆက်ပေးမှုကြောင့်





ကာတွန်းဝင်းဒွေးတို့ ပန်းချီအုပ်စု၊ ကိုအောင်သန်းတို့ သဘောသားအုပ်စု၊ ကိုကျော်ဝင်းတို့ ရုပ်ရှင်အုပ်စု၊ ကိုခင်မောင်မြင့်တို့ ကုန်သွယ်ရေးဝန်ထမ်းအုပ်စု များနှင့် ကျွန်တော် ခင်မင်ခဲ့ရသည်။ ရေကျော်မောင်အေးကဖီးမှာ မကြာခဏ ဆုံကြသည်။ သူတို့က ပုဆိုးတိုတိုနှင့် ပင်နီတိုက်ပုံအမြဲဝတ်တတ်သည့် ကျွန်တော့်ကို ''အညာသား အတတ ခဏလာ ရေယူခဲ့စမ်း''ဟု မူလတန်း ခြင်္သေ့ဖတ်စာအုပ်ထဲက စာသားအတိုင်း စကြသည်။ သူတို့ ပြောသလို ကျွန်တော်ကလည်း ကိုယ့်နောက်လို့ နောက်မှန်းမသိ၊ စလို့ စမှန်း မသိ၊ အကင်းမပါးသောသူ အမှန်ပင်ဖြစ်ခဲ့၏။

လူအ ကျွန်တော်သည် လပေါင်းအတော်ကြာအောင် တွဲပြီးမှ မရဲတရဲနှင့် မမကို **Propose** လုပ်ဖြစ်၏။ မမက ပြုံး၍သာ အဖြေမှ မပေးခဲ့။ ထို့ကြောင့် မမနဲ့သာ သွားလာနေတာ၊ လက်ကလေးတောင် မကိုင်ရဲခဲ့ပါ။ ကျန်တာဆို ဝေးရော။ ဒီအခြေအနေကို ရေကျော်တွင် ကိုချစ်စရာနှင့် ဆုံတော့ ဆွေးနွေးဖြစ်ပြန်၏။

''ခင်ဗျား ဒီအဆင့်ကကျော်အောင် ကြိုးစားဗျာ။ **Lady** ကြီးက ခင်ဗျားကို လက်ခံပါတယ်။ ခင်ဗျား သတ္တိလေးတော့



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလိုတယ်နော်။ လုပ်ရဲဖို့လိုတယ် ဆရာလေး''

ကိုချစ်စရာက အကြံပြုသလိုလို မြှောက်ပေးသလိုလိုနှင့် ဆိုတော့၏။ တကယ်လည်း သူက ကျွန်တော်နှင့်မမကို အဆုံးစွန် အဆင်ပြေသွားစေချင်ပုံရ၏။

''ဒီမယ်ဗျာ၊ ခင်ဗျား **Lady** ကြီးကို တကယ့် **True Romatic Love** လား''

''ဆိုပါတော့''

''တကယ်အဆင်ပြေသွားရင် တကယ်ပဲ လက်ထပ်ဖို့ စိတ်ကူးထားလား''

ဒီတစ်ခါတော့ ကျွန်တော်က ခေါင်းပဲညိတ်ပြလိုက်၏။

''အဲဒါဆို နည်းနည်းလေးသတ္တိ ပိုပြီးရှိလိုက်ပါ။ အဆင်ပြေမှာပါ။ ကျွန်တော့်ဆီက လိုတာလည်း ပြော။ ကူညီဖို့အသင့်''

သူက ရဲရဲတောက် အာမခံပြီး တွန်းအားပေးလိုက်၏။

''အေးဗျာ ကျေးဇူးပါပဲ။ လိုတဲ့အခါ ပြောပါ့မယ်''

ဤဆွေးနွေးပွဲ၏ အကျိုးဆက်ကား

☺





၁၉၆၄ နှစ်ကုန်တော့မည်။

ဒီဇင်ဘာကျောင်းပိတ်ရက်လည်း နီးလာပြီ။

ရန်ကုန်ဆိုသော်လည်း ဒီနှစ်က ချမ်းချင်၏။ ကျွန်တော်တို့ လုပ်သားကောလိပ် ညပိုင်းကျောင်းသူများကား အနွေးထည် အမျိုးစုံကိုယ်စီနှင့် ရောင်စုံလိပ်ပြာများသဖွယ် လှပနေကြသည်။ မမတို့အဖွဲ့သည်လည်း **Cosy** အနွေးထည် ရောင်စုံဖြင့် တစ်နေ့တစ်မျိုး မရိုးရအောင် အလှချင်းပြိုင်နေကြ၏။

အတန်းအား၍ သူတို့အုပ်စု အခန်းလွတ်တစ်ခု၌ စုပြီး စကားပြောနေကြ၏။ သူတို့အဖွဲ့တွင် မညွှန့်ရီက ဆရာမကြီး၊ အောင်နာတို့ မမွှေးတို့က ဒုတိယခေါင်းဆောင်တွေ။ သူတို့နှင့်အတူ ယောက်ျားလေးဆို၍ ကျွန်တော် တစ်ဦးသာရှိ၏။ ကျွန်တော်က သူတို့အတွက် ကိုယ်ရံတော်တပ်မှူးလေး။

''ဟဲ့ အပါ။ တို့လာမယ့်ကျောင်းပိတ်ရက် ပဲခူးသွားကြမလို့၊ လိုက်မှာလား။ ဘုရားဖူးရင်း **Picnic** သဘောပေါ့''

ခေါင်းဆောင်ကြီး မညွှန့်ရီက ဆိုင်းမဆင့် ဘုံမဆင့်ပြောချလိုက်သည်။

''လိုက်မယ်ဆိုရင် စာရင်းပေး''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဘာမှမပြောဘဲ အနားမှာရှိသည့် မမ မျက်နှာကို ကြည့်လိုက်၏။

အလွန်အကင်းပါးလှသည့် မမညွန့်က

"အမယ်လေးတော် အပါက သူ့မမထားမျက်နှာလှမ်း ကြည့်နေသေးတယ်။ တော့်အစ်မလိုက်မှာပါတော်။ ကြည့် မနေပါနဲ့"

"မမ လိုက်မှာလား"

"အင်း"

မမက ကျွန်တော့်အမေးကို အသာအယာခေါင်းညိတ်၍ အင်းဟု ဖြေလိုက်၏။

ထိုအခါမှ ကျွန်တော်က

"ဒါဆို ကျွန်တော်လည်း လိုက်ပါမယ်။ စုရပ်က ဘယ် မှာလဲ"

ဟုမေးဖြစ်တော့၏။

"ဒီလုပ်သားကောလိပ်ရှေ့မှာပဲလေ။ ကိုးနာရီ ဒီကထွက် မယ်။ ကားငါးစီးပါမယ်။ တို့အပတ်စဉ်က ဆရာ ဆရာမအားလုံး လိုက်ကြမယ်"





မညွန့်ရီသည် ကျွန်တော်တို့နှင့် အထူးမူလတန်းပြဆရာ သင်တန်းအတူဆင်းဖက်ဖြစ်၏။ မမတို့အုပ်စုတွင် အသက်အကြီး ဆုံးဖြစ်၍ သွက်သွက်လက်လက် ပြောတတ် ဆိုတတ် လုပ်တတ် ကိုင်တတ်သဖြင့် အားလုံးက ခေါင်းဆောင်တင်ထားသူဖြစ်၏။ ယခုလည်း ကျွန်တော်တို့ ဆရာ၊ ဆရာမများ ပဲခူးသွားကြမည့် ခရီးစဉ်ကို သူကပင် ဦးဆောင်နေသည် ထင်၏။

"မမ လာဖြစ်အောင် လာနော်"

"အင်းပါ"

ထိုနေ့က Ferry ပေါ်က အဆင်း၌ မမနားသို့ကပ်ပြီး တိုးတိုးတိတ်တိတ် ပြောခဲ့ရသေး၏။

ချိန်းဆိုထားသည့် တနင်္ဂနွေမနက်တွင် ကျွန်တော်သည် အင်္ကျီအသစ်တည်တည်းသာရှိသည့် ဘောင်းဘီရှည် မီးခိုးရောင်အား ဝတ်ဝတ်သည်။ Belofast အပြာနုရောင်အင်္ကျီလက်ရှည်နှင့် အပေါ်က သားရေဂျာကင်ကို ထပ်ပြီး ဆင်မြန်းလိုက်၏။ ဂျာကင် ကတော့ သူငယ်ချင်းတစ်ယောက်ဆီက ခဏသွားငှားခြင်းဖြစ်၏။ ခြေကိုတော့ ဗိုလ်ချုပ်ဈေးမှ ရှူးဖိနပ်တစ်ရံ ပြေးဝယ်ရသေး၏။

ကျွန်တော်သည် တိုက်ပွဲဝင်ဝတ်စုံကို အပြည့်ဆင်မြန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်သားကောလိပ်ရှေ့ ရောက်သွား၏။

"ဟော့လူ ဘယ်လိုလဲ။ ရှိုးစမိုးအပြည့်နဲ့ ဘယ်သူက မြှောက်ပေးလိုက်တာလဲ"

ရေမွှက်ပမာဇာတ်ကားထဲမှ မင်းသားဖော်ခင်ပုံဖမ်းကာ အင်္ကျီရင်ဘတ် ဟပြဲနှင့် ဂျာကင်ချုံ့ပြီး ဘောင်းဘီရှည်ဝတ်ထား သည့် ကျွန်တော့်အား ရောင်းရင်းကြီး ကိုချစ်စရာက ဆီးမေးတော့ ၏။ သူကမူ အင်းလေးပိုးလုံချည် အညိုရောင်နှင့် ကော်လာ လည်ကတုံးအင်္ကျီပေါ်တွင် တာဖတာတိုက်ပုံနံ့သာရောင်ကို ဆင် မြန်းထားရာ ပွဲနေ ပွဲထိုင်သွားမည့်သူပုံ ပေါက်နေ၏။

သူက ကျွန်တော့်တစ်ကိုယ်လုံး ပြုံးကြည့်ပြီး တစ်ခါမှ ဘောင်းဘီရှည်မဝတ်ဘူးသည့် အညာသားလေး ကျွန်တော့်ကို အံ့သြနေပုံလည်းရ၏။ ဒီလူ ဒါတွေဝတ်လာတာ ဘယ်သူက မြှောက်ပေးလိုက်တာပါလိမ့်ပေါ့။ ဘယ်သူမှ မြှောက်ပေး မပေး ခင်ဗျာ။ မမနဲ့ချိန်းထားလို့ ကိုယ့်ဟာကိုယ် ဝတ်လာတာပါ။

"ဟော့လူ၊ ကျွန်တော် မေးတာကြားလား"

"ကြားပါတယ်ဗျာ။ တိုးတိုးပြောပါ။ မမနဲ့ချိန်းထားလို့"

"ဘယ်မှာလဲ ခင်ဗျား မမ။ မတွေ့ပါလား။ သူတို့အုပ်





စုလုံးကတော့ ရောက်နေပြီ။ ဟိုမှာလေ"

"လာမှာပါ။ မနေ့က ကျွန်တော်အသေအချာ မှာထား ပြီးသားပါ"

ကိုယ့်ဟာကိုယ် အပိုင်တွက်ပြီး ပြောလိုက်၏။ ပြောလို့ သာပြောရသည်။ ကိုးနာရီထိုးခါနီးထိ မမ၏အရိပ် အယောင် မျှပင် မတွေ့ရပါ။ ကိုးနာရီထိုးတော့ ကျွန်တော်လည်း ကိုချစ် စရာနှင့်အတူ အမျိုးသားများသာစီးသည့် ကားသို့ သွားပြီးစီး လိုက်၏။ မမကား လုံးဝ ပေါ်မလာတော့ပါ။

"ဟော့လူ ဘယ်လိုလဲ။ ခင်ဗျားမမကြီး"

"အေးဗျာ။ အသေအချာချိန်းထားရက်နဲ့ ဘယ်လို ဖြစ်သွားမှန်း မသိတော့ပါဘူး"

ကျွန်တော်က ခိုတစ်ကောင်လိုညည်းညည်းညူညူနှင့် ပြောလိုက်၏။ ကိုချစ်စရာကတော့ ပြုံးပြီး ကျွန်တော့်ကို သီချင်း တစ်ပုဒ်ဆိုပြီး စလိုက်၏။

"ချစ်ပိုင်လို့မူ xxx ဘဝချင်းပေါင်းစပ်လိုမှုတွေ xxx အညီးအသက်နဲ့ ယှဉ်ကာ xxx တွယ်တာစိတ်နဲ့ ခြေ သိမ့်သိမ့်ကြည်နူးမှုတွေ xxx ချစ်ဦးသူကြီးရေ ချစ်ဦးသူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရေ xxx မနဲ့ မောင်ဟာ ပန်းအကြွေနဲ့ စမ်းရေပမာအချ
xxx မောင့်ရင်ခွင်နိဝင်မေ့းစက် xxx ခရီးဆက် လက်တွဲ
မယ်လေ xxx''

''လက်မတွဲချင်လို့ ပြေးပြီလား မသိဘူး''

''စိတ်မပျက်ပါနဲ့ဗျာ။ ရွှေမော်ဓောဘုရားရောက်ရ
ဝိုင်းပြီး ရှာပေးပါဦးမယ်''

ပဲခူးရွှေမော်ဓောဘုရားကြီးသို့ နေ့ခင်း (၁၁)နာ
လောက်ရောက်သည်။ ဘုရားကန်တော့၍ ဆရာ၊ ဆရာမမျ
ဘုရားရင်ပြင်အား တစ်ပတ်ပတ်ကြသည်။ ကျွန်တော်သည
လူတစ်ရာကျော်ထဲ၌ မမကို တွေ့လိုတွေ့ငြား ခေါင်းမူးသည်အထ
ရှာမိ၏။ ဘုရားတောင် မကန်တော့နိုင်ပါ။ ဖြစ်ပုံများ။

''ထမင်းစားကြမယ်''

အဖွဲ့ခေါင်းဆောင်များက ကြေညာလိုက်သည်။ အား
ကိုယ့်အစုနှင့်ကိုယ် ထမင်းစားကြ၏။ ကျွန်တော်ကတော့ ထမ
မစားနိုင်ပါ။ စုံနံ့သာမြိုင်ရှာပုံတော်ကိုသာ ဆက်ဖွင့်နေမိ၏

''ဟဲ့ အပါပါလား။ ဘယ်တွေသွားနေတာလဲ။ လ
ထမင်းစားလှည့်လေ''





ခေါင်းဆောင်ကြီး မမညွန့်က အာသွက်လျှာသွက်ဖြင့် ကျွန်တော့်ကို လှမ်းခေါ်သည်။ မမညွန့်နဲ့အတူ မမတို့အိမ်ဘေးက မမမွှေးကို သွားတွေ့၏။ အင်း နည်းနည်းတော့ စုံစမ်းကြည့်ဦးမည်။ မမမွှေးဘေး သွား၍ ကပ်ထိုင်လိုက်၏။

''ထမင်းစားပြီးပြီလား''

''မစားသေးပါဘူး။ မဆာလို့''

''ဘယ်ဆာမှာလဲ။ သူ့မမထားမှ ပါမလာတော့တာ။ ရင်ပူနေမှာပေါ့''

''ဟုတ်တယ်။ အဲဒါ အမှန်ပဲ''

''ကျွန်တော်လည်း အဲဒါမေးမလို့ မမမွှေးရဲ့။ ဆရာမ ဘယ်သွားလဲဟင်။ မလိုက်ဖြစ်တာ အိမ်မှာကျန်ခဲ့လို့လား။ သူ့ အစ်မတွေက မထည့်တာလား။ ဟိုနေ့က ကျွန်တော့်ကိုလိုက် မယ်လို့ အသေအချာပြောပြီးတော့''

မမမွှေးက ကျွန်တော့်မျက်နှာကို စူးစမ်းသည့်အကြည့်ဖြင့် ကြည့်သည်။

''ဆရာလေး တကယ် မသိဘူးလား''

''မသိပါဘူး မမမွှေးရယ်။ မမမွှေးသိရင် ပြောပါ''



www.burmeseclassic.com

www.burmeseclassic.com



"သူ့အစ်မငယ်နဲ့ ဒီနေ့မနက်စောစောကတည်းက ကျိုက်ထီးရိုးထွက်သွားကြတယ်။ တစ်ညအိပ်တဲ့"

"တကယ်လား မမမွှေးရယ်"

"တကယ်ပါ ဆရာလေးရဲ့။ မနက်က သူတို့ညီအစ်မ အိမ်ကထွက်တော့ မွှေးကို လှမ်းတောင်နှုတ်ဆက်သွားသေးတယ်"

"ဪ"

ကျွန်တော် ရင်မောသွားသည်။ မမက တကယ်လုပ်ရက်ပါလား။ ဘာမပြော ညာမပြောနဲ့။ ဒီကတော့ အဟုတ်မှတ်ပြီး ပြင်လို့ ဆင်လို့။ ဟင်း။

စိတ်ထဲက မကျေမနပ် ရေရွတ်ပြီး မမမွှေးတို့ကို နှုတ်ဆက်၍ သူတို့ထမင်းဝိုင်းမှ စိတ်ပျက်လက်ပျက်ဖြင့် ထထွက်ခဲ့သည်။ အားလုံးက ကရုဏာမျက်လုံးများနှင့် လှမ်းကြည့်ကြ၏။

ခပ်လှမ်းလှမ်းရှိ ကိုချစ်စရာတို့ ထမင်းဝိုင်းသို့ရောက်သွားသည်။

"ဟော့လူ။ ဘယ်တွေလျှောက်သွားနေတာလဲ။ လာလေဗျာ ထမင်းစားရအောင်။ တန်တော့ ခင်ဗျား ဆရာမကြီး





သွား ရှာနေတာနဲ့တူတယ်။ ဘယ်လိုလဲ တွေ့ခဲ့လား"

"မတွေ့ပါဘူးဗျာ"

"သတင်းလေးဘာလေးရော မရခဲ့ဘူးလား"

"ရခဲ့တယ်"

"ဘာတဲ့လဲ"

"ဒီနေ့မနက်စောစောက သူ့အစ်မနဲ့ ကျိုက်ထီးရိုး တစ်ညအိပ် ထွက်သွားသတဲ့ဗျာ"

"ဘယ်သူက ပြောလိုက်တာလဲ"

"သူတို့ဘေးအိမ်က မမွှေးက ပြောလိုက်တာ။ နှုတ်ဆက်သွားသေးဆိုပဲ။ ဒီအတိုင်းဆိုရင်တော့ သွားပါပြီဗျာ"

ကျွန်တော်က ရွှေမော်ဓောဘုရားကြီးပေါ်၌ သံသရာတစ်ကွေ့ဝယ် သီချင်းထဲကလို ဘုရားမြတ်ထံပါးဝယ်၊ လျှောက်လည်ကြတယ်၊ နှစ်ယောက်သားတွဲလို့ ရင်ပြင်ပေါ်ဝယ် ဘဝသံသရာအဆက်ဆက် မပျက်တမ်း ပေါင်း ပေါင်းရစေသားလို့ ဆုပန်ရှယ်ရန် စိတ်ကူးထား၏။ မမကို ချစ်စကားလှလှများ ပြောရန် အထက်ပါအတိုင်း စကားလုံးများ စီလာ၏။ အဝတ်အစားကိုပင် ပုံစံတစ်မျိုး ပြောင်းပြီး ဝတ်စားလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ စိတ်ကူးလာခဲ့သမျှ ခဲလေသမျှ သဲရေကျခဲ့ပြီ။

ကျွန်တော်၏ ခိုညည်းညည်းနေပုံကို ကိုချစ်စရာက ကြည့်ပြီး

"ဘယ်သွားရမှာလဲဗျ။ ကျိုက်ထီးရိုးလိုက်သွားလေဗျာ။ ကျောင်းပိတ်နေတာပဲ။ တစ်ရက်နှစ်ရက်ကြာလည်း ဘာဖြစ်လဲ။ ဟိုမှာ နှစ်ယောက်တည်း တွေ့ရမှာ။ ပိုတောင်ကောင်းသေး"

ဟု အကြံပေးလိုက်သည်။ သူက ကျွန်တော့်အား နောက်ဆုံးထိုးစစ်ကို ဆင်နွှဲစေချင်ပုံရ၏။

"ဟာ ဟုတ်တယ်ဗျို့။ အဲဒီအကြံ ကောင်းတယ်။ ကျိုက်ထီးရိုးလိုက်သွားမယ်။ ကဲ ခင်ဗျား အဖော်လိုက်ပေးမလား"

"ရတယ်လေ"

ကိုချစ်စရာက ဒီလိုကိစ္စမျိုးကူညီရန် လုံးဝ ဝန်မလေးသည့်အတွက် ကျိုက်ထီးရိုးလိုက်ရန် လွယ်လွယ်ကူကူပင် သဘောတူလေသည်။ ဒီကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်ကို ယခင်ကတည်းက အကြံပေး ဦးပုညလည်း သူ လုပ်ခဲ့ဖူး၏။

အဖွဲ့ခေါင်းဆောင်ကို သတင်းပို့၍ ကျွန်တော်တို့နှစ်ဦး ပဲခူးဘူတာသို့ ဆင်းခဲ့ကြ၏။ ပဲခူးမှ ကျိုက်ထိုသို့ ရထားစီးမည်





လေ။ ကိုချစ်ရာက ပဲခူးဆားမို့ ဒီဒေသတော့ ကျွမ်းပုံရ၏။ ထို့ကြောင့် သူ့ကို လုံးဝ ဆရာတင်ကာ ကျွန်တော်တို့နှစ်ယောက် စုံနွံသာမြိုင် ရှာပုံတော်ခရီးကို ဆက်ကြတော့၏။

ပဲခူးမှ ကျိုက်ထိုသို့ လော်ကယ်ရထားစီးရ၏။ ဘုရားဖူး ခရီးသည်များ ပြည့်ကြပ်နေသဖြင့် နေရာတောင် ကောင်းကောင်း မရပါ။ မတ်တတ်ရပ်လိုက်ပါခဲ့ရ၏။ စကတည်းက စွန့်စားခန်းနဲ့ လာတိုးနေသည်။ ညနေ ၅ နာရီခန့်၌ ကျိုက်ထိုဘူတာရောက်၏။ ဘူတာတွင် ကျိုက်ထီးရိုးသွားမည့် တောကားများ အဆင်သင့်ပင် တွေ့ရ၏။ ဘူတာရုံတစ်ဝိုက်၌ ဘုရားဖူးခရီးသည်များ အသွား အပြန် ကြိတ်ကြိတ်တိုးနေကြသည်။ နားခိုစရာမဏ္ဍပ်များလည်း တွေ့ရ၏။

"ကျိုက်ထီးရိုး၊ ကျိုက်ထီးရိုး၊ တစ်ယောက် ငါးမူးနော်"

"ကဲ ဆရာ အတော်ပဲ။ ဒီကားတွေနဲ့ပဲ လစ်ကြစို့"

တောကားတစ်စီးကို တိုးဝှေ့တက်စီးပြီး ကားနောက်က နှစ်ယောက်သား မတ်တတ်ရပ်စီးခဲ့ရ၏။ ကားတိုင်းက လူပြည့် ကြပ်နေ၏။ ရထားတုန်းကလည်း မတ်တတ်၊ ကားလည်း မတ်တတ်။ ကျောက်ခင်းလမ်းဖြစ်၍ ကားက တစ်လမ်းလုံး



www.burmeseclassic.com

www.burmeseclassic.com



ဂလုံး ဂလွမ်းမြည်ကာ ဟိုဆောင့် ဒီဆောင့်ဖြင့် သွားရာ ကျွန်တော်တို့ နှစ်ယောက်လုံး အတော်အီစလံဝေသွား၏။ ထမင်းမစားရသေး၍ အခုမှ ကားဆောင့်ပြီး ထမင်းကလည်း ဆာလာသည်။

"မခင်လေး ချစ်လိုက်ပါတဲ့ အာရုံရယ် xxx ရွှေမြင့်မိုရ်တစ်တောင်လုံး တုံးမှတ်လို့ခုန် xxx ပြော် သမုဒ္ဒရာကြီး xxx ဆီးလို့သာ ကာစေကွယ် xxx လှေငယ်မစီးဘဲတကယ် xxx လက်ပစ်ကူးလို့ ဇမောင် လာမယ် xxx"

"ဟေ့လူ၊ တောင်ပေါ်ရောက်လို့ ခင်ဗျား Lady ကြီးတွေ့ရင် အဲဒီသီချင်း ဆိုပြလိုက်ဗျာ"

"အဲဒီသီချင်းတော့ မဆိုဘူးဗျာ။ တင်ဦးလေးရဲ့ ဟိုသီချင်းထဲကအတိုင်း နောက်နောင် ချစ်သဲခွင့်မပန်ဘဲ သွားပါနဲ့ကွယ်"လို့ပဲ ဆိုပြလိုက်မယ်ဗျာ"

"ဟား ဟား ဟား ဟား ဟား"

နှစ်ယောက်သား စိတ်ပြေလက်ပျောက် ရယ်စရာမောစရာများ ပြောပြီး လိုက်ပါလာကြရာ ကင်ပွန်းစခန်း ရောက်တော့မှောင်ပြီ။ စခန်းတွင် အလင်းဖွင့် ထမင်းဆိုင်လေးတစ်ခု၌



ညစာစားကြ၏။ ကြက်သားရေကျဲ တောချက်လိုလို ကာလသားချက်လိုလိုလေးမှာ အလွန်စားကောင်းလှ၏။ မနက်စာငတ်ခဲ့၍ ညစာကို အားရပါးရ စားဖြစ်သည်။ အလွန်စားကောင်းသော ထမင်းတစ်နပ်ပါပေ။

ထမင်းစားပြီးတော့ သတင်းစုံစမ်းကြသည်။ ရဲဘော်ရဲဘက်ကြီး ကိုချစ်စရာက ပဲခူးဆားပဲခူးသားဆိုသော်လည်း ကျိုက်ထီးရိုးကိုတော့ တစ်ခါမှ မတက်ဘူးသေးပါ။ ထို့ကြောင့် လမ်းကြောင်းအခြေအနေ သူလည်း ဘာမျှမသိဟု ပြောလေသည်။

"ဒီကနေ ဘုရားကို ဘယ်လောက်ကြာကြာတက်ရမလဲ ခင်ဗျ"

"သုံးနာရီလောက်တော့ ကြာလိမ့်မယ်"

"ဘယ်လောက်ဝေးလို့လဲ"

"ခုနစ်မိုင်လောက် ရှိမယ်ထင်တယ်"

"ခုည တက်ကြမလို့လား"

"ဟုတ်ပါတယ်"

"တောင်ဝှေးတစ်ချောင်းစီ ဆောင်သွားကြ။ အလယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ နည်းနည်းအတက်ကြမ်းချင်တယ်''

သုံးနာရီလောက်တက်ရမည်ဆိုတော့ ဟိုရောက်ရင် လူတွေအိပ်ချိန်ဖြစ်မည်။ ဒါ့ထက်ပိုပြီးမြန်နိုင်ရင် ကောင်းမည်။ ကျွန်တော်က အလောတကြီး တက်ချင်နေမိ၏။ ထို့ကြောင့် ထမင်းဆိုင်ရှင်ကြီးကို ထပ်မေးမိသည်။

''သုံးနာရီထက်ပိုပြီး မလျော့တော့ဘူးလား ခင်ဗျ''

''ခင်ဗျားတို့ လူငယ်တွေဆိုရင် လျော့နိုင်ပါတယ်။ တပ်မတော်တောင်တက်အဖွဲ့ ဟိုတလောက တက်သွားတာ နှစ်နာရီသာသာနဲ့ ရောက်တယ် ကြားတယ်''

ဒါဆို သိပ်မဆိုး။ ခပ်သုတ်သုတ်သွားရင် မမတို့ မအိပ်မီ တော့ ရောက်သွားနိုင်၏။

''ကဲ ဆရာချစ် လာဗျာ။ တောင်ဝှေးတစ်ချောင်းစီ ဝယ်ပြီး တက်ကြစို့''

ကျွန်တော်က လောဆော်လိုက်၏။ ကိုယ်က ကာယကံ ရှင်ကိုး။ စတက်ကတည်းက ကျွန်တော်က ဘောင်းဘီရှည်နဲ့ ရှူးဖိနပ်နှင့်မို့ လွှားခနဲ လွှားခနဲ တက်တော့၏။ ဆရာချစ်ကမူ သားရေဖိနပ်အသစ်၊ ပိုးပုဆိုးနဲ့ တိုက်ပုံအင်္ကျီနဲ့ဖြစ်၍ ကျွန်တော့်





ရောက် မမြန်။ ဒီဇင်ဘာမြောက်လေအေးကလည်း တစ်ချက် တစ်ချက် တောကြို အုံကြားမှ ဝှေ့ကာ ဝိုက်ကာ တိုက်လာနေ၏။ ညနက်လာသည်နှင့်အမျှ ရာသီဥတုကလည်း ပိုအေးလာသည်။ သို့ရာတွင် လမ်း၌ ဝါးမီးတိုင်များထွန်းထား၍ သိပ်မမှောင်ပါ။ လမ်းတစ်လျှောက် စခန်းငယ်များ တဲကလေးများ အစီအရီတွေ့ [illegible] အားလုံးလိုလို အိပ်စက်အနားယူနေကြပါပြီ။ မမကို တောင်ပေါ်ရောက်မှ တွေ့လိမ့်မည်ဟု မျှော်လင့်ထား၍ လမ်းက စခန်းငယ်များကို စိတ်မဝင်စားပါ။ နာမည်တွေလည်း မသိပါ။ အိပ်နေသူများကို ကြည့်ရှုကြည့်ပြီး တောင်ပေါ် အမြန်ရောက် ရေးကို စိတ်စောပြီး အပြေးအလွှားတက်နေသည့်အရှိန်ကို မလျှော့။

''ဟေ့လူ၊ ဖြည်းဖြည်းလုပ်ပါဗျာ။ ခင်ဗျားဆရာမကြီး ပျောက်မပြေးပါဘူး။ ရှိမှာပါ''

ည ၁၀ နာရီခန့်ရောက်သော်လည်း တောင်ပေါ်သို့ မရောက်သေးပါ။ မြင်ကွင်းကန့်သတ်ချက်ကလည်း ရှိသည့် [illegible]များက ကျလာ၏။ အေးလာသည်။ သို့ရာတွင် ကျွန်တော် က ထိုအအေးကို မမှုနိုင်ပါ။ အေးနေ သည့်ကြားမှ ချွေးများက

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးထားသည့်နှယ် ထွက်လာသည်။ ကျွန်တော်တို့နှစ်ဦးလုံး တိုက်ပုံနှင့် ဂျာကင်ကို ချွတ်ရတော့၏။ ရှူးဖိနပ်အသစ်ကလည်း ပေါက်လာသည်။ ဝတ်ချင်ဦးဟဲ့ ဖိနပ်အသစ်ဟု ကိုယ့်ဟာကိုယ် အပြစ်တင်လိုက်၏။

ည ၁၁ နာရီထိုးသော် နှစ်ယောက်လုံး လျှာထွက်၍ ဟောဟဲလိုက်နေကြ၏။ စခန်းငယ်လေးတွေ ကျော်ပြီး စခန်းကြီး တစ်ခု ရောက်သော် ဆရာချစ်က

"ဟေ့လူ။ ကျုပ်တော့ ကုန်နေပြီ။ ဒီမှာ အိပ်လိုက်ကြ စို့ဗျာ"

ဟု ဆိုလာ၏။

"ဟာဗျာ။ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်။ တောင် ပေါ်ကျမှ အိပ်ကြတာပေါ့။ လာပါဗျာ"

ကျွန်တော်က သူ့အားအတင်းဆွဲပြီး တရစပ်တက်၏။ သူကမူ တောင်ဝှေးထောက်ရင်း ခြေကုန်လက်ပန်း ကျနေ၏။ ကျိုက်ထီးရိုးကလည်း အနားရောက်လေ မတ်လေဖြစ်၏။ လမ်းမှာတွေ့သည့် မအိပ်သေးသူအချို့ကို "ရောက်ခါနီးပြီလား" ဟု မေးလိုက်တိုင်း အားလုံးက "ဒီတစ်ကွေ့ပါပဲ" ဟု တစ်ညီ



တစ်ညွတ်တည်း ဖြေကြသည်။ ဒီတစ်ကွေ့ ဒီတစ်ကွေ့နှင့် အကွေ့ပေါင်းတစ်ထောင်လောက်သွားလိုက်ရသည်ထင်၏။ အားခဲပြီး အတင်းတက်ရာ ည တစ်ချက်တီးမှ ဒုတ်ဒုတ်ထိ တောင်ပေါ်ကို ရောက်တော့၏။

အောင်မယ်လေး မောလိုက်တာများ သေမတတ် ကျေ မတတ်ပါပဲ။ မမရေ လုပ်ဗျို။

"ချွေးစက်စက် ချောင်းလျှံထွက်သည့်ပမာသို့နှယ် xxx အယ်သို့အန္တရာယ်ရှိသော်လည်းကွယ် xxx အားနဲ့ မာန်ကို အတူ တွဲလို့ xxx ကြမ်းသောလမ်းက ကိုယ်လျှောက်ခဲ့ပါတယ်"

မဆီမဆိုင် မနေ့တစ်နေ့ကမှ ကြားဖူးသည့်သီချင်း တစ်ပိုင်းတစ်စကို သွားပြီး သတိရနေ၏။ တကယ်လည်း ကျွန်တော့်ကိုယ်ပေါ်မှ ချွေးများက ချောင်းလျှံနေပါပြီ။ မမကို အဲဒီသီချင်းဆိုပြီး ချွေးများချောင်းလျှံအောင် ထွက်ခဲ့သည်ကို ပြလိုက်ချင်လှပါသည်။

တောင်ပေါ်ရောက်တော့ ကိုချစ်စရာက ရင်ပြင်တော် အဝင်ရှိ ဇရပ်တစ်ဆောင်ဘေး ထိုင်ချလိုက်ပြီး အောက်ပါအတိုင်း ပြောတော့၏။

www.burmeseclassic.com

www.burmeseclassic.com



“ဟော့လူ။ ခင်ဗျားဟာ ခင်ဗျား မမကြီးကို သွားရှာတော့။ ကျုပ်တော့ ခြေကုန်လက်ပမ်းကျသွားပြီ။ ဖိနပ်လည်းပေါက်ပြီ။ မောပြီ။ နားတော့မယ် သူငယ်ချင်း”

ကျွန်တော်က အလိုက်သိစွာ သူ့အားထားခဲ့၍ ဇရပ်တွေကို လိုက်ကြည့်၏။ လူတွေအားလုံး စောင်တွေ ခြုံပြီးအိပ်နေကြပါပြီ။ အချို့ဇရပ်များဆို လူတွေထပ်တောင်နေသလားလူတွေ စုပုံထားသည့် လူအပုံကြီးလေလားထင်ရ၏။ ရာသီဥတုကလည်း အေးနေပေသည်။

ဒီလူပုံကြီးတွေထဲမှာ မမကို ဘယ်လိုရှာရပါ့။ ဘယ်လိုမှရှာ၍မရနိုင်ပါ။ အော်ခေါ်လို့လည်း မရ။ အိပ်နေတဲ့သူတွေကိုလိုက်နှိုးလို့လည်းမဖြစ်။ ရော ခက်ပြီ။ အခုမှဒုက္ခနဲ့ လှလှနဲ့တွေ့ပြီ။ ငိုရမလို ရယ်ရမလို ဖြစ်နေ၏။ အရေးထဲမှာ ဖိနပ်ပေါက်၍ခြေထောက်က ထော့နဲ့ ထော့နဲ့ဖြစ်နေ၏။ ဝတ်ချင်ဦးဟဲ့ ရှူးဖိနပ်အသစ်။ ရှူးဖိနပ်ကိုချွတ်ပြီး လက်ကကိုင်ထားရ၏။

ရင်ပြင်တော်ကို ပတ်ကြည့်လိုက်သည်။ အားလုံးကအိပ်ပျော်နေကြ၏။ ဘာမှလုပ်မရတော့။ မမကိုလည်း မတွေ့။ ဒီတော့ ကျွန်တော် ဘာလုပ်မလဲ။ မမက ပြန်များသွားပြီလား





... ပြန်သွားတာလည်း ဖြစ်နိုင်သည်။ ဒါဆို လွဲသွားနိုင်၏။ ...အသန် လိုက်လာပြီးမှ လွဲသွားလို့လည်း မဖြစ်။ အမြန်ပြန်မှ...ည်။ ကျွန်တော်သည် ဘုရားအား ကမန်းကတန်း ဦးချကာ...င်းရန်ပြင်လိုက်၏။

“ဆရာချစ် ဘုရားသွားကန်တော့ဗျာ။ ပြန်ရအောင်”

ကိုချစ်စရာက အဆင်းနားက ကျောက်ဆောင်ကြီး...သားတွင် မီးဖို၍ မီးလှုံနေ၏။ ဒီဇင်ဘာဆောင်းည၏...လေအေးက မြောက်ဘက်တောင်တန်းများဆီက အဆက်...တိုက်လာနေ၏။ ပို၍ ပို၍ အေးလာနေသည်။ ခရီးသွား...က ဒီလောက် မအေး။ အခု နားမှ ပိုအေးလာ၏။

“မောပြီဗျာ။ ဒီမှာပဲ အိပ်တော့မယ်”

“မလုပ်ပါနဲ့ဗျာ။ ပြန်ရအောင်ပါ။ ဇရပ်တွေအားလုံး...ပြီးပြီ။ ဆရာမကြီးကို မတွေ့ဘူးဗျ။ အိပ်နေတဲ့လူတွေ...င်လည်း အရိုက်ခံရဦးမယ်။ ဆရာမကြီး ပြန်ဆင်းသွား...မဆိုနိုင်ဘူး။ မိုးလင်းရင် ကျိုက်ထိုမှာ လွတ်သွားမှာ...လိုက်လာပြီးမှတော့ အလွတ်မခံနိုင်ဘူး။ ကျိုက်ထို...သွားစောင့်မယ်ဗျာ။ ဒါဆို ဘယ်လိုမှ မလွဲနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘုရား လာပါဗျာ ပြန်ရအောင်ပါ''

''ညှပ်ဖိနပ်အသစ်ကြောင့် ခြေထောက်ပေါက်နေပြီး ဖိနပ်စီးလို့ မရတော့ဘူး''

''ကျွန်တော်လည်း ဖိနပ်ပေါက်နေပါပြီဗျာ။ ကဲပါ စီးလို့ရမယ့် ဖိနပ် ကျွန်တော် ရှာပေးပါ့မယ်။ ပြန်ရအောင်ပါ

ကျွန်တော်က အနူးအညွတ်တောင်းတောင်းပန် ပြောလိုက်ရာ

''ဒါဆိုလည်း လုပ်ဗျာ''

ဆရာချစ်က အားနာပါးနာနှင့် ပြောတော့၏။ သူ သဘောတူညီချက်ရသဖြင့် ဖိနပ်ရှာထွက်ခဲ့၏။ မီးလင်းနေသ ဘုရားတန်ဆောင်းတစ်ခု၌ တရုတ်မိသားတစ်စု ဘုရားကန်တေ နေကြသည်။ သူတို့၏ ဆင်ကြယ် ရာဘာဖိနပ်များကို အဝ ထား၏။ မတတ်နိုင်ပါ။ ကျွန်တော်တို့နှင့်တော်မည့်ဖိနပ်နှစ် အသာ မယူခဲ့၏။ စိတ်ထဲကတော့ ခွင့်လွှတ်ပါခင်ဗျာ။ မတ သာလို့ လုပ်သွားရတာပါဟု တောင်းပန်ခဲ့၏။

''ကဲ ဆရာ၊ ကြိုက်တဲ့ဖိနပ်ယူဗျာ။ စီးဗျာ။ ပြ လစ်ကြစို့''





ခိုးလာသည့်ဖိနပ်နှစ်ရံကို တစ်ယောက်တစ်ရံစီ စီး၍ ောင်ပေါ်မှ အမြန်ဆုံးပြန်ဆင်းခဲ့ကြ၏။ သို့ရာတွင် စိတ်သာရှိပြီး ာမလိုက်နိုင်တော့။ လူတွေက ယိုင်ရွဲ့နေကြပြီ၊ ဒယီးဒယိုင်ဖြင့် င်းလာကြရာ ပမာဆိုသော် ရှရှားဝင်တိုက်သည့် ပြင်သစ် ာချစ်ကြီး နပိုလီယံ မော်စကိုဆောင်းနှင့်မိ၍ စစ်ရှုံးပြီး ပြန်လာ ည့်ပုံစံမျိုးပါပေ။ နှစ်ယောက်သား စကားပင် ကောင်းကောင်း ပြောနိုင်ကြတော့။ ထော့နဲ့ထော့နဲ့ဖြင့် ဝေဘောင်အောက်ကို င်စင်လင်းမှ ရောက်တော့၏။

''ဗိုး သေချင်စော်ကို နံသွားတာပဲ''

''ကဲ ကျိုက်ထိုပြန်ကြစို့ဗျာ။ ဟိုရောက်မှ လက်ဖက် ည်သောက်ရအောင်''

ကင်ပွန်းစခန်းမှ တောကားစီးပြီးပြန်ခဲ့ကြ၏။ ကျိုက်ထို ောက်သော် ခလရ(၂၆)ရှိ ဘကြီးအိမ် ခဏဝင်ကြသည်။ ကြီးက ဗိုလ်ကြီးခင်မောင်ဟုခေါ်သည်။ ခရီးထွက်နေ၏။ ိမ်တွင် အဒေါ် အန်တီလှသာရှိ၏။ ဘကြီးအိမ်၌ မျက်နှာသစ် ယ်လက်သန့်စင်ပြီး မနက်စာစားခဲ့ကြ၏။ မလာစဘူး အဝေ ာသည့် တက္ကသိုလ်ကျောင်းသား တူကလေးကို အန်တီလှက



www.burmeseclassic.com

www.burmeseclassic.com



လမ်းစရိတ်မုန့်ဖိုးပင် ထုတ်ပေးလိုက်သေး၏။

"ဘာလာလုပ်ကြတာလဲ"

ဟု မေးသည်။

"ဘုရား လာဖူးတာပါ"

ဟု ကျွန်တော်က ဖြေ၏။ ဆရာချစ်ကတော့ ပြုံး[ေ]သည်။

အဒေါ်ကိုနှုတ်ဆက်ပြီး ဘူတာဘက်ထွက်ခဲ့ကြ[၏။] ဘူတာရုံရောက်သော် မနက်ကိုးနာရီထိုးပါပြီ။ ဆရာချစ်က

"ဟေ့လူ။ ကျုပ်တော့ တစ်ကိုယ်လုံး နုံးခွေပြီး မြူးမိတဲ့[...] ဖြစ်နေပြီ။ ဒီမှာ မှိန်းနေတော့မယ်"

ဟု ဆိုလေတော့၏။

"ရပါတယ်ဗျာ။ ခင်ဗျားတာဝန်ကျေရုံတင်မကပါဘူ[း] လွန်တောင်နေပါပြီ။ နားပါ။ ကျွန်တော်ကတော့ သမိုင်းဆ[...] တာဝန်အရ မတွေ့တွေ့အောင် ရှာဦးမယ်ဗျို့"

"လုပ်ဗျာ"

ဆရာချစ်အား ဘူတာတွင်းထားပြီး အပြင်ထွက်ခဲ့သည်[။] ခပ်လှမ်းလှမ်းက မဏ္ဍပ်များ၌ အမျိုးသမီးများကို လှမ်းမြင်ရသည်[။]





ဘာတွေများလုပ်နေကြပါလိမ့်။ မဏ္ဍပ်တွေဘက် ထွက်ခဲ့၏။ အမျိုးသမီးအချို့က တဝါးဝါး တဟားဟားဖြင့် သူတို့အချင်းချင်း [...]ကားတွေဖောင်ဖွဲ့ကာ ပွဲကျနေ၏။ အစွန်ဆုံးမဏ္ဍပ်၌ အမျိုး[သ]မီးလေးငါးဦး သဇင်ပန်းတွေ ဝေနေအောင်ပန်၍ တစ်ယောက် [...]ိုတစ်ယောက် စပြီး ရယ်မောနေကြ၏။ အတော် အရယ်သန် [...]သည်။ မဏ္ဍပ်ထဲမှာ ဒါလောက် အရယ်သန်နေတာ ကေန္တ[...]သိကတော်တွေများလား မသိ။ သူတို့နားရောက်သည် အထိ [ကျ]ွန်တော် သွားလိုက်မိ၏။

"ဟိုက် မမပါလား"

မဏ္ဍပ်အတွင်း၌ သဇင်ပန်းတွေတစ်ခေါင်းလုံး ဝေနေ[အ]ောင်ပန်ထားသည့် မမအား မြင်လိုက်သည်နှင့် မဏ္ဍပ် [အ]တွင်းသို့ ကျွန်တော် ပြေးဝင်လိုက်၏။

"မမ"

"ဟယ် ဆရာလေး"

"ဟယ် ဆရာလေးတွေ ဘာတွေလုပ်မနေနဲ့။ မမ [...]က်တယ်ဗျာ။ ဘာမပြော ညာမပြောနဲ့ ထွက်သွားလိုက်တာ။ [...]သူမှလဲ မှာမသွား ပြောမသွားဘူး။ ပဲခူးရောက်မှ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့တွေပြောလို့ ကျိုက်ထီးရိုး သွားတယ်ဆိုတာ သိပြီး လိုက်လာတာ။ ညက ဘုရားပေါ်ရောက်တယ်။ တစ်ညလုံးလိုက်ရှာပြီး မတွေ့လို့ ပြန်ဆင်းလာတာ။ အိပ်နေတဲ့သူတွေ စောင်လှန်အရှာကောင်းလို့ ကံကောင်းလို့ အရိုက်မခံရတယ်''

ဘေးနားတွင် သူမ၏ အစ်မငယ်ရှိနေမှန်း ဘာမှန်းလဲ မသိတော့ပါ။ လူငယ်ပီပီ ခံစားချက်ကို မဖုံးဖိနိုင်၍ ကျွန်တော်က လုံးဝ ဟန်မဆောင်တော့ဘဲ ပြောချင်ရာပြောချလိုက်တော့၏။ ကျွန်တော့်အပြောကို မမက ရယ်သည်။ သနပ်ခါးပါးကွက်ကြားနဲ့ ခေါင်းမှာ သဇင်ပန်းနဲ့။ သူကတော့ ပျော်လို့။

''ကျွန်တော်ကတော့ သေတော့မယ်။ မမကတော့ ပျော်လို့ ဟင်း''

''ကဲပါ လာပါ ဆရာလေးရယ်။ ရန်ထောင်ကောင်း နေပြီ။ ဟိုမှာ ဘုတာရုံမယ် ရထားတွဲထိုးနေပြီ။ လာ နေရာဦး အောင်။ ဘူတာသွားကြစို့။ ''

''ဘာလို့ မပြောဘဲ ထွက်သွားတာလဲ''

ကျွန်တော်က မကျေမနပ်နဲ့ ထပ်မေးသည်။

''ဩော် အရေးပေါ်ဖြစ်သွားတာပါ။ မမလေး





သူ့အိမ်ဘေးကောင်မလေးတွေ စုသွားကြတာ။ အဆင်ပြေတာနဲ့ ကြုံတုန်းလိုက်လိုက်တာလေ။ ရုတ်တရက်ဆိုတော့ အချိန်မရတာနဲ့ ဆရာလေးကို မမှာခဲ့ရတာ။ ကဲပါ ကိုယ်တော်လေးရယ် လာပါ နေရာဦးရအောင်''

မမတို့အဖွဲ့က မိန်းကလေးသုံးဦးနှင့် အထိန်းတော်မကြီးတို့က မသိမသာကြည့်နေကြ၏။ မမ၏အစ်မငယ်ကမူ ဘာမှဝင်မပြောပါ။ ကျွန်တော်နှင့် တစ်ခါ နှစ်ခါသာတွေ့ဖူး၍ နေ့နီးပါ။ မြင်ဖူးရုံသာရှိ၏။ မမနှင့် ခပ်ဆင်ဆင်တူ၏။ အသားတော့ နည်းနည်းပိုညိုသည်ထင်၏။ သဘောသကာယ ကောင်းပုံရသော့ရ၏။

မမကိုတွေ့ရပြီဖြစ်၍ ကျွန်တော့်မှာ အခုမှ အလုံးကြီးကျသွားတော့၏။ ကျွန်တော်၏ ပြင်းပြသောအချစ်ကို ပမအား ထက်သေပြလိုက်နိုင်ပါပြီ။ နှစ်ယောက်သားစကားပြောလာကြသည်။ ကျွန်တော်က ရွှေမော်ဓောမှသည် ကျိုက်ထီးရိုးထိ ကျွန်တော်နှင့် ဆရာချစ်တို့၏ စွန့်စားခန်းကို ပြောလာ၏။ ညဥ့က ဖိနပ်ခိုးသည့်အခန်း အရောက်တွင် မမက တခစ်ခစ် ရယ်မောရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ တို့မောင်ရယ်"

ဟု ဆိုရှာ၏။ ကရုဏာသံဖြင့် ကရုဏာစကားပြောခြင်းကြောင့် ကျွန်တော် အလွန်ကျေနပ်သွား၏။ ဖိနပ်ပေါက်တာတွေ၊ မောတာတွေ၊ ချမ်းတာတွေ၊ အိပ်ရေးပျက်တာတွေ၊ ထမင်းဆာတာတွေအားလုံး လုံးဝ မေ့ကုန်၏။ ဩော် အချစ်ရဲ့စွမ်းအားတွေ။

ဘူတာတွင်းသို့ဝင်လိုက်ကြရာ ကိုချစ်စရာတစ်ယောက် ခွေခေါက်၍ လဲလျောင်းနေသည်ကို တွေ့ရသည်နှင့် မမက

"ဆရာချစ်ကြီး မောနေပြီဆို"

ဟု မေးရှာ၏။

"ဟုတ်ပါ့ဗျာ။ မမထားရဲ့အပါက တားမရ ဆီးမနိုင်မို့ ပါရမီဖြည့်ပြီး လိုက်ပို့ရတာဗျာ။ ဖတ်လိုက်တော့ မသိဘူး။ ဖတ်ရုံကတော့ ပန်လန်လက် ပက်လက်လန်နေပြီ။ မြင်တဲ့အတိုင်းပဲ"

ကိုချစ်စရာ၏ အပြောကို မမက ရယ်ပြန်၏။ ကျွန်တော်တို့သုံးဦး အပြန်အလှန်စကားပြောနေကြသည်ကို အတူပါလာသည့် မိန်းကလေးသုံးဦးက ရှုစမ်းသည့်အကြည့်ဖြင့် ကြည့်ကြ





မမကတော့ ကျွန်တော်တို့ နှစ်ယောက် သူမနောက်သို့ စွန့်စွန့်စားစားလိုက်လာသည်ကို ဂုဏ်ယူဝင့်ကြွားဟန် ပြနေသည်။ သောကမိန်းကလေးများကလည်း အားကျသလိုလိုရှိပုံရ၏။

"ကဲ ဆရာလေးရေ။ ဟိုမှာ ရထားထိုးလာနေပြီ။ နေရာရပါ့မလား မသိဘူး။ လူတွေကတော့ ထိုင်ခုံ အတင်းလုနေကြတယ်"

ရထားက အရှိန်မနှေးဘဲ တဂျုံးဂျုံးဖြင့် ဘူတာတွင်းသို့ မြန်မြန်ပင် လိမ့်ဝင်လာ၏။ လူတွေကလည်း ခုန်ပျံပြီး ရထားပေါ်တက်ကာ နေရာဦးကြ၏။

မမစကားကြားသည်နှင့် ကျွန်တော်သည် အရှိန်မသေသေးသည့် ရထားပေါ်သို့ "ဒါလေးများ" ဟုဆို၍ ကြောင်ရိုင်း[illegible]ကောင်အလား လွှားခနဲ ပြတင်းပေါက်မှ ခုန်ဝင်လိုက်သည်။ ကိုချစ်စရာက စိတ်ပူပြီး "ဟေ့လူ ဟေ့လူ" ဆိုပြီး တားသေး၏။ ဒါပေမယ့် လေ၏လျင်မြန်ခြင်းကဲ့သို့ ခုန်တက်လိုက်သည့် ကျွန်တော့်ကို သူ မတားနိုင်တော့ပါ။ ရထားပေါ် ရောက်သွားတော့၏။ မမကမူ

"အောင်မယ် ဆရာလေးက ခုန်နိုင်တယ်ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ရယ်ကျဲကျဲလုပ်နေ၏။ သဘောကျနေပုံလည်း ရသည်။ အခုန်ကောင်း၍ အားလုံးအတွက်နေရာ ရပါသည်။ ပိုတောင် ပိုနေသေး၏။

နေ့လယ် ၁၂ နာရီမှ ရထားထွက်၏။ ကျွန်တော်က စကားပြောကြရအောင် မမနှင့် မျက်နှာချင်းဆိုင် ခုံတွင်ထိုင်၏။ သူမဘေး၌ သူမ၏ အထိန်းတော်ကြီးက ထိုင်၏။ ကျွန်တော့်ဘေးက တစ်နေရာလွတ်သည်ကို ဦးပဥ္စင်းငယ်တစ်ပါးက မေတ္တာရပ်ခံသဖြင့် ပေးလိုက်၏။ သူမ၏အစ်မငယ်နှင့် မိန်းကလေးသုံးဦးက တစ်ဖက်ခုံများတွင် သွားထိုင်ကြသည်။ ကိုချစ်စရာကတော့ ကျွန်တော်နှင့်မျက်စောင်းထိုးတွင် ထောင့်၌ကပ်ထိုင်ပြီး ထိုင်ခုံပြတင်းပေါက်ကို မှီလိုက်လာ၏။

ရထားထွက်တော့ မမနှင့်စကားပြောလာ၏။ ငြင်းရင်းခုံရင်း စကားတွေ ဖောင်ဖွဲ့မည်ဟု စိတ်ကူး၏။ သို့ရာတွင် စိတ်ကူးက လက်တွေ့မဖြစ်လာတော့။ သိမ်ဇရပ်လွန်သော် ကျွန်တော် အိပ်ပျော်သွားတော့၏။ တစ်ညလုံး တစ်ရေးမှ မမေးရသေးရာ မည်မျှအိပ်ပျော်သွားခဲ့သည်မသိ။ အိပ်မက်များပင် မက်နေသေး၏။ အိပ်မက်ထဲ၌ မမနှင့်ကျိုက်ထီးရိုးရင်ပြင်တော်ပေါ် ပြန်ရောက်နေ၏။ ဘုရားမြတ်ထံပါးဝယ် နှစ်ယောက်သား လျှောက်လည်ကြတယ်ဖြစ်နေ၏။ ပွေ့ဖက်နေမိ၏။ စကားတွေ ဖောင်ဖွဲ့နေမိ၏။



"ဆရာလေး၊ ထတော့ ရန်ကုန်ဝင်ပြီ"

ပြုန်းခနဲ မမ နှိုးမှ နိုးတော့သည်။

ဟုတ်၏။ ရထားက မလွှကုန်းဘူတာတောင် ရောက်နေပြီ။

"တကတည်း လမ်းမှာ စကားပြောမယ်ဆိုလို့ အဟုတ်မှတ်လို့ ဒီက နားထောင်မလားလို့ ဟင်း အိပ်လိုက်တာ မနိုးတော့ဘူး။ ဦးပဥ္စင်းတောင် အားနာစရာ"

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲ ဘုန်းကြီး မှီထားလို့ပေါ့"

"မသိတော့ပါဘူးဗျာ။ တောင်ပေါ်ပြန်ရောက်နေပြီ။ [illegible]ပြန်တွေ့နေတာ မမကို မှီထားမိတယ်ထင်နေတာ။ အိပ်မက်ထဲမှာလေ။ လက်စသတ်တော့ ဦးပဥ္စင်းမှီနေမိတာကိုး။ ကန်တော့ ကန်တော့"

"ခစ် ခစ် ခစ်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်တော့်အပြောကို သဘောကျစွာ ရယ်လိုက်၏။

"ကဲ အပြန်အလှန် သိပ်မှီမနေကြပါနဲ့ဗျာ။ နောက်မှမှီကြတော့။ ရန်ကုန်ရောက်ပြီ ဟဲ ဟဲ"

ဟုဘက်ခုံမှ အိပ်ရာကနိုးလာသည့် ကိုချစ်စရာက မထိတထိစ၍ လှမ်းပြောလိုက်သည်။ သူလည်း ခုမှ အိပ်ရာက နိုးလာဟန်တူ၏။ ညနေလေးနာရီထိုးသော် ရန်ကုန်ဘူတာကြီး ရောက်သည်။

ဘူတာကြီးမှအပြန်တွင် မမတို့လူအုပ်နှင့် ခြေလျင်လမ်းလျှောက်ပြန်ခဲ့၏။ ဘူတာ၌ လူချင်းခွဲတော့ ဒီဇာတ်လမ်း၏ ဒါရိုက်တာကြီး ကိုချစ်စရာက

"ဟေ့လူ၊ ဒီကျိုက်ထီးရိုးခရီးစဉ်ကတော့ တစ်သက်စာပဲဗျာ။ ဘယ်တော့မှ မေ့မယ်မထင်ဘူး။ အင်း ကောင်းတော့ခင်ဗျား။ ညောင်းတော့ ကျွန်တော်ပေါ့ဗျာ။ ဟဲ ဟဲ ဟဲ"

ဟု ဆိုလေတော့၏။

သူပြောတာ ဟုတ်နေ၍ ကျွန်တော်ကလည်း "ဟဲဟဲ မမေ့သော ကျိုက်ထီးရိုးပေါ့ဗျာ"



ဟု ပြန်ဟဲရင်း အရှက်ပြေ ရယ်စရာလုပ်လိုက်ရပါသည် ခင်ဗျား။

☺

ဇာတ်သိမ်းမည်ဆိုက သိမ်း၍ရပါပြီ။ သို့ရာတွင် နည်းနည်းတော့ဖြည့်ပြီး ပြောလိုက်ချင်ပါသေးသည်။

အလွန်အေးသည့် ဒီဇင်ဘာဆောင်းညများမှာပင် အောက်ခံစွတ်ကျယ်အကျႌမှ ချွေးများ ရေညှစ်သလို ညှစ်ယူရသည်အထိ ချွေးစက်စက် ချောင်းလျှံထွက်ခဲ့သော ခရီးစဉ်၏ အကျိုးဆက်ကြောင့် မမ၏မေတ္တာကို ကျွန်တော် ရရှိခဲ့ပါသည်။ မောင်နဲ့မမ ဘဝရောက်ခဲ့ကြသည်။ မမနှင့်အတူ ရုပ်ရှင်ကြည့်ဖြစ်သည်။ လက်တလေး ကိုင်ခွင့်၊ ပါးလေးနမ်းခွင့် ခပ်ဖွဖွလေး ဘက်ခွင့် စသည်တို့ကိုပါ ရသည်။ ဒါ့ထက်တော့ မပိုပါ။ ဒါလောက်ဆိုရင်ပဲ ကျေနပ်ပါပြီ။ ချွေးထွက်ခဲ့ရကျိုး နပ်ပါပြီ။

သို့ရာတွင် ကံမပါကြ၍ မမနှင့်ကျွန်တော် ဖူးစာမဆုံတော့ပါ။ ကျွန်တော်က တပ်မတော်ထဲ ဝင်ဖြစ်သွားပြီး တာဝန် [illegible]ရာဒေသမှာပင် အိမ်ထောင်ကျသည်။ မမကတော့ ရန်ကုန်မှာ ပဲ သူမအိမ်က သဘောတူသူတစ်ဦးနှင့် Arrange Marriage

www.burmeseclassic.com



လုပ်သည်။ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ပြောစရာမရှိတော့ပါ။

နောက်ဆုံးအခေါက် ကျိုက်ထီးရိုးရောက်ပြီး ကျွန်တော် နယ်ဘက်ပြောင်းခဲ့ရသည်။ ငယ်စဉ်က ရောက်ခဲ့သည့် ကျိုက်ထီးရိုးနဲ့ လုံးဝမတူတော့ပါ။ အတော်များများ ပြောင်းလဲသွားကြပါပြီ။ ဟိုတုန်းက အသက် ၂၀ မပြည့်သေးသည့် ကျွန်တော် ပင်လျှင် နောက်ဆုံးအခေါက် ကျိုက်ထီးရိုးရောက်တော့ အသက် ၅၀ ရှိပြီ။ ပထမ ဆုံးအခေါက်နှင့်ဆိုသော် အနှစ်သုံးဆယ် လောက်ကြာခဲ့ပြီပဲ။

ဘယ်မျှကြာကြာ ငယ်ဘဝက ကျိုက်ထီးရိုး သို့မဟုတ် တစ်ခါက ကျိုက်ထီးရိုးကတော့ ကျွန်တော့်ရင်မှာ ထာဝစဉ် ရှိနေမည်သာတည်း။

၉-၆-၂၀၀၈



www.burmeseclassic.com

## မူးမြစ်ဝှမ်းက လွမ်းချင်းတစ်ပုဒ်

သွက်သွက်လက်လက် ချက်ချက်ချာချာ ညီမလေး သယ်ယ်ကို ကျွန်တော် ချစ်သည်။ ကိုယ်က သူ့လို သွက်သွက် သတ်လက် ချက်ချက်ချာချာ မဟုတ်၍ ချစ်ခြင်းဖြစ်မည်ထင်၏။ သူချင်းတွေ့ရင် ကိုယ်က စကားသိပ် ပြောရသည် မဟုတ်။ သူတချည်း ပြောတတ်သည်သာ။ သူပြောရင် ကျွန်တော်က နားထောင်သမား။ သူက ပလီပလာ တီတီတာတာ ပြောတတ်သူ မို့ ဘာပြောပြော နားထောင်လို့ ကောင်းသည်။

အစ်ကိုမရှိသောသူမနှင့် ညီမ မရှိသောကျွန်တော်တို့ သည် လှုမှန်းသိတတ်သည့် အရွယ်မှစ၍ မောင်နှမ ချင်းချာပမာ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်ခဲ့ကြသည်။ သူမတို့အိမ်တွင် ညီအစ်မချည်း ၆ ယောက် ရှိ၏။ သူမက ဒုတိယမြောက်သမီး ကျွန်တော့်တို့အိမ်မှာကား ကျွန်တော်တစ်ယောက်သာ ရှိ၏။ အခြားသော ညီအစ်ကို မောင်နှမများ တစ်ဦးတလေမှ မရှိပါ။ ကျွန်တော်သည် အရီး၏ တစ်ဦးတည်းသော မွေးစားသားဖြစ်၏။ ကျွန်တော့်မွေးစားအမေ အရီးနှင့် သူတို့မိသားစုက စီးပွားဘက်များလည်း ဖြစ်၏ ထို့ကြောင့် ဟိုးရှေးယခင်ကပင် တစ်အိမ်နှင့်တစ်အိမ် အဝင် အထွက်က အမြဲလိုလို ရှိခဲ့ကြ၏။ သူမတို့အိမ်သို့ မကြာခဏ ကျွန်တော်သွားခဲ့ရသည်။ စကားနည်းသော သူမအစ်မနှင့် စကားမပြောဖြစ်ဘဲ သူမနှင့်သာ ကြာကြာစကားပြောဖြစ်ခဲ့၏ ပြောရမည်ဆိုက ရုပ်ရည်ကလည်း သူမက အစ်မ ဖြစ်သူထက် ပို၍ သန့်စင်ချောမောပေသည်။ ဒါ့ကြောင့်လည်း သူမကို ပို၍ ချစ်ခင်နေမိသည်လားတော့ မပြောတတ်။

မနေ့ညနေက ကျွန်တော် ဇာတိမြို့လေးကို ပြန်ရောက် သည်။ ရန်ကုန်မှ လာရသည်ဖြစ်ရာ ရထားတစ်တန် ကား တစ်တန်နှင့် မိုင်ပေါင်း ငါးရာကျော်ကို အတော်လာခဲ့ရသည် ဒါတောင် နွေမို့ မူးမြစ်ကူး ယာယီတံတားရှိနေသဖြင့် မူးမြစ်ကို





နှင့် မဖြတ်ခဲ့ရခြင်းပါပေ။ မိုးတွင်းဆိုက ကုန်းတစ်တန် တစ်တန် ဖြစ်ပါလိမ့်ဦးမည်။

ညက ရောက်ရောက်ခြင်း အပြေးအလွှား ချစ်သူအိမ် ကျွန်တော် သွားခဲ့သည်။

"ရွာက ပြန်မရောက်သေးဘူးကွဲ့"

ချစ်သူ၏ မိခင်ကြီးက ဆီးပြောသည်။

ချစ်သူ မရှိတော့ ရင်မှာဟာသွားသည်။ ချစ်သူကလည်း ရွာမှာ နှစ်ရက်သုံးရက် ကြာဦးမည်ဆို၏။ ဒါဆို ကျွန်တော် ဘာလုပ်ရမှာပါလိမ့်။ ဘာမှ လုပ်စရာမရှိရင်တော့ ညီမလေး ယယ်ဆီ ကျွန်တော်သွားမည်။

"တူတော်မောင် ဒီတစ်ခေါက် ဘယ်နှစ်ရက်လောက် နေမှာလဲ"

အရီးက ရောက်ရောက်ခြင်း ဆီးမေးသည်။

"ဟိုမှာ ကျောင်းအလုပ်တွေရှိနေတော့ တစ်ပတ် လောက်ပါပဲ အရီးရယ်"

"အေး အေး၊ ဒါဆိုလည်း သွားသင့်သွားထိုက်တဲ့သူ တွေဆီ စုံစေအောင်သွားလိုက်။ မင်းရဲ့ ဆရာတော်တွေဆီလည်း

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကန်တော့သွား''

ဟုပြောတော့၏။ ကျွန်တော် ရန်ကုန်မှာ ကျောင်းသွား နေတော့ ဆရာတော်များက တတ်စွမ်းသမျှ စောင့်ရှောက်ကြ သည်။ ထို့ကြောင့် ကျေးဇူးရှိပါသည်။ အရီးက ဒါ့ကြောင့် မှာခြင်း ဖြစ်၏။

ဒီနေ့မနက် အိမ်က ထွက်ပြီး ဆရာတော်များထံ ဦးခိုက် ကာ လျှောက်ထားသင့်သည်များ လျှောက်ထားရ၏။ ဆရာတော် များက ကျွန်တော့်ပညာရေးနှင့် နေရေးထိုင်ရေး အဆင်ပြေ မပြေကို မေးကြသည်။ ဝိဇ္ဇာနောက်ဆုံးနှစ် တက်ရောက်နေ ကြောင်းနှင့် ပညာသင်စားရိတ်အတွက် ကျောင်းဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြောင်း၊ ထို့ကြောင့် ဆရာတစ်ပိုင်း ကျောင်းသားတစ်ပိုင်း ဖြစ်နေရကြောင်းတို့ကို လျှောက်ထားဖြ သည်။

ဆရာတော်များအား လျှောက်ထားကန်တော့ပြီးတော့ သိပ်မဝေးသော ညီမလေးယယ်ယယ်တို့ အိမ်သို့ ကျွန်တော် ဆက်ထွက်ခဲ့၏။ ခြေလှမ်းများက ပို၍သွက်လာသည်ဟု ထင်ပါ၏ ဩော်၊ ဒါက သဘာဝပေပဲ။





''တယ်၊ တို့အစ်ကို လာတယ်ဟေ့။ အစ်ကို ကျောင်း ဆရာ လုပ်နေတယ်ဆို။ ဆ ဆရာကြီး ခေါင်းလောင်းတီးပေါ့။ ဟုတ်လား အစ်ကို''

ညီမလေးယယ်ယယ်က သွက်သွက်လက်လက်နဲ့ **Very Vivacious** မို့ တွေ့လျှင်တွေ့ခြင်း ကျွန်တော့်အား ဝမ်းမြောက် ဖွယ်သော နှုတ်ဆက်စကားဆို၏။ အညာသူလေးပီပီ မျက်နှာတွင် သနပ်ခါး ပါးကွက်ကြားတင်ပြီး သွယ်သွယ်လျလျ ပါးပါး လျားလျားလေးနှင့် ချစ်စရာအလွန်ကောင်း၏။

''အစောကြီးပေါက်ချလာပါလား အစ်ကို။ ဘယ်တုန်းက ပြန်ရောက်သလဲ''

''မနေ့ညက၊ စောဆို အိမ်ကထွက်ထွက်ခြင်း ဒီကို အရင်ဆုံး လာလိုက်တာလေ''

ညီမလေးယယ်ယယ်က မချိုမချဉ်ပြုံးလေး ပြုံးသည်။

''ဟင်း၊ ဟုတ်ရဲ့လား မလိမ်နဲ့။ ဘေးနားက အိမ်ကို သွားဘူးလား။ မှန်မှန်ပြော''

''မလိမ်ပါဘူးကွ။ ဘေးနားကအိမ်လည်း မသွားပါဘူး သွားစရာလည်း မလိုပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ ဘာမှ မဖြစ်လို့ပေါ့"

"ဟုတ်ရဲ့လား အစ်ကိုရယ်။ တစ်မြို့လုံး နာမည်ကြီးနေ တာကြီးကို။ ဘာမှမဖြစ်ဘဲနဲ့ နာမည်ကြီးပါ့မလား။ ဟင်း မလိမ် မှန်မှန်ပြော။ အစ်ကိုသွားလည်း ဒီက စိတ်မဆိုးပါဘူး။ အိမ် ချင်းတွေပဲ။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်း မဟုတ်လား။ ဒါသဘာဝပဲ"

ကျွန်တော် အသာအယာလေး ပြုံးလိုက်၏။ ဒီကလေး ကတော့ လုပ်ပြီ။

"အစ်ကို တကယ်ပဲ မသွားခဲ့ဘူးလား။ သူရော ဒီမှာ မရှိဘူးလား"

"အင်း"

"ဘယ်သွားနေလဲ"

"ရွာပြန်ပြီး လုပ်အားပေးနေတာတဲ့"

"ဪ"

"ဒါဆို အစ်ကို ဘာလုပ်မှာလဲ"

"ညီမလေးနဲ့ လျှောက်လည်မယ်လေ"





သူကလေးက အပြုံးလှလှလေး တစ်ချက်ပြုံးလိုက်၏။

"တကယ်နော်"

"တကယ်ပေါ့"

"ဒါဆို အတော်ပဲဗျာ။ နက်ဖြန် အမေခိုင်းလို့ မမနဲ့ရွာကို ...ဆ်တောင်း သွားမလို့။ အစ်ကို လိုက်ခဲ့ဗျာ။ အမေ့ကိုပါ ...ပြောလိုက်မယ်။ မကောင်းဘူးလား"

"အကောင်းဆုံးပေါ့"

နောက်တစ်နေ့ မနက်စောစော စက်ဘီးနှစ်စီးဖြင့် မြို့က ...ခဲ့ကြ၏။ သူတို့ညီအစ်မက တစ်စီး၊ ကျွန်တော်က တစ်စီး။

သူတို့ရွာက မူးမြစ်အရှေ့ဘက်ကမ်းမှာ ရှိသည်။ မူးမြစ် ...နောက်ဘက်ကမ်းရှိ ကျွန်တော်တို့ မြို့လေးက စက်ဘီးဖြင့် ...ရပါသည်။ နှစ်နာရီခန့် စက်ဘီးနင်းရ၏။ မူးမြစ်ကိုကျော်ပြီး ...လမ်းမကြီးအတိုင်း ဦးစွာ သွားရပါသည်။ ထို့နောက် ...ိုးဆည်သွားသည့် မြောင်းမတော် တူးမြောင်းလမ်းအတိုင်း ...သွားရသည်။

ကျွန်တော် စက်ဘီး မစီးဖြစ်တာ ကြာပြီ။ တက္ကသိုလ် ...ဘက်ကတည်းက စက်ဘီး မစီးဖြစ်တော့ပါ။ အခုမှ စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



စီးတော့ မောချင်နေ၏။ ချွေးပါပြန်နေ၏။ အညာနွေ၏ နေက လည်း ထွက်ပြီဖော့ဆိုကတည်းက ပူသည်။ ကတ္တရာလမ်းပေါ် စက်ဘီးနှစ်စီး အပြိုင်စီးကြရင်း ညီမလေးက မေးတော့၏။

“အစ်ကို အခုလို ညီမလေးတို့နဲ့ သွားရတာ ပျော်လား ဟင်”

“မပျော်ဘူးကွ”

“ဟင်၊ ဘာဖြစ်လို့လဲ”

“စက်ဘီးနင်းရလို့လေ။ စက်ဘီးမနင်းတာ ကြာပြီကွ အခုနင်းတော့ ခြေထောက်ကလည်း ညောင်းတယ်။ ဝါးတံတား ကူးတုန်းက စက်ဘီးတွန်းရတော့ ချွေးကလည်း ပြန်တယ်ကွာ နေကလည်း အလွန်ပူ။ နေပူလို့ ချွေးပြိုက်ပြိုက်ကျတော့ အလှ ပျက်တယ်ကွ”

“ဟင်း တက္ကသိုလ်ကျောင်းသားကြီးက လုပ်ပြီ။ ဒါဆို အစ်ကိုဆင်း၊ ညီမလေးတို့ နင်းမယ်။ အစ်ကို နောက်ကထိုင် လိုက်။ လိုက်ရဲလား”

“လိုက်ရဲပါ့ဗျာ”

“မမရေ၊ အစ်ကိုက စက်ဘီးနင်းရတာ မောလို့တဲ့





သူ အလှပျက်တယ်တဲ့။ ထိုင်ပြီး လိုက်ချင်တယ်တဲ့။ အဲဒါ မမ တင်ခေါ်ခဲ့မလား”

သူ့အစ်မက စကားအလွန်နည်းသည်။ တစ်ချက်လှည့် ကြည့်လိုက်ပြီး

“ညည်းပဲ တင်နင်းခဲ့ပါ”

ဟု တစ်ခွန်းသာဆို၏။

စကားအဆုံးတွင် သူမက သူမအစ်မ စက်ဘီးထိုင်ခုံ နောက်မှ ခုန်ဆင်းလိုက်သည်။ ကျွန်တော့်စက်ဘီးကို လာယူ သည်။ ပြီးတော့ နင်းသည်။ ကျွန်တော့်အား နောက်ထိုင်ခုံတွင် ထိုင်ခိုင်းသည်။ စက်ဘီးနှစ်စီးက မိန်းမစီးတွေမို့ အားလုံး အားတန်း မပါပါ။ နောက်ထိုင်ခုံများသာပါ၏။

“အစ်ကို ထိုင်နော်။ မရှက်နဲ့နော်”

“မရှက်ပါဘူးဗျာ”

စက်ဘီးစထွက်သည်နှင့် ကျွန်တော်က သူမ၏ ခါးကို ဖက်ထားလိုက်၏။ နွေ၏ မတည်ငြိမ်သော လေပွေလေရူးလေး များက ဟိုမှဒီမှဝေ့ဝဲ တိုက်ခတ်နေ၏။ လေရူးနှင့်အတူ ကျွန်တော် ၏ စိတ်များက လှုပ်ရှားစပြုလာသည်။ သူမ၏ ခါးသေးသေး



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျင်လေးအား ခပ်ဖွဖွ ခပ်ရှရှ ဖက်ထားမိသည်ကိုပင် မေ့သလိုလို ဖြစ်နေသည်။ သူမ အသံငြိမ်နေသည်။ စကား တစ်လုံးမှ မပြောတော့။ လေအတိုး၌ သူမထံမှ သနပ်ခါးနံ့ သင်းပျံ့ပျံ့လေးများ ရနေ၏။ ထိုဂန္ဓာရုံက ကျွန်တော့်နှာဝကို လာ၍ ကျီစယ်နေ၏။ ထိုရနံ့က ကျွန်တော့်စိတ်ကို အမျိုး အမည်မသိ ဝေဒနာကို ပေးလာ၏။ ထိုဝေဒနာတွင် ကျွန်တော် မိန်းမူးသွား၏။ အဘယ်မျှ ကြာသွားလေသည် မသိ။

"ဝုန်း"

"ဟဲ့ ဟဲ့"

စက်ဘီး နောက်ဘီးက ကျင်းချိုင့်တစ်ခုအတွင်း ရုတ်တရက် ချော်ကျ၍ ကျွန်တော် ဟန်ချက် နည်းနည်း ပျက်သွား၏ ခါးဖက်ထားသည့် လက်နှစ်ဖက်က အပေါ်မြောက်တက်သွားသည်။ အိထွေးသော သူမ၏ အသားဆိုင် မို့မို့များနှင့် ထိမိသွား၏

"အို"

ညီမလေးထံမှ အာမေဋိတ်သံ။

"ဆောရီး ညီမလေး။ ဆောရီး ဆောရီး"

ကျွန်တော်က ပျာပျာသလဲ တောင်းပန်လိုက်၏။ လူက





ရှူပူသွား၏။ သွေးတိုပါ ပူလာသည်။ ညီမလေးကိုလည်း အလွန်အားနာသွားသည်။

"ကိုယ် ဆင်းပေးရမလား ညီမလေး"

"မဆင်းပါနဲ့ ရပါတယ်"

သူမက တိုးတိတ်ညင်သာစွာပင် ပြန်ပြော၏။

နှစ်ယောက်စလုံး စကားမပြောဖြစ်ကြတော့။ ကိုယ့် အတွေးနှင့်ကိုယ် ငြိမ်သွားကြသည်။ ညီမလေးကလည်း စက်ဘီး ... စောစောကလို မြန်မြန်မနင်းတော့။ ဖြည်းဖြည်းမှန်မှန်သာ ...တော့သည်။ ရှေ့စက်ဘီးကတော့ အတော်ပင် လှမ်းသွားပြီ။

စကားမပြောဖြစ်တော့သော်လည်း ကျွန်တော့် လက်များ ... သူမ၏ ခါးလေးအား ဖက်ထားမြဲ ဆက်ဖက်ထားမိ၏။ ...တွင် ပါးပါးအပ်ထားမိရာ သူမ၏ အသံရှူသံများကိုပင် ...နေရ၏။ ဘယ်လောက်ကြာကြာ ဖက်ထားမိသလဲတော့ ... အတော်တော့ ကြာသွားသည် ထင်၏။ ခပ်လှမ်းလှမ်းမှ ...ပင် စိမ်းစိမ်းညို့ညို့ နှင့် အိမ်စုများကို လှမ်းမြင်ရပြီး ရွာဟု ...သည်။

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သိပ်မဖက်နဲ့တော့ ဆရာကြီး၊ ရွာနားရောက်ပြီ"

"ဆောရီး ဆောရီး"

ကျွန်တော်က လက်နှစ်ဖက်ကို အသာဖြေလိုက်၏။

"အစ်ကို"

"ဟင်"

"ပျော်လား"

"အင်း ပျော်တယ်"

"တကယ်ပျော်လားလို့"

"တကယ်ပေါ့"

"အစ်ကိုပျော်တယ်ဆိုရင် ညီမလေး ကျေနပ်ပြီ"

"ဩော် ညီမလေးရယ်"

ရွာရောက်တော့ သူတို့ညီအစ်မက သူတို့ကိုစွ ပြောကြ ဆိုကြသည်။ ကျွန်တော်ကတော့ အလည်လိုက်လာသူမို့ သူ မိတ်ဆွေ ရွာခံလူငယ်တစ်ဦးနှင့် ပတ်ဝန်းကျင်အား စက်ဘီးဖြ လှည့်ပတ်ကြည့်ရှုသည်။ မူးမြစ်ဝှမ်း ဒေသမှ ကျေးရွာများထုံး အတိုင်း တမာပင်များ၊ ထနောင်းပင်များ၊ မြင့်မားဝေဆာသည့်





န်းပင်များသာ ကြီးစိုးနေ၏။ ဆည်ရေရ၍ တစ်နှစ် နှစ်သီး နှံစားကြရသဖြင့် စီးပွားရေး ကောင်းမွန်ကြသည်။ သွပ်မိုး အိမ်များသာ တွေ့ရသည်။ ကာဘိုးဆည်ကြီးနှင့် ဆက်စပ်နေ သဖြင့် လမ်းပန်းအဆက်အသွယ်လည်း ကောင်းမွန်ပါသည်။ ရွာတွင် စာတတ် ပေတတ်များ ရှိသည်။ သားသမီးများအား မြို့ကြီး ပြကြီးများ၌ ကျောင်းထားကြ၏။

ထိုနေ့က သူတို့ကိုစွ မပြတ်။

"အစ်ကို ညအိပ်ရမယ်။ ဖြစ်ပါ့မလား"

"ဖြစ်ပါ့ဗျာ"

ညီမလေးက မေးလာသဖြင့် ဖြစ်ကြောင်းပြောရ၏။

ကျွန်တော်တို့ တည်းခိုသည့်အိမ်မှာ သူတို့ဆွေမျိုး များဟု ဆို၏။ ဘကြီးတော်သည်ဟုလည်း သိရသည်။ ဖနီးမောင်နှံမှာ အသက် ၆၀ ခန့်ရှိပြီး သဘောသကာယ ကောင်းမွန်၏။ ငွေကြေးပြည့်စုံပြီး လယ်ယာများ အတော်များများ သည်။ ရွာ၌လည်း ဩဇာရှိ၏။ ကျွန်တော့်အား တက္ကသိုလ် ကျောင်းသားဆိုပြီး လေးစားစွာလည်း ဆက်ဆံသည်။ နေ့လယ် ကိုလည်း ဟင်းကောင်းများနှင့် ကျွေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး သက်တောင့်သက်သာနေပါ။ အားမနာနဲ့နော်။ လိုတာရှိရင်လည်း ပြောပါ။ ကျုပ်တို့က ဒီကလေးမလေးတွေနဲ့ ဆွေရင်းမျိုးရင်းတွေဗျ။ သူတို့ညီအစ်မ ပြောလို့ ဆရာလေးအကြောင်းလည်း ဟိုအရင်ကတည်းက ကြားဖူးသားပြီးသားပါ။ ကျုပ်တို့ရွာက ပညာရေးလည်း အားပေးပါတယ်ဗျာ။ ကျောင်းတောင် သွပ်မိုး ပျဉ်ကာဖြစ်အောင် ရွာက ဝိုင်းဆောက်ထားတာ"

"ဒီရွာက စာတတ်ပေတတ်တွေလည်း ထွက်ပါတယ်။ ပြီးတော့ ဒီတစ်ဝိုက်မှာ ပြန်လာပြီး တာဝန်ထမ်း ဆောင်ကြတာပါပဲ။ ကိုယ့်ဒေသကိုယ် စောင့်ရှောက်တဲ့သဘောပေါ့"

"ဟုတ်ကဲ့ ခင်ဗျာ"

ကျွန်တော်သည် အိမ်ရှင်ဘကြီး၏ ရွာအကြောင်းပြော သည်ကို နားထောင်ရင်း သူ့အပြောကို နှစ်သက် သဘောကျ ဝံသာနုရက္ခိတတရားရှိသူတွေပေပဲ။

နွေမို့ မှုံမြစ်ဝှမ်းက အတော်ပူ၏။ ထိုနေ့က နေပူသဖြင့် ကျွန်တော် ဘယ်မှ ဝေးဝေးလံလံ မသွားပါ။ နေကလည်း မိုးအတော်ချုပ်မှ ဝင်၏။ ညစာ စားပြီးသည်နှင့် ရာသီဥတု ပူသဖြင့် အကြီးမနှင့် အိမ်ရှင်ဇနီးမောင်နှံက စောစီးစွာ နားကြ



ညီမလေးကမူ စောစီးစွာ အိပ်ရာဝင်၍ မရဟုဆိုသည်။

"အစ်ကိုရော အိပ်ချင်နေပြီလား"

"မအိပ်ချင်သေးပါဘူးကွယ်"

"မအိပ်ချင်သေးလည်း စကားပြောကြတာပေါ့နော်"

"ရပါတယ်"

အိမ်ဘေးက နွေ ပဲစင်အောက်၌ စကားပြောဖြစ်ကြ၏။ ...တ်မှတ်ရရ ထိုနေ့က လပြည့်ကျော်မို့ လက အနည်းငယ် ...ောက်ကျပြီးထွက်သည်။

"အစ်ကို"

"ဟင်"

"ပျော်လား"

"ပျော်ပါတယ်"

"ပျော်တယ်သာ ပြောတာ အစ်ကို့ကြည့်ရတာ ငိုင်တိုင် ...ိုင်နဲ့"

"ညီမလေး ထင်လို့ပါ"

ကနေ့မနက် သူကလေးနှင့် စက်ဘီးအတူစီးလာမိ ...ည်းက ကျွန်တော့်စိတ်များ လှုပ်ရှားနေ၏။ သူ ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ဒါထက်ပိုပြီး အိပ်မက်တွေမပေးသင့်ဟု ထင်၏။ ချစ်သူကို သစ္စာ စောင့်သိရန်လည်း လိုဦးမည်။ သို့ရာတွင် သူနှင့် ကျွန်တော်ကား သွေးသားတက်ကြွနေကြသော ငယ်ရွယ်သူများဖြစ်ကြသည်။ နီးစပ်မှုကလည်း အလွန်ရှိနေ၏။ သဘာဝတရားအရ အဖိုအမ အတူရှိနေက ဆွဲငင်အားကား ပြင်းလှချေ၏။ ညီမလေးကလည်း တစ်နေ့တခြား လှလာသည့် ဒေါင်းမျိုး။ ကျွန်တော် တက္ကသိုလ် ရောက်ခါစနှင့်ပင် မတူတော့။ ယခုအခါတွင်ကား ပွင့်စပန်း ဦးဖူးစရွှေငုံအဆင့်ကိုပင် ကျော်လွန်နေပေပြီ။ အလှတွင်အယဉ် ဆင့်၍ အသွင်က တင့်နေပြီ။ ဒီဒေါင်းမလေးရဲ့ ညွတ်ကွင်းက ကျွန်တော် လွတ်မှ လွတ်ပါ့မလား။

ငယ်စဉ်က သင်ခဲ့ဖူးတဲ့ ဒီနယ်သား ကုန်းဘောင်ခေတ် စာဆိုတော်ကြီး ဦးကြီးရဲ့ လွမ်းချင်းထဲကလို

**ဒီချိန်ကိုပဲစင်အောက်**
**လပြောက်မှာ မိုင်းငင်**
**ရွှေရင်အင်္ကျီသိုင်းလို့**
**တစ်ပိုင်း ဘိုကရှိနဲ့**





**အစ်ကို့ကို ဗန်းပြလိုက်မယ်လေး**

ဆိုသလို ညီမလေးက ရည်ရွယ်ဟန်တော့ မတူပါ။ ဒီလို မဟုတ်ပါစေနဲ့။

သူမနဲ့ကျွန်တော် လရောင်ကြို့ကြားမှာ အတူထိုင်ရင်း ...ပြောဖြစ်သည်မှာ မည်မျှ ကြာသွားပြီလည်း မဆိုနိုင်။ ... ပို၍နက်လာသည်။ နွေလေပြေက သုတ်ဖြူးတိုက်ခတ် ... လရောင်က ပို၍လင်းလက်လာသည်။ ပြုံးပြုံးပြက်ပြက် ...ရောင် လင်းလက်လက်၍ သူမနှင့်ကျွန်တော် ပို၍ပူးကပ် ...ကြ၏။ အချိန်ကြာလာသည်နှင့်အမျှ စိတ်တွေက ဝေဝါး ...လာသည်။ လေပြည်အေးနှင့်အတူ ညီမလေးထံမှ မွှေးပျံ့ ... သနပ်ခါးနံ့သင်းသင်းက ကျွန်တော့်ကို ကလူ၏သို့ မြှူ၏ ...လာပြန်ပါပြီ။ သွေးတို့က ပို၍ပူလာကြသည်။ ပူရာမှ ...တို့ရင် ခက်ချေမည်။ မဖြစ်ဘူး အိပ်ရာဝင်မှ သင့်တော် ...ည်။

**"တစ်ဖက်ကယ် မှောင်ကာ**
**တစ်ခြမ်းဟာမှာ**
**နံ့သာလိမ်းကွက်**



www.burmeseclassic.com

www.burmeseclassic.com



လရောင်ပြက်မှာ
အသက်ကယ်နှင်းဆောင်
နွားခွဲခင်းတဲ့
တလင်းပြောင်ဝယ်
ရိပ်ရောင်မထင်
လူ့ခြေတိတ်ကိုမှ
ရွှေလိပ်ပြာရှင်စေ့မယ်
ဦးရင်တို့ မြို့သူလို
တို့တောမှ တယ်မကြွမ်းပါဘူး
ခြေရေကုန်လည်ဆံ ကမ်းချိန်မှဖမ်းပါ့မယ်လေး

လွမ်းချင်းထဲကအတိုင်း ခြေရေမကုန်ခင် လည်[illegible] မကမ်းခင် ဖာတ်ကိုသိမ်းမှ။

ကျွန်တော်သည် သူမလက်ကလေးကို အသာအ[illegible] ကိုင်ရင်း ပါးပြင်နုနုကလေးအား ယုယစွာ တစ်ချက် နမ်းလိုက်[illegible]

"ညနက်ပြီ ညီမလေးရယ်။ အိပ်ကြစို့နော်"

ညီမလေးက စကားတစ်လုံးမှ မပြောတော့။ [illegible] အောက်မှ နှစ်ယောက်အတူထလိုက်ကြ၏။ ဒါလောက်[illegible]





[illegible]တော်ပါပြီ။ ဒါ့ထက် အချိန်ကြာညောင်းရင် ဒါ့ထက် ပိုသွားပါလိမ့်မည်။ ဒါ့ထက်ပိုသွားရင်တော့ ကျွန်တော်က သစ္စာမဲ့ရာကျချေမည်။ သစ္စာမဲ့သူအဖြစ်တော့ ကျွန်တော် အရောက်မခံနိုင်ပါ။

ထိုညက တလူးလူး တလိမ့်လိမ့်နှင့် ကျွန်တော် [illegible]တော်တော်နှင့် အိပ်မပျော်။

☺

နောက်တစ်နေ့ မြို့ပြန်ရောက်တော့ အရီးက

"ငါ့တူ တော်တော်ပျော်ခဲ့ရဲ့လား"

ဟု ဆီးမေး၏။

"ဒီလိုပါပဲ အရီးရယ်"

ဟုသာ ပြန်ပြောဖြစ်သည်။

မြို့ပြန်ရောက်တော့ ချစ်သူနဲ့ တွေ့ဖြစ်သည်။ ချစ်သူက [illegible]ည်း၍ အရှက်က ခပ်သည်းသည်းမို့ သူမနှင့် တွေ့ရတာ [illegible]ဝါတစ်ကမ်းသာဖြစ်ရာ ညီမလေးနဲ့ တွေ့ရသလို မပျော် [illegible] ကျွန်တော်က ပွတ်သီး ပွတ်သပ်လုပ်ချင်သူ၊ ချစ်သူက [illegible]ာ်ကလေးတောင် အကိုင်မခံဝံ့သူ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်နှစ်ရက်ကြာတော့ အားလုံးကို နှုတ်ဆက်ပြီး မြို့က ပြန်ခဲ့သည်။

ရန်ကုန်ပြန်ရောက်တော့ နေ့ကျောင်းဆရာ ညကျောင်းသားပြန်လုပ်ရင်း ကျွန်တော် ဘွဲ့ရသည်။ ဘွဲ့ရပြီး လအနည်းငယ်အတွင်းမှာပင် တပ်မတော်ထဲ ဝင်ဖြစ်တော့၏။

ကျွန်တော် စစ်သားဖြစ်ပြီး မကြာမြင့်မီမှာပင် အရှေ့ဆုံး၍ အညာသို့ ခွင့်ပြန်ရတော့သည်။ ချစ်သူရော ညီမလေးငယ်ငယ်ပါ မြို့မှာမရှိကြပါ။ ချစ်သူက အညာတက္ကသိုလ်မှာ နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသူကြီး။ ညီမလေးငယ်ငယ်ကတော့ ရန်ကုန် စီးပွားရေးတက္ကသိုလ်မှာ **Fresher** ကျောင်းသူလေး။

အရှေ့ကိစ္စများပြီးဆုံး၍ အပြန်အညာတက္ကသိုလ်ဝင်ပြီး ချစ်သူနှင့်တွေ့ဖြစ်သည်။ လက်ထပ်ဖို့အရေး ဆွေးနွေးသည်။ အဆင်မပြေပါ။ ချစ်သူက မိသားစုကိစ္စနှင့်ဆိုင်သော ကန့်သတ်ချက်များကို ပြောလာသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် သူမနှင့် ခွဲခွာခဲ့ရပါသည်။

ရန်ကုန်မှာ တစ်ရက်နားချိန်၌ ညီမလေးငယ်ငယ်နှင့်လည်း တွေ့ဖြစ်ပါသည်။ ညီမလေးက တက္ကသိုလ်ကျောင်းသူ



ဖြစ်သွားလို့လေလားတော့မသိ။ အရင်နှစ်တွေကလို မဟုတ်တော့။ များစွာတည်ကြည်သွားသည်။ ကျွန်တော့်ကိုတောင် အရင်ကလို ပလီပလာတီတီတာတာတွေ မပြောတော့။ သူမ၏ ပညာရေးအကြောင်းကိုသာ အဓိကထား ပြောတော့သည်။ ရည်ရွယ်ချက်ကြီးကြီးမားမားဖြင့် စာကြိုးစားနေပုံလည်းရ၏။ ကျွန်တော် ပြန်ခါနီးမှ

"မန္တလေး ဝင်ခဲ့သေးလား"

ဟု ကတ္တြေရရမေးသည်။

"ဝင်ခဲ့တယ်"

"ဘယ်လိုလဲ"

"ဒီလိုပါပဲညီမလေးရယ်"

ကျွန်တော်က ချစ်သူနှင့်ညှိနှိုင်းချက် အဆင်မပြေခဲ့သည်ကို ညီမလေးအား မပြောလိုပါ။ ထို့ကြောင့် ဒီလိုပါပဲဟုသာ တင်မကျဖြေခဲ့၏။

ချစ်သူဘွဲ့ရပြီး ညီမလေး ဒုတိယနှစ်အရောက်၌ မေနှင့်ကျွန်တော် ရုတ်တရက် အိမ်ထောင်ကျသည်။ ထိုအခါ ချစ်သူနှင့် ညီမလေးငယ်ငယ်နှင့်ပါ လုံးဝအဆက်အသွယ် ပြတ်သွားပါ

www.burmeseclassic.com



တော့သည်။

တပ်မတော်တာဝန်များဖြင့် နိုင်ငံအနှံ့ လှည့်လည်သွားလာနေရရာ အညာကချစ်သူ ခင်သူများနှင့်လည်း ပြန်မတွေ့ဖြစ်တော့ပါ။

စစ်သားဘဝ အနှစ်သုံးဆယ်ကြာပြီးသည့်နောက် နယ်ဘက်တာဝန် ကျွန်တော် ပြောင်းလဲ ထမ်းဆောင်ရသည်။ ထိုအချိန်တွင် အရာရာကား ပြောင်းလဲခဲ့ချေပြီတည်း။

ချစ်သူသည်လည်း သူ့အိမ်ထောင်နှင့်သူဖြစ်နေပြီ။ ညီမလေးငယ်ငယ်သည်လည်း သူ့အိမ်ထောင်နှင့်သူ ဖြစ်နေပြီ။ ခင်ပွန်းများကား ဆရာဝန်ကြီးများဟု ဆို၏။ ချစ်သူက အထက်တန်းပြဆရာမ။ ညီမလေးငယ်ငယ်ကတော့ စာတော်၍ စာလည်း အလွန်ကြိုးစားသဖြင့် တက္ကသိုလ်တွင် ဆရာမကြီးဖြစ်နေေလသည်။ သူရော ကျွန်တော်ပါ ရန်ကုန်ရောက်နေကြသော်လည်း ငယ်ငယ်ကလို မဟုတ်။ ကိုယ့်အကြောင်းတွေနှင့်ကိုယ်မို့ တစ်ဦးနှင့်တစ်ဦး မတွေ့ဖြစ်ကြပါ။

တစ်ရက်တွင် ကျွန်တော် တာဝန်ယူထားသည့် စီမံကိန်းဝင် စိုက်မွေးစခန်းကြီးသို့ ရန်ကုန်တက္ကသိုလ်မှ လေ့လာရေးအဖွဲ့





ရောက်လာ၏။

သူတို့အား စခန်းနှင့် သက်ဆိုင်သည့်အချက်အလက်များ စခန်းတာဝန်ခံကျွန်တော်မှ ရှင်းပြရသည်။ စခန်းကြီးတစ်ခုကို လိုက်ပြရသည်။ ပြီးတော့ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ အဖွဲ့ခေါင်းဆောင်က ဘယ်သူ ထင်ပါသလဲခင်ဗျာ။ တခြားသူ မဟုတ်ပါ။ ညီမလေးငယ်ငယ်ပင်တည်း။

ယခုအခါမှာတော့ အရင်က ညီမလေးငယ်ငယ် မဟုတ်တော့ပါ။ အလွန်တည်ကြည်ရင့်ကျက်သော တက္ကသိုလ်က ပါမောက္ခအဆင့် အာစရိယဂိုဏ်းဝင်ဆရာမကြီးတစ်ဦး ဖြစ်နေပြီ။

စခန်းရောက်လာတော့ သူမအား ကျွန်တော်ကပင် နှုတ်ဆက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် ပါမောက္ခကြီး"

ထိုအခါ သူမက တည်ကြည်စွာပြုံး၍

"အစ်ကိုက လုပ်ပြီ"

ဟု ဆို၏။

ထိုနေ့က ထမင်းအတူစားကြတော့ ရှေးဖြစ်ဟောင်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောဖြစ်ကြသည်။ ကျွန်တော့်စခန်းကြီးက ပဲခူးရိုးမနှင့်လည်
သိပ်မဝေးပါ။ လှိုင်မြစ်နှင့်ကတော့ အလွန်နီးလှ၏။ ပတ်ဝန်းကျ
၌ ဆည်မြောင်းကန်ချောင်း တွေကလည်း ပေါလှသည်။ ပြီးတေ
ကျေးရွာကလေးများကလည်း နေရာတကာ အနှံ့အပြ
တော်တော်များများမှာ သွပ်မိုးပျဉ်ကာများသာဖြစ်ကြ၏။ ဒီဒေ
ကလူတွေ စီးပွားရေးအဆင်ပြေကြပါသည်။

ဒီဒေသအကြောင်း ဆွေးနွေးရင်း လွန်ခဲ့တဲ့ အနှ
လေးဆယ်ကျော်က ကျွန်တော်နဲ့ သူမ မူးမြစ်အရှေ့ဘက်က
ခရီးစဉ်ကို အမှတ်မထင် ပြောဖြစ်၏။

ဟိုတုန်းက မူးမြစ်ဝှမ်းနဲ့ ယခု ကျွန်တော်တို့ရောက်နေ
လှိုင်မြစ်ဝှမ်းက ဆင်တူတာလေးတွေ အတော် ရှိနေ၏။

ပြန့်ပြူးသော ကတ္တရာလမ်းများ၊ ဆည်မြောင်းလမ်
များ၊ မြန်မာ့ဓလေ့ကျေးရွာများ၊ ကုက္ကို၊ တမာ၊ မန်ကျည်း
လက်ပံ စသည့်သစ်ပင်ကြီးများ မင်းဝံတောင်လို ခပ်လှမ်းလှ
ပြပြမြင်နေရသည့် ပဲခူးရိုးမ၊ ဘုရားတန်ဆောင်း ကျောင်းက
များနှင့် စေတီပုထိုးများ စသည် စသည်တို့ပါပေ။

သူမနှင့်ကျွန်တော် အတိတ်ကို မှန်းဆပြီး လွမ်းရေ





အဖြစ်ကလေးတွေကို ပြောဖြစ်ကြ၏။ နှစ်ဦးလုံး ပျော်သွားကြပြီး
သက်တွေပင် အနှစ်လေးဆယ်လောက် ပြန်ငယ်သွားကြသည်
ဆင်၏။

ထိုနေ့က သူတို့တစ်တွေ ပြန်ထွက်သွားတော့ ကျွန်တော့်
မှာ လွမ်းပြီးကျန်ခဲ့ရ၏။ ညီမလေးငယ်ငယ်နဲ့ ခရီးသွားစဉ်တုန်းက
ရွတ်ဆိုခဲ့မိသည့် မူးမြစ်ဝှမ်းက လွမ်းချင်းတစ်ပုဒ်ကို အောက်မေ့
သနေမိ၏။

သို့ရာတွင် ဤအကြိမ်သည် ညီမလေးငယ်ငယ်နှင့်
နောက်ဆုံးတွေ့လိုက်ရသည့်အကြိမ်ဖြစ်ပါ၏။ ပိုပြီး လွမ်းစရာ
ဖြစ်သွားသည်။

အဘယ်ကြောင့်နည်းဟူမူကား ကျွန်တော့်ဆီက ပြန်သွား
ပြီး မကြာသောကာလမှာပင် ညီမလေးငယ် ငယ်တစ်ယောက်
ရောဂါနှင့် ရုတ်တရက်ကွယ်လွန်သွားခဲ့ခြင်းကြောင့်ပါတည်း။

၈–၆–၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

# နှောင်းသစ္စာက မပြယ်လေတယ်



www.burmeseclassic.com

www.burmeseclassic.com

# နှောင်းသစ္စာက မပြယ်လေတယ်

## …ဘောက လူကလေးတစ်ယောက်

မောင်ဖိုးထွေးကား အညာသားဖြစ်၏။ သာမန်အညာ
… မဟုတ်ဘဲ ရေရှားသော ရွှေဘိုနယ်က အညာသားပင်။
…ခရိုင်က မိုးနည်းရေရှားရပ်ဝန်းဒေသဖြစ်ခြင်းကြောင့် ခရိုင်
…လုံး ရေရှားသည်။ မြောက်ဘက် ကန့်ဘလူ၊ တောင်ဘက်
…ထက်နှင့် ပေါက်ကန်း၊ အရှေ့ဘက် မလယ်၊ ကျောက်မြောင်း
…ည့် ရောဝတီ မြစ်ရိုးအနီးထိ။ အနောက်ဘက် တန့်ဆည်၊
… ဒီပဲယင်း၊ စိုင်ပြင်၊ ဘုတလင် အနီးထိ ရေကရှားသည်။

www.burmeseclassic.com



ရွှေဘိုလွင်ပြင်က သဲတောများ များလှ၏။ တူးလိုက်လျှင် ရေချို ကောင်းကောင်းမထွက်။ ရေငံများသာ ထွက်၏။ ဝက်လက်မြို့နယ်၌ဆို ငံလွန်း၍ ဆားပင်ချက်ရ၏။

ထိုရွှေဘိုလွင်ပြင်ကို ရှားရှားပါးပါး မူးမြစ်က ဖြတ်သန်းစီးဆင်းသွားသည်။ ရွှေဘိုနယ်သားများက ရေရှားလှသောကြောင့် သူတို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် မူးမြစ်ကို တကယ့်မြစ်ကြီးလေလား ထင်မှတ်မှားကြ၏။ ထို့ကြောင့် ရွှေဘိုနယ်သားများအား မမြင်ဘူး မူးမြစ်ထင်ဟု ဆိုကြကုန်၏။

တကယ်တော့ မူးမြစ်သည် ဇီးဖြူတောင်တန်းကြီး၏ အရှေ့ခြမ်း ဗန်းမောက်ပင်လယ်ကူးဒေသမှစ၍ မြစ်ဖျားခံလာသည့် ပီဘိမြစ်ပေါက်စလေးသာဖြစ်၏။ မြစ်ဖျားမှာ ကျောက်ကြိုကျောက်ကြားမှ စတင်စီးဆင်းရသဖြင့် အကျယ်ပေ သုံးလေးဆယ်ထက် ပိုအံ့မထင်။ သို့ရာတွင် တဖြည်းဖြည်း တောင်ဘက်သို့ စီးဆင်းပြီး ရွှေဘိုခရိုင်အတွင်း ရောက်လာသည်နှင့် မြစ်ကျယ်၍ ကျယ်၍လာသည်။ ကျွန်းလှ၊ တန့်ဆည်၊ ရေဦး အရာတော်တစ်ဝိုက်၌ကား မူးမြစ်သည် ဟိုဘက်ကမ်း ဒီဘက်ကမ်း သဲတောများကြား၌ ဖြတ်စီးရာ တစ်မိုင်နီးပါး ကျယ်၏





ဧရာဝတီမြစ်ကြီးလေလား ထင်မှတ်မှားရသည်။ သို့ရာတွင် ရေသို ရေတော့ သိပ်မရှိပါ။ ခြေကျင်းဝတ် သာသာသာရှိ၏။

ဤသည်ကိုပင် ဂုဏ်ယူနေကြသော ရွှေဘိုနယ်သားများအား အခြားဒေသသားများက ရယ်သွမ်းသွေးပြီး မမြင်ဘူး မူးမြစ်ထင်သူများဟု ခပ်လှောင်လှောင်ဆိုကြခြင်းပင်တည်း။

မောင်ဖိုးထွေးတို့မြို့လေးက မူးမြစ်အနောက်ဘက်ကမ်းမှာရှိသည်။ သူတို့မြို့လေးမှာ ရထားလမ်း မရှိပါ။ သူ မမွေးခင် အင်္ဂလိပ်ကမ္ဘာစစ်မတိုင်မီကာလကတော့ ရထားလမ်းနှင့် ဘူတာရုံရှိဖူးသည်ဟု လူကြီးသူမများက ပြောခဲ့ကြဖူးသည်။ စစ်ကြီးကြောင့် ရထားလမ်းပျက်သွားခဲ့သည်။ ရထား မရှိ၍ ကားဖြင့်သာ သွားကြရသည်။ သို့ရာတွင် မိုးရာသီ၌ကား မူးမြစ်ကိုကားကူးရပါ။ မြစ်အရှေ့ဘက်ကမ်း ကားဆိပ်သို့ ကူးတို့လှေစီး၍သွားရပါ သည်။ ရေတစ်တန် ကုန်းတစ်တန်ပါပေ။ ထို့ကြောင့် မောင်ဖိုးထွေးတို့ မြို့ကလေးသည် ခေါင်လှ၍ ချောင်ကျသော မြို့ကလေးဟုသာ ဆိုကြပါစို့။

မောင်ဖိုးထွေးသည် မိဘမဲ့သားဖြစ်သည်။ ဖေဖေစဉ် မောင်ကျေး ကလေးဘဝက ဖခင်ဆုံးသွားပြီး၊ မိခင်က သူ့ကို

www.burmeseclassic.com



ထားကာ အောက်ပြည် အောက်ရွာသို့ စုန်ဆင်းသွားခဲ့သဖြင့် ဆွေမျိုးများက ကောက်ယူမွေးစားခဲ့ကြ၏။ ဆွေမျိုးများကား ချမ်းသာသူများ မဟုတ်။ လက်လှုပ်မှ ပါးစပ်လှုပ်ရသူများဖြစ်၍ မောင်ဖိုးထွေးအား မည်ကာ မတ္တသာ ကျောင်းထားပေးနိုင်ခဲ့ကြရာ၏။ သို့ရာတွင် မောင်ဖိုးထွေးတစ်ယောက် တက္ကသိုလ်ဝင်တန်းရောက်တော့ ကျူရှင်မယူ ဘာမယူနှင့် လူ ၁၀၀ လျှင် နှစ်ယောက် သုံးယောက်သာအောင်လေ့ရှိသည့် တက္ကသိုလ်ဝင်တန်းကို နှစ်ချင်းပေါက်အောင်သွားသဖြင့် တစ်မြို့လုံးက ရင်သပ်ရှုမောအံ့သြကြ၏။

"ဟဲ့ တို့ဈေးတန်းက ဖိုးထွေးလေး ဆယ်တန်းအောင်သတဲ့ဟဲ့။ မနက်တိုင်း ဈေးတန်းမှာ ဆိုင်ခင်း၊ ညနေ ဆိုင်သိမ်းနေလို့ အဲဒီကောင်လေး ကျောင်းနေမှန်းတောင် မသိဘူး ကျောင်းသွားတာတောင်တို့ ဟုတ်တိ ပတ်တိ မတွေ့ဖူးဘူး"

မောင်ဖိုးထွေးတို့ တူအရီးနှစ်ယောက် ဈေးထွက်သည့် မြို့မဈေးကြီးက ကုန်ခြောက်တန်းမှ ဆိုင်နီးချင်းများက မောင်ဖိုးထွေးလေးအား အထက်ပါအတိုင်း ချီးကျူးကြလေ၏။

မောင်ဖိုးထွေးသည် မိမိ၏ ဆင်းရဲနွမ်းပါးသောဘဝ





လွတ်မြောက်ရန် ပညာသာဖြစ်သည်ကို သဘောပေါက်၏။ ထို့ကြောင့် တစ်နှစ်တစ်တန်း အောင်အောင် စာကြိုးစားခဲ့၏။ တက္ကသိုလ်ဝင်တန်း၌ နှစ်ချင်းပေါက် အောင်နိုင်ရေး နေ့မအား ညမနား၊ နေ့မအိပ် ညမအိပ် အားထုတ်ခဲ့၏။ တက္ကသိုလ်ဝင်တန်းအောင်ရုံနှင့်လည်း မပြီး။ "ငါတို့အမျိုးတွင် ငါသည် ပထမဆုံးသော ပညာတတ် ဘွဲ့ရတစ်ဦးဖြစ်ရမည်" ဟုလည်း သန္နိဋ္ဌာန်ချထား၏။ ထိုစိတ်ဖြင့် စာကြိုးစားမှုကြောင့် တက္ကသိုလ်ဝင်တန်းအောင်ခဲ့သည်။ ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်ရေးအတွက်လည်း စွန့်စားကာ ပုဆိုးမြစ်သော ဇာတိအညာမြို့ကလေးမှ ရန်ကုန်သို့ စုန်ဆင်းခဲ့လေသတည်း။

☺

**ကျောင်းဆရာလေး မောင်ဖိုးထွေး**

ရန်ကုန်ရောက်တော့ အညာက ဆွေမကင်း မျိုးမကင်း ဘုန်းတော်ကြီးများ၏ ဖေးမစောင့်ရှောက်မှုဖြင့် ပုဇွန်တောင်ရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၌ မောင်ဖိုးထွေး ကျောင်းသားလေးတစ်နေရာရပြီး၊ ဘုန်းကြီး ကျောင်းမှ တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



တက်လေတော့သည်။ ကျောင်းစရိတ်အတွက် အညာမှ ဆွေမျိုးများပို့ပေးသည့် ငွေစလည်း အနည်းငယ်သာရှိ၏။ ထိုငွေစလေးကို ခြစ်ချုပ်သုံးစွဲပြီး ကျောင်းတက်ရာ ကြာကြာ မတတ်နိုင်ပါ။ နှစ်နှစ်ခန့်တက် ပြီးသည့်နောက် မည်သူကမှ ငွေမထောက်ပံ့နိုင်တော့၍ မောင်ဖိုးထွေး အလုပ်ထွက်လုပ်ရ တော့၏။ အလုပ်ကား ထိုစဉ်က အစိုးရ၏ပညာရေးစီမံကိန်း ဆိုင်ရာတစ်ပိုင်းတစ်စတွင် ပါဝင်သော ကျောင်းဆရာများ တိုးချဲ့ ခန့်ထားရေးမူဝါဒအရ ခန့်အပ်ခံရသည့် မူလတန်းလက်ထောက် ဆရာအလုပ်ပါတည်း။

☺

## မောင်ဖိုးထွေးနှင့် သူ၏သူငယ်ချင်းများ

ကျောင်းဆရာဘဝတွင် မောင်ဖိုးထွေး၌ သူငယ်ချင်းများ တိုးလာ၏။ ကျောင်းဆရာမဖြစ်မီ သင်တန်း တစ်လတက်ရ သည်။ သင်တန်းသားက ၇၀၊ အမျိုးသားက ၂၀ ခန့်၊ အမျိုးသမီးက ၅၀ ခန့်။ သင်တန်းပြီး တော့ အားလုံးကို ရန်ကုန် အတွင်း နယ်မြေခွဲကာ တာဝန်ချထားခြင်းခံရသည်။ မောင်ဖိုး





ကား သူနေသော ပုဇွန်တောင်မြို့နယ်နှင့် ပုဇွန်တောင် င်းအရှေ့ခြမ်းဒေသများ ပါဝင်သည့် (ဃ) မြို့နယ် ပညာရေး နယ်မြေအပိုင်း၌ တာဝန်ကျသည်။

ထို(ဃ)နယ်မြေတာဝန်ကျသူများသည် Pay Day ခေါ် ထုတ်သည့်နေ့များ၌ မြို့နယ်ပညာရေးမှူးရုံး ပုဇွန်တောင်၌ သည်ဆုံတွေ့ကြ၏။ ထိုအခါ စာသင်ကြားရေးအတွေ့ ကြုံများ၊ ကျောင်းဆရာလောက၏ အတွေ့အကြုံများ၊ င်တန်းကာလက မမေ့စရာများကို စားမြုံ့ပြန်ကြသည်။ ကြဆိုကြသည်။ သင်တန်းတုန်းက ခပ်ချိုတ်ချိုတ်ဖြစ်ခဲ့ဖူးသည့် နှင့်ဆရာမများကလည်း တစ်လတစ်ခါ ယခုလို ပြန်တွေ့ ၌ ခေါင်းချင်းဆိုင်ကာ တွတ်ထိုးကြသည်။ တရားဝင် ဖြစ်သွားပြီးကြသူများကမူ ငှက်မောင်နှံ တောင်ပံယှက်ကာ ကြသလို တွဲသွားတွဲလာ ဟန်ရေးပြကြသည်။ မည်သို့ဆိုစေ ဖြစ်ကြစေကာမူ အားလုံးကတော့ တစ်ဦးနှင့်တစ်ဦး သွားကြပြီဖြစ်၏။

ထိုသို့သော ဆရာ၊ ဆရာမများအနက် အညာသားလေး ထွေးတွင် အလွန်ရင်းနှီးသော အမျိုးသား သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့် အမျိုးသမီးသူငယ်ချင်းတစ်ဦး ရှိခဲ့လေသည်။

အမျိုးသားသူငယ်ချင်းမှာ ကိုချစ်စရာဟုခေါ်၏။ သူ မောင်ဖိုးထွေးလို အညာသားမဟုတ်။ အကျေသား သို့မဟုတ် အောက်သား။ ပဲခူးနယ်က။

ကိုချစ်စရာက မောင်ဖိုးထွေးထက် အသက်သုံးလေး ကြီးသည်။ တက္ကသိုလ်ကိုလည်း သုံးလေးနှစ် စောရောက်သည် ဆရာဝန်လုပ်မည်ဟု ရည်မှန်းကာ တက္ကသိုလ်တွင် ဘိုင် **BIO** ယူသည်။ ဘိုင်အိုမှာ ထိုင်ငိုရမလိုဖြစ်သွားရော အိုင်အက်စ်စီ အောင်ပြီးတော့ သိပ္ပံမှ ဝိဇ္ဇာသို့ ပြောင်းလိုက် သိပ္ပံလိုလို ဝိဇ္ဇာလိုလို ဇော်ဂျီလိုလို တပသီလိုလို ဘဝ၌ ဖြ ကမ္ဘာထွက်ပြီး အလုပ်လည်းပြေးလုပ်လိုက်သေးသည်။ ရန် မြို့လယ်ရှိ **Departmental Store** ကြီးတစ်ခုတွင် အရော ဈေးသည်လုပ်ခြင်းပင်။ အရောင်းဈေးသည်မှ ယခု ကျော ဆရာဘဝသို့ ကူးပြောင်းလာရာ၌ မောင်ဖိုးထွေးနှင့် စတွေ့ကြ တွေ့ပုံကလည်း သိပ်မဆန်းပါ။ တစ်ရပ်ကွက်တည်း အတူ သင်တန်းအသွားအပြန် ဘတ်စ်ကား၌ နေ့တိုင်းဆုံရာက ဿ သည်။ ထိုစဉ်က မောင်ဖိုးထွေးသည် အလုံမြို့နယ်ရှိ ဘုန်း





ကြီးကျောင်းတစ်ကျောင်းသို့ ရွှေ့ပြောင်းရောက်ရှိနေ၏။ ကိုချစ် စရာက ထိုကျောင်းဘေးကလမ်းတိုလေးထဲမှ အစ်မများ အိမ်တွင် နေသည်။

သူတို့နှစ်ယောက် တာဝန်ချထားခံရတော့လည်း ပုဇွန် တောင်ချောင်း၏ အရှေ့ဘက်ကမ်းက မောင်တို့ဌာနေ သာကေတ။

သာကေတသို့လည်း မကြာခဏ ကျောင်းအတူသွားဖြစ် ကြသည်။ ကိုချစ်စရာက မောင်ဖိုးထွေးထက် အသက်လည်း ကြီး၊ အတွေ့အကြုံလည်း စုံ၊ ရန်ကုန်လည်း အရင်ရောက်နှင့် ဖြစ်သဖြင့် အပေါင်းအသင်းကလည်း များလှ၏။ ယောကျ်ား မိတ်ဆွေ၊ မိန်းကလေးမိတ်ဆွေများကလည်း ပေါပေသည်။ မိတ်ဆွေများနှင့်လည်း မိတ်ဆက်ပေး၏။ သူ့အမျိုးသား မိတ်ဆွေများတွင် အစိုးရဝန်ထမ်းများ၊ ပန်းချီဆရာ၊ ကာတွန်း ဆရာများ၊ ဓာတ်ပုံဆရာများ၊ ရုပ်ရှင်လောကသားများ၊ စာရေး ဆရာများ၊ သင်္ဘောသားများ၊ ဈေးဆိုင်ပိုင်ရှင်များ အမျိုးစုံ ပါ၏။

အမျိုးသမီးမိတ်ဆွေများတွင်မူ ဆေးကျောင်းသူများ၊ ဓာတ်တန်းပြဆရာမများ၊ ရေးရာမှူးများ၊ အရောင်း ဈေးသည်

www.burmeseclassic.com



များ၊ ဗိုလ်ချုပ်ဈေးလို နေရာမျိုးမှ ရတနာကုန်သည် မမများ ပါပါ၏။

ရည်းစားဟုတ်တိပတ်တိ မထားဘူးသေးသည့် ကျော သားလေးမောင်ဖိုးထွေးကို ကိုချစ်စရာက မိန်းကလေးလှလှ များနှင့် မကြာခဏ မိတ်ဆက်ပေး၏။

ကိုချစ်စရာ၏ ထူးခြားသောအရည်အချင်းကား မိန်းကလေးမိတ်ဆွေပေါ်များခြင်းနှင့် မိန်းကလေးများ ကျလော အောင် ပြောတတ်ခြင်းပင်တည်း။ လူပုံကတော့ ထိုစဉ် နာမည်ကြီးစ ရှုမဝရုပ်ရှင်မှ မင်းသား မောင်ယဉ်ထွေးလိုလို ဇော်ဝမ်းလိုလို။

''အနုအလှလေးတွေနဲ့ သမုဒယလေးတွေ လုပ်နေ တော့ ဘဝအမောပြေတာပေါ့ ဆရာထွေးရယ်''

ဟုလည်း မကြာခဏ ရယ်ကြဲကြဲနှင့်ပြောတတ် သူ့စကားနှင့်အညီ သူ့တွင် တွဲစရာမိန်းကလေးမိတ်ဆွေ Gi **Friend** များကား ပေါပေသည်။

ရှားပါးသူကတော့ မအုမလည်း မောင်ဖိုးထွေးသာဖြစ် သို့ရာတွင် ယခုကျောင်းဆရာဖြစ်မှ မောင်ဖိုး ထွေးအတွက်





အဖော်ရဖြစ်လာ၏။

မောင်ဖိုးထွေးသင်တန်းတက်စဉ်က မျက်မှန်းတန်းမိ သာ မမတစ်ဦးရှိ၏။ သူမက မောင်ဖိုးထွေး ကြိုက်သော ညာဆန်ဆန် ဝတ်စားဆင်ယင်မှုရှိသည်။ ခန္ဓာကိုယ်တည် ကော့ပုံကလည်း မောင်ဖိုးထွေးအကြိုက်၊ အသားအရေ ပြည့်ဖြိုးဖြိုးနှင့် ကိုယ်လုံးကိုယ်ထည် တင်းတင်းရင်းရင်း၊ သွားကြိုင်းကြိုင်း။ မျက်နှာကလည်း မြန်မာဆန်ဆန် ခပ်ဝိုင်း ဆင်ယင်ထုံးဖွဲ့မှုကလည်း ဆံပင်ရှည်ရှည် တစ်ပတ်လျှို ထုံးနှင့်မို့ အညာသား မောင်ဖိုးထွေး များစွာသဘောကျသည်။ ကျောင်းဆရာဖြစ်တော့ မောင်ဖိုးထွေး အလုံမှ ပုဇွန်တောင်သို့ ပြောင်းခဲ့ရ၏။ ဒါမှ သူ တာဝန်ကျသည့်ကျောင်းနှင့်ရော သားကောလိပ်နှင့်ပါ ပိုနီးမည်ဖြစ်ပေသည်။

ထိုမမက မောင်ဖိုးထွေးနေသည့်နေရာနှင့် ၂ လမ်း ကျော်မှာနေသည်။ လမ်းနီးချင်းဟု ဆိုကြပါစို့။ စာသင်ရသည့် ကျောင်းချင်းကလည်း သိပ်မဝေးလှ။ ပုဇွန်တောင်ချောင်း ကမ်း၊ ဒီဘက်ကမ်း။ ဤတွင် မောင်ဖိုးထွေးနှင့် ထိုမမတို့ သွေသိကြရတော့၏။ ကျောင်းသွား ကျောင်းပြန် လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြ၏။ ဘတ်စကားဂိတ်မှာ ဆုံ၏။ ဘတ်စ်ကားပေါ်မှာ ဆုံ၏။ လစာထုတ်ရက်များတွင် ပညာရေးမှူးရုံး၌ ဆုံ၏ လုပ်သားကောလိပ်ဖွင့်တော့ ကောလိပ်အတူတက်ရင်း စာသင် ခန်းများတွင် ဆုံ၏။ ဆုံပါများတော့ လူချင်းရင်းနှီးသွား၏။ မမက မောင်ဖိုးထွေးကို သူ့အိမ်ဖိတ်သည်။ အလည်ခေါ်သည်။ သူ့ အမေနှင့် မမများနှင့် မိတ်ဆက်ပေးသည်။ ညီမ သုံးဦးတွင် သူမက အငယ်ဆုံး။ လူချင်းအတူရင်းနှီးလာတော့ အစက ဆရာ ဆရာမဟု တစ်ဦးကိုတစ်ဦး ခေါ်နေရာက မမနှင့် အထွေးဖြစ် သွားတော့၏။ ဆရာမအမည်က ထားထား။ မောင်ဖိုးထွေးထက် အသက်လေးနှစ်ကြီး၏။ ကိုချစ်စရာနှင့်ရွယ်တူ။ မမကလည်း ကိုချစ်စရာလို အောက်သူပင်။

ဤတွင် မောင်ဖိုးထွေးသည် မောင်မရှိသော မမ သွားအတူလာအတူ ကိုယ်ရံတော် တပ်မှူးလေး ဖြစ်သွား တော့သည်။

☺





မင်းနှင့် တွေ့ဆုံခြင်း

တစ်ရက်တွင် စာသင်အတူသွားရင်း ဘတ်စ်ကားပေါ်၌ ချစ်စရာက မောင်ဖိုးထွေးအား အောက်ပါအတိုင်းပြော၏။

"ဟေ့လူ၊ ခင်ဗျား ဟို **Lady** ကြီးနဲ့ အခြေအနေ ယ်လိုလဲ"

"ဘာကိုပြောတာလဲ"

"ခင်ဗျားကလည်း လုပ်နေပြန်ပြီ။ မသိချင်ယောင် င်မနေပါနဲ့ဗျာ"

"တကယ် မသိတာပါဗျာ။ ဘယ် **Lady** ကြီးလဲ"

"ဒီမယ် ဆရာထွေး၊ ခင်ဗျားကို အကူအညီတောင်း လို့ မေးနေတာ။ ကောင်းကောင်းပြောစမ်းပါဗျာ"

"ဘာကိုပြောရမှာလဲ။ ကျုပ်က တောသားဗျ။ တည့် ပြောမှ ရိပ်မိတယ်"

"ခင်ဗျားလုပ်သားကောလိပ် အသွားအပြန် သွားကြို ပို့နေတဲ့ ဆရာမဒေါ်ထားထားလေဗျာ"

"သြော် အဲဒါလား။ ဘာမှမဖြစ်ပါဘူး။ တစ်ရပ်ကွက် သားမို့ ရိုးရိုးသားသား ခင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



“တကယ်နော်။ နောက်တော့မှ တစ်မျိုးမပြောနဲ့ ဆရာ”

“တကယ်ပါဗျာ”

“ဒါဆိုအတော်ပဲ။ ကျွန်တော့် Girl Friend လေး တစ်ယောက်အိမ် ခင်ဗျားကို ခေါ်သွားပြီး စာသင်ခိုင်းမလို့ဗျာ အမျိုးသမီးလေးက လှတယ်ဗျ။ ညီအစ်မသုံးယောက်ရှိတယ် အားလုံး အချောချည်းပဲ။ အဲဒါ ဖြစ်မှာလား”

“ဘာသင်ပေးရမှာလဲ။ ဘာ ဘာသာရပ်လဲ”

“ခင်ဗျား အလွန်ကျွမ်းကျင်တဲ့ ပထဝီပါဗျာ။ ကော မလေးက ဒီနှစ် Matric ဖြေမယ်။ ပထဝီ ကွန်တို ဖြတ် ပုံတွေနဲ့။ အဲဒီပုံကိုကြည့်ပြီး ရေးရတဲ့သုံးသပ်ချက်နဲ့ အ တွေ့အကြောင်းဗျာ။ မနှစ်က သူ Matric ကျတာ အမှ ထုတ်ကြည့်တော့ ပထဝီကျတာတဲ့ဗျ။ အဲဒါအားကိုးတကြီး အ အညီလာတောင်းတာနဲ့ ကျွန်တော်က ခင်ဗျား သတိရလို့ ဘယ်လိုလဲ ဆရာကြီး။ အကူအညီပေးမှာလား”

“ကူညီရမှာပေါ့ဗျာ။ ပထဝီက ကျွန်တော့် Ma Subject ပဲ။ ဖြစ်ပါတယ်”

“ဟဲ ဟဲ ဒီလိုမှပေါ့ဗျ။ မမထားကတော့ စိတ်ချ





မထင်ပါဘူးနော်”

“မဆိုင်ပါဘူးဗျာ။ အနေသာကြီးပါ”

☺

ကိုချစ်စရာ၏ဖိတ်ခေါ်အကူအညီတောင်းမှုကြောင့် မောင်မိုးထွေး တက္ကသိုလ်ဝင်တန်း ပထဝီဆရာဖြစ်ရတော့၏။

ဝင်ဒါမီယာမှ တစ်ခုသော တိုက်တစ်လုံးတွင် နေထိုင်သော ကိုချစ်စရာ၏ Girl Friend လေးကို ပထဝီ သင်ပေးရသည်။ ဒါသာမကပါ ကိုချစ်စရာ၏ ဆက်သွယ်ပေးမှုကြောင့် နိုင်ငံတော်အစိုးရက ယခုမှ စဖွင့်သည့် လူငယ်ရေးရာ ညကျောင်းများတွင်လည်း ပထဝီနှင့် သမိုင်း၊ မြန်မာစာ စသည့် သူ ကျွမ်းကျင်သော ဘာသာရပ်များကို ဝင်ပြပေးရသည်။ သင်တန်းချိန်အလိုက် သက်ဆိုင်ရာက ဉာဏ်ပူဇော်ခပေးသဖြင့် မောင်မိုးထွေးအတွက် အပိုဝင်ငွေလေးလည်း ရှိသွားသည်။

“ကိုချစ်စရာက ဆွေ့အတွက် ပထဝီစာပြဆရာ ခေါ်လာပေးမယ်ဆိုတော့ ဆွေက တကယ့်ကျောင်းဆရာကြီး ထင်တာ။ ဆရာက တကယ့်လူငယ်လေးနော်။ ဆွေတို့



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းကျောင်းသားအရွယ်ပဲ''

ဤစကားတစ်ခွန်းတည်းနှင့်ပင် မောင်ဖိုးထွေး ဆွေဆွေ
တို့ အိမ်စာလာသင်ပေးရတာ ပျော်သွား၏။ ကျေနပ်သွား၏။
ဒါ့ထက် ပိုကျေနပ်စရာကောင်းတာက သူ့ညီမလေးကြွေကြွေနှင့်
မိတ်ဆက်ပေးခြင်းပင်။

''ကြွေကြွေ၊ ဒါ မမလေးရဲ့ပထဝီဆရာ၊ ဆရာထွေးတဲ့''

''ဆရာ၊ ဒါ ဆွေ့ညီမလေး ကြွေကြွေ။ သူက ဒီနှစ်
တက္ကသိုလ်ဝင်တန်းတက်တာ''

နှစ်ဆယ်ရာစု၏ ခေတ်မီသော သမီးပျိုပုံအပြည့်ပေါက်ပြီး
နာမည်နဲ့လိုက်အောင် ကြွေရုပ်ကလေးနှယ် လှသည့် ကြွေကြွေ
အလွန်လှသောအပြုံးဖြင့်

''ဟုတ်ကဲ့ ဆရာ။ ကြွေတို့ကိုလည်း လိုတဲ့အခါ စာပြပေး
ဦးနော်''

ဟုဆိုလာသောအခါ မောင်ဖိုးထွေး ရင်တွေခုန်လာ၏
ဘုရား၊ ဘုရား ဆရာချစ်ပစ္စည်းတွေက တကယ့် အကောင်းစား
အပျံစားတွေပါလား။ ဝတ်ပုံစားပုံတွေကလည်း အလွန်ခေတ်မီ၏
ဘောင်းဘီ ဖင်ကြပ်တွေ ဘာတွေနှင့် ကြွရွနေ၏။ အရွယ်က





၁၆/၁၇ ထက်တော့ ပိုပုံမရသေး။ သို့ရာတွင် ကိုယ်လုံးကိုယ်ထည်
ကမူ အလွန်ဖွံ့ဖြိုးပြီး မြင်ရသူတစ်ဖက်လူ အသက်ရှူမှားစရာ။
ဆွေဆွေ့အလှက ယဉ်သည်။ အေးသည်။ ကြွေကြွေ့အလှကမူ
ကြွရွနေသဖြင့် သူ့ရင်ကို ခုန်စေ၏။ ပူစေသည်။ ဒါကြောင့်
ကိုချစ်စရာက ပြောတာကိုး။ တကယ့် လှယမင်းနဲ့တော့ လာတွေ့
နေပြီ။

သူတို့သည် အငြိမ်းစားစက်ရှင်မင်းကြီး ဦးခင်မောင်ဦးနှင့်
ဒေါ်မြဖြူဦးတို့၏ သမီးများ ဝေဝေဦး၊ ဆွေဆွေဦး၊ ကြွေကြွေဦး၊
ဦးတော့ အစ်ကိုတစ်ယောက်လည်း ရှိပါသေးသည်။ ကိုတင်
မောင်မောင်ဦး။ အဖေကြီးဦးခင်မောင်ဦးက လွန်ခဲ့သည့် နှစ်
နည်းငယ်က ကွယ်လွန်ခဲ့သည်။ ညီမသုံးယောက်အနက်
အကြီးဆုံး ဝေဝေက မနှစ်က ဘွဲ့ရပြီး ပြည်ထဲရေးဝန်ကြီးဌာန၌
အထုပ်သင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ဆွေဆွေ
က အနုပညာလောက၌ အလုပ်လုပ်ရင်း တက္ကသိုလ်ဝင်တန်း
အောင်ဖြစ်ဖို့ ကြိုးစားနေသည်။ ဖေကြီးရှိစဉ်ကပင် အလိုလိုက်ထား
သည့် အငယ်ဆုံးကြွေကြွေကတော့ ပြည်သူပိုင် အသိမ်းခံထားရ
သည့် သာသနာပြုကျောင်းတစ်ကျောင်း၌ ယခုနှစ် ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



တက်နေသည်။

အဖေရော အမေပါ ခန့်ခန့်ညားညား ချောချော မောမောများဖြစ်၍ သားသမီးများအားလုံး ချောမော လှပကြ၏ ယဉ်၍ချောသောလှသော ဆွေဆွေနှင့် ကိုချစ်စရာတို့က ကိုချ စရာ၏ အနုပညာမိတ်ဆွေများကြောင့် ခင်မင်ခဲ့ကြခြင်းယ ဆွေဆွေက **Photogenic** ဖြစ်ခြင်းကြောင့် အနုပညာလော သားများနှင့် အဖေကြီးရှိကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့၏။ သူတို့ တစ်ဆင့် အပြောကောင်း အဟောကောင်း ဆရာချစ်နှင့် သိကျွ ခဲ့ခြင်းပါပေ။

ဆရာလေးမောင်ဖိုးထွေး သူတို့အိမ်သွားပြီး စာသင်တော အမေကြီးဒေါ်ဖြူဖြူဦးက ပုဆိုးတိုတို၊ ကော်လာ လည်ကတ် အကျီအဖြူပေါ်၌ ပင်နီတိုက်ပုံကလေး ဝတ်ထားသည့် သူ့ပုံ ကြည့်ပြီး

"တကယ့်အညာသား လူရိုးလေးဟဲ့"

ဟု မှတ်ချက်ပေး၏။ အသက်ငယ်ငယ်နှင့် ဘွဲ့ရထာ သဖြင့်

"တော်ပုံလည်း ရတယ်"





ဟု ဆို၏။

ထို့ကြောင့် သူ့သမီးအလတ်ကို စာလာသင်ပေးသည့် ညာသားလေးအား လွတ်လပ်စွာ စာသင်ခွင့်ပြုထားရင်း သမီး ညာများ အခါမလင့်ရေးအတွက်ပါ အကဲခတ်နေသည်။

မောင်ဖိုးထွေးကလည်း သူငယ်ချင်းရဲ့ **Girl Friend** စိတ်မဝင်စားပါ။ ကြွရွနေသည့် လှယမင်းလေးကိုတော့ ဝင်စားခဲ့သည်က အမှန်။ ရင်ခုန်နေသည်က အမှန်။

တောကလာသူဖြစ်သဖြင့် ယခုလို ကြွကြွရွရွလှသူ လေးကို သူ မမြင်ဘူး။ တက္ကသိုလ်၌လည်း သူ မတွေ့ခဲ့။ ရှလာတွေ့နေရ၏။ တွေ့ရတော့လည်း ကြွေကြွေက အားမနေ။ သူနှင့် ဆွေဆွေစာသင်နေရာသို့ မကြာခဏ ချစ်ဝဲလာလုပ်၏။ ဆွေဆွေ စာသင်ပြီးသည်နှင့် သူ့ထံလာ ဗြိန်မာစာလို ဘာသာရပ်များအား မေးတတ်၏။ ကြွေကြွေ နာကပ်လာလျှင် အမှန်ပင် သူ ရင်ခုန်သည်။ တဒိတ်ဒိတ် နေ၏။ ဒါက ချစ်တာလား မသိ။ တစ်ခုခုတော့ဖြစ်မည် သည်။ ချဉ်သီးနဲ့ ဆား အတူထားတော့ လျှာဖျားက မြဲမရ ဆိုစကားရှိ၏။ ကြွေကြွေ့ကို ခဏ ခဏတွေ့ရတော့ မောင်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



တွေး လျှာဖျား သွားရည်ယိုချင်ချင် ဖြစ်နေပါပြီ။

တစ်ရက်တွင် ဆွေဆွေ အပြင်က ပြန်မရောက်သေးသဖြင့် စာမသင်ဖြစ်တော့ ကြွေကြွေက သူ မသိသည့် ရှင်မဟာရဋ္ဌသာရနှင့် လိုပ်ထိပ်ခေါင်တင်တို့၏ သိဂ်ီရသ ကဗျာများကို မေးလာသည်။ သူကလည်း အသံစာစာ စာစာဖြင့် မဖော်နိုင် မပမ်းနိုင် ရှင်းပြသည်။ ထိုနေ့က ရိုးရိုးကဗျာလင်္ကာများသာမက ညအရေးကောင်းကောင်း၌ လကလေးစောင်းစောင်းမှာ မောင်ဖိုးတွေး ခကွေးကျောင်းပါ ဖွင့်လိုက်မိ၏။ ထိုအခါ ကြွေကြွေက ချက်ချင်းပင် တုံ့ပြန်၏။

"ကြွေ့ကို ဆရာ သဘောကျရင် မေမေနဲ့ မမတို့ပြောလေ"

ဟု ပီဘိ ဘာမှနားမလည်သေးသည့် အလွန်ရိုးသားသော သမီးကညာအလိမ္မာလေးနှယ်ဆိုလေတော့၏။

မိန်းကလေးတို့၏ မာယာပရိယာယ်ကို နားမလည်ရှာသော မောင်ဖိုးတွေးကား ထိုစကားကြားရသည်နှင့် အလွန်ဗျာများသွား၏။ ဆွေဆွေ့ကိုတော့ သူ ပြောမဖြစ်။ ဆွေဆွေက သူ့တပည့်၊ ကဲ ဆရာက တပည့်ကို ဒီကိစ္စပြောရမှာ သိက္ခာကျစ်





ည်။ မဖြစ်သေးပါ။ သူ့အမေကြီးကိုလည်း လောလောဆယ်ပြောရဲသေးပါ။ သူ့ သမီးလေး အရွယ်မရောက်သေးပါဘူး။ အခုမှ ကျောင်းနေဆဲဆိုရင်လည်း သူ အရှက်ကွဲဦးမည်။ နောက်ဆုံးတော့ ဒီဇာတ်လမ်းကို စခဲ့သည့် ဇာတ်ဆရာကြီး ကိုချစ်စရာကိုပဲ ပြောရတော့သည်။

"သူငယ်ချင်း တော်တော်ခံစားနေရပြီလား။ ကျွန်တော့်တာဝန်ထားပါဗျာ"

ဆရာချစ်က သို့ကလိုဆိုသည်။ အားပေးသည်။ စိတ်အေးအေးထားရန် ပြောသည်။ အချစ်နတ်ဖမ်းစားနေ၍ သူ စိတ်မအေးနိုင်ပါ။

ဆရာချစ်ကောင်းမှုကြောင့် အမေကြီးဒေါ်ဖြူဖြူဦးသို့သွားပြီး သူ့ကို ခေါ်တွေ့သည်။ ထိုနေ့က သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။ ဘာများပြောမှာပါလိမ့်။

"ဆရာလေး၊ သမီးငယ်ကို သဘောကျနေလို့ဆို။ သမီးက ငယ်သေးတယ် ဆရာလေးရဲ့၊ ဆရာလေးလည်း ငယ်သေးတာပဲ။ အသက် ဘယ်လောက်ရှိပြီလဲ၊ ၂၀ ကျော်ပဲ ရှိတယ်လား"

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဘာလုပ်မယ် စိတ်ကူးထားလဲ၊ ကျောင်းဆရာပဲလား"

"အတိအကျ မဆုံးဖြတ်ရသေးပါဘူး အန်တီ။ မဟာဝိဇ္ဇာတက်ဖို့တော့ လျှောက်လွှာတင်ထားပါတယ်"

"အန်တီကတော့ ဆရာလေးကို တပ်ထဲဝင်စေချင်တယ်"

"ဗျာ"

"ဟုတ်တယ်။ တပ်ထဲပဲ ဝင်စေချင်တယ်။ သမီးတို့အစ်ကို သားကြီးတောင် နှစ်စက ဗိုလ်သင်တန်းဆင်းလို့ အခုမြစ်ဝကျွန်းပေါ်မှာ တာဝန်ထမ်းဆောင်နေပြီ။ ရန်ကုန်မှာရှိတဲ့ သူ့သူငယ်ချင်းဗိုလ်လေးတွေတောင် အိမ် မကြာ မကြာ လာကြတယ်"

"ဪ ဟုတ်ကဲ့ ခင်ဗျ"

"ဆရာလေး တပ်ထဲဝင်လေ။ ဆရာလေး တပ်ထဲရောက်လို့ သင်တန်းပြီးရင် အန်တီတို့ဆီ ပြန်လာခဲ့လေ။ အဲဒီကျဆွေးနွေးကြသေးတာပေါ့။ ဒီကြားထဲမှာတော့ သမီးငယ် စာသင်နေတာပဲ ကောင်းပါတယ်"





မင်းကြီးကတော်ကြီးက စစ်သားလုပ်ပါတဲ့။ လာပြန်ပြီ
[illegible] တစ်ယောက်။ မမတုန်းကလည်း ခံစားချက်အရ
pose သွားလုပ်လိုက်ပါတယ်။ ဒါမျိုးပြောတော့တာပဲ။
ိုင်းနေရင် အကောင်းသား၊ မေတ္တာစကား သွားပြောလိုက်မှ

"မင်းက မမထက် ငယ်တယ်ကွ။ မဖြစ်ပါဘူး။ ပြီးတော့
[illegible] ခပ်ပျော့ပျော့ရယ်။ မမမှာ အစ်ကို သုံးယောက်ရှိတယ်။
ုံး ကျားကျားလျားလျား စစ်သားတွေချည်း။ ကဲ သူတို့က
ိုယူလိုက်ရင် ဘယ်လိုပြောကြမှာလဲ"

သူက ခေါင်းရမ်းပြလိုက်မိသည်။

"အထွေး မမကို တကယ်ချစ်လား"

ဒီတစ်ခါတော့ သူက ခေါင်းညိတ်ပြမိ၏။

"ကဲ ချစ်ရင် စစ်သားလုပ်လေ။ မင်း မလုပ်နိုင်ဘူးလား"

"လုပ်မယ်ဆိုရင်ရောဗျာ"

"မင်း မလုပ်နိုင်ပါဘူးကွာ။ သွားစမ်းပါ"

"လူကို အထင်သေး အမြင်သေး မပြောပါနဲ့ဗျာ"

"စစ်သားက သိပ်ပင်ပန်းတာဟဲ့၊ မင်းလို ပျော့တိပျော့



www.burmeseclassic.com

www.burmeseclassic.com



ဖတ်လေးနဲ့ ဘယ်ရမှာလဲ။ သေသွားမှာပေါ့။ ကဲပါ မင်းစစ်သာ
လုပ်စမ်းကြည့်ပါဦး။ ဖြစ်သွားရင် မင်း **Propose** ကို မ
စဉ်းစား မယ်ကွာ''

ဤသို့လျှင် မမနှင့်သူ အကြိတ်အနယ်ဆွေးနွေး
ဖူးသည်။ မမက သူ့ကို စစ်ဗိုလ်စစ်သားဖြစ်သွားပါက သူ့အချ
ကို လက်ခံမည့်သဘောရှိ၏။ ဘွဲ့မရသေး၍ သူ သည်းခံပြီးနေ
သည်။ သူ ဘွဲ့ရပြီးတော့လည်း **O.T.S** က မခေါ်သေး။ ရှိ
ရဲဘော်ပင် ဝင်လုပ်ကြည့်မည်လား စိတ်ကူးသေးသည်။ စစ်ဖြေ
ရေးနှင့် တည်းခိုရေးစခန်းရှိ အစ်ကိုဝမ်းကွဲ ဗိုလ်ကြီးစိန်ဝင်း
ထိုသတင်းကြားသွားပြီး ''ဟေ့ကောင် ရူးမနေနဲ့။ မင်း ဘွဲ့
**O.T.S** ခေါ်မှ လျှောက်'' ဟု တစ်ချက်လွှတ်အမိန့်ပေးသည်
အခေါ်စောင့်နေရသည်။ စောင့်ရင်း စောင့်ရင်း သူယ
ကိုချစ်ရာက အကူအညီတောင်းသဖြင့် တတ်သည့်ပညာ
သာဘဲ စာသွားသင်မိသည်။ မမျှော်လင့်ဘဲ ကြွေကြွေအမည်
လှယမင်းလေးကို သွားတွေ့မိရာက ချစ်လိုက်မိသည်။ ဒီတစ်
မှာလည်း သူမ အမေက စစ်သား လုပ်ခိုင်းပြန်၏။

ဟုတ်ပါလိမ့်မည်။ အခုအချိန်က ပျို့တိုင်းကြို





...သီခိုင်တွေ ခေတ်စားနေသည့်ကာလ။ အဆိုတော်ကြီး
...တင်တင်မြရဲ့ အိုဘဲ့တံချူရှင် သီချင်းထဲကလိုပါပင်။ ကြွေချင်
...တွေက အသင့်။

''သဇင်ငုံဆင့် မှုံတစ်ပွင့်ကို **xxx** ဘဝတူယှဉ်
...လိုချင်ရင် (အိုဘဲ့တံချူရှင်)၊ မြန်မာ့သားကောင်းသာ
...စေ **xxx** မြန်မာ့သားကောင်းသာဖြစ်ပါစေ **xxx** တန်ချူ
...တောင် ဆောင်ဖို့မလိုပေါင်ရှင် **xxx** ခရီးကြိုလင့်
...ဘာ လွင့်ကာ **xxx** ကြွေကျလာမယ် အစဉ်''

စစ်ဗိုလ်စစ်သားဖြစ်ရင် ...ာမှမလိုဘူး။ သူ့ဟာသူ
...လို ကြွေကျလာမှာတဲ့။ ကိုင်း ဒါလောက်တောင် ဖြစ်လှတာ
...ယ်ကွာ။ စစ်တပ်ထဲ။ ဖြစ်ချင်တာဖြစ်ဟေ့။

စစ်သားဖြစ်ကိုဖြစ်ရမယ်။ ဘာတဲ့လဲ ငါ့ဟဲ့ယောက်ျား။
...သို ကြွေးဝါးပြီး သူ တပ်ထဲဝင်လိုက်၏။ သူ တပ်ထဲဝင်တော့
...ပြုံးကြ၏။ ဒီဂီလာနလေးနဲ့ စစ်တပ် ဖြစ်မှ ဖြစ်ပါ့မလား

☺



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနိုင်ဖြစ်ခဲ့သော်လည်း

အများ၏ လိုလားတောင့်တချက်အရ မောင်ဖိုးထွေ တစ်ယောက် နှင်းဆီနိုင် ခေါ် စစ်သားဖြစ်ခဲ့ပါသည်။ စစ်သား လုပ်ရတာ ထင်သလိုမလွယ်ပါ။ သူလို ပျော့တိပျော့ဖတ် လျှော လျော့ရဲ့သမားက ပိုပြီးခံစားရ၏။ ပထမသုံးလမှာ အချုပ်ကျ နေသလို ဘယ်မှမသွားရပါ။ လောကရေကို သုံးလကျော် လေးလ ခံစားပြီးမှ တပ်ပြင်ထွက်ခွင့်ရ၏။

ပထမဆုံးအကြိမ် တပ်ပြင်ထွက်ရသည်နှင့် လုပ်သား ကောလိပ် နောက်ဆုံးနှစ်တက်နေသည့် ဓာတ်ဆရာကြီး ကိုရ စရာနှင့် သွားတွေ့သည်။ ဒီဓာတ်လမ်းကို သရုပ်ပြအမှမ်းတင် ထားတာက တခြားသူဟုတ်ပါရိုးလား။ သူပဲလေ။ ဒါကြောင့် တွေ့လျှင်တွေ့ချင်း အခြေအနေဘယ်လိုလဲဟု မေးတော့

"စိတ်ကောင်းကောင်းထားပြီးသာ နားထောင်ပါ သူငယ် ချင်း။ ခင်ဗျားကလေးမတော့ သူ့သူငယ်ချင်း ကောင်လေး တစ်ယောက်နဲ့ ပါသွားပြီဗျာ"

"ဗျာ"

သူလို အညာသား အတတ ပုံမလာတိုက်ဖော်



င်ဒါမီယာ၏ အလွန်ခေတ်ဆန်သော သမီးပျိုက မကြိုက်တာ ဘာဝကျပါသည်။ အမေ ကျေနပ်အောင်သာ ပရိယာယ် ည်း မူယာမာယာပြုခြင်းဖြစ်ပါ၏။ ဒါကို သူ မသိ။

"မဗျာနဲ့ သူငယ်ချင်း။ သူနဲ့ကျောင်းနေဖက် ဝင်ဒါမီယာ တား High Boss တစ်ယောက်ရဲ့သားလေးနဲ့ ပြီးခဲ့တဲ့ နှစ်နေ့ကပဲ ခိုးရာလိုက်ပြေးပြီဗျို့"

"တကယ်ပဲလားဗျာ"

"တကယ်ပါဗျ။ ခင်ဗျားကို ကျွန်တော် လိမ်ပါ့မလားဗျာ။ ချင် သူတို့အိမ်သွားကြမယ်လေ"

"မသွားတော့ပါဘူး။ စိတ်မကောင်းစရာတွေ ဖြစ်ကုန်ဦး ယ်။ သူ့အမေကြီးက ဘာပြောလဲ"

"ဘာပြောလို့ ရတော့မလဲဗျာ။ လိုက်ပြေးသွားမှတော့ ...ားရမှာပေါ့လို့ ဆွေဆွေတို့က ပြောနေကြပြီ။ ကောင်လေး ...ာ မိဘက မဆိုးပါဘူး။ ဒီဘက်ကလက်ခံရင် သဘောတူ ယ် ပြောပါတယ်"

"ဩော်"

"ကျွန်တော်နဲ့ ဆွေဆွေတို့ကတော့ ခင်ဗျားအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းတာပါပဲ။ သူ့အမေကြီးကလည်း ပြောရှာပါတယ် ဆရာလေးကို မျက်နှာပူတယ်တဲ့။ သူ အတင်းတိုက်တွန်း... ခယိုးခရိုင်နဲ့ စစ်တပ်ထဲဝင်သွားရှာတာ။ အိမ်လာရင် ဘယ်... ပြောရမှန်းတောင် မသိဘူးတဲ့''

''ရပါတယ်ဗျာ။ သူ့အကြောင်းနဲ့သူပဲ၊ ရှိပါစေတော့''

ပြော၍သာ ပြောလိုက်ရသည်။ မောင်ဖိုးထွေးရင်ထဲ... တော့ ဗလောင်ဆူနေ၏။ ရှက်လည်း ရှက်မိသည်။ ထားပါတော့... ဣတ္ထိဝဂ်ံ နဒီဝဂ်ံပေပဲ၊ ဘာတတ်နိုင်မှာလဲ။ ဒါပေမယ့် ကိစ္စမရှိ... လှယမင်းလေး မရှိတော့ပေမယ့် မမတစ်ယောက်လုံး ရှိပါသေး... သည်။ ကြွေရုပ်ကလေးအတွက်တော့ မျက်ရည်အကျမခံနိုင်... မမကလည်း သူ့ကို စစ်သားလုပ်စေချင်တာပဲ မဟုတ်လား... ဒါကြောင့် ကျန်တဲ့သင်တန်းတစ်ဝက်တော့ မမအတွက် ကြိုး... မည်ဟု သူ ဆုံးဖြတ်လိုက်၏။

နှင်းဆီမရှိတော့၍ စံပယ်ဘက် သူ လှည့်ရတော့သည်... မမအတွက်လည်း သူ ကြိုးစားပါသည်။ သင်တန်းဆင်း... မမကို သူ သွားတွေ့ဖြစ်၏။ သူ ပီဘိယောက်ျားပီသသွား... စစ်သားကြီးဖြစ်သွားတာကို မမ သဘောကျပါသည်။ သို့ရာ...





...နှစ်ခု ပေါင်းစပ်ရေးကား မပြီးသေးသော ပန်းချီကားဖြစ်၏။ ...ဆက်ပြီးဆွဲရဦးမည်။ ညှိနှိုင်းရဦးမည်။ နဂိုတုန်းကလည်း သူ့ကို ...ချစ်ပါတယ်၊ ယူပါမယ်လို့ မမက ပြောမှ မပြောခဲ့တာ။

သည်သို့ဖြင့် တာဝန်ကျရာတစ်ကို သူ သွားရတော့၏။ ...သားဖြစ်ပြီမို့ ပေးအပ်သည့်တာဝန်များကို သူ ထမ်းဆောင် ...တော့၏။ မီးဝေးတော့ ချိတ်မာသွားသည်။ သူနှင့်မမလည်း ...နဲ့လေးလို တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားကြတော့၏။ ...ဝေးသွားတော့ မမက ကုန်သွယ်ရေးကြောင်းမှ အရာရှိကြီး ...တစ်ဦးနဲ့ လက်ထပ်သွားသည်။ သူ အံ့သြသွား၏။ ဒါပေမယ့် ...ကောင်းပါသည်။ ရွှေနဲ့ရွှေ ဂဟေဆက်ကြခြင်းပါ။ မမက သူ့ ...အောင် အိမ်ထောင်ပြုခြင်းဖြစ်၏။

သူကတော့ စစ်တပ်ထဲမှာ ဒေါင်ကျကျ ပြားကျကျနေနိုင် ...သည့် ထိုဒေသမှ တိုင်းရင်းသူလေးတစ်ဦးနှင့် အိမ်ထောင်ပြုဖြစ် ...သည်။

လူတွေဟာ သူ့အကြောင်းနှင့်သူပါပဲ။ သူ့ကံနဲ့ သူ လာ ...ကြတာ။ နဖူးစာက ရွာလည်နေတာ။ တွေ့ကြုံပုံရယ် ထူးထယ် ...ပါတယ်။ နဖူးစာရွာလည်သည်ဟုသာဆိုရပါမည်။ နဖူးစာရွာလည်



www.burmeseclassic.com

www.burmeseclassic.com



ရင်း သူလည်း အိမ်ထောင်ကျခဲ့သည်။ ဒါပေမယ့် အိမ်ထောင်ကျ ချိန်မှာ မမက သူ့အရင် အိမ်ထောင်ပြုသွားခဲ့

ထိုအခါ မောင်ဖိုးထွေးသည် အတိတ်ကို အတိတ်မှာ ထားလိုက်ပြီး အရာအားလုံးကို **Let by gone be by g** သူ့သဘောသူဆောင်နေသည်ဟုသာ ထားလိုက်တော့၏။

☺

**စစ်သားတစ်ဦး၏သစ္စာတရား**

မောင်ဖိုးထွေး ငယ်စဉ်ကာလ အလယ်တန်းကျော သားဘဝက သီချင်းတစ်ပုဒ် ကြားဖူးခဲ့၏။ ကြိုက်ခဲ့ဖူး၏။ နော သစ္စာဟု အမည်ရသည်။ အဆိုတော်ကြီးကိုလှမိုး ဆိုသွားသ ထင်ပါ၏။

**"ဘယ်လိုပင်ဖောင်းပေမယ့် xxx နှောင်းသစ္စာ မပြယ် လေတယ် xxx ပြောင်းချစ်ခါ xxx ပြောင်းချစ်ခါ တာမို့ xxx ခြေဘ် xxx မေအသက်ရယ်တဲ့ xxx ခက်ထ ကွယ် xxx"**

**အတိတ်ကို အတိတ်မှာပဲ xxx ထားခဲ့ရပါစေ**





**နှောင်းခဲ့တဲ့သစ္စာရှင်ကြီးရယ် xxx ပြန်ကာလှန်ကာ တွေးပါရစေနဲ့ကွယ် xxx ချစ်ခြင်းရဲ့မေတ္တာဟာကွယ် အကွာရာသချာနည်းနဲ့ xxx တွက်ဆလို့ ရမယ်မထင်နဲ့ အသက်ပျို့ဖြူရယ် xxx အသက်လောက်မကဘဲ xxx သည်းလောက်သာပဲ xxx စွဲ ချစ်ရသူမှာကွယ် xxx မပြယ် မ်းတဲ့ နှောင်းသစ္စာတွေရယ် xxx"**

သူ့ရဲ့ချစ်ခြင်းမေတ္တာဇာတ်လမ်းအားလုံးက ပြီးဆုံးသွားခဲ့ ပြီ ထိုအတိတ်က ကိစ္စအားလုံးကိုလည်း အတိတ်မှာပဲ ထားခဲ့ ပြီ။ ဒါပေမယ့် သူကတော့ ချစ်သူခင်သူ မြတ်နိုးသူအားလုံး ပေါ်မှာ ကတိတည်ခဲ့ပါသည်။ သူ့ဘက်ကစပြီး သစ္စာမပျက် ပါ။

သူ့သစ္စာတွေကို ဘယ်လိုလဲလို့ မေးလာကြရင်တော့ စ်ခါက မပြယ်နွမ်းတဲ့ နှောင်းသစ္စာတွေပါလို့သာ သူဖြေဖြစ် မည် ထင်ပါသည်။ အဲဒီနှောင်းသစ္စာတွေဟာ ဘယ်အချိန် ယ်ကာလရောက်ရောက် ပျက်ပြယ်သွားမှာ မဟုတ်ဘူးဆိုတာ တော့ သူသာ အသိဆုံးပါတည်း။

၆-၉-၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မေ့မရတဲ့ နွေညများ

၁၉၆၈ ခုနှစ်၏ နွေရက်များ။

အရာအားလုံး ကြည့်လိုက်တိုင်း မှုံမှိုင်းနေ၏။

ဘယ်နေရာကြည့်ကြည့် မြူနှိုးများက ဆိုင်းနေသည်။

တ်ဝန်းကျင်ရှိ တောတန်းမှ ဖော်မဲ့ညသြငှက်ကလေးတစ်ကောင်

လွမ်းတေးကို သီဖွဲ့နေပြန်၏။

ပတ်ဝန်းကျင်နှင့်အပြိုင် ကျွန်တော့်ရင်မှာလည်း မှုံမှိုင်း

ဆိုင်းနေ၏။ ဘဝ၏အထီးအကျန်ဆန်ခြင်းနှင့် လက်ထပ်ဖို့

ချစ်ဦးသူ၏ အငြင်းပယ်ခံရခြင်းနှစ်ခုက ကျွန်တော့်ကို

နှိပ်စက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တပ်ခွဲရုံးအခြေပြုထားသည့်စခန်းကုန်း ပတ်ဝန်းကျင်မှ ကျွန်းတောကြီးရှိ ကျွန်းရွက်များက တဖြုတ်ဖြုတ် ကြွေကျကာ လေတွင် ဝေ့ဝဲပြီး မြေခနေသည့်လို အဓိပ္ပာယ်မဲ့ ငေးမောရင်း ကိုယ့်ဘဝကိုယ် မကျေမနပ်ဖြစ်နေ၏။ အချိန်က နေ့လယ်စာ စားပြီးချိန်။

"ဟေး ဖိုးသက်ဦး၊ တစ်ယောက်တည်းလား"

"ဟုတ်တယ်"

"ငါးပွင့်တစ်ခိုင်ကြီးရော"

"ထုံးစံအတိုင်း မြို့ထဲဆင်းတယ်လေ"

ကျွန်တော်နဲ့တစ်ပတ်တည်းဆင်း ဗိုလ်တက်ထွန်းက စခန်းကုန်းတက်လာပြီး မေးခြင်းဖြစ်သည်။ ငါးပွင့် တစ်ခိုင်ကြီးမှာ ကျွန်တော့်အထက်က စီနီယာတပ်စုမှူး ဗိုလ်ခင်မောင်ယဉ်ကို ရည်ညွှန်းခြင်းဖြစ်၏။ ဒီဖာပွန်မြို့ လေးမှာပင် ရည်းစားလေးငါးဦး ရှိပြီး မြာအလွန်ဖွံ့သူဖြစ်သဖြင့် ကိုခင်မောင်ယဉ်အား ကျွန်တော်တို့ လူပျိုအရာရှိများက ငါးပွင့်တစ်ခိုင်ဟု အမည်ပေးထားကြသည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ အညာပြန်ဟန်ကျခဲ့ပြီလား"

ကျွန်တော်က ဖြည်းလေးစွာ ခေါင်းခါပြလိုက်၏။





"အင်း ထင်တော့ထင်ပါတယ်။ သူငယ်ချင်းရဲ့မသက် သောပုံကြည့်ပြီးကတည်းက အဆင်မပြေလာဘူးလို့"

"ဟုတ်တယ်၊ အဆင်မပြေခဲ့ဘူး"

"ဘယ်လိုလဲ၊ လူချင်းမတွေ့ခဲ့ဘူးလား"

"တွေ့ခဲ့ပါတယ်။ ညှိနှိုင်းတာ အဆင်မပြေဘူး။ နောက် ဆယ် သုံးလေးနှစ် စောင့်ပါဦးတဲ့ဗျာ"

"ဆံဖြူသွားကြွေမှ မိန်းမရမလိုဖြစ်နေပြီ"

ကျွန်တော်၏ မသက်မသာညည်းညူမှုကို ဗိုလ်တက် ထွန်းက ပြုံးကြည့်၍-

"သိပ်ပြီး **Feeling** တွေတက်မနေပါနဲ့ သူငယ်ချင်းရာ။ ညနေတစ်ခေါက်ပြန်လာခဲ့မယ်။ စောင့်နေ။ ဒီစခန်းကုန်းအောက် က ကျောင်းသူမလေးအိမ် သွားလည်ရအောင်။ **Condition** က **Good** ပါတယ်။ ကိုယ်နဲ့ **Friend** ဖြစ်နေပါပြီ။ သူငယ်ချင်း စိတ်ပြေလက်ပျောက်ပေါ့"

အညာပြန်ဟန်မကျသည်က အမှန်ပင်။ နှစ်ပေါင်းများစွာ ချစ်ခဲ့သော ငယ်ရည်းစားအား လက်ထပ်ဖို့အရေး အာဘောက် သာရော ဆွေးနွေးခဲ့သော်လည်း "ဟင့်အင်း"အဖြေသာ ရခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၈ သူမနှင့်ကျွန်တော် စတွေ့ခဲ့ကြရသည့်ကလေး ဘဝမှာပင် ချစ်ခြင်းအစ မျက်စိကဖြစ်ခဲ့ပြီး သံယောဇဉ် ဖာတ် လမ်းစခဲ့၏။

၁၉၆၁ ကျွန်တော် တက္ကသိုလ်ရောက်တော့ သူမကို ချစ်ရေးဆိုမိသည်။ ဘာအဖြေမှ မရပါ။ မလျှော့သော ဖွဲလုံ့လဖြင့် အကြိမ်ကြိမ် စွဲစွဲလမ်းလမ်းကြိုးပမ်းပါမှ သုံးနှစ်အကြာတွင် လိုချင်သောအဖြေရခဲ့သည်။ ယခု သမီးရည်းစားဘဝ ငါးနှစ် တာမျှရှိပြီ။ တစ်ကိုယ်ရေစစ်သားဘဝကို ငြီးငွေ့စပြုနေသော ကျွန်တော်သည် ယခု ကရင်ပြည်နယ်အစွန်က ဖာပွန်လိုမြို့ ကလေး၌ အိမ်နဲ့ယာနဲ့နေချင်သည်။ ကျွန်တော်၏တစ်ဦး တည်းသော သံယောဇဉ်တွယ်တာစရာ မွေးစားမိခင်မှာ မကြာခင် က ဆုံးပါးသွားသဖြင့် ကျွန်တော့်ဘဝ၌ ဖော်မဲ့တစ်ကိုယ် လွမ်းတေးဆိုနေရ၏။ ဒီလိုအချိန်မျိုး၌ ချစ်သူနှင့်အတူနေရက ပူပြင်းသောဘဝနွေကန္တာရထဲ၌ အေးမြသော အိုအေစစ် ကလေး တွင် ခိုလှုံနေရသလိုဖြစ်မည်ဟု ကျွန်တော် မျှော်လင့်တကြီး ထင်ထားမိ၏။

ထို့ကြောင့် အခုတစ်ခေါက် အညာပြန်၌ အညာ





…ွသိုလ်တက်နေသည့် တက္ကသိုလ်ကျောင်းသူကြီး ငယ်ရည်း …အား ကျွန်တော်နှင့်လက်ထပ်ပြီး တပ်ထဲသို့ တစ်ခါတည်း …ကဲ့ခဲ့ပါရန် ချစ်၍ခေါ်သည့် လိုက်တော်မူခဲ့ဟု ကဗျာဆန်ဆန် …ခဲ့၏။ အနူးအညွတ် မေတ္တာရပ်ခံမိ၏။

"စောင့်ပါဦး မောင်ရယ်။ အဖေနဲ့အမေက မရှိမဲ့ရှိမဲ့နဲ့ …သိုလ်ထားပေးတာ ဘွဲ့ရပြီး နှစ်နှစ် သုံးနှစ်လောက်တော့ …ဘဝနဲ့ မိဘကို စောင့်ရှောက်ကျွေးမွေးပါရစေဦး မောင်ရယ်"

ငယ်ရည်းစား၏ နိုတစ်ကောင်လို ညည်းညူပြောဆိုသံ …ကို စိတ်ပျက်အားလျော့စွာ နားထောင်ခဲ့ရ၏။

ဘယ်လိုမှ လက်ထပ်ကြဖို့အရေး ဆွေးနွေးမရသဖြင့် …်တော်သည် အလွမ်းတွေ တစ်ပွေ့တစ်ပိုက်ဖြင့် တပ်ကို …ရောက်လာသည်။

ပြောရမည်ဆိုက အိုင်အေတန်း စိတ်ကြိုက်မြန်မာစာတွင် …ခဲ့ဖူးသည့် တွင်းသင်းမင်းကြီးဦးတွန်းညို၏ ကဗျာတစ်ပိုင်း …ထဲကအတိုင်း "လွမ်းပွင့်ကြွေ့ကြွေ့ တဖွေ့ဖွေ့သည် ခြေရှိ …တွေ့နိုင်ပါတကား" ဟုသာ ဆိုရပါတော့မည်။

☺



www.burmeseclassic.com

www.burmeseclassic.com



"နော်လုံဝါး ဒါ ကိုယ့်သူငယ်ချင်း သက်ဦး။ ဒီစခန်းကျ
က သူက **Bachelor**"

"ဖိုးသက်ဦး ဒါ နော်လုံဝါး။ ငါ့မိတ်ဆွေကွ။ ဖာပွန်
အထက်တန်းကျောင်းမှာ ဆယ်တန်းတက်နေတာ။ ဘယ်လို
သူငယ်ချင်း၊ လှတယ်မဟုတ်လား"

ဗိုလ်တက်ထွန်းစကားကြောင့် ကျွန်တော်နှင့်နော်လုံဝါး
တစ်ဦးကိုတစ်ဦး ကြည့်ပြီးပြုံးလိုက်ကြ၏။

ဗိုလ်တက်ထွန်းပြောသလို နော်လုံဝါးသည် တိုင်းရင်း
ပီပီ ဖာပွန်ကထွက်သည့် ဝါးဘိုးမျှစ်ကြီးများလို တစ်တစ်ရစ်ရစ်
ချစ်စရာကောင်းပါသည်။ ချိုသာသောမျက်နှာရှိ၏။ အသား
လည်း ဖြူ၏။

သူမက အပြုံးလှလှဖြင့်

"မိတ်ဆွေဖြစ်သွားပြီနော် ဗိုလ်ကြီး။ အိမ်ကို မကြာ
မကြာလာလည်ပါ"

ဟု ဖိတ်ခေါ်၏။ ဝါးဘိုးမျှစ်ကြီးလို တစ်တစ်ရစ်
ချစ်စရာကြီးက လိုလိုလားလားဖိတ်ခေါ်တော့ ဝါးဘိုး မျှစ်ကြီး
သူ ကျွန်တော်သည် ထိုနေ့ညမှာပင် သူမအိမ်သို့ အဖော်





တစ်ကိုယ်တည်း သွားလည်မိသည်။

နော်လုံဝါးက ချက်ချင်းလာလည်သည့် ကျွန်တော့်ကို
ဝမ်းသာဆီးကြိုသည်။ ပြီးတော့ ဟိုဟိုဒီဒီ စကားစမြည်
ပြောဖြစ်ကြ၏။ အပျိုနဲ့လူပျို တွေ့ခါစဆိုတော့ တစ်ယောက်ကို
တစ်ယောက် အကဲခတ်ရင်း စိတ်ရေး ငင်ရင်း အချစ်ရေးငင်ရင်း
အချိန်က ကုန်သွားသည်။ အရေးထဲမှာ သူမက ချောင်းတဟွတ်
ဟွတ်ဆိုးနေသေး၏။

"ဆောရီးနော် ဗိုလ်ကြီး။ ကျွန်မ ညနေက သူငယ်ချင်း
တွေနဲ့ ယွန်းစလင်းချောင်းထဲမှာ ရေသွားချိုးရင်း အအေးပတ်
သွားလို့"

ဟု တောင်းပန်၏။

"ရပါတယ်ဗျာ။ ချောင်းဆိုးတာ ဘာဆေးသောက်လဲ
ဟင်"

"ဟင့်အင်း၊ ဘာဆေးမှ မသောက်ရသေးဘူး"

"ဩော် ဆေးသောက်မှ ပျောက်မှာပေါ့။ နက်ဖြန်
သောက်ဆေးယူလာခဲ့မယ်။ ဒီနေ့တော့ ပြန်မယ်။ မနော်လုံဝါး
နေပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အားနာတယ်နော် ဗိုလ်ကြီး"

"ရပါတယ်ဗျာ။ စောစောနားပါ။ Good Nigh
ကောင်းသောညပါ"

နောက်နေ့တွင်တော့ ကျွန်တော်သည် တပ်ခွဲရုံး
ကိုမီသာဖင် ချောင်းဆိုးပျောက်ဆေးရည်တစ်ပုလင်း၊ ရွှေဘိုသန
ခါးတုံးကြီးကြီးတစ်တုံး၊ မန္တလေးထိုးမုန့်တစ်ထုပ်၊ ရွာသာကြီး
ထန်းလျက်ခြင်းကလေးတစ်ခြင်းဖြင့် နော်လဲ့ဝါးဆီ ရောက်
သွား၏။

ပါလာသည့်ပစ္စည်းများကို လက်ဆောင်ပေးသည်
မပျောက်သေးသော ချောင်းဆိုးအတွက်လည်း ချက်ချင်း ဆေး
သောက်ခိုင်းရသည်။

"ဗိုလ်ကြီး လက်ဆောင်တွေက စုံလှချည်လားရှင်"

"အညာက ခွင့်ပြန်လာတာ နှစ်ရက်သုံးရက်ပဲ ရှိသေး
တယ်။ အားလုံး အညာပြန်လက်ဆောင်တွေလေ"

"ဩော်"

နော်လဲ့ဝါးက ကျွန်တော်နှင့်သာ စကားပြောနေ
မနေ့ကလို ဣန္ဒြေသိပ်မရ။ အိမ်တွင်းသို့ မကြာခဏ လှမ်း





ကြည့်နေသည်။

"အိမ်ထဲမှာ ဘယ်သူရှိလို့လဲဟင်။ အဖီး နေမကောင်း
လို့လား"

အဖီးဆိုသည်မှာ သူမနှင့်အတူနေနေသည့် အဘွားကို
ခြင်းဖြစ်၏။ သူမသည် အစ်ကို၊ အစ်မ၊ အဘွားတို့နှင့်
နေ၏။ အစ်ကိုနှင့်အစ်မက ဝန်ထမ်းများ။ ယခု ယာယီ
သွားနေကြ၍ အိမ်မှာမရှိ။ လောလောဆယ်မှ အဘွားသာ
ရှိသည်။

"အဖီး မဟုတ်ပါဘူး။ အဖီးက စောစောအိပ်ရာ
ကျွန်မအခန်းထဲမှာ သူငယ်ချင်းတစ်ယောက် ရောက်
စာလာကျက်တာ။ သူလည်း ဒီနှစ် ဒီမှာ ဆယ်တန်း
အဲဒါ လှမ်းခေါ်လိုက်ချင်လို့"

"ဩော် ဟုတ်လား။ ခေါ်လေ။ စကားပြောရတာ
"

နော်လဲ့ဝါးက အခန်းတွင်းဝင်သွားပြီး မိန်းကလေးတစ်ဦး
တွဲထွက်လာသည်။ မိန်းကလေးက ဖဲထဘီအနက်ကို
သမီးခင်ယုမစတိုင် ခပ်တိုတိုဝတ်၍ ခိုပြာရောင်



www.burmeseclassic.com

www.burmeseclassic.com



စပို့ရှပ်လက်တိုတစ်ထည်ကို အပေါ်မှ ဝတ်ထားပြီး ဆံပင်... လည်း ခပ်တိုတိုမို့ ရုတ်တရက်ဆိုသော် ယောကျ်ားက... လေလား ထင်မှတ်မှားရ၏။ အသားကမူ သိပ်မဖြူ ခပ်... လတ်သာဖြစ်၏။

"ဗိုလ်ကြီး၊ ဒါ ကျွန်မသူငယ်ချင်း နော်မေရီ၊ နော်မေ... လည်းခေါ်တယ်။ တောင်ငူက ဒီနှစ် ဒီမှာ ဆယ်တန်း... ဖြေတာ"

နော်လဲ့ဝါးက မိတ်ဆက်ပေးလိုက်သည်နှင့် ... ကျွန်တော့်အား ရုတ်ခြည်းပင် လက်ဆွဲနှုတ်ဆက်တော့... သူမ၏လက်က များစွာပူနွေးနေ၏။ ရုတ်တရက် ... ဓာတ်များက ကျွန်တော်၏လက်မှတစ်ဆင့် တစ်ကိုယ်လုံး... စီးဝင်သွားမိ၏။ အလို ဒီမိန်းကလေးက တစ်မျိုးပါ... အံ့သြစရာအထိအတွေ့နှင့်။

ကျွန်တော်တို့သုံးယောက်သား စုထိုင်ပြီး တစ်... မျက်နှာ တစ်ယောက်ကြည့်ကာ စကားဝိုင်းကို စကြ...

"မမေရီက ဘာလို့ဒီလာပြီး ဆယ်တန်းဖြေတာလဲ"

"တောင်ငူမှာ တစ်ခါဖြေပြီးပြီ။ မအောင်ဘူး...





...င်ငူက မြို့ကြီးပြီး သွားစရာ လာစရာများတော့ စာသိပ်... ...က်ဖြစ်ဘူး။ ဒီဖာပွန်က အေးအေးဆေးဆေး စာကျက်လို့... ...ယ်။ ဘယ်မှလဲ သွားစရာလာစရာ မရှိဘူး။ ဒီမှာ အမျိုးတွေ... ...ယ်လေ။ အမျိုးတွေကလည်း ခေါ်တာနဲ့ လာလည်ရင်း... ...ပွဲပါဖြေဖို့ လုပ်လိုက်တာပါ"

"ဒီမှာစာမေးပွဲလာဖြေတော့ ကျွန်တော်နဲ့ မိတ်ဆွေ... ...ာပေါ့ဗျာ"

"ဒါပေါ့ ဗိုလ်ကြီးရယ်။ ဗိုလ်ကြီးကရော ဘာဘွဲ့ရ...

"ကျွန်တော်က ဝိဇ္ဇာဘွဲ့ပါ"

"ဘယ်မှာ တက္ကသိုလ်တက်ခဲ့တာလဲ"

"ရန်ကုန်မှာပါ"

"တက္ကသိုလ်ကျောင်းသားတုန်းက ဘာတွေများလုပ်... ...လဲ။ ဘာတွေ ဝါသနာပါလဲဟင်"

"ဘွဲ့ကလေးတစ်ခုရမယ့်အရေး အသည်းအသန်စာ... ...ရလို့ ဘာမှမလုပ်ခဲ့နိုင်ပါဘူးဗျာ။ အဲ သီချင်းလေး... ...တော့ နည်းနည်းပါးပါး ဝါသနာပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို အတော်ပဲ။ ကျွန်မ သူငယ်ချင်းက သီချင်း ကောင်းတယ် ဗိုလ်ကြီး။ စန္ဒရားလည်း ကောင်းကောင်း တီးတ တယ်။ အင်္ဂလိပ်စကားလည်း အပြောကောင်းတယ်။ သူ့ကို သီချင်းဆိုခိုင်းပါလား"

နော်လွဲ့ဝါးက ဝင်ပြောသည်။ ဟုတ်သားပဲ။ ဒီလိုအ မျိုး သီချင်းနားထောင်ရရင် ကောင်းမည်။

"ကဲ မမေရီ၊ သီချင်းတစ်ပုဒ်လောက်ဆိုပြပါဗျာ"

"ကျွန်မက ဗမာသီချင်းတွေ မရဘူးရှင့်"

"ရတာဆိုပါ။ အင်္ဂလိပ်သီချင်းလည်း ကောင်းပါတ နားထောင်ကြရတာပေါ့"

"ကဲ ဒါဆို ဆိုမယ်နော်"

မေရီက ထိုစဉ်ကခေတ်စားနေသည့် **Pretty Li Baby, More than I can say, Underneath The Ma Tree** စသည့်သီချင်းများကို အသံထွက်မှန်မှန် အဝင်အထ မှန်မှန်ဖြင့် ဆိုပြသွား၏။

"အသံရော၊ လေယူလေသိမ်းရော၊ အဝင်အထွက် မှန်တယ်ဗျာ။ နားထောင်လို့ သိပ်ကောင်းပါတယ်။ အဲ

ယ်ကျောင်းတွေမှာ နေခဲ့ဖူးပါသလဲဗျာ"

"ရန်ကုန် **St. Philominas Convent** မှာ ကျောင်း ကျောင်းစားနေခဲ့ဖူးတယ်။ ငယ်ငယ်တုန်းက မော်လမြိုင်မှာ လိပ်ဆရာ ဆရာမတွေနဲ့လည်း စာသင်ခဲ့ဖူးပါတယ်"

"ဩော် ဒါကြောင့် အသံထွက်တွေက ကောင်းနေ ကိုး။ ကျွန်တော်တို့ကတော့ အညာက ဗမာ တောကျောင်း မှာနေခဲ့ပြီး၊ စာကလေး စပယ်ရိုး၊ ဘတ်ဖေလိုး ကျွဲကြီး၊ အိပ်ကစ် ဘောက်ကစ် သေတ္တာကြီးဆိုပြီး သင်လာရ မမေရီတို့လို အသံထွက်ကတော့ ဘယ်လိုမှ မကောင်းနိုင် ဗျာ"

ကျွန်တော်၏ ဟန်ပါပါအပြောကို အမျိုးသမီးကလေး ဘောက်က အလွန်သဘောကျသွားပြီး နှစ်ခြိုက်စွာ ရယ်မော ကြ၏။

"ခစ် ခစ် ခစ်၊ ဗိုလ်ကြီးကလည်း ရယ်စရာအပြော သားပဲ။ ကဲ ဒီတစ်ခါ ဗိုလ်ကြီးအလှည့်၊ ကျွန်မတို့ကို သီချင်းဆိုပြပါ"

"ကျွန်တော်က တောကြိုက်တွေပဲ ရတယ်"




www.burmeseclassic.com

www.burmeseclassic.com



"ရတာဆိုပါ ဗိုလ်ကြီးရဲ့။ ဘာဖြစ်လဲ"

"ကောင်းပါပြီဗျာ"

ကျွန်တော်က အညာမွေး အညာကြီးမို့ အမုန်း တော ကြိုက်သီချင်းများသာ နားထောင်တတ်သူဖြစ် တောကြိုက် ဆိုတော့ တွံတေးသိန်းတန်တို့ မောင်မောင်ညွှန့်တို့ပေါ့။ တွံတေး သိန်းတန်ရဲ့ ချစ်ရက်ရှည် အင်းလျားမြေ၊ အသီးတစ်ရာ အညွှန့်တစ် ဆောင်းရယ်နှင်းရယ်ကိုယ့်ချစ်သူရယ်၊ ချယ်ရီ လက်ဆောင်ပေး မောင်မောင်ညွှန့်ရဲ့ စစ်သည်မှတေးတစ်ချို့၊ တမန်ရွှေ ရတုဘုရင် အားလုံးခုနစ်ပုဒ်လောက် ဖြစ်သွား၏။ ကျွန်တော် အလွန်ကြိုက်သော သီချင်းများမို့ **Mood** ကလည်း ဝင်သွားသည်။

မိန်းကလေးနှစ်ဦးက လက်ခုပ်တီးပြီး

"ဟယ် ဗိုလ်ကြီးက ဗမာသီချင်းတွေ တကယ်ရတာ နားထောင်လို့ သိပ်ကောင်းတယ်"

ဟု ဆိုကြသည်။

မေရီကမူ ကျွန်တော့်လက်အား ဒုတိယအကြိမ်





ဆက်ပြန်သည်။ ပူနွေးသော သံလိုက်စာတ်များက မှိန်းခနဲ နဲ ကျွန်တော့်ကိုယ်တွင်းသို့ စီးဝင်သွားကြပြန်၏။ စကား င်းနေစဉ်မှာပင် နော်လှဲဝါးက ချောင်းပြန်ဆိုးလာ၍ ဆေး သောက်ရပြန်၏။ ဆေးနှစ်ခါ သုံးခါလောက် သောက်ပြီး ည်နှင့် အိပ်ချင်လာပုံလည်း ရ၏။ ချောင်းဆိုးပျောက် ားက အိပ်ဆေးများပါပေသည်။ ချောင်းဆိုးကလည်း ပျော်သွားမှ သက်သာသွားတတ်၏။

ညက ၁၀ နာရီကျော်သွားပြီ။ စကားဝိုင်းက အရှိန် င်းနေဆဲ။

"ကဲ ဗိုလ်ကြီးနဲ့မေရီတို့ ဆက်ပြောကြဦး။ ကျွန်မက ည်းဆိုးပြီး အိပ်လည်း အိပ်ချင်လာပြီ။ ခွင့်လွှတ်ပါ။ **d Night** ပါပဲ"

နော်လှဲဝါးက **Excuse** လုပ်ပြီး အခန်းတွင်းဝင်သွား ည်။

နွေညမှာ ငွေလကလည်း ထိန်ထိန်သာနေသည်။ တော်နှင့် မေရီတို့က အိမ်ရှေ့ ပိတောက်ပင်ကြီးအောက်က စ်ကလေးပေါ်၌ ထိုင်နေကြခြင်းဖြစ်၏။ နွေလေပြည်က



www.burmeseclassic.com

www.burmeseclassic.com



သုတ်ဖြူးတိုက်ခတ်နေသဖြင့် ပိတောက်ပင်ကြီးက တရှဲရှဲမြည်က လရောင်အောက်၌ ပိတောက်ရွက်လေးတွေက ယိမ်းနွဲ့ကခုန် ကြသည်။ တစ်ပေါက် နှစ်ပေါက်ရွာခဲ့သည့်မိုးကြောင့် ပိတော ပွင့်လေးတွေက စောစီးစွာ ပွင့်လာပြီး ပိတောက်ပန်းရနံ့ ပတ်ဝန်းကျင်တွင် သင်းပျံ့နေ၏။

အရာအားလုံးက ရုတ်တရက် ငြိမ်သက်သွားသည် အပ်ကျသံကြားလောက်အောင်ပင် တိတ်ဆိတ်သွား၏။

''ဗိုလ်ကြီးမှာ အိမ်ထောင်ပြုရမယ့်သူများ ရှိနေပြီလား ဟင်''

တိတ်ဆိတ်ခြင်းကို မေရီ၏တိုးညှင်းသောအသံ ဖြိုခွင်းလိုက်၏။

ကျွန်တော်က ဖြည်းလေးစွာပင် ခေါင်းရမ်းပြလိုက်၏

''ဒါဖြင့်ရင်''

မေရီ့စကား မဆုံးလိုက်ပါ။

လောကနိယာမအတိုင်း ကျွန်တော်နှင့်မေရီတို့သည် အလိုအ လျောက် ပြင်းထန်သောဆွဲငင်အားများဖြင့် ရုတ်ခြည် ပေါင်းစ' သွားကြ၏။





အို ပူနွေးချိုမြသော အနမ်းတွေပါလား။

ထိုညက သူမနှင့်ကျွန်တော် ထိုကွပ်ပျစ်ကလေးမှာပင် မိုးစင်စင်လင်းခဲ့ရတော့၏။ လွှမ်းဖမာဖွယ် နွေညများ။

☺

''ကဲ ဗိုလ်ခင်မောင်ယဉ်နဲ့ ဗိုလ်သက်ဦး ခင်ဗျားတို့ တပ်ခွဲနဲ့ ဗိုလ်ကြီးထွန်းရီရဲ့တပ်ခွဲ ဒီကနေပြီး ကာမမောင်းကို အပြီးပြောင်းရမယ်။ လိုတာပြင်ဗျာ။ ခင်ဗျားတို့တပ်ခွဲမှူး ဗိုလ်ကြီး အအေးကျော်လည်း သင်တန်းက ပြန်ရောက်ပြီ။ ကာမမောင်းက စောင့်နိုင်းထားတယ်''

နောက်တစ်နေ့၌ မမျှော်လင့်ဘဲ တပ်ပြောင်းမိန့်ကို တပ်ရေးဗိုလ်ကြီးမှ ခေါ်ပြော၏။ လက်ရှိတပ်စခန်းတွင် ဒီနေ့ တစ်ရက်တည်းနေရမည်။ နက်ဖြန်မနက် ဒီက အပြီးပြောင်း ရတော့မည်တဲ့။

တပ်ရင်းရုံးမှ ကျွန်တော်နှင့်ငါးပွင့်တစ်ခိုင်ကြီး ဗိုလ်ခင် မောင်ယဉ်တို့ အမြန်ပြန်လာကြ၏။ သူကလည်း ချစ်ပန်းငါးပွင့် ပေါ်မှ အပွင့်ကြီးကြီးတစ်ပွင့်နှင့် လွှန်ခဲ့သည့်တစ်ရက် နှစ်ရက်က



www.burmeseclassic.com

www.burmeseclassic.com



ရုံးတက်လက်မှတ်ထိုးလိုက်၏။ သူက ရင်ခွင်ထဲရောက်ခါစ ပန်းပွင့်ကြီးနှင့် အလုပ်များနေရာ တပ်ခွဲတာဝန်များကို ကျွန်တော့် လွှဲထား၏။ မူလ တပ်ခွဲမှူး ဗိုလ်ကြီးအေးကျော်က ပြင်ဦးလွင်သို့ သင်တန်းသွားတက်နေရာ တပ်ခွဲမှာ ကျွန်တော်တို့နှစ်ယောက် သာ ရှိသည်။ ကိုခင်မောင်ယဉ်က ခေတ္တတပ်ခွဲမှူး။ ကျွန်တော်က တပ်ခွဲအရာရှိ။ နှစ်ယောက်လုံးက သွေးသား တက်ကြွဆဲ လူငယ် လူရွယ်တွေ။ ဒါသာမက အခုအခါတွင်တော့ မေတ္တာဇာတ်လမ်း ကိုယ်စီနှင့်။

“ကဲ သူငယ်ချင်းလေး၊ မနက် ဒီစခန်းကပဲထွက်ရမှာ ဆိုတော့ လိုတာတွေအပြီးပြင်ကြစို့။ ပြီးရင်တော့ မိန်းမ သွား ပြောလိုက်ဦးမယ်။ အခုမှ ကောင်းခန်းရောက်တုန်း အဆီး ပြောင်းရမယ်ဆိုတော့ အရသာဆိုး သွားတာပေါ့။ သူငယ်ချင်း လေးရော ဘယ်လိုလဲ။ ဟိုတောင်ငူကကျောင်းသူလေးနဲ့ အဆင် ပြေနေပြီဆို”

“ကိုခင်မောင်ယဉ်ကို ဘယ်သူပြောလဲ”

“ဒီလိုပဲကြားတာပဲလေ။ မြို့ငယ်ငယ်လေး သူငယ်ချင်း ရာ။ ခဏလေးနဲ့သိကြတာပေါ့။ ဘယ်လိုလဲ အခြေအနေက”





ကျွန်တော်က သူ့အား ရဲဘော်ရဲဘက်ကြီးမို့ ဖြစ်ကြောင်း ယ်ကုန်စင် ပြောပြရ၏။ သူကလည်း သူ့ ချစ်ပန်းပွင့်ကြီးနှင့် ရဲဘက်လက်မှတ်ထိုးစဉ်က ကျွန်တော့်အား သူ့ဘက်ကသက်သေ အဖြစ် အားကိုးတကြီး လက်မှတ်ထိုးစေခဲ့၏။ သေတူရှင်ဘက် ဆောင်ရွက်မကင်းသည့်အချင်းချင်းမို့ ယခုလို အခင်းကြီးငယ်ရှိ သည့် အခါများ၌ကား အပြန်အလှန်ကူညီကြရပါသည်။

“အခု သူငယ်ချင်းလေးက ဘာလုပ်မှာလဲ”

“ဒီည ကျွန်တော့်ကောင်မလေး သွားတွေ့ဦးမယ်ဗျာ။ ကျွန်တော်ကတော့ သူပြောတာ နားထောင်ပြီး သင့်သလို ဆောင် ရွက်ရမှာပဲ”

“အေးလေ၊ သွားပေါ့။ ကိုယ်လည်း မိန်းမအိမ် ဒီည တော့ သွားရလိမ့်မယ်”

ထိုညက သူရော ကျွန်တော်ပါ သွားစရာရှိသည်များကို သွားကြရသည်။ မသွားလို့က မရ။ ဆွဲငင်အားက ပြင်းထန် သည်။

နော်လုံဝါး၏ကြိုတင်စီစဉ်ပေးမှုကြောင့် မေရီနှင့် သူ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာပင် တွေ့ရ၏။ နော်လှဲဝါးက ကျွန်တော် မနက် ခရီးထွက်ရ မည်ကို သိထားသဖြင့် အလိုက်တသိဖြင့် စောစီးစွာအိပ်ရာဝင် သွား၏။

ကျွန်တော်နဲ့မေရီတို့ကမူ အိမ်ဘေးက စမ်းချောင်းလေး ဘက်သို့ ထွက်ခဲ့ကြပြီး စမ်းချောင်းနံဘေးမှာ ထိုင်ရင်း စကားတွေ ပြောလိုက် ပွေ့လိုက်ဖက်လိုက် နမ်းလိုက်ဖြင့် ကိန္နရီမောင်နှံလို ချစ်စခင်စကြင်နာစမို့ မခွဲနိုင် မခွာရက်ဖြင့် အလွမ်းတောင်နှယ်ပုံ နေကြသည်။

ထိုညက လကလည်းသာသည်။ နွေလေပြည်ကြောင့် သစ်ရွက်ကလေးများလည်း တရှဲရှဲမည်ကာ အချို့က မြေခကြွေ ကျနေကြ၏။ ပိတောက်နံ့သင်းသင်း၌ သာယာနာပျော်ဖွယ် စမ်းရေစီးသံလေးကို နားထောင်ကြရင်း မိုးစင်စင်လင်းခဲ့ရ တော့၏။

ဪ အတိတ်ကို တမ်းတပြီး လွမ်းရတဲ့အဖြစ်ကလေး တွေ။

☺





မလွှဲသာလို့ ခွဲခွာခဲ့ကြရပြီးနောက် စစ်မြေမှာ ကြာ ညောင်းရက်ရှည်သွားသည်။

မေရီက တောင်ငူပြန်သွားသည်။ စာတိုကလေး စောင် ရေးပေးခဲ့၏။ စာတိုလေးက ကျွန်တော်ရှိရာ ခန်းသို့ အကြိုဖြင့် ရောက်လ၏။

ကို

မေ ပြန်သွားပြီ။ ကို့ကို မေ တကယ်ချစ်တာ။
မိုးမိုးနဲ့ ပါးပါးကို ပြောပြီး ကိုနဲ့ မေ လက်ထပ်မယ်။
ကို့ဆန္ဒကရော ဘယ်လိုလဲ၊ မေ့ဆီ စာပြန်ရေးပါဦး။

ကို့ရဲ့

ချစ်သော မေ

ကျွန်တော်ကလည်း မေရီနှင့် တွေ့စဉ်ကတည်းက ထပ်ဖို့ ယတိပြတ်ဆုံးဖြတ်ခဲ့ပြီးဖြစ်၏။ စစ်သားဘဝမှာ အားအတူ ပူအမျှနေနိုင်သည့်သူမှ ရလိမ့်မည်။ အညာက ည်းစားလို မိသားစုသံယောဇဉ်တွေ ထွေပြားနေသူနှင့် ဘာ့ ကျွန်တော်လိုစစ်သားအတွက် ရေရှည်တွင် အဆင် ယ် မမြင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖာပွန် ကမမောင်း ဆက်သွယ်ရေးလမ်းကြောင်းပေါ် တပ်စခန်းတစ်ခု၌ ကျွန်တော် လပေါင်းအတော်ကြာ စခန်း ထိန်းတာဝန် ထမ်းဆောင်ရ၏။

**Outpost** ထိုင်ရင်း တပ်ထဲရောက်မှ တစ်ခါမှ မဖြစ် သည့် အစာအိမ်ရောဂါက ရုတ်ခြည်းပြန်ဖြစ်လာ၏။ တက္ကသိုလ် ကျောင်းသားဘဝက အစားအမှန်၊ အအိပ်မမှန်ဘဲနေခဲ့သဖြင့် ကျွန်တော့်တွင် အစာအိမ်ရောဂါ ရှိခဲ့ဖူးသည်။ မကြာခဏ ဆေး စားခဲ့ရသည်။ ဒီရောဂါက ဗိုလ်သင်တန်းတက်တော့ ပျောက် သွား၏။ ယခုတစ်ဖန် ပြန်ဖြစ်လာသည်။ အစားပဲ မှားလို့ လား၊ စိတ်ကြောင့်လား ဘာလဲတော့ မသိ။ ရောဂါက တဖြည်း ဖြည်းသည်းလာသည်။ အစာကောင်းကောင်း မစားနိုင်တော့ အစာမာမာစားမရ၍ အရည်ပဲသောက်ရတော့သည်။ တပ်စခန်း ရှိသည့်ရွာက မိတ်ဆွေ ကုလားမလေးများ ပို့ပေးသည့် နွားနို့ဖြင့် အသက်ဆက်နေရသည်။

အကျိုးအကြောင်းကို မေ့ထံစာရေးမိသည်။ မေ သူနာပြုဆရာကြီးသမီးမို့ ကျွန်တော့်ရောဂါကို စိုးရိမ်သည် ဆိုလာ၏။





ရောဂါအခြေအနေကို တပ်က လူကြီးတွေတင်ပြတော့ ဆေးရုံတက်ရောက်ကုသခွင့်ပြုလိုက်၏။ ဒါကို ကြားသည့် မေက ကောင်ငူမှ ရှေ့တန်းစခန်းထိ လိုက်ချလာ၏။

''ဘာဖြစ်လို့ လိုက်လာရတာလဲ မေရယ်''

''စိတ်ပူလို့ စိုးရိမ်လို့ပေါ့ ကိုရယ်''

မေက တောထဲတောင်ထဲအထိ လိုက်လာသည်။ စိုးရိမ် ပူပန်တဲ့ အညာက ရည်းစားကတော့ ကျွန်တော်က သူ့သွား မေ့တာတောင် အင်းမလှုပ် အဲမလှုပ်။ မေနဲ့ ငယ်ရည်းစား ကိုဦးနဲ့တစ်ဦး အလွန်ကွာခြား၏။

ရန်ကုန်မင်္ဂလာဒုံ စစ်ဆေးရုံသွားတက်ဖြစ်သည်။ မေက ပြုစုရန်ဆိုပြီး ရန်ကုန်ထိ လိုက်ပါလာ၏။ ကန်တော် ကြီးက သူမအစ်ကိုအိမ်မှာနေပြီး စစ်ဆေးရုံရှိ ကျွန်တော့်ထံ လာနိုင်းလာ၏။ ကျွန်တော့်အတွက် ကောင်းနိုးရာရာ ဝတ်စား ဝယ်လာသည်။ အပျင်းပြေဖတ်ဖို့ စာအုပ်စာတမ်းများစွာ ယူလာသည်။ ကျွန်တော် ဝါသနာပါမှန်းသိ၍ လက်ဗကာ စာအုပ် များ ပါလာတတ်သည်။ ညနေ ညနေ လူနာမေးချိန်ည မှန် ရောက်လာတတ်ပြီး ရောက်တတ်ရာရာများကို ပြောဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်တို့ ရှေ့ရေးကိုတိုင်ပင်ဆွေးနွေးဖြစ်သည်။

စစ်ဆေးရုံကြီး၌ တစ်လခန့် ဆေးရုံတက်ပြီးအပြန် ဘားအံအရောက်တွင် ဘားအံရှိ ကရင်ပြည်နယ် တရားရုံး၌ မေနှင့်လက်ထပ်ဖြစ်သည်။ စာချုပ်လက်မှတ်ထိုးတော့ ကျွန်တော့်ဘက်က ကိုစိုးအောင်၊ ကိုသက်ဆွေ၊ ကိုခင်စိုး၊ မေ့ဘက်က ကိုခင်မောင်မြင့်၊ ကိုကြည်ရှင်းတို့က သက်သေအဖြစ် လက်မှတ်ရေးထိုးကြ၏။ ထိုစဉ်တုန်းက ကျွန်တော်က အသက် ၂၃ နှစ် မေက ၁၈ နှစ်။ အလွန်ငယ်ကြပါသေးသည်။

တပ်ကိုပြန်မည့်နေ့မနက်က ဘားအံဈေးထဲ ဈေးဝယ်တော့ မေနဲ့ကျွန်တော်တို့ အသစ်စက်စက် ဖနီးမောင်နှံကို တွေ့သည့် ဈေးသည်များက

"ဟောတော့ ကလေးလင်မယားလေးပါလား"

ဟု တအံ့တသြဆိုကြသည်။ ဆေးရုံကဆင်းလာပြီး နလံထစ ဖြူရော်ရော်ဖြစ်နေသည့် ကျွန်တော့်ပုံက အသက် ၂၀ ပင် မပြည့်သေးသည့်ပုံပေါက်နေသလို၊ ခပ်ပိန်ပိန်သေးသေး မေကလည်း ပီဘိအပျိုပေါက်စလေးနှယ် ထင်ရ၏။ ကျောင်းသားလင်မယားလားဟုလည်း မေးကြသည်၊ မဟုတ်ပါ။ ဝန်ထမ်း



အဆင်ပြေအောင် ပြောခဲ့ရ၏။

သူတို့စကားကြောင့် ပြုံးရပါသည်။ သို့ရာတွင် တော်တို့နှစ်ယောက်လုံးကတော့ ကျရာဘဝကို ရဲဝံ့စွာ င်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြ၏။

ဆုံးဖြတ်ချက်အတိုင်း မေနဲ့ကျွန်တော်တို့ ပုဖွန့်ဗိတ် နှစ်ဦး ဘဝပင်လယ်ကြီးကို ရဲဝံ့စွာရင်ဆိုင်ခဲ့ကြရာ ယခုဆို ၄၀ ကျော် ရှိခဲ့ပြီပဲ။

၁၉၇၂ အိမ်ထောင်သက် လေးနှစ်၌ သားတစ်ယောက်၊ စ်ယောက်ဖြင့် ကျွန်တော်တို့ မိသားစု ဖာပွန်က အပြီး ခဲ့ရသည်။ အဲဒီကတည်းက ဖာပွန်ကို မေ ပြန်မရောက် ကျွန်တော်က အနှစ် သုံးဆယ်ခန့်အကြာ ၁၉၉၅ တွင် ကို တစ်ခေါက်ပြန်ရောက်သည်။

ဖာပွန်ရောက်တော့ တစ်ညအိပ်ပြီး မြောက်ဘက်က ပန်ဟိုက်နဲ့ ခိုကြာခိုဒေသသို့ ဆက်လက် ချီတက်ရ

ဖာပွန်ရောက်သည့်နေ့က မြို့မြောက်ဘက်အထွက်က န်းကုန်းနှင့် မေနဲ့ တစ်ညတာ အတူနေခဲ့ဖူးသည့်

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းလေးကို အလွမ်းပြေသွားကြည့်ခဲ့ပါသေးသည်။

ခေတ်တွေ ဘယ်လိုပြောင်းပြောင်း စမ်းချောင်းလေ တော့ စီးမြဲပင်။ နွေအကြိုအဖြစ် ဥသြသံနွဲ့နွဲ့ကိုလည်း ခပ်သဲ လှမ်းကြားရ၍ ငယ်ဘဝကို လွမ်းတရသေး၏။ ဝါးဘိုးမျှစ်ကြ ချစ်စရာကောင်းသော မေ့ သူငယ်ချင်း နော်လဲ့ဝါးလည်း တော့ပါ။ မော်လမြိုင်ရေတပ်စခန်းမှ ရေတပ်သားကြီးတစ် အကြောင်းဖက် ပေါင်းဖက်သွားရာ သားသမီးတွေ ပွား သူလည်း အရာရှိကတော်ဖြစ်သွားခဲ့သည်ဟု ကြားသိရပါသ မေနဲ့ကျွန်တော်တို့ရဲ့ ဖူးစာရေးနတ်ကြီးပါပေ။ မယ်မင်း ကျန်းမာချမ်းသာပါစေ။

☺

၁၉၉၅ မတ်လ နွေဦးပေါက်တွင် ဖာပွန်ဒေသက လည်ထွက်ခွာခဲ့ရ၏။ ကျွန်တော့်အတွက် စစ်သားဘဝ ဆုံးကာလများ ဖြစ်ခဲ့ပါသည်။ ဖာပွန်ကပြန်ပြီး များမ ကာလမှာပင် ကျွန်တော်၏စစ်သားဘဝ တစ်ခန်းရပ် တော့၏။





ဖာပွန်က ယာဉ်တန်းဖြင့် ပြန်ထွက်သည့်နေ့က နွေဦး ကာလ မေနဲ့ကျွန်တော် တွေ့သည့်အချိန်မျိုးမို့ အားလုံးကို ပြီး လွမ်းမိပါသည်။

အရွက်ဖားဖားနဲ့ ကျွန်းတောကြီး။ ပိတောက်နံ့သင်းသင်း ယာနာပျော်ပွဲ စမ်းရေစီးသံများကြားက မေနဲ့ ကျွန်တော် အလှန်သီဆိုခဲ့သည့် သီချင်းသံများ။ ချိုလွင်သော ဥသြသံ

ဒါတွေကို ယခုအချိန်ထိ ကျွန်တော် မေ့၍မရသေး။ ရောက်တိုင်း မေနဲ့စတွေ့ခဲ့သည့်ကာလကလေးကို တော် သတိရနေမိသည်။ ထိုစဉ်က ညများကို ပိုလို့ သတိရ ကြိုတိုင်းလည်း မေနှင့် ယခုတိုင် ပြောဖြစ်ကြသေး၏။ သြော် မေနဲ့ကျွန်တော်ရဲ့ ယနေ့တိုင် မမေ့နိုင်တဲ့ ဖာပွန် လွမ်းမောဖွယ်ရာ နွေညများပါပေ။

၃-၆-၂၀၀၈



www.burmeseclassic.com

www.burmeseclassic.com

သက်ထားနဲ့

ဆင့်ဆင့်



www.burmeseclassic.com

www.burmeseclassic.com

# သက်ထားနဲ့ဆင့်ဆင့်

သူ့ရံ - ရဲမက်ကို
ရဏာပုနာဂတံ - စစ်အောင်ရှုပြန်မှု
ပသံသေယျ - ချီးမွမ်းရာ၏။
ဒါရဥ္စ - မယားကိုလည်း
ဂတယောဗ္ဗနံ - အရွယ်လွန်မှ
ပသံသေယျ - ချီးမွမ်းရာ၏။ ။

(လောကနီတိ)

မနက်က မင်္ဂလာဒုံလေဆိပ်ရောက်ရာ ခင်သက်ထားကို မျှော်လင့်ဘဲ တွေ့ခဲ့သည်။ ခင်သက်ထားက ပြုံးလို့ရယ်လို့၊



www.burmeseclassic.com

www.burmeseclassic.com



သူမဘေးမှာတော့ အသက်လေးဆယ်ခန့် အသားညိုညို ထောင်ထောင်မောင်းမောင်း ယောကျ်ားတစ်ဦးပါသည်။ ခင်သက် ထားရဲ့ ခင်ပွန်းပဲထင်ရဲ့။

လေဆိပ်အဝင်ပေါက်တွင် ကျွန်တော်နှင့် မြန်းခနဲ တွေ့ ကြရာ ခင်သက်ထားက ကျွန်တော့်မြင်တော့ အရယ်ရပ်ပြီး အံ့ဩ ဟန်ဖြင့် ကြောင်သွားသည်။ ပြီးတော့ မမြင်ဟန်ပြု၍ သူ့လမ်း ဆက်ထွက်သွားသည်။

"ဪ ဖြစ်မှ ဖြစ်ရလေ သက်ထားရယ်။ တို့တော့ နှုတ်မဆက်နိုင်တော့ပါလား"

BURMESE CLASSIC .com

☺

တစ်နေ့လုံး ခင်သက်ထားရဲ့ဟန်ပန်ကို တနှံ့နှံ့စဉ်းစား ရင်း ပြန်မြင်နေမိပါသည်။

လွန်ခဲ့သည့် ခုနစ်နှစ်ခန့်က ခင်သက်ထားသည် ကျွန်တော့်သူငယ်ချင်း တင်ထွန်းအောင်ရဲ့ဇနီး။ တင်ထွန်းအောင် နဲ့ ကျွန်တော်က ထိုစဉ်က မြေလတ်ရှိ ခြေမြန်တပ် တစ်ရင်းတွင် အတူတာဝန်ကျခဲ့သည်။ တပ်ထဲအတူ ဝင်ခဲ့





သည့် သူငယ်ချင်းချင်းမို့ ကျောင်းဆင်း၍ ဆယ်နှစ်ကျော်ခန့် တာဝန်ထမ်းဆောင်ပြီး ပြန်တွေ့ချိန်တွင်တော့ နှစ်အိမ်တစ်အိမ် ဖြစ်ခဲ့သည်။ ယောကျ်ားချင်းသာမက ကျွန်တော့်ဇနီးမေနဲ့ တင်ထွန်းအောင်ဇနီး ခင်သက်ထားတို့ မိန်းမချင်းလည်း အထူး ခင်မင်ကြသည်။ ခင်သက်ထားက မေ့ထက်သုံးနှစ်ခန့်ငယ်ပြီး အကြောင်းအားလျော်စွာ ရန်ကုန်တွင် မေ့ညီမများနှင့် ကျောင်း အိပ်ကျောင်းစားနေခဲ့ဖူး၍ မေ့ညီမအရင်းသဖွယ်လည်းဖြစ်ခဲ့သည်။

ခင်သက်ထားက တင်ထွန်းအောင်ကို အလွန်ချစ်ပုံရ သည်။ ရှေ့တန်းက ပြန်ရောက်ချိန်များတွင်

"အစ်ကိုရေ" "အစ်ကိုရေ" နှင့် အစ်ကိုချင်း မိုးမွှန်းနေ အောင် ခေါ်တတ်သည်။ တင်ထွန်းအောင် ကြိုက်တတ်သည်များ ကို ရှာ၍ ကြော်လှော်ချက်ပြုတ်ကျွေးသည်။ တပ်ဝင်ချိန်များတွင် တင်ထွန်းအောင်က ခိုင်းသဖြင့် သနပ်ခါးလည်း ခြေဆုံးခေါင်းဆုံး လိမ်းတတ်သည်။ အဝတ်အစားကိုလည်း တင်ထွန်းအောင် ကြိုက်သည်ကိုမှဝတ်သည်။ ယောကျ်ားသွားလေရာ တကောက် ကောက်လိုက်သည်။ မေကတောင်

"အမလေးသက်ထားရယ်။ မလွန်လွန်းဘူးလား ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စလျှင်က "တက္ကသိုလ်တက်ရင်းကတောင် ကျောင်းမပြီးဘဲ
အစ်ကို့နောက်လိုက်လာတာ။ ဖေဖေကဆို စိတ်ဆိုးလွန်းလို့
သက်ထားကို အခုထိ စကားမပြောတော့ဘူး"

တင်ထွန်းအောင်ရေ့တန်းထွက်လျှင် ခင်သက်ထား အ
ငိုတတ်သည်။ အတူနေချိန်များတွင် ယောက်ျားလိုသမျှ အ
လိုက် အကြိုက်ဆောင်သည်။ တင်ထွန်းအောင်က မြန်မာဆ
ဆန် နေထိုင်သည်ကို ကြိုက်တတ်၍ အိမ်ထောင်ကျကာစက
ခင်သက်ထားက တစ်ပတ်လျှိုဆံထုံးနှင့် မြန်မာအင်္ကျီလ
ရှည်နှင့်။ အိမ်ထောင်မကျမီကတော့ စပို့ရှပ်နှင့်၊ ဘောင်း
အတို အရှည်နှင့်၊ ဆံပင်တိုတောင် ထားခဲ့သည်ဆိုပဲ။ ထိုစဉ်
ခင်သက်ထားတို့ အဖေကလည်း ဌာနဆိုင်ရာ အရာရှိကြီးတ
ဖြစ်၍ သမီးအငယ်ဆုံးခင်သက်ထားအား အထူးအလိုလိုက်ထ
သည်။ ခုတော့ အစစအရာရာ တင်ထွန်းအောင်အား သူမ
ဦးစားပေးလွန်းသဖြင့် ကျွန်တော်တို့ကတောင်

"ဒီခေတ်မှာ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလဆို
မရှိတော့ဘူးထင်နေတာ။ သက်ထားတွေ့မှ ရှိသေးသားပဲလို့"

ဟု နောက်သလို ပြောင်သလိုပြောလျှင် ခင်သက်ထ





ာ တပြုံးပြုံးဖြင့် အထူးကျေနပ်နေတတ်သူ၊ တင်ထွန်းအောင်က
ဆော့ ပင်ကိုယ်စကားနည်းသူဖြစ်၍ ဘာမှမပြောတတ်၊ သူ့ဇနီးက
သူကြိုက်တာကိုပဲ လုပ်လုပ်၊ မကြိုက်တာကိုဘဲ လုပ်လုပ်
"မိသက်ကလည်းကွာ" ဟုသာ အမြဲပြောတတ်သူ။

စစ်ဆင်ရေးတစ်ခုတွင် တင်ထွန်းအောင် ကျဆုံးခဲ့သည်။
သူမသေမီမှာခဲ့၍ဟုဆိုကာ ရဲဘော်များက သူတို့ တပ်ခွဲ
ောင်ထွန်းအောင်၏ ရုပ်ကလာပ်မှ လက်သန်းလေးတစ်ချောင်း
ား အရက်ပျံစိမ်၍ ပုလင်းလေးတစ်လုံးဖြင့် တပ်သို့ယူလာ
သည်။ ထိုပုလင်းလေးကို ရင်ခွင်တွင်ပွေ့ပြီး ခင်သက်ထားက
က်မတက် ချက်မတက် ငိုသည်။

"အစ်ကိုရေ အစ်ကိုရဲ့၊ သက်ထားတို့ကို ထားခဲ့ပြီလား"
ဟုလည်း တကြော်ကြော်အော်သည်။ အားလုံးက ဝိုင်း
ထိန်းကြရသည်။ ရက်အတော်ကြာ ငို၍မဆုံး။

သာရေးနာရေး ကိစ္စများပြီးစီးသွားသောအခါ ခင်သက်
နှင့်ကလေးနှစ်ယောက်အား ပင်စင်ယူပြီး ရန်ကုန်တွင် အခြေ
နေသော သူမ၏ဖခင်ကြီးနှင့် သူမ၏အမေ၊ အစ်မများက
ခေါ်သွားကြသည်။ ခင်သက်ထားနှင့် ကျွန်တော်တို့ အဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သွားခဲ့ကြပါသည်။

ထိုကာလမှ ခြောက်လခန့်အကြာတွင် ကျွန်တော် တပ်ပြောင်းရပြန်၍ စစ်ရုံးသို့သတင်းပို့ရန် ရန်ကုန် ဆင်းခဲ့ပါသည်။ မေ့ပါခေါ်ခဲ့သည်။ အောင်ဆန်းကွင်းအနီးက မေ့အစ်ကို အိမ်တွင် တည်းကြသည်။ မပြန်မီတစ်ရက် မေက အင်းစိန်ရှိ ခင်သက်ထားတို့အိမ်သွားပြီး ပြန်လာရာ၌

"အမလေးကိုရယ်။ သက်ထားကလေ ကိုတင်ထွန်းအောင်ရဲ့လက်ချောင်းလေးကို ခုချိန်အထိ တယု တယလုပ်နေတာ။ သူ့အမေနဲ့အစ်မတွေက ကြောက်ရှာလွန်းလို့ အဲဒါ မေ့ကို ဝိုင်းပြောပေးပါဦးဆိုလို့ မနည်းပြောပေးခဲ့ရတယ်"

"ဟုတ်လား။ မေက ဘာပြောခဲ့လဲ"

"မေကလား၊ မေက ဒီလိုမလုပ်ကောင်းဘူး သက်ထားရဲ့။ တော်ကြာ ကာယကံရှင် မကျွတ်မလွတ် ဖြစ်နေဦးမယ်။ လွတ်ရာကျွတ်ရာပို့ပေးမှဖြစ်မယ်။ ဘာညာပေါ့ကိုရာ။ ချော့ရှို့းရတာပေါ့"

"အင်း အဲဒီတော့ ဘာဖြစ်သွားလဲ"

"ဘာဖြစ်ရမှာလဲ ကိုရဲ့။ သူ့ယောက်ျား မကျွတ်မလွတ်





ဖြစ်မှာစိုးလို့ဆိုပြီး မချေထားက အဲဒီပုလင်းကို လှိုင်မြစ်ထဲသွား ချလိုက်တယ်။ မေ့ပါ အဖော်ခေါ်လို့လိုက်သွားရသေးတယ်။ သူ့ အမေနဲ့သူ့အစ်မတွေက မေ့ကို ကျေးဇူးတင်လွန်းလို့လေ"

မေက ဂုဏ်ယူဝင့်ကြွားစွာဖြင့် စကားကို အဆုံးသတ်လိုက်သည်။

ကျွန်တော်တို့ နယ်ပြန်ရောက်တော့ ရန်ကုန်လောကနှင့် အဆက်အသွယ်ပြတ်သွားခဲ့ပြန်ပါသည်။

☺

BURMESE CLASSIC

တပ်သစ်တွင် ရှေ့တန်းထွက်ရပြန်၏။ စစ်ဆင်ရေး သေငါးလအကြာတွင် တပ်ပြန်နားသည်။ ဒီတစ်ခါ အနားပြန်ဆုံတော့ ဇနီးသည်မချေမေက ခရီးရောက်မဆိုက် သတင်းပို့သည်။

"ကိုရေ ခင်သက်ထားတစ်ယောက် ယောက်ျားယူသွားပြီတဲ့"

"ဟာ ဘယ်လိုဖြစ်တာလဲ မေရဲ့။ သူပဲ တင်ထွန်းအောင်ကို ချစ်လှချည်ရဲ့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မေတို့နဲ့တွေ့ပြီးတော့ ရန်ကုန်မှာ သူ ဆိုင်ခန်းရော တိုက်ခန်းရောရတယ်။ တိုက်ခန်းကို သူ့ကလေးနှစ် ယောက်နဲ့ ရွှေ့နေသတဲ့။ အဲဒီရပ်ကွက်မှာက သူကောလိပ်တက်ခဲ့တုန်း သူ့နောက်တကောက်ကောက် လိုက်ခဲ့ဖူးတဲ့ အမျိုးသားနဲ့ ပြန်တွေ့သတဲ့။ ဟိုကအခုထိ လူပျိုလူလွတ်ဆိုပဲ။ ဆွေကြီးမျိုးကြီးထဲကတဲ့ ဘော့စ်ကျတယ်ပြောတာပါပဲ။ အဲဒါနဲ့ သိပ်မကြာဘူး။ ယူလိုက်ကြသတဲ့လေ။ အားကိုးမရှိလို့ ယူတာဖြစ်မယ်ထင်ပါရဲ့"

မေက မိန်းမချင်းစာနာစိတ်ဖြင့် ပြောရှာပါသည်။

ကျွန်တော်ကတော့ မေ့လိုမစာနာနိုင်ပါ။ မစာနာတတ်[illegible]

"ဟာကွာ၊ ဟိုကောင်သေသွားတာ တစ်နှစ်တောင် မပြည့်သေးဘဲနဲ့ ကိုယ်တော့ မကျေနပ်ဘူးကွာ"

"နေပါဦး။ အခု အဲဒီလူနဲ့ရတော့ သက်ထားက [illegible] ရထားတဲ့ဆိုင်ခန်းတွေ တိုက်ခန်းတွေရော ဘာလုပ်သလဲ"

"ဘာလုပ်ရမလဲ။ ဆိုင်ခန်းကတော့ ငှားစားတယ်၊ တိုက်ခန်းကတော့ သူ့နောက်လူအသစ်လေးနဲ့ ဆက်ပြီး အတူ[illegible] သတဲ့"

"သေတဲ့လူ မျက်နှာမှမထောက် ဟင်း တောက်"





မကျေမနပ်နဲ့ ကျွန်တော် တောက်တစ်ချက် ပြင်းပြင်း ခေါက်လိုက်မိပါသည်။

လေဆိပ်မှ ပြန်လာပြီး စစ်ဆင်ရေးတစ်ပတ်စာ [illegible]အလုပ်များကို ကြိုးစားပြီးရှင်းနေရသည်။ လေဆိပ်မှာ တွေ့ခဲ့သည့် ခင်သက်ထားရဲ့ နောက်လူနဲ့ ပြုံးပျော်ကြည်နူးနေသော [illegible]ပုံက ခဏခဏ လာပေါ်နေ၍ အလုပ်မတွင်လှ။ ညနေ [illegible]တော်စောင်းသွားပြီ။

"ကလင် ကလင်"

ဖုန်းသံပါလား။ ကျွန်တော် ကောက်ကိုင်လိုက်ရာ

"ကိုရေ၊ ငါးနာရီထိုးနေပြီ။ ရုံးမဆင်းသေးဘူးလား"

မေရဲ့ အသံ။

"ဘာဖြစ်လို့လဲမေ။ မပြတ်သေးတဲ့ဖိုင်တွေရှင်းနေတာ။ [illegible]ပြီးတော့မှာပါ"

ရုံးကို ဖုန်းဆက်ခဲ့သည့် မေ့အကြောင်းသိသဖြင့် ပြန် [illegible]မေးလိုက်ရာ

"အိမ်မှာ ညှော်သည် ရောက်နေလို့ ကိုရဲ့၊ ကိုကို [illegible]တွေ့ချင်လို့တဲ့။ ရောက်နေတာ ကြာပြီ။ ဟို ညနေသုံးနာရီ



www.burmeseclassic.com

www.burmeseclassic.com



မထိုးခင်ကတည်းကလေ။ ခုပြန်ချင်နေပြီတဲ့''

တပ်ပြောင်းလာတာ သိပ်မကြာသေး၍ ကျွန်တော့်အိမ်ကို လည်း ဧည့်သည်လာလေ့လာထမရှိပါ။ ကျွန်တော့်ကို သိပ်တွေ့ချင်တဲ့သူဆိုတော့ ဘယ်သူများပါလိမ့်။ စဉ်းစား၍တော့မပေါ်။ ရုံးနဲ့အိမ်ကလည်း တပ်ဝင်းထဲမှာပင်ဖြစ်ရာ သိပ်မဝေးသဖြင့်

''ခုပဲ ပြန်ခဲ့မယ် မေ။ ဧည့်သည်လည်း စောင့်ခိုင်းပဦး လေ''

ကျွန်တော် ရုံးမှ အိမ်သို့ ပြန်ခဲ့ပါသည်။ ငါးမိနစ်ခန့်သာ ကြာသည်။ အိမ်ထဲသို့ ဝင်လိုက်ရာ ဧည့်ခန်းတွင်းတော့

''ဟာ ဆင့်ဆင့်ပါလား။ ဘယ်ကနေ ရောက်လာတာ လဲ။ သွားပါ ပါလာတာကိုး''

ကျွန်တော့်ဇနီးသည်နှင့်အတူ ဆင့်ဆင့်နဲ့ သူမ၏ တစ်ဦး တည်းသောသားကလေး သန့်ဇင်ဝင်း။

''အစ်ကိုကြီးနဲ့ မမမေတို့ ဒီရောက်နေတာကြားလို့ လာခဲ့တာ။ အကြောင်းထူးမရှိပါဘူး။ တွေ့ချင်တာ သက်သက် ပဲ အစ်ကိုကြီးရယ်''

''အခု ဆင့်ဆင့် ဘာလုပ်နေလဲ။ သားကလေးကတော့





...ကိုရှည်ရှည်နဲ့ ဖိုးသန်းဝင်းနဲ့ တယ်တူပဲနော်။ ဘယ်နှစ်တန်း ...တက်နေပြီလဲ''

''သားက အခု ခုနစ်တန်းပါ။ ဆယ့်သုံးနှစ်လေ။ သူ့ ...ဆုံးတုန်းက နှစ်နှစ်သားသာသာပဲ။ မဆင့်ကတော့ ...သန်းဝင်းဆုံးပြီးကတည်းက ဘဝရေးမှာ စာရေးဝင်လုပ်နေပါ ...။ လူကြီးတွေက ဆိုင်ခန်းတော့ ပေးပါတယ်။ မဆင့်က ... မရောင်းတတ်တာ''

''နေတော့ရော''

''ရန်ကင်းမှာ တိုက်ခန်းရထားတယ်။ အဲဒီမှာ သားနဲ့ပဲ ...နေပါတယ်''

''ဩော် ဆင့်ဆင့်ရယ်။ အင်း ဘာလိုလိုနဲ့ ဖိုးသန်းဝင်း ...သွားတာတောင် ဆယ်နှစ်ကျော်သွားပြီပဲ''

☺

လွန်ခဲ့သည့် ဆယ့်ခြောက်နှစ်ကျော်ကာလက ကျွန်တော် ...သန်းဝင်းတို့သည် မွန်ပြည်နယ်ရှိ ခြေလျင်တပ်ရင်းတစ်ခု ...တာဝန်အတူကျခဲ့ကြသည်။ ထိုတပ်သို့ တစ်ရက်တည်း



www.burmeseclassic.com

အတူရောက်၍ တပ်ခွဲတစ်ခွဲတည်းမှာပင် အတူတာဝန်ချထား[illegible]ကြောဘူးပါလား''
ခံကြရသည်။ ရှေ့တန်းသို့လည်း အတူတက်သွားကြပြီး ခြော[illegible] နှစ်နှစ်နီးပါး အတူနေပြီးသည်အထိ မိန်းကလေးများ
လတာမျှ အေးအတူ ပူအမျှ အတူနေခဲ့ကြသည်။ သုံးလေးကြိ[illegible]ကြောင်း တစ်ခါမှ သန်းဝင်း မပြောခဲ့ဘူးသဖြင့် ကျွန်တော့်
အတူတိုက်ပွဲ ဝင်ပြီးချိန်တွင်တော့ ကျွန်တော်တို့နှစ်ယော[illegible]အတွက် အထူးအဆန်းဖြစ်သွားသည်။
တကယ့် ညီအစ်ကိုအရင်းသဖွယ် ချစ်ခင်ခဲ့ကြသည်။ ''အခု ပြောပြီပဲဗျာ။ ကျွန်တော့်ကောင်မလေးက

သန်းဝင်းက စစ်တက္ကသိုလ်မှ ဆင်းလျှင်ဆင်းခြင်း [illegible]ယ်တန်းဖြေပြီးပြီ။ အဲဒါ အောင်အောင် မအောင်အောင်
တပ်ကို ရောက်လာသည်။ ကျွန်တော်ကတော့ ကရင်ပြည်[illegible]င်းမနေချင်တော့ဘူးတဲ့။ ကျွန်တော့်ဆီ စာလှမ်းရေးလို့''
မြောက်ဖျားရှိ ခြေလျင်တပ်ရင်းမှာ ငါးနှစ်ကျော်ခန့် တာ[illegible] ''လုပ်ထုံးလုပ်နည်းအတိုင်းပေါ့ကွာ။ မင်းလူပျိုပဲ။ ဘာမှ
ထမ်းဆောင်ပြီးမှ တပ်ပြောင်းလာခြင်း ဖြစ်သည်။ သန်းဝင်[illegible]ပြောစရာမရှိပါဘူး''
ကျွန်တော့်ထက် ငါးနှစ်ခန့်ငယ်သည်။ လူပျိုလူလွတ်က[illegible] ဝါပ်ပြုံန်နားသည့်အခါ တပ်ရင်းမှူးကြီးထံ တင်ပြ၍
ကျွန်တော်ကတော့ မေနဲ့ ရပြီး ကလေးနှစ်ယောက်ဖခင် [illegible]ကျ်ကရယူပြီး သန်းဝင်း၏ မင်္ဂလာပွဲအား စီစဉ်ပေးရပါတော့
ထောင်သည်။ [illegible]

ရှေ့တန်းတာဝန်ထမ်းဆောင်နေစဉ် တစ်ရက်တွင်[illegible] သန်းဝင်းက ဘဏ်တွင်စုထားသည့် သူ့လစာငွေမှ
''တပ်ခွဲမှူး။ ကျွန်တော် ဒီတစ်ခေါက်ပြ[illegible]ာင်အား ထုတ်ပြီး ကျွန်တော့်ဇနီးအား အပ်သည်။
မိန်းမယူတော့မလို့ဗျာ'' ''ကဲ မမမေ။ အဆင်ပြေအောင် လုပ်ပေးဗျာ။

သန်းဝင်းက ဆိုင်းမဆင့် ဗုံမပါ ပြောချလိုက်[illegible]တော်တော့ ဘာမှမလုပ်တတ်ဘူး''
''ဟော ဘယ်လိုလဲကွ။ မင်းဟာကတစ်ခါမှလည်း [illegible] ယခုလိုကိစ္စမျိုးတွင် ပါရမီဖြည့်ရန် စိတ်အားထက်သန်

www.burmeseclassic.com

www.burmeseclassic.com



လှသည့် ကျွန်တော့်ဖနီးမရွှေမေက သန်းဝင်းကိုစွကို အ
တက်ကြွစွာ စိုင်းပြင်းစီမံပါတော့သည်။

☺

မဂ်လာမဆောင်မီ တစ်ရက်အလိုကျမှ သတို့သမီး
အဖွဲ့ရောက်လာ၏။

"တပ်ခွဲမှူး။ ကျွန်တော့်ကောင်မလေးနဲ့သူ့အမေ
ရောက်လာပြီဗျ"

"ဟေ ဟုတ်လား။ ဒါဆိုရင် ဘယ်မှာထားမလဲ"

"ရိပ်သာမှာလေဗျာ"

"အေး ဒါဆိုရင် တို့သွားပြီး နှုတ်ဆက်ကြတာပေါ့ကွ"

ကျွန်တော်နှင့်သန်းဝင်းတို့ အချီအချပြောဆိုပြီးနော
ရိပ်သာသို့ ထွက်လာခဲ့ကြ၏။ ရိပ်သာရောက်သည့်အခါ
အသက် လေးဆယ်ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦး
မိန်းမပျိုလေးသုံးဦးကို တွေ့ရ၏။ မိန်းမပျို သုံးဦးအနက် အ
ဆုံးက အသက်နှစ်ဆယ် သာသာခန့်ရှိမည်။ ခပ်ညို
တောင့်တောင့် ကြည့်ကောင်းသော ရုပ်မျိုးဖြစ်၏။ တောင်





င်းမောင်း သန်းဝင်းနှင့် လိုက်ဖက်ညီပါသည်။ ကျန်
ယောက်မှာ အသားလတ်၍ အသက်မှာ နှစ်ဆယ်ကျော်သေး
နောက်ဆုံးတစ်ယောက်ကား ခပ်ဖြူဖြူ ခပ်သေးသေး၊
ငယ်ငယ်လေးဖြစ်၏။ ကျွန်တော့်စိတ်ထင်တော့ ဆယ့်လေး
ထက် ပိုအံ့မထင်။

"ဟော့ ဖိုးသန်းဝင်း။ မင်းအမျိုးတွေနဲ့ မိတ်ဆက်
ဦးလေကွာ"

"ရပါတယ်ဗျာ။ ဒါက ဆင့်ဆင့်အမေ"

အသက်လေးဆယ်ကျော် အမျိုးသမီးကြီးက ကျွန်တော့်
ပြုံး၍ ခေါင်းညိတ်ပြသည်။

"ဒါက ဆင့်ဆင့်အစ်မကြီး မြင့်မြင့်"

သန်းဝင်းက အကြီးဆုံးမိန်းမပျိုနှင့် မိတ်ဆက်ပေးပြန်၏။
ခါ အသားညိုညို ခပ်တောင့်တောင့် အမျိုးသမီးလေးက
တော့်အား ပြုံး၍ပြလိုက်ပြန်သည်။

"ဒါကတော့ ဆင့်ဆင့်အစ်မငယ် တင့်တင့်"

သန်းဝင်းက အသားလတ်လတ် ကိုယ်လုံးသွယ်သွယ်
မိန်းမပျိုလေးနှင့် ကျွန်တော့်အား မိတ်ဆက်ပေးပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံ့သြသွားသည်။ ထို့ကြောင့်

"ဟော့ကောင် သန်းဝင်း။ မင်းဆင့်ဆင့်က ဘယ်...
လဲကွ"

ထိုအခါ သန်းဝင်းက ဆိုင်းမဆင့် ဗုံမပါ

"ဆင့်ဆင့်က သူလေဗျာ"

ဟုဆိုကာ နောက်ဆုံးကျန်ရှိနေသည့် အသက် အ...
ဆုံး၊ အသေးဆုံး၊ အသားဖြူဖြူ မိန်းမငယ်လေးကို လက်...
ထိုးပြလိုက်၏။

"ဟော"

ကျွန်တော့်မှာ "ဟော" တစ်လုံးသာ ပြောနိုင်ပါ...
သည်။

"ဖြစ်မှဖြစ်ရလေတယ် သန်းဝင်းရယ်"

မင်္ဂလာပွဲပြီးချိန်တွင်တော့

"သန်းဝင်းရာ။ မင်းဟာက မိန်းမယူပါတယ်...
နေ့ကလေးထိန်းကျောင်းဖွင့်တာနဲ့ တူနေပြီ။ ကလေး မုန့်...
များ ခေါ်လာတာလားကွာ"

သတို့သမီးလေးဆင့်ဆင့်မှာ တကယ့်ပီတိ အ...





...ကျောင်းသူလေးအရွယ်ဖြစ်နေ၍ ကျွန်တော်က ပြောမိသည်။

"အချစ်က မျက်စိ မရှိဘူးဗျ"

သန်းဝင်းက ဆင်ခြေတက်သည်။

အချစ်က တကယ်ပင် မျက်စိမရှိဟု ထင်ပါသည်။

...န်းဝင်းခမျာ စစ်ဆင်ရေးမှ အနားပြန်ကာလများတွင်
...ာပါသသမျှ ဒုက္ခများနှင့် အထူးအလုပ်ရှုပ်နေပါတော့သည်။
...င်ချက်လည်းသူ၊ ဈေးသွားလည်းသူ။ အိမ်မှုကိစ္စများလည်း
... ခေါ်ရင်မပြီးဖြစ်နေရာ မနေနိုင်သူများက သူတို့အိမ်ထောင်
...လေးအား ဝိုင်းကူကြရသည်။ ကျွန်တော်တို့ ဖနီးမောင်နှံ
...ာ တပ်ခွဲမှ ဆရာကြီး၊ ဆရာလေးကတော်များပါ မနေရ
... အားလုံး ဝိုင်းဝန်းစောင်မပေးကြရပါသည်။ အရပ်ကူပါ
...ပါပေါ့။

"မင်းဟာ ညအိပ်ခါနီး ခြင်ထောင်လှန်လိုက်တဲ့အထိ
...ပ်များနေတုန်းလား သန်းဝင်းရာ"

ဟု ကျွန်တော်က ပြောယူရသည်။ မည်သို့ဆိုစေ
...င်ဖနီးလေးဆင့်ဆင့်ကတော့ ယောက်ျားယူရတာ ပျော်လို့...

☺



www.burmeseclassic.com

www.burmeseclassic.com



သန်းဝင်း ရှေ့တန်းပြန်ထွက်တော့ ဆင့်ဆ
တစ်ယောက် လတ်လျားလတ်လျားနှင့် လျှောက်သွားသ
တစ်ကြိမ်တွင် ထိုသို့သွားရင်းတပ်ထိပ်တွင် ရည်းစားစာ အ
ခံရသည်။ ဒါကိုပင်ဂုဏ်ယူပြီး မေ့ကို လာပြောသဖြင့် မေ
ဆူရသေးသည်။ တစ်ခါတစ်ရံတွင်လည်း ကျောင်းသူဘ
ဂါဝန်များထုတ်ဝတ်တတ်၍ ရယ်ရပါသည်။

သည်သို့နှင့် သန်းဝင်းနှင့်ဆင့်ဆင့်တို့ အိမ်ထောင်
တစ်နှစ်ကျော်ခန့်တွင် သားကလေးတစ်ဦးရသည်။ ကလေး
ဖြစ်ချိန်တွင်တော့ ဆင့်ဆင့်တစ်ယောက် နည်းနည်းငြိမ်သွား
သူ့သားကို ချစ်ရမှန်းသိသည်။ သူတို့သားလေး အခါ
ကျော်ကျော်တွင် ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ကျွန်တော် ပြော
ခဲ့ရသည်။ သန်းဝင်းနှင့် ဆင့်ဆင့်က စိတ်မကောင်း ဖြ
သည်။ တွေ့ဆုံကြုံကွဲဖြစ်မြဲဓမ္မတာမို့ ဆွေမျိုးအရင်းသ
ချစ်ခင်ခဲ့ရသော သန်းဝင်းတို့မိသားစုလေးအား နှုတ်ဆက်

"တစ်ထဲဆိုတော့ မကြာမကြာ ပြန်ဆုံမှာပေ
အရေးအကြောင်းရှိရင် စာရေး၊ ကြေးနန်းပို့ပေါ့။ ဖုန်းရှိတဲ့





ဆီမှာ ဖုန်းဆက်ပေါ့"

ဟု မှာခဲ့ရပါသည်။

☺

ကျွန်တော် ရှမ်းပြည်နယ်ရောက်ပြီး တစ်နှစ်ခန့်အကြာတွင် သန်းဝင်းတစ်ယောက် ဘုရားသုံးဆူဘက်တွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားကြောင်းကြားရသည်။ ဘော်ချင်း အလှမ်းကွာဝေးလှသဖြင့် ဘာမှ မလုပ်နိုင်ခဲ့။ စိတ်မကောင်းဝမ်းနည်းကြောင်းသာ ဆင့်ဆင့်ဆီစာလှမ်းရေးနိုင်ခဲ့သည်။

အသက်နှစ်ဆယ်အရွယ် မုဆိုးမလေးဆင့်ဆင့် ကလေးတစ်ယောက်နဲ့ ဘာများလုပ်စားမှာပါလိမ့်။ ရန်ကုန်က သူ့အမေဆီ ပြန်မယ်ထင်ရဲ့။ ကျွန်တော့်နဲ့မေ့မှာ များစွာစိတ်ထိခိုက်ကြရပါသည်။

သူတို့မင်္ဂလာဆောင်စဉ်က သတို့သားနှင့် သတို့သမီးခေါင်းကို ယဲလင်၊ ယဲမယားသာ ခြင်ထောင် ထောင်ပေးရသည်ဆို၍ ကျွန်တော်တို့ဇနီးမောင်နှံက ခြင်ထောင်ထောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်ကို အမှတ်ရနေသည်။ သူတို့ မင်္ဂလာဆောင်မှာ ခြင်ထောင်ထောင်ပေးခဲ့ရဖူးပါသည်။ သန်းဝင်းကျသွားသည့်ကို ပြောဖြစ်ပြီး စကားအဆုံး၌ မေက

“အင်း ဆင့်ဆင့်က ငယ်သေးတော့ နောက်အိမ်ထောင် ပြုဦးမှာပေါ့လေ”

“မွေတာပဲပေါ့ မေရယ်”

ဟု ကျွန်တော်က ဆိုမိ၏။

☺

ခုတော့လည်း ဆယ်နှစ်ကျော်ကာလအတွင်းမှာ ဆင့်ဆင့်တစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲသွားသည် အရွယ်အတွေ့အကြုံနှင့် သားကို ချစ်ခြင်းများက သင်ကြား လိုက်၍လားမသိ။ များစွာရင့်ကျက်နေပေပြီ။ ကျွန်တော် ထင်ထားသလိုမဟုတ်ခဲ့ပါ။ သားကိုချစ်ပြီး သန်းဝင်းဂုဏ်သိ ကို ထောက်ထား၍ အိမ်ထောင်သစ် မထူဘဲဘဝကို ရဲရဲ ကြည်စွာ ရုန်းကန်ရင်ဆိုင်နေရသည်ကို အံ့သြဖွယ်ရာ မျက် ထင်ထင်မြင်တွေ့နေရပါသည်။





“ကဲ အစ်ကိုကြီးနဲ့မမမေ။ မဆင့်တို့ မိုးမချုပ်ခင် မယ်။ တွေ့တုန်း အစ်ကိုကြီးနဲ့အစ်မကို ကန်တော့ခဲ့ပါဝဦးမယ်”

“သား ဘဘနဲ့ ကြီးကြီးကို ကန်တော့လိုက်”

ဆင့်ဆင့်တို့သားအမိက ကျွန်တော်တို့ ဇနီးမောင်နှံကို ကျိုးယို့ယို့လေးထိုင်၍ ကန်တော့သည်။

“အခုလို ကန်တော့ကြတဲ့အကျိုးကြောင့် စိတ်သွား ကိုယ်ပါပြီး ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပါစေဗျာ”

ကျွန်တော်က ဆုပေးသည်။

“ဆင့်ဆင့်ရေ မမမေတို့ ဒီမှာရှိတုန်း မကြာမကြာလာ လိုတာလည်းပြော။ သိပ်ဝေးတာမှ မဟုတ်ဘဲ”

မေက မှာသည်။ ပြီးတော့ သားကို မုန့်ဖိုးပေးသည်။

“မေရေ ဆင့်ဆင့်တို့ သားအမိကို ကားနဲ့လိုက်ပို့ပေး

မေက ကားမှာပြီး ဆင့်ဆင့်တို့သားအမိအား ပို့နိုင်း ကားအထွက်တွင် လက်ပြသွားသည့် ဆင့်ဆင့်တို့ အမိကိုကြည့်ပြီး ကျွန်တော့်ရင်မှာ မဖော်ပြနိုင်သော ကြည်



www.burmeseclassic.com

www.burmeseclassic.com




နှုးမှုတစ်ရပ်ကို ခံစားရပါသည်။ စိတ်ထဲမှလည်း တိတ်တဆိတ်
ရေရွတ်မိပါသည်။

“သာဓုပါပဲ ဆင့်ဆင့်ရယ်။ ညီမအတွက် ဒို့ အမြဲ
ကျေနပ်နေပါတယ်ကွယ်”

ဩော် ဒီတစ်ယောက်ကိုတော့ အရွယ်မလွန်သေးလည်း
ချီးမွမ်းလိုက်ရပါစေတော့။

၁၉၉၅ခု၊ မတ်လ၊ ငွေတာရီ မဂ္ဂဇင်း





www.burmeseclassic.com

# သံလွင်ကို သက်သေတည်၍

ဆောင်းနှောင်း၏ နှင်းမှုန်များက ဝေ့ဝဲနေဆဲ။

ဟိုးအဝေး အရှေ့ဘက်ဆီမှာတော့ ညနေဆည်းဆာ၏ ...လုလုနေရောင်နှင့် နှင်းမှုန်များကြားတွင် နာမည်ကျော် ...ပင်တောင်ကြီးအား မှိုင်းပြာပြာဖြင့် လှမ်းမြင်နေရပါပြီ။ ...မှိုင်းမောဖွယ် ကရင်ပြည်နယ် ဆောင်းနှောင်းရဲ့ သဘာဝ ...လှ အပပေပဲ။

"ဘားအံကို နီးလာပြီ မေ"

ကျွန်တော်က မေ့လက်ကို အသာဆုပ်ကိုင်ရင်း ပြော ...လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း မေတို့ ဒီမှာ လက်ထပ်ခဲ့တာ အနှစ်သုံး ဆယ် ကျော်ပြီနော် ကို"

"မိုးမိုးနဲ့ပါးပါးက ဒီဘားအံမှာ လက်ထပ်ခဲ့တာလား"

ကားရှေ့ခန်းမှ လိုက်ပါလာသည့် သမီးငယ်က နောက် လှည့်မေးလိုက်၏။

"ဟုတ်တယ်။ ဘားအံပြည်နယ်ရုံးမှာ လက်မှတ်ထိုးခဲ့ တာလေ။ တပ်ကလည်း အရေးတကြီး ပြန်ခေါ်နေတော့ မင်္ဂလာ ဆောင်ချိန်လည်း မပေးနိုင်တာနဲ့ ရုံးမှာ လက်မှတ်ပဲ ထိုးလိုက် တယ် သမီးရေ"

"အဲဒီ တုန်းက ပါးပါးက ဘယ်မှာ တာဝန်ကျလဲ"

ကားမောင်းနေသည့်သားကြီးက ဝင်မေးသည်။

"ဖာပွန်မှာလေ။ မိုးမိုးနဲ့ လက်ထပ်ပြီး ကမမောင်း ပြောင်းရတယ်။ အဲဒီတုန်းက ကမမောင်းမှာ တပ်ခွဲနှစ်ခွဲ စစ်ကြောင်းတစ်ခု ထားတာလေ"

"ဟော တံတားကြီးလမ်းခွဲ ရောက်ပြီ။ သမီးမေးခဲ့တဲ့ တံတားကြီးက ညာဘက်မှာ ရှိသတဲ့"

ညာဘက်တွင် မကြာသေးမီက ပြီးခဲ့သည့် သံလွင်





မြစ်ကူးတံတားကြီး၊ ဘယ်ဘက်တွင်တော့ ဘားအံရောက်တိုင်း ဖက်၊ ကူးတို့ စောင့်စီးရသည့် မြိုင်ကလေးဆိပ်ကမ်း။

လွန်ခဲ့သည့် အနှစ်သုံးဆယ်ကျော်က ကျွန်တော် တပ်မတော်ထဲ ဝင်ခဲ့၏။ သင်တန်းဆင်းလျှင်ဆင်းခြင်း ကရင် ပြည်နယ်၊ ဖာပွန်တွင် တာဝန်ကျသည်။ ဖာပွန်မြို့ကလေးမှာ ကရင်ပြည်နယ်တွင် အသွားအလာ အတော်ပင် ခက်ခဲလှ၏။ ယိုးဒယားနိုင်ငံနယ်စပ်နှင့် မဝေးလှသော်လည်း သောင်းကျန်း သူများ ရှိခြင်း၊ တောတောင်ထူထပ်ခြင်း၊ အဖျားအနာထူ ပြောခြင်း၊ အစာရေစာ ရှားပါးခြင်းတို့ကြောင့် လူတကာက ဖာပွန်ဆိုလျှင် "ဟင်" ခနဲ နှာခေါင်းရှုံ့သွားကြသည့်နေရာ ဖြစ်ပါ၏။ ထိုစဉ်က ဖာပွန်မြို့ကလေးမှာ အသွားခက်အလာခက် ရောဂါဘယထူပြောနှင့် အတော်ပင် စိတ်ညစ်စရာကောင်းလှ၏။ သို့ရာတွင် ကျွန်တော်နှင့်မေ ငါးနှစ်ကျော် ခြောက်နှစ်နီးပါး ပျော်ပျော်ကြီး နေခဲ့ကြပါသည်။

ဩော် ဖာပွန်မြို့ကလေးနဲ့ ဝေးခဲ့တာတောင် အတော် ကြာပေါ့။ စဉ်းစားလိုက်တော့ မနေ့တစ်နေ့ကလိုပင် ထင်မိပါသေး ၏။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားခန်း မပြတ်သေးမီမှပင် ကျွန်တော်တို့ကားလေးက သံလွင်တံတားကြီးထိပ် ရောက်လာ၏။ မနေ့ တစ်နေ့ကမှ ပြီးစီးသွားသည့် သံလွင်တံတားကြီးကိုကြည့်၍ မေက

"ကိုရေ။ တံတားကြီးက သိပ်လှတာပဲနော်။ မေတို့ ပုဂံသွားတုန်းက ပြည်မှာ ခဏဝင်ကြည့်ခဲ့တဲ့ နဝဒေးတံတားကြီး ထက်တောင် ပိုလှသလိုပဲ"

မေက ကရင်ပြည်နယ်သူမို့ သူတို့ပြည်နယ်တံတားကြီး ကောင်းကြောင်းကို ပီတိသံဖြင့်ဆို၏။ မေ ကျေနပ်ပါစေလေ။ ကျွန်တော်လည်း ကျေနပ်ပါသည်။

တံတားကြီးက ဖားကပ်ရွာတောင်ဘက်ထိပ်မှ သံလွင်မြစ်ကို ဖြတ်ထိုးထားခြင်း ဖြစ်၏။ အရှေ့ဘက်ကမ်းကူး၍ ကား ခဏမောင်းပြီးသော် တရုပ်လှရွာကလေးကို ရောက်၏။ ကတ္တရာလမ်း ရောက်သွားခြင်း ဖြစ်၏။

ဒီနေရာကား ကျွန်တော်နဲ့မေ ဘားအံမှ ကမမောင်းပြန်တိုင်း မော်တော်စီးနေကျ နေရာလေး။ ဘားအံ၊ ရွှေဂွန်း ကမမောင်းတစ်နေကုန် စီးရ၏။ ငယ်စဉ်ကတော့ မေနဲ့ကျွန်တော် ပျော်ပျော်ပါပဲလေ။ ငယ်ဘဝကို ပြန်စဉ်းစားပြီး လွမ်းမိပါသေး





သည်။

"မေရေ၊ ကမမောင်းသွားတဲ့ သင်္ဘောဆိပ်လေ။ ကြည့်ဦး။ ကိုယ်တို့ ငယ်ငယ်ကနဲ့ ထော်တော်ကွာသွားပြီ"

"ဟုတ်တယ် ကို။ ဘားအံက ပိုသန့်လာသလိုပဲနော်"

မှောင်စပြုနေသော်လည်း လျှပ်စစ်မီးရောင်အောက်တွင် ကရင်ပြည်နယ်မြို့တော် ဘားအံက ပိုမိုသန့်ပြန့်လာသည်ကို သတိထားမိပါ၏။

"အေးလေ။ အေးအေးချမ်းချမ်းဖြစ်သွားတော့ တိုးတက်အောင် ပိုလုပ်နိုင်တာပေါ့။ အခု သံလွင်တံတားကြီးလည်း ပြီးသွားပြီ။ ကော့ကရိတ်၊ မြဝတီ ကားလမ်းလည်း ကောင်းနေပြီ။ မြဝတီနဲ့ မဲဆောက်ကြားမှာ သောင်ရင်းမြစ်ကူးတံတားလည်း ထိုးပြီးပြီ။ ဒါကြောင့် နယ်စပ်ဒေသတွေလည်း တိုးတက်နေပြီလေ"

"ရိပ်သာမောင်း သားကြီးရေ"

ရိပ်သာမှာ မိတ်ဆွေကြီး စောစေးထူး စောင့်နေ၏။ ရိပ်သာက ရုံးကုန်းမှာဖြစ်၏။ ရိပ်သာတစ်ပိုက်ကား ရေတမာပင် လေးများနှင့် အေးချမ်းသာယာသည့်အသွင်ကို ဆောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့စောစေးထူးရေ၊ လာစောင့်နေတာ ကျေးဇူး
နက်ဖြန်တစ်ရက် မနက်ပိုင်း သွားစရာရှိတာလေးတွေ သွားပြီး
ပြန်မယ်။ မနက်မှာ ဒီက စောစောထွက်ရအောင်။ ဒီနေ့တော့
ဘယ်မှမသွားတော့ပါဘူး။ ဒီမှာပဲ နားပါမယ်"

"ဟုတ်ကဲ့ဟုတ်ကဲ့။ လိုတာလေးတွေ လုပ်ထားပါ့မယ်
အခုလည်း ညစာအသင့်ပါပဲခင်ဗျ။ ညစာ စားပြီးရင် နားလို့ရ
တယ်ခင်ဗျ"

ဟု ကိုစောစေးထူးက ဆို၏။

ကိုစောစေးထူးကား တောင်ငူတွင် အတူတာဝန်ထမ်း
ဆောင်ခဲ့ဖူးသည့် မိတ်ရင်းဆွေရင်းဖြစ်၏။ ကြိုတင် အကြောင်း
ကြားထားသဖြင့် လာစောင့်နေခြင်းဖြစ်၏။

ရိပ်သာတွင် ညစာစားပြီးသော် စောစောပင် အိပ်ရာဝင်
လိုက်ကြပါသည်။ အိပ်မပျော်သေး၍ အိပ်ရာဝင်ရင်း အတွေး
နယ်ချဲ့မိပြန်ပါ၏။ လွန်ခဲ့သည့် ဆယ်စုနှစ် ခေတ်သုံးခေတ်
ကာလများ။

☺





၁၉၆၇ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ ဆယ်နှစ်တိုင် အရှေ့တောင်တိုင်းမှာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုဆယ်နှစ်လုံးလုံး စစ်ဆင်ရေးတာဝန်များနှင့်သာ နပန်းလုံးခဲ့ရပါ၏။ လွတ်လပ်ရေးနှင့် အတူပါလာသည့် သောင်းကျန်းမှုများကား ကျွန်တော်တပ်ထဲဝင်သည့်ကာလအထိ မချုပ်ငြိမ်းပါ။ တောက်ကောင်းဆဲ လောင်ကောင်းဆဲ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ ပစ်၍ခတ်၍ ကောင်းနေကြဆဲပင်။

၁၉၇၁ ခုနှစ်တွင် ပြည်ပြေးများပေါ်လာ၍ မီးတောက်တစ်ခု တိုးလာပြန်သည်။ သုံးပါတီဆိုသည်များ ဖြစ်လာပြန်သည်။ ပို၍ ပစ်ကြခတ်ကြရပြန်ပါပြီ။ ကျွန်တော်သည်လည်း ထိုမီးတောက် မီးလျှံများကြားတွင် ပြေးလွှားနေရင်း တာဝန်တွေထမ်းဆောင်ခဲ့ရပါသည်။ ထိုမီးလျှံများက အတော်များများကိုဝါးမျိုသွားခဲ့၏။ ထိုမီးတောက်မီးလျှံများကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ကောင်းစွာ မလုပ်နိုင်ခဲ့။ တိုင်းပြည်တိုးတက်မှုမှာ ပြောပလောက်အောင် မဖြစ်လာခဲ့။

အရှေ့တောင်တိုင်းမှာ ဆယ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အရှေ့မြောက်တိုင်းကို ပြောင်းရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်မြစ်ရင်းမှ သံလွင်မြစ်ဖျား ရောက်သွား၏။ ဘယ်နေရာရောက်ရောက် သံလွင်နှင့်ပင်တိုးနေ၏။

"ဩော် ဘယ်သွားသွား သံလွင်နဲ့ကတော့ မလွတ်ပါလား"

ထိုမှတစ်ဖန် အရှေ့မြောက်ရှမ်းပြည်နယ်မှ အရှေ့ပိုင်းရှမ်းပြည်နယ်သို့ ရောက်ရပြန်ပါသည်။ ဒါလည်း သံလွင်ကိုဖြတ်ရသည်ပါပဲ။ သံလွင်ကို ကူးရို့သန်းရို့ဖြင့် စုစုပေါင်း ရှမ်းပြည်နယ်တွင် ဆယ်နှစ်ကြာခဲ့ပြန်၏။ ဗကပတို့ဖြင့် ပွဲပေါင်းမရေမတွက်နိုင်အောင် တိုက်ပွဲဝင်ခဲ့ရပြန်ပါ၏။ ၁၉၉၁ တွင်တော့ ဘူမိနက်သန်မှန်သည့် မေတို့ဌာနေ ကရင်ပြည်နယ်ကို ပြန်ရောက်ပါသည်။ ရွှေယောက်ဖများနှင့် ပစ်ရခတ်ရပြန်ပါ၏။ ပထမ မာနယ်ပလောတိုက်ပွဲမှသည် DKBA တို့ထံ မာနယ်ပလော ကျဆုံးသွားသည့် ဒုတိယပွဲအထိ ပွဲစဉ်အားလုံးတွင် ပါဝင် ပတ်သက်ခဲ့ရ၏။

ကရင်ပြည်နယ်တွင် နောက်ထပ်ငါးနှစ်၊ ငါးနှစ်အပြီးတွင်ကား

သေနတ်အစား ကလောင်တံ ပြောင်းကိုင်ခဲ့ရ၏။





တောကြိုအုံကြားမှ မဟာရန်ကုန်ကို ရောက်ခဲ့ရ၏။ ယခု ကလောင်ကိုင်ခဲ့သည်မှာ သုံးလေးနှစ် ရှိပါပြီ။ မေတို့ဒေသမှာ ထိုးတက်နေတာလေးတွေ လေ့လာနိုင်ရန် မိသားစုခေါ်၍ အလွမ်းပြေ ခရီးထွက်ခဲ့ခြင်း ဖြစ်ပါ၏။ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကို စဉ်းစားရင်း

"အင်း ကံကောင်းသွားတယ်"

ဟု ကျွန်တော့်ပါးစပ်မှ လွှတ်ခနဲ ထွက်သွား၏။

"ဘာကံကောင်းတာလဲ ကို။ မအိပ်သေးဘူးလား။ အိပ်တော့လေ။ မနက်လည်း စောစောခရီးသွားရဦးမှာ"

မေက ကျွန်တော့်ကို သတိပေးနေတာ။ သူလည်း အိပ်ပျော်ပုံတော့ မရသေး။ မေ သတိပေးလိုက်မှ အိပ်ရန် မိတ်ဒုံးဒုံးချလိုက်ပါသည်။

"ကံကောင်းတာက တိုင်းပြည်က ကံကောင်းသွားတာ"

ထိုစကားကိုတော့ နှုတ်မှ မပြောဖြစ်၊ ရင်တွင်းမှသာ ပြောလိုက်ပါ၏။

☺



www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာမှ စောစောထပြီး ကော့ကရိတ်သွား ကားလမ်းမကြီးအတိုင်း ခရီးဆက်ခဲ့ကြပါသည်။ ဘားအံနံနက်ခင်း၏ နှင်းမှုန်ပျပျ အောက်တွင် ခရီးသည်တင်ကားများရော ဘုရားဖူးကားများပါ ဟောတစ်စီး၊ ဟောတစ်စီး သွားလာနေကြ၏။ အသွားရောအပြန်ပါ ဖြစ်၏။ အားလုံးသော သူတွေ၏ မျက်နှာတွေပေါ်မှာတော့ ချမ်းမြေ့ကြည်နူး မှု၏ အရိပ်သဏ္ဍာန်များကို တွေ့ရပါ၏။ လမ်းများက ပိုမိုပြန့်ပြူးကောင်းမွန်နေ၏။ ၁၉၉၅ ခုနှစ်က ကျွန်တော် သက်နီးညီနောင်က ပြန်လာချိန်ထက် ပိုကောင်းနေ၏။

လမ်းတွင် ရွာသူရွာသားများ၊ ရဟန်းရှင်လူများ လမ်းပြင်နေကြသည်ကို တွေ့ရ၏။ အတူလိုက်ပါလာသည့် မိတ်ဆွေကြီးစောစေးထူးက

"ရွာတွေ စုပေါင်းပြီး လမ်းပြင်နေကြတာလေ။ ဟိုတုန်းကတော့ သောင်းကျန်မှုကြောင့် လမ်းတွေလည်း မကောင်းဘူး အခုကတော့ ဟိုးမြဝတီက ကားလမ်း ကောင်းသွားပြီ၊ ဘားအံမြဝတီလိုင်းကားတွေလည်း ဥဒဟို ပြေးနေပါပြီ။ မြဝတီမဲဆောက်တံတားကြီးလည်း ပြီးသွားပြီခင်ဗျ"





"ဘားအံအရှေ့ခြမ်း ကော့ကရိတ်၊ မြဝတီဘက်က ကားလမ်း ကောင်းသွားတာတော့ လူတွေ တော်တော် သိကြပါတယ်။ ရန်ကုန်က ဒီဘက်ဘုရားဖူးတွေလည်း မပြတ်သွားနေတာ။ ကျိုက်ထီးရိုး၊ သာမညဲ အမြဲလိုလိုပါပဲ။ အဲ ဘားအံမြောက်ဘက်အခြေအနေရော"

"ဘားအံမြောက်ဘက်ခြမ်းကတော့ အခုရွှေဂွန်းအထိ ကတ္တရာလမ်းမကြီး ခင်းပြီးပြီ။ ရွှေဂွန်းကနေ ကမမောင်း သစ်ဖက်ကမ်း မြိုင်ကြီးငူအထိ ကားလမ်းလည်း ပြီးပါပြီ"

ဟိုစဉ်ကတော့ ထိုနေရာများမှာ တိုက်ပွဲသံတဂျိမ်းဂျိမ်းနှင့် ဘယ်လိုမှ လမ်းဖောက်ရန် မစဉ်းစားနိုင်သည့်နေရာများ ဖြစ်ပါ၏။

ထိုနေရာ မဆိုထားဘိ၊ ရှိပြီးသား ကမမောင်း၊ ဖာပွန် ဆက်ထားသည့် အောင်သိဒ္ဓိလမ်းမကြီးကိုပင် ပြည့်ပြည့်ဝဝ အသုံးမချနိုင်ခဲ့။

ယခုတော့ လမ်းဟောင်းတွေသာမက လမ်း သစ်တွေပင် ပေါ်ထွန်းနေပါပြီ။ ဒူးရင်းဆိပ်ကနေပြီး ကမမောင်းကိုလည်း ၁၉၉၅ ခုနှစ်က ကားဖြင့် ကျွန်တော် သွားခဲ့ပြီးပါပြီ။ ကားလမ်း



www.burmeseclassic.com

www.burmeseclassic.com



အသစ်ပါပဲ။

ဩဂုတ် လမ်းတွေဖောက်၊ တံတားတွေဆောက်ကာ နိုင်ငံတော်၏ ကံကြမ္မာက အကောင်းကို ရောက်နေပါပြီ။ ကျွန်တော် ခေါက်တုံ့ခေါက်ပြန်ကူးခဲ့သည့် သံလွင်မြစ်ကြီးပေါ်တွင် ပင် တံတားသစ်တွေ ဟော တစ်စင်း၊ ဟော တစ်စင်းဖြင့် ပေါ်ထွန်းနေပါပြီ။ သံလွင်သာမက ဧရာဝတီပေါ်မှာလည်း ဟော တစ်စင်း၊ ဟော တစ်စင်းဖြင့် နတ်ဒေဝတာများ ဖန်ဆင်းနေသ သလား ထင်မှတ်မှားအောင် တံတားတွေ ထိုးပြီးနေပြီ။

ဒီတံတားကြီးတွေက ပြည်သူတွေအချင်းချင်း ပိုမို နားလည်မှုကို ဖြစ်စေမည်။ ပိုမိုချစ်ကြည်ရင်းနှီးမှု ရစေမည်။ ပိုမိုကြွယ်ဝစေမည်။ အသိပညာတွေ ရစေမည်။ မြို့တွေရွာတွေ ဖွံ့ဖြိုးတိုးတက်စေမည်။ ဒီလို လမ်းတွေ ဖောက်၊ တံတားတွေ ဆောက်ပြီး အေးချမ်းသာယာအောင် ဆောင်ရွက်ပေးသည့် နိုင်ငံ တော်နှင့် တာဝန်ရှိသူများကို စဉ်းစားရင်း ကျေးဇူးတင် မဆုံး ပေ။

ကျွန်တော်ဖတ်ခဲ့ဖူးသည့် ကျန်စစ်သားမင်း၏ ရွှေစည်းခုံ ဘုရား ကျောက်စာတွင် အောက်ပါအတိုင်းပါရှိပါသည်။





"များစွာသော ခပ်သိမ်းသူအပေါင်းတို့သည် သားတစ်ကွဲ၊ မယားတစ်ကွဲ၊ မိတစ်ကွဲ၊ ဖတစ်ကွဲ ဖြစ်ကြရကုန်၏။ ထိုသူတို့၏ ဆင်းရဲခြင်း ဒုက္ခ ကို ငါ ငြိမ်းပါအံ့။ ထိုသူတို့၏ မျက်ရည်ကို ငါ သုတ်ပါအံ့။ ငါ၏ လက်ျာလက်ဖြင့် ဆန်စပါးရိက္ခာ ကို ပေးအံ့၊ ငါ၏လက်ဝဲလက်ဖြင့် ဝတ်စားတန်ဆာ ကို ပေးအံ့။ အမိသည် သားငယ်ကို ရင်ခွင်၌ နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူ ပြည်သားတို့ကို နှစ်သိမ့်စေအံ့"

ယခုလည်း နိုင်ငံတော်က တိုင်းသူပြည်သားတို့အား ကျန်စစ်သားမင်း၏ အထက်ကျောက်စာပါအတိုင်း ရင်ခွင်တွင် ပွေ့ပိုက်နှစ်သိမ့်ပေးနေသည်ဟု ထင်ပါ၏။

ရှေ့မှာလာနေသည့် သာသနာ့အလံဖြင့် ကားတန်းကြီး ကြောင့် တွေးလုံး ပျက်သွား၏။ ကျွန်တော့်တွေးလုံး အဆုံးတွင် ဆာလေးထူးက

"ကဲ ဒါသက်သတ်လွတ်နယ်မြေပါ။ ဘုရားဖူးကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းမြေ့စရာကောင်းသော သာမညတောင်ဒေသကို လှည့်လည်ကာ ဘုရားများ ဖူးမျှော်ခဲ့ပါ၏။ ဘုရားဖူးများ ကြိတ်ကြိတ်တိုးနေပါသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်ကတော့ ထိုနေရာမျိုးမှာပင် ဗုံးပေါက်ကွဲမှုများ ရှိခဲ့ဖူးပါသည်။

သာမညတောင်ဒေသပြီးတော့ ဖွဲကပင်ကိုပါ ခဏဝင် လိုက်ပါ၏။ အချိန်မရ၍ တောင်ပေါ်မတက်နိုင်ခဲ့။ ရန်ကုန်ကို ညအရောက် ပြန်ရပါဦးမည်။ နေ့လယ် တစ်ချက်တီးတွင်တော့ မိတ်ဆွေကြီး စောစေးထူးအား နှုတ်ဆက်ပြီး ချစ်သောဘား အံမြေက ပြန်ထွက်ခဲ့ကြပါ၏။ ဒီတစ်ခါတော့ လင်းလင်းခြင်း ခြင်းမှာ သံလွင်တံတားကြီးကို ပြန်ဖြတ်လာခဲ့ပါ၏။ ဘုရားဖူး ထွက်ရုံသာမက အမေ့ဇာတိချက်ကြွေ မွေးရပ်မြေကို ရောက်ရှိ၍ သားကြီးနဲ့ သမီးငယ်ကတော့ အထူးပျော်ရွှင်နေကြ၏။

''ကဲ သွားပြီ မိတ်ဆွေကြီးတို့ရေ'' ဟု မိတ်ဆွေသစ် တံတားကြီးနှင့် မိတ်ဆွေဟောင်း သံလွင်မြစ်တို့ကို နှုတ်ဆက် ခဲ့ပါ၏။ ငံတံတားကြီးလွန်သော် အရှေ့ဘက်ကို ပြန်ကြည့်မိပါသည်။ လှပသော ဖွဲကပင်တောင်ကြီးနှင့် တောင်ပြာပြာများ၊ ထို့နောက် ရေပြာပြာနှင့် မြစ်မင်းသံလွင် မြန်မာပြည်မြောက်ဖျားမှ မြစ်ဖျား





ခံလာသည့် ထိုမြစ်မင်းသံလွင်ကတော့ ငြိမ့်ညောင်းသာယာစွာ စီးဆင်းလျက် ပြည်သူတို့ အေးချမ်းသာယာ၍ သွားလာနေသည် ကို မုဒိတာပွားကာ အားပေးနေပုံရပါ၏။ တိုင်းရင်းသားတွေက စည်းလုံးညီညွတ်နေကြပါပြီ။ တိုင်းပြည်အေးချမ်းသာယာ ဖွံ့ဖြိုး တိုးတက်နေပါပြီ။

ဩော် ဒါတွေကို သက်သေတည်ဖို့ကတော့ ခေတ် စနစ်တွေ အဆက်ဆက်ကို ဖြတ်သန်းလာသည့် မြစ်မင်း သံလွင် ကြီးသာ အကောင်းဆုံး သက်သေ မဟုတ်ပါလား။ အားလုံးကို မြစ်မင်းသံလွင် သိပါသည်။

ကားလေးက ပြေးလျက်၊ ကျွန်တော်လည်း တွေးလျက်၊ ဖွဲကပင်နှင့် သံလွင်ကလည်း ဝေးလျက် ကျန်ခဲ့ပါပြီ။

နောက်တစ်ခေါက် ပြန်ဆုံပါဦးမည် ချစ်သောသံလွင်ရေ။

၂၀၀၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တောင်ပြာတန်းက သီတယ်

တပ်ရင်းတစ်ရင်းလုံး ရှေ့တန်းက တပ်ရင်းဌာနချုပ်ရှိရာ မကွေးသို့ ပြန်ရောက်လာကြ၏။ ရာသီက ပွင့်လင်းရာသီ။

ဒီတစ်ခေါက် တပ်ကိုပြန်ဝင်တော့ တပ်ရင်းမှူးကြီးက တပ်ရင်းအစည်းအဝေး၌ အောက်ပါအတိုင်း ပြောတော့၏။

"ဒီအပတ်မှာ တပ်ကို ထူးထူးခြားခြားလုပ်ပေးဖို့ရှိတယ်။ အဲဒါက တပ်ရင်း စုပေါင်းရဟန်းခံရှင်ပြုအလှူရှယ်၊ ပထမ အကြိမ် မိသားစု **Stage Show** ရယ်။ အဲဒီနှစ်ခုပဲ။ အဲဒါ တပ်ရင်းတစ်ရင်းလုံးနဲ့ဆိုင်တော့ အားလုံးက ဝိုင်းလုပ်ပေးကြ။ နေ့ကို အလှူလုပ်မယ်။ ညကို **Stage Show** လုပ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ ပြီးရင် တပ်ထွက်ခါနီးမှာ မန္တလေးအငြိမ့်ငှားပြီး အငြိမ့်ခံမယ်''

''အဲဒီတော့ တာဝန်ခွဲမယ်။ အလှူအတွက် တာဝန်ခံက ဗိုလ်မှူးစိုးတင့်၊ Stage Show အတွက် တာဝန်ခံက ဗိုလ်မှူး သက်ဦး၊ အငြိမ့်ငှားဖို့အတွက်ကတော့ တပ်ရေးဗိုလ်ကြီးနဲ့ အိုင်အီး ပဲ။ သူတို့က အဓိကတာဝန်ခံတွေ။ လိုတာတွေက အားလုံးဝိုင်း လုပ်ပေးကြဖို့ပဲ။ ကဲ ဘာမေးစရာရှိလဲ။ မရှိရင် ဒါ အတည်ပဲ။ အစည်းဝေးမှတ်တမ်း ဆုံးဖြတ်ချက်မှာ ဒါထည့်ထား။ အားလုံး ဆက်လုပ်ကြဖို့ပဲ''

ဒီအခါက ကျွန်တော်တို့တပ် အထူးပင်ပန်းလာကြ သည်။ ရှေ့တန်းတွင် မိုင်းယမ်းဘက်တက်ခဲ့ကြ ၍ မြောက်ဘက် က ဆင်းချလာကြသည့် အသူရာများနှင့် တိုက်ပွဲကြီးများ အတော်များများနွှဲခဲ့ကြရသည်။ ဟိုတောင်းမိုင်းဖျန်ဘက်၌ အသူရာဗဟိုမှ ဘိန်းချက်စက်ရုံများ ရှိ၏။ ထိုစက်ရုံများ ထုတ်လုပ်သည့် ဘိန်းဖြူများ၊ ဘိန်းဝါများကို အသူရာတို့က တောင်ကြီး၊ ကျိုင်းတုံပြည်ထောင်စုကားလမ်းကြီးကိုဖြတ်၍ ထိုင်း၊မြန်မာနယ်စပ်သို့ သွားရောက်ရောင်းချကြသည်။ ထို ဘိန်း



တန်းကြီးများကို ကျွန်တော်တို့တပ်က လိုက်လံတိုက်ခိုက်ရသည်။ ဒါ့အပြင် ဘိန်းချက်စက်ရုံများကိုလည်း ထိုးဖောက်တိုက်ခိုက် ဖျက်ဆီးရသည်။ အသူရာတို့ကလည်း ထိုဘိန်းနှင့်ဆက်စပ် ပစ္စည်းများမှာ သူတို့၏အဓိက ဝင်ငွေဖြစ်နေ၍ အသည်းအသန် အသေအကျေ ခုခံကာကွယ်ကြသည်။ ထို့ကြောင့် ဘိန်းနှင့် စပ်ဆိုင်သည့် တိုက်ပွဲများကား ပြင်းထန်လှ၏။ စစ်ဆင်ရေး ကာလ ခုနစ်လ ရှစ်လအတွင်း တိုက်ပွဲကြီး လေးငါးကြိမ်နှင့် တိုက်ပွဲငယ်ပေါင်း အတော်များများ ဖြစ်ပွားခဲ့ရာ ရန်သူ့ထံမှ အလောင်း လက်နက်များနှင့် ဘိန်းထုပ်များ သိမ်းဆည်းရမိခဲ့၏။ ကျွန်တော်တို့တပ်မှလည်း အထိအခိုက် အကျအဆုံးရှိခဲ့ရာ အရာရှိတစ်ဦးနှစ်ဦး မိုင်းထိဒဏ်ရာရခဲ့ပြီး အကြပ်ကြီး အဆင့် နှစ်ဦးနှင့် စစ်သည် လေးငါးဦး ကျဆုံးခဲ့ရလေသည်။ ၁၀ ဦးခန့် လည်း ဒဏ်ရာရခဲ့၏။

ထိုကဲ့သို့ ရှေ့တန်းတွင် ပင်ပန်းလာသမျှ ပြေပျောက်စေ ရန် တပ်ရင်းမှူးကြီးမှ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်း၊ အလှူ အတန်းများ ဆောင်ရွက်ခြင်း စသည်ဖြင့် စိတ်ဓာတ်ရေးရာများ မြှင့်တင်၍ တပ်၏ တိုက်စွမ်းရည်ကို ပြန်လည်တည်ဆောက်

www.burmeseclassic.com



ပေးနေခြင်း ဖြစ်လေသည်။

တပ်ရင်းစုပေါင်းရဟန်းခံရှင်ပြုတွင် ရှင်လောင်း ၅၀ ခန့်ပါဝင်၏။ ဒုလ္လဘဝတ်သူ အရာရှိအရာခံ အကြပ် တပ်သားက ၃၀ ခန့်ရှိ၏။ တပ်ရင်းစုပေါင်းခန်းမ Assembly Hall ၌ အလှူကို ပြုလုပ်၏။ ရှေ့မျက်နှာတွင် မဏ္ဍပ်ထိုးထား၏။ မကွေးက မြန်မာဆန်ဆန်မဏ္ဍပ်များ ကောင်းစွာတည်ဆောက်တတ်ရာ ကန်ထရိုက်ပေးပြီး ငှားလိုက်၏။ ကျန်သည့် ပင့်သံဃာများကိုစွာ၊ မောင်ရှင်လောင်းများကိုစွာ၊ ကိုရင်နှင့် ဒုလ္လဘရဟန်းများ နေရာချ ထားရေးကိုစွာ၊ လှူဖွယ်ပစ္စည်းဝယ်ယူရေးနှင့် ဧည့်ခံ ကြိုဆိုရေးကိစ္စ စသည်များကို ဗိုလ်မှူးစိုးတင့်က တာဝန်ယူ ဆောင်ရွက်လေသည်။ သူက စစ်ရုံးလိုနေရာမျိုးတွင် နေဖူးပြီး အလှူအတန်းနှင့် အခမ်းအနားများကို ကောင်းစွာ ဆောင်ရွက် တတ်သူဖြစ်၏။

ကျွန်တော်က ယခုအချိန်ထိ ဘယ်အထက်ဌာနကြီးမှ မှာမှ မနေခဲ့ဘူးသေးပါ။ စစ်တပ်ထဲ ဝင်ကတည်းက နယ်မြေ နယ်ဖျားက စစ်တိုက်သည့် ခြေလျင်တပ်များမှာသာ နေခဲ့ရသော စစ်သက် ဆယ်နှစ်ကျော်၍ ခေတ္တ အနားပေးတော့လည်း



ပ်စောက်ဗထူးရှိ ချောင်ခပ်ကျကျက တိုက်ခိုက်ရေးကျောင်းလို နေရာမျိုး ရောက်သွားပြီး၊ စစ်ကျောင်းနည်းပြလုပ်ရ၏။ တောထဲ ဆောင်ထဲတွင်သာ အနေများခဲ့သည့်ကျွန်တော်သည် သွားလေရာ တွင် ရေဒီယို၊ ကက်ဆက်ကလေးတစ်လုံး ယူသွားလေ့ရှိပြီး သနာအလျောက် သီချင်းများ နားထောင်တတ်၏။ အထူး ဖြင့် လပေါင်းအတော်ကြာ လူမနီး သူမနီး တောကြီး ဆောင်ကြီးများထဲ၌ Outpost စခန်းထိန်းတာဝန် ထမ်းဆောင်ရ မျိုး၌ ပိုပြီးနားထောင်ဖြစ်၏။

ယခု သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသ၌ တာဝန်ထမ်း ဆောင်ရချိန်၌ စခန်းထိန်းတာဝန် နှစ်ကြိမ်မျှ ထမ်းဆောင်ခဲ့ရရာ ပေါင်းထောင်ကျော် ခြောက်ထောင်မြင့်သည့် တောင်များပေါ်၌ ရေးစစ်ရာကိစ္စများ မရှိချိန်၌ ကက်ဆက်အခွေ နားထောင် ခြင်းဖြင့် အချိန်ကုန်ဆုံးစေရသည်။ စခန်းထိန်းတာဝန်ကို ပေါင်းအတော် ကြာအောင် တာဝန်ယူခဲ့ရရာ နွေ၊ မိုး၊ ဆောင်း သုံးပါးလုံးနှင့် ကြုံဆုံခဲ့ရ၏။ မိုးတွင်းမို့ တောင်ခိုးတောင်ငွေ့ နေသည့် ကာလမျိုး၊ ဆောင်းတွင်းမို့ ဆီးနှင်းတွေ သည့်ကာလမျိုး၊ နွေပေါက်လို့ ရာသီဥတု ကြည်လင်ပြီး

www.burmeseclassic.com



တောင်တန်းပြာပြာကြီးများကို ရှင်းရှင်းလင်းလင်းမြင်ရသည့် ကာလမျိုးများကို ကြုံခဲ့ပြီးပြီ။

သီချင်းများ နားထောင်တော့လည်း စစ်သားကြီး... သီချင်းများသာ နားထောင်ဖြစ်သည်။ လောလောဆယ်ကတော့ ကျိုင်းတုံဒေသက စစ်သားများ ပါးစပ်ဖျားတွင် ရေပန်းစား... သည့် အဆိုတော်များကား အမျိုးသမီးထဲမှ ဒေဝတီရွှေ... ခေါ် မိုင်နှင့် အမျိုးသားထဲမှ စိုင်းဆိုင်မောဝ်ဖြစ်၏။ မို... "မလွှမ်းပို" Series များနှင့် စိုင်းဆိုင်မော်ဝ်၏ "တောင်... တန်းက သီတယ်" သီချင်းများကား ကျွန်တော်တို့ စစ်သည်များ အကြိုက်ဆုံး သီချင်းများပါတည်း။

☺

"ကဲ တပ်ခွဲမှူးကြီးများနဲ့ တပ်ခွဲအရာရှိများခင်... အခုလုပ်မယ့် တပ်ရင်းမိသားစု **Stage Show** မှာ ပါ... အစီအစဉ်များကတော့ အဆိုအက၊ တေးသရုပ်ဖော်နဲ့ တ... ရုပ်ပြဇာတ်များပဲ ဖြစ်ပါတယ်။ တပ်ခွဲတစ်ခွဲကို အမယ်... စီလောက် ပါဝင်စေလိုပါတယ်"

"အဆိုအကဆိုတဲ့နေရာမှာ အကက အဓိကပါ။ တစ်ဦး ...ချင်းအက၊ အဖွဲ့လိုက် အကတွေဖြစ်ပါတယ်။ တစ်ဦးချင်းအက ...တွေမှာ သူငယ်တော်အက၊ ဦးရွှေရိုးအက၊ ဇော်က၊ နှစ်ကိုယ့် ...စိတ်အက၊ အပျိုတော်အက စတာတွေပါပဲ။ စိတ်ကူးရှိရင် ...သလိုပေါ့။ အဖွဲ့လိုက်အကတွေက လေးယောက်၊ ခြောက် ...ယောက်၊ ရှစ်ယောက် တွဲယိမ်းတွေ၊ နှစ်ပါးသွားတို့၊ မြိုင်ထတို့ ...မ်းကျဖ်တာ လုပ်ကြဖို့ပါပဲ"

"တေးသရုပ်ဖော်ကတော့ သီချင်းအလိုက် သရုပ်ဖော်ရ ...ဖြစ်ပါတယ်။ ကိုယ်ရတဲ့သီချင်းကို ကိုယ့်အစီအစဉ်နဲ့ကိုယ် ...သရုပ်ဖော်ကြဖို့ပါ။ မခက်ပါဘူး။ စိတ်ကူးကောင်းရင် ...ကောင်းသလို လုပ်လို့ရပါတယ်"

"တစ်ခန်းရပ်ပြဇာတ်ကတော့ အကြာဆုံး နာရီဝက်ပေါ့ ... ဒါကိုယ့်အစီအစဉ်နဲ့ ကိုယ် **Timing** ကိုက်ပြီး လုပ်ကြဖို့ ... ဇာတ်လမ်းကတော့ တပ်ခွဲအရာရှိများ သင့်လျော်ရာရှာပြီး ...ဆင်တင်ပြပေးပါ။ အဆင်သင့်ဖြစ်ရင်တော့ ရီဟာဇယ်ကို ...အထဲမှာ စမယ်။ ကျေနပ်မှုရှိမှ တပ်ရင်းမှူးကြီးကို ...ပြီး အဆုံးအဖြတ်ယူမယ်။ **Finalize** လုပ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



စတိတ်ရှိုးတာဝန်ခံ ကျွန်တော်က အထက်ပါအတိုင်း အစည်းအဝေးပြုလုပ်ပြီး မှာကြားရသည်။ ကျွန်တော့် အနေဖြင့် အထူးအစီအစဉ်တစ်ရပ်အား သီးခြားတာဝန် ယူထား၏။ တာဝန်ကား ပြဇာတ်တစ်ခု တင်ဆက် ရန်ပင်ဖြစ်၏။

သီးခြားတင်ဆက်မည့် ပြဇာတ်အတွက် သီးခြားလူ... သည်။ မင်းသား၊ မင်းသမီး ရှာရသည်။ ဇာတ်ရံများ ရှာရသည်... မြို့ထဲမှ အပျော်တမ်းတီးဝိုင်းလေးတစ်ခုကို အကူအညီပေး... အရေး သွားပြီး မေတ္တာရပ်ခံရသည်။ တီးဝိုင်းလေးမှာ ယဉ်မွန်... ခေါ်သည့်ထင်ပါသည်။ မေ့သလိုလိုတောင် ဖြစ်နေပါပြီ။

လိုချင်တာတွေရတော့ ဇာတ်တိုက်ရသည်။ ဇာတ်... လည်း တစ်ပတ်ခန့် တိုက်ရ၏။ ဒါထက် ပိုတိုက်ရန်လည်း... အချိန်ကမရပါ။ တပ်နားချိန်က တစ်လခွဲသာရှိသဖြင့် အခြား... အခြားသော အုပ်ချုပ်ကိစ္စများ ဆောင်ရွက်ရန်က ရှိသေး... လေ။

တပ်ခွဲအသီးသီး ကိုယ့်အစီအစဉ်နဲ့ကိုယ် ဇာတ်... ကြပြီး ကျွန်တော်က ကြီးကြပ်ပေးရသည်။ အားလုံး စုစည်း... ရိဟာဇယ်ကို တပ်ရင်းမှူးကြီး အတည်ပြုပေးနိုင်ရန် ပြ...





...ည်။ နှစ်ညအတွက် ည ရှစ်နာရီမှ ဆယ့်တစ်နာရီအထိ ...နာရီစာ တင်ဆက်နိုင်ရေး စီစဉ်ရသည်။ တပ်ရင်းမှူးကြီး ...တည်ပြုသဖြင့် အလှူရက်များတွင် မကွေးမြို့က ယဉ်မွန် ...ဂီတအဖွဲ့နှင့် တွဲဖက်၍ မိသားစု **Stage Show** အား ...င်ဆက်လိုက်နိုင်ပါသည်။

ထိုအထဲ၌ မှတ်မိနေသည့်အစီအစဉ်များမှာ ဌာနချုပ် ...ခွဲမှ တပ်ကြပ်ကြီးလှကြည်၏ "**ဒီအရွယ်တင့်တင့်တို့ ...ရွယ်**" ကပြတင်ဆက်မှု၊ ဆရာကြီးလှကြည်က အပျိုပေါက် ...ရွယ် မိန်းမငယ်လေးလို ဝတ်စားပြီး ထွက်လာရာ စထွက်လာ ...ည်းက ပရိသတ်က တဝါးဝါး တဟားဟားနှင့် ပွဲကျကြ၏။ ...လုံးပြူးပြူး၊ အသားမည်းမည်းတွင် သနပ်ခါးဘဲကျား ...မ်းနီ ရဲနေအောင်ဆိုး၍ ခေါင်းတွင် ပန်းကြီးကြီးတစ်ပွင့်က ...ားသေးရာ ရဲဘော်ရဲမေများက ထွက်လာကတည်းက ...ာကျကြသည်။ သရုပ်ဆောင်သည်ကလည်း ရယ်စရာ ...င်းသဖြင့် ပရိသတ်အထူးနှစ်ခြိုက်သော တင်ဆက်မှု ...ဖြစ်၏။

နောက်တစ်ခုကတော့ တပ်ခွဲ(၁)မှ ဗိုလ်ခင်မောင်လင်း၏



www.burmeseclassic.com

www.burmeseclassic.com



"**ယောင်ပေစူး**" ယိမ်းဖြစ်သည်။ အကော်ဒီယံ အုန်းကျော်၏ ယောင်ပေစူးသီချင်းအလိုက် စစ်သည်များက ကခုန်သီဆိုခြင်းဖြစ် သည်။ ကလေးအရွယ် ယောင်ပေစူးအား စစ်သားများက အသွင်ယူသရုပ်ဆောင်နေခြင်းကပင်လျှင် ရယ်စရာဖြစ်နေ၏ အသက် ၁၀ နှစ်အရွယ်ကို အသက် ၂၀/၃၀ အရွယ်တွေက ဝင်သရုပ်ဆောင်ကြခြင်းဖြစ်ရာ ဒီအရွယ်တင့်တင့်အရွယ်မှ မိန်းကလေးဇာတ်ရုပ်ကို ယောက်ျားကြီးက သရုပ်ဆောင် ရယ်ရသကဲ့သို့ ယခုလည်း ရယ်ရပါသည်။ ရယ်စရာ မောင အဖြစ် ကြည့်ရှုသူများ ဟဒယနှလုံးရွှင်ပြုံးလျှင်ပင် အောင်မြင် ပါပြီ။

တပ်ခွဲ(၂)မှ ဗိုလ်ကြီးသောင်းတင်၏ "**လက်ပံပွင့် ကောက်**" ယိမ်း ဖြစ်သည်။ သူ့တပ်ခွဲမှ အလှဆုံးသမီး ပျိုများ ကိုသောင်းတင်က ရွေးပြီး "**နွေမိန်တပေါင်း နေရှိန်လော ××× ရွက်ဟောင်းကြွေကျ မြေခခဲ့ပြီကွယ် ××× လေ သုန်သုန် မြူမှုန်လွင့်ပါး ××× ကစားပျံမြူး ရာသီဦး ××× ကြည်နူးစရာ ဒို့ရွာဖျားဝယ် ××× ကြီးမားပင် ပွင့်နီလက်ပံ ××× ဝဲပျံမြေပေါ် လျောင်းစက်ပျော်တယ်**"





...ာ့ သီဆိုကာ သရုပ်ဆောင်ခိုင်းရာ တစ်မျိုးတစ်ဘာသာ ကြည့် ကောင်းပါသည်။ အလှအပကြည့်ရှု ခံစားလိုသူများအတွက်တော့ အတော်ပဲဖြစ်သွားသည်။ ဝတ်စုံ ဖိုးတော့ အတော်ကုန်မည် ...င်၏။

တပ်ခွဲ (၃)မှ ဗိုလ်ကြီးဌေးလွင်၏ မျက်လှည့်ဆရာကြီး ဦးပေသီးပြကွက်ဖြစ်သည်။ သူ့တပ်ခွဲတွင် ရန်ကုန်မျက်လှည့် ...ာကမှ တပ်ထဲဝင်လာသည့် ဆရာသောင်းစိန်နှင့် စစ်သည် ...စ်ဦးက မျက်လှည့်ဆရာကြီး ဦးပေသီးပြကွက်ကို ပြကြ၏။ ...ုံအတိုင်း စီးကရက်၊ ပိန်ပေါင်၊ လက်ကိုင်ပဝါ၊ ပိုက်ဆံ ...ည့်ကို ဖျောက်ပြသော လက်လှည့်ပြကွက်များ၊ ဖဲထုပ်ကို ...မျိုးမျိုး ကစားသည့် ပြကွက်များ စသည်တို့ကိုပြသပြီး မီးတွန်း ...သည့် ဖယောင်းတိုင် ငုံပြခြင်းပြကွက်များမှ တစ်ဆင့်ပြီး ...ဆင့် တက်လာရာ သေတ္တာထဲမှ လူတစ်ကိုယ် ဖျောက်ပြခြင်း ...ဆင့်သို့ပင် ဖြစ်၏။ ပရိသတ်အကြိုက်တွေ့သော ပြကွက်များ ...။

တပ်ခွဲ(၄)မှ ဗိုလ်ကြီးသန်းဝင်း၏ "**စန္ဒကိန္နရီ**" တေး ...ပ်ဖော်ဖြစ်သည်။ တပ်စုမှူးဗိုလ်စိုးလွင်နှင့် သူ့ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



မစန်းစန်းအေးတို့ ဦးဆောင်မှုဖြင့် မကွေးတက္ကသိုလ်တက်နေသည့် ကျောင်းသူလေးနှစ်ဦးက စန္ဒကိန္နရီတေးသရုပ်ဖော် သရုပ်ဆောင်သွားကြ၏။ တစ်မျိုးတစ်ဘာသာ ကြည့်ကောင်းသည်။

တပ်ခွဲ(၅)မှ ဗိုလ်ကြီးဖော်ဇွေး၏ "**အလွမ်းနဲ့စစ်သား**" တစ်ခန်းရပ်ပြဇာတ်ကလေးဖြစ်သည်။

စက်လတ်စစ်သည် မိုးဇော်က အလွမ်းမင်းသား သရုပ်ဆောင်သည်။ အိမ်ကလာသည့် စာကလေး ထုတ်ကြည့်လိုက်၊ မိန်းမနဲ့ ကလေးဓာတ်ပုံထုတ်ကြည့်လိုက်နှင့် လုပ်ပြသည်။ ပြက္ခဒိန်လှမ်းကြည့်လိုက်တော့ ရှေ့တန်းရောက်နေတာ ဆယ်လနီးပါးရှိပြီကိုလည်း ပြသည်။ တီးလုံးက မောင်မောင်ညွန့်၏ "**စစ်သည်မှ တေးတစ်ချိုး**" ဖြစ်သည်။ ကားလိပ်ချခါနီး စစ်သည်မှ တေးတစ်ချိုးသီချင်းကို ဖွင့်ပြသည်။ သရုပ်ဆောင်ကောင်းမွန်သဖြင့် ပရိသတ်က သောင်းသောင်းဖျဖျ အားပေးကြ၏။ အောက်က သူတို့ သူငယ်ချင်းများက စက်လတ်မိုးဇော် ဟေ့ဟု ဝိုင်းအော်ကြသည်။ တကယ်တော့ ထိုစစ်သည်မှာ အိမ်ထောင်သည် မဟုတ်ပါ။ လူပျိုစစ်စစ်ဖြစ်ပါသည်။





တပ်ခွဲ(၅)မှ တစ်ခန်းရပ်ပြဇာတ်ကလေးအား ပထမညတွင် ကပြတင်ဆက်စေသည်။ နိဂုံးချုပ် တင်ဆက်ခြင်းဖြစ်သည်။

ဒုတိယညပွဲသိမ်းကား တပ်ရင်းမှူးကြီး တိုက်ရိုက်ညွှန်ကြား၍ ကျွန်တော်ကြီးကြပ်သည့် "**တောင်ပြာတန်းက သိတယ်**" ပြဇာတ်ဖြစ်သည်။

ဤနေရာတွင် ကျွန်တော်နှင့် ဤအဆိုအကအရေး အတီးအကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။ ကျွန်တော်သည် အဆို၊ အက၊ အတီး ဘာမျှမလုပ်တတ်ပါ။ သူများလုပ်တာသာ ကြည့်ခဲ့ဖူးပါသည်။ အမျိုးအဆွေထဲမှာလည်း ဂီတမျိုးရိုး မရှိဘူးပါ။ အားလုံး တောသူတောင်သားများသာ ဖြစ်ကြ၏။ သို့ရာတွင် ၁၉၆၄ ခုနှစ် ဒေါ်ပုံသာကေတ၌ မူလတန်းပြဆရာလေး သွားလုပ်မိသည်။ သာကေတမြို့နယ် ကျောင်းပေါင်းစုံပြိုင်ပွဲတွင် ပြဇာတ်တိုလေးတစ်ခုတင်ဆက်ကပြရန်ကျွန်တော်တို့ ကျောင်းလေးအား သက်ဆိုင်ရာမှ တာဝန်ပေးသည်။ အခြားကျောင်းများလည်း ပါပါသည်။ ကျောင်းအုပ်ဆရာမကြီးက အသံသင်တတ်သည့် ရိုးရိုးသားသား ဖြစ်သည်။ စာသင်ခြင်းလွဲ၍ ကျန်ထွေလီကာလီတွေ ဘာမှ မလုပ်တတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မစန်းစန်းအေးတို့ ဦးဆောင်မှုဖြင့် မကွေးတက္ကသိုလ်တက်နေသည့် ကျောင်းသူလေးနှစ်ဦးက စန္ဒကိန္နရီတေးသရုပ်ဖော် သရုပ်ဆောင်သွားကြ၏။ တစ်မျိုးတစ်ဘာသာ ကြည့်ကောင်းသည်။

တပ်ခွဲ(၅)မှ ဗိုလ်ကြီးဇော်ဌေး၏ "**အလွမ်းနဲ့စစ်သား**" တစ်ခန်းရပ်ပြဇာတ်ကလေးဖြစ်သည်။

စက်လတ်စစ်သည် မိုးဇော်က အလွမ်းမင်းသား သရုပ်ဆောင်သည်။ အိမ်ကလာသည့် စာကလေး ထုတ်ကြည့်လိုက်၊ မိန်းမနဲ့ ကလေးဓာတ်ပုံထုတ်ကြည့်လိုက်နှင့် လုပ်ပြသည် ပြက္ခဒိန်လှမ်းကြည့်လိုက်တော့ ရှေ့တန်းရောက်နေတာ ဆယ် နီးပါးရှိပြီကိုလည်း ပြသည်။ တီးလုံးက မောင်မောင်ညွန့် "**စစ်သည်မှ တေးတစ်ချိုး**" ဖြစ်သည်။ ကားလိပ်ချခါနီး စစ်သည်မှ တေးတစ်ချိုးသီချင်းကို ဖွင့်ပြသည်။ သရုပ်ဆောင် ကောင်းမွန်သဖြင့် ပရိသတ်က သောင်းသောင်းဖျဖျ အားပေး၏။ အောက်က သူတို့ သူငယ်ချင်းများက စက်လတ်မိုး ဟေ့ဟု ဝိုင်းအော်ကြသည်။ တကယ်တော့ ထိုစစ်သည် အိမ်ထောင်သည် မဟုတ်ပါ။ လူပျိုစစ်စစ်ဖြစ်ပါသည်။





တပ်ခွဲ(၅)မှ တစ်ခန်းရပ်ပြဇာတ်ကလေးအား ပထမညတွင် ကပြတင်ဆက်စေသည်။ နိဂုံးချုပ် တင်ဆက်ခြင်းဖြစ်သည်။

ဒုတိယညပွဲသိမ်းကား တပ်ရင်းမှူးကြီး တိုက်ရိုက်ညွှန်ကြား၍ ကျွန်တော်ကြီးကြပ်သည့် "**တောင်ပြာတန်းက သီတယ်**" ပြဇာတ်ဖြစ်သည်။

ဤနေရာတွင် ကျွန်တော်နှင့် ဤအဆိုအကအရေး အတီးအကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။ ကျွန်တော်သည် အဆို၊ အက၊ အတီး ဘာမျှမလုပ်တတ်ပါ။ သူများလုပ်ဘာသာ ကြည့်ခဲ့ဖူးပါသည်။ အမျိုးအဆွေထဲမှာလည်း ဂီတမျိုးရိုး မရှိဘူးပါ။ အားလုံး တောသူတောင်သားများသာ ဖြစ်ကြ၏။ သို့ရာတွင် ၁၉၆၄ ခုနှစ် ဒေါပုံသာကေတ၌ မူလတန်းပြဆရာလေး သွားလုပ်မိသည်။ သာကေတမြို့နယ် ကျောင်းပေါင်းစုံ ပြိုင်ပွဲတွင် ပြဇာတ်တိုလေးတစ်ခုတင်ဆက်ကပြရန်ကျွန်တော်တို့ ကျောင်းလေးအား သက်ဆိုင်ရာမှ တာဝန်ပေးသည်။ အခြား ကျောင်းများလည်း ပါပါသည်။ ကျောင်းအုပ်ဆရာမကြီးက စာသာသင်တတ်သည့် ရိုးရိုးသားသား ဖြစ်သည်။ စာသင်ခြင်းမှလွဲ၍ ကျန်တွေလီကာလီတွေ ဘာမှ မလုပ်တတ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က လမ်းစဉ်ပါတီ၏ တွန်းအားပေးမှုကြောင့် အလုပ်သမား၊ လယ်သမားတေးများ အလွန်ခေတ်စား နေရာ "ယောင်းမရေ သူငယ်ချင်း လယ်ဆင်းကြစို့လား ဝါး ဓာတ်မြေဩဇာ ဒီတန်နိုးနဲ့ ဝေဖြိုးပါလို့လား ကြွား။ စပါးရွှေရွှေတစ်လွှား မြေမြေမြေရိတ်ကြပေ သိမ်းကြပေ" ဆိုသည့်တေးသီချင်း "စက်ရုံကြီးတွေ ရပ်တည်နိုင် ပေ မီးခိုးမဆုံး မိုးမဆုံးနဲ့ ခေါင်းတိုင်ထိပ်ဖျား လုပ်သားသက်သေတည်မလေ" ဆိုသည့် "ဒို့ခေတ်တံခါး ဒို့များ ဖွင့်ပြီ" စသည့်ဆိုရှယ်လစ် သီချင်းသံများ ဆူညံစွာ လွှင့်ပျံနေသည့်ကာလ။

ထိုကိစ္စအတွက် ဆရာမကြီးနှင့် ကျောင်းရှိဆရာ ဆရာမအားလုံး ဝိုင်းစဉ်းစားကြသည်။ ကျောင်းတွင် ဆရာ ၄ ယောက် ဆရာမ ၅ ယောက်။ ပေါင်း ၉ ယောက်ရှိရာ မည်သူကမျှ ပေါ်လစီပြဇာတ်ကို မကတတ်ကြပါ။ နောက်ဆုံးတော့ မတတ်သာသည့်အဆုံး ရှောင်လွှဲမရ၍ ကျွန်တော်မှ ထိုပြဇာတ်ကလေးကို တာဝန်ယူခဲ့၏။ သိပ်ပြီး ခဲရာခဲဆစ် မစဉ်းစားဘဲ ကျောင်းသားလေး လေးငါးခြောက်ဦးအား ရှေးခေတ်က လယ်သမားများအသွင် ဝတ်ဆင်စေပြီး လှည်းကြီးလေးငါးစီးအား





ဆင်းသွားစေသည်။ လမ်းတွင်တွေ့သည့် အခက်အခဲ အမျိုးမျိုးကို ဖြတ်ကျော်နိုင်းသည်။ တံတားပျက်နေသည့်နေရာ တံတားပြင်နိုင်းသည်။ သစ်ပင်လဲနေသည့်နေရာ သစ်ပင်များ ဖယ်နိုင်းသည်။ နေအလွန်ပူသည့်နေရာ၌ သစ်ခက်တဲများထိုးခဲ့စေသည်။ ပြတ်လတ်သည့် နေရာများတွင် ရေတွင်းတူးစေခဲ့ သည်။ နောက်ဆုံးအဆင့်၌ ကြီးမားသော ညွှံအိုင်ကြီးကို ဖြတ်ကူးသည်။ တော်တော်နှင့် ကူး၍မရ၊ သစ်ခက်များ ကျောက်ခဲများ ထည့်များဖို့သည်။ မရရအောင် ကြိုးစားကူးနိုင်းသည်။ နောက်ဆုံး နစ်သောလှည်းများအား အားလုံးဝိုင်းပြီး တွန်းခိုင်းသည်။ အားလုံးဝိုင်းပြီး တွန်းကြသဖြင့် နွံအိုင်ကြီးမှ လွတ်ပြီး လိုရာခရီးကို ဆက်သွားကြတော့သည်။ ပြဇာတ်တိုလေးက ဒါပဲဖြစ်ပါသည်။ ဇာတ်သိမ်းခန်း၌ ထိုခေတ်က ပထမတန်းဖတ်စာအုပ်တွင် ပါသော အောက်ပါစာပိုဒ်ကလေးကို ရွတ်ဆိုစေသည်။

နွံထဲ၌ လှည်းဘီးကျွံနေသည်
ကူရှေ့တွန်းပေးကြပါ။
လေးလွန်းရွေ့ မတွန်းနိုင်ဘူးလား
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုအလံကို ကိုင်ကာ ကျောင်းသားလေး
က တစ်ညီတစ်ညွတ်တည်း အော်လိုက်ကြရာ ပွဲကြည့်ပရိသတ်
တစ်ခဲနက်ဩဘာပေးခြင်းကို ခံရတော့သည်။ ပြဇာတ်ကလေး
အမည်မှာ "စုပေါင်းညီညာအောင်ကြောင်းဖြာ"ဟု အမည်

ထိုပြဇာတ်ကလေးကြောင့် ကျောင်းအုပ်ဆရာမကြီး
သက်ဆိုင်ရာမှ ချီးကျူးသည်။ ထိုအခါ ကျွန်တော်က ပြ
ကျွန်တော့်ကိုတော့ ဆရာမကြီးက ကျေးဇူးတင်ကြောင်း
ရှာပါသည်။

ကျွန်တော့်တွင် ထိုအတွေ့အကြုံရှိခဲ့ဖူးပါသည်။ စစ်
ထဲဝင်တော့ ထိုအရှိန်လေးကြောင့် ဗိုလ်လောင်း ကျောင်း
ဘဝ၌ **Fatigue** ရယ်စွင့်ဖွယ် တစ်ခန်းရပ်ပြဇာတ်များ၌ ပါဝင်
ခဲ့သည်။ ပထမဆုံးတပ် ခလရ(၁၉)ရောက်သွားတော့ ဗိုလ်
သန်းညွန့်၏တပည့် မယ်ဒလင်မြင့်လွင်၊ စန္ဒရားသိန်း
စသူတို့နှင့် တွေ့ဆုံပြီး မောင်မောင်ညွန့်တို့၊ ကိုမြကြီး
သီချင်းများကို မယ်ဒလင်ဖြင့် အတီးသင်ခဲ့ဖူး၏။ သို့ရာ
ပါရမီမပါသောကြောင့် ဘာမှဖြစ်ဖြစ်မြောက်မြောက် မတတ်
လက်တွေ့နာလာသဖြင့် မယ်ဒလင်တီးခြင်းကိစ္စ ကို အပြီး





နှုတ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ယခု မကွေးတပ်ရောက်
ည်အထိ ကက်ဆက်နားထောင်၍ သီချင်းအော်ဆိုသည့်ကိစ္စ
ောက်သာ ဆောင်ရွက်ဖြစ်တော့၏။

ဤကား ကျွန်တော်နှင့် ဆိုကရေးတီးအကြောင်း ဖြစ်ပါ

ယခု ပြဇာတ်ကလေးကိုကား တပ်ရင်းမှူးကြီးထံမှ
လစီတောင်းခံပြီး စီစဉ်တင်ဆက်ခဲ့သည်။

ပထမအခန်း၌ ဝတ်စုံပြည့်ဝတ်ဆင်ထားသော
ကြောင်း **Column** တစ်ခု ချီတက်လာပုံကို ပြသည်။ နောက်ခံ
ချီကားမှာ တောင်တန်းပြာပြာကြီးများ၊ စိုင်းဆိုင်မော့ရဲ့
ောင်ပြာတန်းက သိတယ် တီးလုံးဖြင့် ထွက်လာခိုင်းသည်။

တောင်ကုန်းတစ်နေရာအရောက်တွင် ထိုစစ်ကြောင်းကြီး
ရန်သူများနှင့် တိုက်ပွဲဖြစ်ပွားပုံကို ပြသည်။ တဒိုင်းဒိုင်း
သိန်းဖြင့် သေနတ်သံများ ဆူညံသွားစေသည်။ သေနတ်သံ
က် **Blank Round** ကျည်များ ပစ်ရသည်။ အသံမိုင်းများခွဲ
သည်။ မီးကိုလည်း **Fade in Fade out** လင်းလိုက် မှိန်
လုပ်ပေးရသည်။ တိုက်ပွဲအပြီး၌ ရှေ့မှ ခေါင်းဆောင်က



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုအလံကို ကိုင်၍ "ကျား"ဟုအော်ကာ အားလုံး ရန်သူ တောင်ကုန်းကို တက်သိမ်းပုံကို ပြသည်။

ဤပြကွက်၌ ပွဲကြည့်ပရိသတ်၏ ဩဘာပေးခြင်းခံ သည်။ ပွဲလာကြည့်သူများမှာ တပ်တွင်းမိသားစုသာမက မကွေးတပ်နယ်မှ အခြားတပ်များကလည်း လာကြည့်ကြသည် အနီးအနားကျေးရွာများဖြစ်သည့် နွားကူး၊ ဝါဂွမ်း၊ ကတိုင်ကန်၊ ဒဟတ်ကန်၊ ကံဖျား စသည့်ရွာများကလည်း လာကြည့်ကြ သည်။

ဒုတိယပြကွက်မှာ တပ်ရင်းအိမ်ထောင်သည်လိုင်း အတွင်း ရဲမေများ သူတို့၏ ခင်ပွန်းများထံ စာများ ရေးနေကြ စာပါအကြောင်းအရာများ ဆွေးနွေးပုံများကိုပြသည်။ အိမ်ထော သည် ရဲမေများအဖြစ် တပ်က ဝါသနာပါသူ ရဲမေလေး ခြောက်ဦးနှင့် မကွေးတက္ကသိုလ်ရောက် တပ်တွင်းမှ တက္ကသိုလ် ကျောင်းသူလေးများက သရုပ်ဆောင်ကြပါသည်။ နောက် တီးလုံးကိုတော့ မေမေဝင်း၏ ၁၂ လရာသီ သီချင်းတီးလုံး ဖွင့်ပေးသည်။

ထိုစဉ်က ကျွန်တော်တို့တပ်များမှာ ရှေ့တန်းတွင်





ဆယ်လကြာတတ်သည့်ကာလဖြစ်သည်။

တတိယပြကွက်မှာ ရှေ့တန်းတပ်စခန်းတစ်ခုနေရာသို့ နောက်တန်းမှ စာများ၊ စားစရာသောက်စရာများ ရောက်ရှိလာသဖြင့် စစ်သည်များ စာဖတ်ပြီး ပျော်ရွှင်နေကြပုံကို ပြသည်။ **Scene** မြင်ကွင်းက **Outpost** တပ်စခန်းကြီးတစ်ခုအသွင် ဖန်တီးပေးထားသည်။ နောက်ခံတီးလုံးမှာ အမေရှင်၏ ကျေးစေတမန် တီးလုံးဖြစ်သည်။

စတုတ္ထပြကွက်မှာ ရှေ့တန်းတပ်စခန်းမှ စစ်သည်များ မိုးထဲလေထဲတွင် စစ်ချီတက်နေပုံကို ပြသည်။ စစ်မြေမှာ ကြာညောင်း ရက်ရှည်နေသော်လည်း တာဝန်မပြီးဆုံးသေးခြင်းကို ပြသည်။ တီးလုံးမှာ ပန်းရည်ဘဏ်တိုက် တီးလုံးနောက်ခံဖြစ်သည်။

နောက်ဆုံးပြကွက်မှာ တာဝန်များပြီးဆုံး၍ စုရပ်သို့ တပ်များ ချီတက်လာပုံဖြစ်သည်။ အားလုံး နွမ်းလျနေပုံ အဝတ်အစားများ ဟောင်းနွမ်းပြီး လူတွေလည်း အားအင်ကုန်ခန်းနေပုံကိုပြသည်။

ထိုနေရာတွင်ကား တီးလုံးမှာ တောင်ပြေတန်းက



www.burmeseclassic.com

www.burmeseclassic.com



သီတယ်တီးလုံးဖြစ်၏။ စုရပ်၌ မိသားစု၏ စာများ ရောက်နေရာ အိမ်က အမျိုးသမီးများ၏ စာများ ဖတ်ကြရ၏။ ရဲဘော်များ **Feeling** တွေ တက်ကြရ၏။ ထိုအခါမှ နိဂုံးချုပ်အဖြစ် "တောင်ပြာတန်းက သီတယ်" သီချင်းစာသားကို ဖွင့်ပေးလိုက်တော့၏။

မေရယ် xxx အထင်တော့ မလွဲလိုက်နဲ့ဦး xxx စာလွှာများ မရောက်လာခဲ့ရင် xxx မောင့်အပေါ်မှာ မငြိုငြင်ပါနဲ့နော် xxx အစ်ကိုတို့စစ်သားဘဝဟာ xxx ချစ်သူကိုလွမ်းဖို့ရာ xxx တစ်ခါတလေ အချိန်တော့ xxx မပေးနိုင်ပါ xxx တောတောင်ကိုကျော်ကာဖြတ်လို့ xxx တိုင်းပြည်တာဝန်ထမ်းလို့ xxx ကျောပိုးအိတ်ကိုလွယ်ကာ xxx ဒါတွေကိုတောင်ပြာတန်းက အသိဆုံးပါမေရာ မေးကြည့်ပါကွာ။

မောင့်သဘောနဲ့ပြောပြရရင် xxx ချစ်သောချစ်သူလေးနဲ့ xxx အမြဲထာဝစဉ် အတူနေချင်သပေါ့နော် xxx ဒါပေမယ့် ရှေ့တန်းရောက်နေ xxx ရဲဘော်မှာလေ xxx အမိမြေကိုကာကွယ်ရင်းနဲ့ xxx စစ်မြေမှာအလွမ်းစိတ်တွေကပို xxx





ပြီးတော့ အားလုံးက ပရိသတ်ကို အလေးပြုလိုက်ကြ၏။ ဤတွင် ပြဇာတ်ပြီးသွားတော့၏။

ပရိသတ်၏ တခဲနက်အားပေးမှုကို ခံရပါသည်။ အောက်က စစ်သည်အများကလည်း တောင်ပြာတန်းက သီတယ် သီချင်းကိုသီဆို၍ ဆူညံနေအောင် ဝိုင်းပြီးကကြသည်။ နိုင်အောင်လည်း သူတို့အတွက် သီးခြား **Seperate Box** ပေးထားသည်။ အဲ ပေါက်လည်းပေါက်မြောက်နေသည် ခြင်ဗျာ။

ဤပြဇာတ်ကလေးမှာ ကျွန်တော်တို့ တပ်မိသားစုမှ လုံးပါဝင်ကပြကြခြင်း ဖြစ်ပါသည်။ အပြင်က လူ လုံးဝ ပါ။ ကောင်းသည် မကောင်းသည်အပထား ကိုယ်လုပ်ချင်တို့ ကိုယ်နားလည်သလို ဆောင်ရွက်လိုက်ခြင်းသာ ဖြစ်ပါ၏။ ချောင်းမှ အဆိုအကပညာရှင်များနှင့်၊ မကွေးတက္ကသိုလ် ညာရှင်များအသင်းနှင့် မြန်မာစာဌာနမှ ဆရာမကြီးဒေါ်ပို ောင်သော ကျောင်းသူများက မေတ္တာဖြင့် လာကူပါသည်။

ပွဲသိမ်းတော့ အားလုံးပျော်ကြသည်။ ကျွန်တော်တို့လည်း သည်။ မပျော်လို့လည်း မရပါ။ ပျော်အောင် ရဲဘော်တွေ



www.burmeseclassic.com

www.burmeseclassic.com




ကိုယ့်တပ်ကို ကိုယ်သံယောဇဉ်ရှိအောင် လုပ်ရပါသည်။ ဒါ ရှေ့တန်းတွင် တိုက်ခိုက်ရေး စွမ်းရည် Fighting Spirit ရှိပါသ မည်။

စစ်ဆင်ရေးကလည်း အားလုံး တောတွေတောင်တွေ တဲ့နေရာများသာ သွားရသည်။ စိုင်းဆိုင်မောဝ်ရဲ့ တောင်ပြာ တန်းက သိတယ်က ကျွန်တော်တို့အတွက်တော့ အသင့်လျော် သာဖြစ်ပါသည်။

ဤသည်မှာ "တောင်ပြာတန်းက သိတယ်" သီချ ကလေးနှင့် ကျွန်တော် တစ်ကြိမ်တစ်ခါက ဆက်စပ်ခဲ့ ရေးဖွဲ့ တင်ပြလိုက်ရခြင်းဖြစ်ပါသည်ခင်ဗျား။

၁၀-၆-၂

မြရတနာစာပေ




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်နဲ့ ကြောင်နှစ်ကောင်

ကျွန်တော့်တွင် မခုတ်တတ်သောကြောင်ကလေးများ သဖွယ်ဖြစ်သော တပည့်နှစ်ဦးရှိခဲ့ဖူးပါသည်။ ယခု ဝတ္ထုလေးမှာ သူတို့အကြောင်းပါ ခင်ဗျား။

☺

ကျွန်တော်တို့ တပ်မတော်အရာရှိများ၌ Batman ခေါ် အကူရဲဘော်ရှိ၏။ တပ်စုမှူးဘဝလောက်ကတည်းက ထိုကဲ့သို့ အကူရဲဘော် ထားပေးလေ့ရှိသည်။ တပ်စုမှူး၏ အကူရဲဘော်



www.burmeseclassic.com

www.burmeseclassic.com



သည် တပ်စုဆက်သားသဖွယ် ဖြစ်သည်။ တပ်စုမှူး၏ ဝေယျာဝစ္စများလည်း ဆောင်ရွက်ပေးရသည်။ တပ်စုမှူးအဆင့်မှသည် အဆင့်မြင့်ဆုံး အရာရှိကြီးအထိ အကူရဲဘော်ရှိကြပါသည်။ ရာထူးသိပ်ကြီးလာတော့ P.S.O ခေါ် Personal Officer ထားပေးရသည်။ ထားပါတော့ခင်ဗျာ။ ယခုဟာကတော့ ကျွန်တော် ဗိုလ်မှူးဘဝက ကျွန်တော့်အကူရဲဘော် Batman နှစ်ဦးအကြောင်းသာ ဖြစ်၍ သူတို့နှင့်ကျွန်တော် မည်သို့မည်ပုံ စခန်းသွားခဲ့ရသည်ကို ပြောချင်ခြင်းဖြစ်ပါ၏။

☺

၁၉၈၃ ခုနှစ်က ဖြစ်သည်။

မိုင်းယောင်းကျိုင်းတုံမှ ပြန်ဆင်းလာပြီး တပ်တွင် ခဏသာနားလိုက်ရသည်။ ဗထူးတိုက်ခိုက်ရေးကျောင်း ၌ သင်တန်းသွားတက်ရ၏။ သင်တန်းက တပ်ရင်းမှူးသင်တန်း။ ကျောင်း၏သတ်မှတ်ချက်အရ အကူရဲဘော်တစ်ဦး ခေါ်ခွင့်ပြုသည်။

"ကဲ ဗထူးသင်တန်းသွားတက်ရမယ်။ မသောက်တတ်မစားတတ်တဲ့ ရဲဘော်တစ်ယောက် ပေး။ နည်းနည်းပါးပါး





လျှော်တတ် ဖွတ်တတ်၊ စာလေး ဘာလေးလည်း ကူးတတ်ပြုတတ်ပေါ့"

တပ်ခွဲအရာခံဗိုလ်ကြီးကို ပြောရသည်။ ရှေ့တန်းမှာတုန်းကတော့ ပစ်တတ် ခတ်တတ် ရှာတတ် ဖွေတတ်သည့် ရဲဘော်ကို အကူရဲဘော်ထားရသည်။ ထွေလီကာလီနိုင်းကောင်းသည့်သူကို ရွေးရသည်။ ယခု သင်တန်းတက်ရမည်ဆိုတော့ စာကလေးကလည်း လေးငါးခြောက်တန်းခုနစ်တန်း တတ်ရမည်။ ရုပ်ကလေးကလည်း သနရုပ်ပရှိရမည်။ မသောက်တတ် မစားတတ်ဖို့လည်း လိုသေးသည်။ အားလုံး တပည့်ကိုယ်စီပါလာကြမည်ဖြစ်ရာ ကိုယ့်တပည့်ကျမှ ခပ်ညံ့ညံ့ဖြစ်နေလို့တော့ မရ။ ထို့ကြောင့် လူရွေးရ၏။

"ဗိုလ်မှူးအတွက် ကျွန်တော်တို့ သန်းဇော်ကိုရွေးထားပါတယ်"

သူတို့ရွေးပေးသည့်ရဲဘော် သန်းဇော်မှာ အသက်ကနှလုံးမှ ၁၈/၁၉ သာဖြစ်မည်။ ရုပ်ကလေးကလည်း ဖြူဖြူသေးသေးသွယ်သွယ်၊ စကားကလည်း အတော်နည်းပါသည်။ ကျောင်းကလည်း အခြေခံပညာအလယ်တန်း အောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရေးလက်သားကလည်း မဆိုးလှ။ ဒါဆိုရပါပြီ။ ဓာတ်ကမ္
မြင်းခြံခရိုင်အတွင်းမှ ဖြစ်၏။

မေလဆန်းတွင် ဗထူးရောက်သွားသည်။ တပ်ရင်းမှူး
သင်တန်းမှာ တပ်ခွဲမှူးသင်တန်းကဲ့သို့ပင် ပင်ပန်းပါသည်။
**Outdoor Exercise** ခေါ် ပြင်ပလေ့ကျင့်ခန်းများလည်း များစွာ
ပါဝင်၏။ မေ၊ ဇွန်၊ ဇူလိုင် မိုးဖြိုင်ဖြိုင်ကာလမို့ ဗထူးက
ရွှံ့စေး မြေနီများက သင်တန်းသားများကို များစွာဒုက္ခပေးသည်။
အကူ ရဲဘော်များအလုပ်နဲ့လက် မပြတ်ကြရပါ။ လျှော်ရဖွတ်ရ
ဖိနပ်တိုက်ရ၏။ သေနတ်တိုက်ရ၏။ စားစရာ ဝါးစရာ ဝယ်ပေး
၏။

ကျွန်တော်က ညနေကျလျှင် သန်းဖော်ကို စားစရာ
ဝါးစရာလေးများ ဝယ်ခိုင်းပြီး မိန်းမနဲ့ကလေးများကို အလွမ်း
ယမကာလေးမှီဝဲရင်း သီချင်းနားထောင်သည်။ အခန်းချင်း
ကပ်လျက်က ကျွန်တော်နဲ့တစ်ပတ်တည်းဆင်း မိုလ်မှူး
မောင်မောင်တင်ဖြစ်သည်။ သူကလည်း အဖျော်ယမကာ အလွ
ဝါသနာပါသည်။ သူနဲ့ကျွန်တော်က အဲရာရှိငယ်ဘဝ
ကျွန်တော်က ကျောက်တစ်လုံး၊ သူက မုဒုံ၊ တပ်ချင်းကပ်နေ





သည်။ လေးနှစ်။ ထို့နောက် ၁၉၇၉ ၌ တိုက်ခိုက်ရေးကျောင်းကို
အတူပြောင်းရွှေ့ရောက်ရှိကြသည်။ နှစ်ဦးလုံး ကသကကုန်းမှာ
နေ၍ ခြေလျင် ဌာနခွဲတွင် ခြေလျင်နည်းပြများလုပ်ရသည်။
သူမှသည်တစ်ဆင့်မြင့် **Promotion** ဖြင့် တပ်ပြန်ဆင်းပြီး ယခု
လ်မှူးအဆင့်ရရှိသောအခါမှ တပ်ရင်းမှူးသင်တန်း လာတက်
ခြင်းဖြစ်၏။ ဗထူးမှာ နေခဲ့စဉ်ကလည်း သူနှင့် ကျွန်တော်က
ခန်းချင်း။ သူက ထူးထူးခြားခြား သားချည်း ခုနစ်ယောက်လား
မွေးထားသူဖြစ်၏။ ထို့ကြောင့် သူနှင့်ကျွန်တော့်တွင် ပြောစရာ
စား များလှချေ၏။

သူနှင့်ကျွန်တော်သည် ညနေသင်တန်းပြီးလို့ တန်းဖြုတ်
များတွင် ထမင်းမစားမီ ယမကာလေး တစ်ခွက်တစ်ဖလားစီ
နှမ်မှီဝဲကြ၏။ သူက ပိုက်ဆံသိပ်မပါ။ ကျွန်တော်ကတော့
ကာ မိန်းမက လုံလုံလောက်လောက် ထည့်ပေးသဖြင့် ပိုက်ဆံ
သန်အသင့်ပါပါသည်။ ထို့ကြောင့် ယမကာနှင့် အမြည်းကို
န်တော်က ဒကာခံတာ များပါသည်။ ထိုအခါမျိုး၌

"သန်းဖော်ရေ၊ အောင်ဆန်းခန်းမသွားလိုက်ပဦးကွာ"

"သန်းဖော်ရေ၊ တပ်နယ်ဈေးသွားလိုက်ဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စားစရာ ဝါးစာများ ဝယ်ခိုင်းရသည်။ အောင်ဆန်း ခန်းမကြီးကား ဗထူးတိုက်ခိုက်ရေးကျောင်း၏ ရုပ်ရှင်ရုံ **Assembly Hall** ကြီးဖြစ်ပါသည်။ အဓိကကတော့ ရုပ်ရှင် ခြင်းဖြစ်ပါ၏။ သင်တန်းသားများနှင့် တပ်နယ်က မိသားစုများ ကြည့်ရန် ပြပေးခြင်းဖြစ်ပါသည်။ ဤတပ်၌ ကျွန်တော် တပ်ရေးဗိုလ်ကြီး တစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ရ အောင်ဆန်းခန်းမကြီးကို တာဝန်ယူခဲ့ရသည်။ အောင်ဆန်းခန်း ထဲ၌ စားသောက် ဆိုင်တန်းလေး ရှိသည်။ သင်တန်းသားကြီး စားစရာလေးများရှိသည်။ ဈေးရောင်းသူများကား တပ်မိသား များသာ ဖြစ်ကြပါ၏။

တိုက်ခိုက်ရေးကျောင်းတွင် လေ့ကျင့်ရေးဌာနကြီး အုပ်ချုပ်ရေးဌာနကြီး ဟူ၍ မူလဌာနကြီးနှစ်ခု ရှိသည်။ လေ့ ရေးဌာနအောက်တွင် ခြေလျင်ဌာနခွဲ၊ အမြောက်နှင့် သံ ကာဌာနခွဲ ဟူ၍ရှိသည်။ အုပ်ချုပ်ရေးဌာနအောက်၌ သ တပ်ခွဲများ၊ မော်တော်ယာဉ်၊ ဆက်သွယ်ရေး၊ ဆေး၊ အင် နီယာ တပ်စုများရှိပေသည်။ ထိုဌာနအသီးသီးမှ မိသား သည် ဗထူး၌ ရှိစုမဲ့စုရွေကလေး ငွေကလေးများ ထွက်





ရအောင် တတ်သမျှ မှတ်သမျှ အရောင်းအဝယ်လေး လုပ်ရသည်။ စိုက်မွေးကိစ္စလေးများ လုပ်ရသည်။ ကျွန်တော်တို့ မိသားစုပင်လျှင် ဗထူးမှာနေခဲ့ရစဉ်က မြေပဲဆားလှော်လုပ်ပြီး ရောင်းချခြင်း၊ ဆေးလိပ်အစီခံလုံးခြင်း၊ ဥစားကြက်များ မွေး၍ တပ်နယ်ဈေး၌ ပြန်သွင်းခြင်းများကို လုပ်ခဲ့ရပါသေးသည်။

တပ်သားသန်းဖော်အား စားစရာ ဝါးစရာကိစ္စသာမက စာအုပ်များချုပ်ခြင်း၊ **Binding** ကိစ္စများ၊ စာများကူးခြင်း၊ ဒိုတိုစတက်ဆွဲခြင်းကိစ္စများနှင့် ပတ်သက်ပြီးလည်း တပ်နယ် ဈေးက ဆရာဘိုနေဆိုင် လွှတ်ရသည်။ မေ၏ ဘော်ဒါများဖြစ် ကြသော ရွှေဝါဆိုင်မှပေးပို့သည့် ဟင်းရံများ သွားယူခြင်း၊ ဒေါ်ချစ်နှင့်သမီးများမှ ပေးပို့သော ဟင်းနှင့် ဟင်းချက်စရာများကို သွားယူခြင်း စသည်တို့ကိုလည်း ကျွန်တော်မှ မကြာခဏ ခိုင်းတတ်၏။ သန်းဖော်သည် စကားကို မပွင့်တပွင့်ပြော၍ အလွန်ရှက်တတ်သူဖြစ်ခြင်းကြောင့် ဒေါ်ချစ်၏သမီးပျိုများက မကြာခဏ ဝိုင်းစကြသည်။

အကြီးမအစန်းက စာတိုက်နှင့်ကြေးနန်းမှာလုပ်သည်။ အလတ်က အဝင်း။ မူလတန်းပြဆရာမ။ အငယ်က ဘ...ဆုံ။



www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျောင်းသူ။ ဖြူဖြူဝဝလုံးလုံး ကစ်ကစ်ချစ်စရာရုပ်ကလေးများ။ အစန်းက အသက် ၂၀ ကျော်ပြီ။ ၂၄/၂၅ ခန့်ရှိမည်ထင်၏။ အလတ်က ၂၀ ခန့်။ အငယ်ဆုံးလေးကတော့ အလွန်ဆုံးရှိလှမှ ၁၅/၁၆ ဖြစ်မည်။ ကျွန်တော်က သန်းဇော်ကို ထိုဆိုင် ခဏ ခဏ လွှတ်တော့ အလွန်သွက်သော အစန်းက

"မောင်လေး၊ ဆိုင် ခဏ ခဏ လာလှချည်လား"

"မောင်လေး၊ မထိုင့်တော့ဘူးလား"

"မောင်လေး၊ စကားတွေ များလှချည်လား"

စသည်ဖြင့် အမျိုးမျိုးစတတ်နောက်တတ်သည်။ သန်းဇော်က မပွင့်တပွင့်ဖြင့် တစ်လုံးမှ စကားပြန် မပြောခဲ့၊ စသမျှခံပြီး ပြန်လာခဲ့သည်ချည်းသာ။ ကျွန်တော် သူတို့နှင့်တွေ့ချိန်များ၌ အစန်းတို့ညီအစ်မသုံးဦးက

"ဦး တပည့်လေးက မခုတ်တတ်တဲ့ ကြောင်လေး စစ်သားနဲ့လည်း မတူဘူး။ ကောင်မလေးကျနေတာပဲ။ ရှယ်နေ တယ်နော်။ မပွင့်တပွင့်နဲ့။ စကားလည်း မပြောဘူး"

ဟု ဝိုင်းပြောကြသည်။

"ကြိုက်တာ မတွေ့သေးလို့နဲ့ တူပါတယ်"





ဟု ကျွန်တော်က ပြန်ပြောရသည်။

စကားနောက် တရားပါလေသလားတော့ မသိ။

အောက်တိုဘာကျောင်းဆင်းတော့ သင်တန်းဆင်းတဲ့နေ့မှာပင် ကျွန်တော်က တပ်ပြန်ရန် လုပ်ထားသည်။ ထို့ကြောင့် သန်းဇော်ကို မနက် ၉နာရီ၌ သေနတ်ထုတ်ခိုင်းလိုက်၏။ သေနတ်ထုတ်သွားသည့် သန်းဇော်သည် နာရီဝက်လောက်နှင့်ပြီးရမည့်ကိစ္စကို ညနေလေးနာရီထိုးမှ ပြန်ရောက်လာ၏။ ကျွန်တော့်မှာ ဖင်တကြွကြွနှင့် သူ့အား နေရာအနှံ့လိုက် ရှာရသည်။ သေနတ်သုံးလက်နှင့် ထွက်များပြေးပြီလားပေါ့။ မကြာသေးမီကမှ ဤတပ်တွင် သေနတ်ပျောက်၍ ကျွန်တော်က လျှော်ထားရသူ။ ထို့ကြောင့် စိတ်ပူမိသည်။

သန်းဇော်သည် ညနေလေးနာရီထိုးမှ ငိုကြီးချက်မနှင့် သေနတ်သုံးလက်ကို ထမ်းကာ ပြန်ရောက်လာ၏။

"ဟေ့ကောင် ဘယ်သွားနေတာလဲ"

ဟု မေးတော့

"ကျွန်တော့်ကောင်မလေးအိမ်သွားနေလို့ခင်ဗျ တဲ့။ ကောင်းရော ခင်ဗျာ။

www.burmeseclassic.com



"မင်းကောင်မလေးက ဘယ်ကလဲ" ဆိုတော့

"သံချပ်ကာလိုင်းထဲက တပ်ကြပ်ကြီးဖိုးထောင်သမီး တဲ့ခင်မျတဲ့"

တပ်ကြပ်ကြီးဖိုးထောင်ကို ကျွန်တော် ကောင်းစွာသိသည်။ သံချပ်ကာတပ်ခွဲမှ လက်ရွေးစင် ဘော်လီဘောသမားဖြစ်၏။ အသားညိုညို၊ အရပ်ရှည်ရှည်ဖြင့် သူ့ဇနီးကတော့ အသားဖြူဖြူ၊ အရပ်ခပ်ပျက်ပျက်။ သန်းဇော်ရည်းစား ကောင်မလေးက ဆရာဖိုးထောင်သမီးအကြီးဟုဆို၏။ သူ့အမေလို ဖြူဖြူသေးသေး သွယ်သွယ်နှင့် ရုပ်ရည်လေးက သနားကမားဟုပြောကြသည်။ ကလေးမလေးက အောင်ဆန်းခန်းမ၌ ဈေးရောင်းသည်။ ကျွန်တော်တို့အကြိုက် မြေပဲဆားလှော်၊ နေကြာစေ့၊ ဖရုံစေ့ သားရေပွကြော်၊ အာလူးကြော်၊ တောင်ကြီး ပဲကြော် စသည် စသည်တို့ပါပေ။ သန်းဇော်က ထိုစားစရာ ဝါးစရာဝယ်ရင်း ကောင်မလေးနှင့် ရည်းစားဖြစ် ခဲ့သည်ဆို၏။

"မိုလ်မှူးသက်ဦး တပည့်လေးက ရုပ်ချောလေးဟဲ့"

ဟုဈေးတန်းသူများက ဝိုင်းပြောကြပြီး ဖာတ်လမ်း စခဲ့ခြင်းဖြစ်၏။ တပည့်ကျော်က ဘယ်နှစ်ခါများ ချိန်းတွေ့ခဲ့ပြီး





မသိတော့။ ထိုနေ့က သူတော်တော်နဲ့ ပြန်မလာခြင်းမှာ ကောင်းမလေးနှင့် တွေ့ရာမှ ကောင် မလေးက သူ့ကိုတစ်ပါ တည်း ခေါ်သွားဖို့ပြောရင်း ဖက်ငိုနေကြရာ သူ့အမေ ဈေးက အပြန် မိသွား၍ ရှင်းလင်း နေရသောကြောင့်ဟု ဆိုပါသည်။

ကျွန်တော်ကလည်း ကိုယ့်ဇာတ်နဲ့ကိုယ် မေ့ကို ကနေ့ ပြန်လာခဲ့မည်ဟု ပြောထားသည်။ ဖုန်းဆက်ထားသည်။ ထို့ကြောင့် ဖင်တကြွကြွနှင့်ဖြစ်နေသည်။ ဆူဆူဆဲဆဲနှင့် တပည့်ကျော်ကို မြင်းလှည်းသွားငှားခိုင်းပြီး ရပ်စောက်က လိုင်းကားနှင့် တောင်ကြီးတက်လိုက်ရသည်။ တောင်ကြီး ရောက်တော့ မကွေးထွက်သည့် နောက်ဆုံးကျားခေါင်းကား မမီတော့ပါ။ ကားကြုံစောင့်ရသည်။

ကိုးနာရီထိုးမှ ကြုံမယ့်ကြုံတော့လည်း လူသေခေါင်း တလားတင်သည့် ဒေါ့ဂျ်ကားနှင့် သွားကြရသည်။ ဆရာတပည့် နှစ်ယောက် မသာကားကို ဖက်လိုက်ခဲ့ကြ၏။ ထိုညက စိတ်ပေါက်ပေါက်ဖြင့် ရမ်ပုလင်းကြီးတစ်လုံး ဝယ်ကာ တစ်လင်း သုံးသောက်လာသည်။ ကားပေါ်ပါလာသည့် ရွှေမန်းသူပျို ချောချောက မထင်မှတ်ဘဲ သီချင်းဆိုခိုင်းသဖြင့် မိုးလင်းသည်အထိ

www.burmeseclassic.com



သီချင်းတွေဆိုပြဖြစ်သည်။ သီချင်းအပုဒ်ပေါင်း တော်တော်များသွား၏။ သူမကလည်း မန္တလေးတွင် အခွေထုတ်နေသော ဝါသနာရှင်။ ပြီးတော့ အပျို။ လှကလည်း လှသေးသည်။ မိန်းကလေးလှလှက သီချင်းဆိုနိုင်တော့ ဆိုတဲ့သူ အားရှိတာပေါ့ဗျာ။ မိတ္ထီလာမှာ လူချင်းခွဲတော့ သူမက ဒီလိုသီချင်းတွေ အများကြီးရတဲ့စစ်သားကို ဒီတစ်ခါပဲတွေ့ဖူးသဖြင့် အံ့သြသည်ဟု ပြောသွားသည်။ ထိုအခါ ကျွန်တော်က

"အဲဒါဆို ခင်ဗျား အခွေထုတ်ပေးပေါ့ဗျာ"

ဟု ဆိုသောအခါ သူမက

"ရပါတယ်ရှင်။ လာခဲ့ပါ" ဟု မှာသွားသည်။

မန္တလေးရောက်ရင် ဝင်ဖို့လည်း ပြောသွားသည်။ မန္တလေးတောင်မြို့မှာနေတဲ့ ပိုးထည်တိုက်ပိုင်ရှင် သူဌေးမလေး အရွယ်က မေနဲ့ အသက်မတိမ်းမယိမ်း။ တပည့်ကျော် သန်းဇော် ကျေးဇူးကြောင့် မမျှော်လင့်ဘဲ သူဌေးမလေးနဲ့ မိတ်ဆွေဖြစ်ခဲ့ရသည်။ ၁၉၉၂ ခုနှစ် နည်းဗျူဟာမှူးဖြစ်တော့ စစ်ကိုင်းပြောင်းရသည်။ စစ်ကိုင်းနှင့်မန္တလေး မကြာခဏ သွားလာနေရသဖြင့် သူဌေးမလေး စိမ်းလဲ့ညို၏ သုံးထပ်တိုက်သို့ တစ်ခေါက် နှစ်ခေါက်





ရောက်ပါသေးသည်။ စိမ်းလဲ့ညိုက ဝမ်းသာအားရကြိုဆိုသည်။ ယခုအခါတွင်တော့ သူဌေးမလေး မဟုတ်တော့ပါ။ အသက်လေးဆယ်ကျော်နေသော အပျိုကြီး သူဌေးမကြီးဖြစ်နေပါပြီ။ စစ်ကိုင်းက ပြောင်းလာတော့ မေ့ကိုပါ ခေါ်ပြီး သွား၍နှုတ်ဆက်ဖြစ်ပါသည်။ ယခုအချိန်ထိ ခင်မင်နေကြဆဲ။

တပည့်ကျော် မောင်သန်းဇော်ရဲ့ ကောင်းမှုတွေပေါ့ခင်ဗျာ။ တပ်ပြန်ရောက်တော့ သန်းဇော်က ခွင့်တင်သည်။ သူ့ကောင်မလေးသွားခေါ်ချင်သည်ဟုဆို၏။ မခုတ်တတ်တဲ့ကြောင်ကလေးက ကြွက်ခုတ်ခဲ့ပြီ ထင်သည်။ အခုတော့ ကြွက်ခုတ်တော့မည်ပေါ့။ ပြန်လာတော့ သူ့ကောင်မလေးပါလာ၏။ သူ့ကောင်မလေးက ဖြူဖြူသေးသေးသွယ်သွယ်နှင့် အကယ့်ကြွက်ဖြူလေးလို ချစ်စရာရုပ်ကလေးဖြစ်၏။ လက်ထပ်ခွင့်တင်နိုင်း၍ လက်ထပ်ခွင့်ပြု လိုက်ပြီး တပ်ခွဲသို့ ပြန်ပို့လိုက်၏။

ဒါက ပထမ မခုတ်တတ်တဲ့ ပထမကြောင်ကလေးတစ်ကောင်အကြောင်းပါ ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကောင်အကြောင်းက ဒီလိုပါခင်ဗျာ။

၁၉၈၆ ခုနှစ်၌ ကျွန်တော်သည် ဒုတပ်ရင်းမှူးတာဝန်ဖြင့် အောင်လံတပ်တွင် တာဝန်ထမ်းဆောင်လျက် ရှိသည်။ ထိုနှစ် နှစ်စတွင် ယခင်အခါကဲ့သို့ပင် ဗထူးစစ်ဦးစီးတက္ကသိုလ်သို့ သင်တန်းသွားတက်ရသည်။ ဤ သင်တန်းက စစ်သည်နှစ်ဦး ခေါ်ခွင့်ရ၏။ တစ်ဦးက တိုလီမိုလီလက်တိုလက်တောင်းခိုင်းရန် ဖြစ်သည်။ တစ်ဦးကမူ သင်ခန်းစာများကိုစွ ဝိုင်းဝန်းဆောင် ရွက်ပေးရသည့် စာရေးစာချီလိုမျိုး ဖြစ်သည်။ ဒုဗိုလ်မှူးကြီး အဆင့် တပ်ရင်းမှူးကြီးများကတော့ ထိုကိစ္စမျိုးအတွက် တပ်ကြပ်ကြီးစာရေးများကို ခေါ်လာ၏။ အကူရဲဘော်အတွက် ဒုတပ်ကြပ်၊ တပ်ကြပ် စသည်များကို ခေါ်လာကြ၏။ ကျွန်တော် မှာ ဒုတပ်ရင်းမှူးသာဖြစ်သဖြင့် သာမန်စစ်သည် အဆင့်သာ ခေါ်လာခဲ့နိုင်သည်။

ပထမတစ်ယောက်က စာရေးရန်အတွက် ဆယ်တန်း အထိကျောင်းနေဖူးသော တပ်သားသန်းထွန်းအောင်။ သူက အောင်လံသား။ အမေမုဆိုးမနှင့်နေသူဖြစ်သည်။ မယော





တတ်၊ မစားတတ်။ ရိုးသားသည်။ မဘိမ်းရှိ စစ်ကြောင်း(၂)ရုံး၌ ကျွန်တော်နှင့် တစ်နှစ် နှစ်နှစ် နေဖူးသည်။ မြေပုံတင်ကြေးနန်း ရေးဖြင့် ရုံးလုပ်ငန်းကျွမ်းကျင်သည်။ လက်ရေးလက်သားလည်း ကောင်း၏။ အသက်ကမူ နှစ်ဆယ့်သုံးလေးနှစ်ခန့်။

နောက်တစ်ယောက်က တပ်သားအုန်းငွေ။ ၁၉၈၁ ကျွန်တော် မကွေးတပ်ရောက်တော့ သူက ရဲဘော်သစ်။ အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိသည်။ လူက သေးသေးကွေးကွေး၊ ပါးလျားလျားကလေး။ ဇာတိက ကျွန်တော်ငယ်ငယ်က နေခဲ့ဖူး သော ထန်းတပင်ဖိုးကုန်းက ဖြစ်သည်။ ရပ်ရွာသံယောဇဉ် ကြောင့် သူ့ကို အနားခေါ်ထားမိ၏။ ကျွန်တော် ပြောင်းသည့် တပ်များသို့ တောက်လျှောက်လိုက်ပါလာခဲ့ရာ ယခုအချိန်ထိ ဖြစ်၏။ သူလည်း အရက်မသောက်တတ်၊ ဆေးလိပ်မသောက် တတ်နှင့် တကယ့်မခုတ်တတ်တဲ့ကြောင်ကလေးပါပဲခင်ဗျာ။

ဗထူးရောက်တော့ ကျောင်း၌ စစ်သည်နှစ်ဦးလုံး ထားမရပါ။ ကျောင်းက တစ်ဦးသာ လက်ခံသည်။ ကျန်တစ်ဦးကို ကိုယ့်အစီအစဉ်နှင့် ကိုယ်နီးစပ်ရာတပ်၌ ထွဲရ၏။ ကျောင်းစာ အလုပ်လုပ်ရမည့် တပ်သားသန်းထွန်းအောင်ကို ကျောင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားလိုက်၏။ အုန်းငွေကိုတော့ တပ်နယ်ဈေးအနီးရှိ GE တပ်တွင် တွဲလိုက်သည်။

"ကဲ ဒေါ်တွတ်ရေ ဒီကောင်ကတော့ ကျွန်တော့်တပည့် ဗျာ။ ခင်ဗျားတို့တပ်မှာ ရိက္ခာတွဲထားတယ်။ အဲ့ဒါ ခင်ဗျားဆီမှာ လက်ခံထားပေးဖို့ လာအပ်တာဗျာ"

ဒေါ်တွတ်ယောက်ျားကိုသောင်းစိန်က ရွှေးအနောက် လက် ရွာသစ်က။ ကျွန်တော့် အမေ၏ဇာတိက။ ထို့ကြောင့် အမေတို့အမျိုးတွေနဲ့ သိကြသည်။ G.E တပ်တွင် ပိုက်ပြင် ပိုက်ဆက် **Plumber** လုပ်နေသူဖြစ်၏။ တိုက်ခိုက်ရေးကျောင်း၌ ကျွန်တော် တာဝန်ထမ်းဆောင်စဉ် GE တပ်ဝင်းနှင့်ကပ်နေသော အိမ်ကလေး၌နေခဲ့ရရာ ဒေါ်တွတ်တို့မိသားစု တစ်ခုလုံး တစ်နယ် တည်းသားတွေမို့ ကျွန်တော့်အိမ်သို့ အဝင် အထွက်ရှိကြသည်။ ရေကိစ္စ၊ မီးကိစ္စ လာလုပ်ပေးနေကြဖြစ်၏။ သူ့သားနှစ်ယောက်က လည်း တိုက်ခိုက်ရေးကျောင်းတွင် ရဲဘော်လေးများဖြစ်၍ ကျွန်တော်က စောင့်ရှောက်ထားခဲ့ရဖူးသည်။ အပြန်အလှန် ကျေးဇူးရှိကြပါသည်။

"ရပါတယ် ဗိုလ်မှူးရယ်။ အချင်းချင်းတွေပဲ။ လက်ခံ





ထားပေါ့"

ဤသို့ဖြင့် မခုတ်တတ်သော ဒုတိယကြောင်လေး တစ်ကောင်သည်လည်း ဗတူးတွင် မမျှော်လင့်သော ဇာတ်လမ်းစ တော့၏။ ကြွက်ခုတ်တော့၏။

တပ်သားအုန်းငွေသည် မနက်မိုးလင်းသည်နှင့် ကျွန်တော့်ထံလာရသည်။ လျှော်ဖွတ်စရာ အဝတ်အစားများကို လျှော်ဖွတ်၊ မီးပူတိုက်ပေးရသည်။ တပ်နယ်ဈေးမှ ကျွန်တော် လိုအပ်သည့်ပစ္စည်းများကို ဝယ်ရန်အတွက် ဒေါ်ချစ်ဆိုင်၊ အရာတိုနေဆိုင်၊ ရွှေဝါဆိုင် စသည်များသို့ လွှတ်သည့်အခါတွင် လည်း သူ့ကို ခိုင်းရသည်။ အုန်းငွေသည် တစ်နေ့ ကျွန်တော့်ထံ သို့ အနည်းဆုံးနှစ်ခေါက်လာရသည်။ ရံဖန်ရံခါ သုံးခေါက်ဖြစ် သည်။ အရေး အကြီးဆုံးအခေါက်မှာ မနက်စောစောအခေါက် ဖြစ်သည်။ သင်တန်းခန်းထဲ မဝင်မီ သူ့ကို မှာစရာရှိတာမှာ သည်။

"ဟိတ်ကောင်ရေ ဒီစာတွေကို တပ်နယ်စာတိုက်သွား ထည့်။ ရန်ကုန်ဘဏ်နဲ့ ငါ့အိမ်ထည့်တဲ့စာ"

"ဒီကွပ်ကဲမှုစာတမ်းကို အဖုံးကောင်းကောင်းနဲ့ ချုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါလို့ ဆရာဘိုနေဆိုင်ကို ပြောပေး''

''နောက်တစ်ခုက နိုင်ငံတကာရေးရာ သတင်း စာအုပ်တွဲတွေ တိုက်ခိုက်ရေးကျောင်းက ခြေလျင်ဌာနခွဲ ခဏငှားပေးဖို့ ငါ ပြောထားတယ်။ အဲ့ဒါ မင်းသွားယူလို့ ဌာနခွဲမှူးကို ဒီစာပေးပေးလိုက်။ ရော့ ယူသွား''

''မင်းအပြန်ကျရင် ဒေါ်ချစ်ဆိုင်က မြေပဲကြော်ပု လေး ဝင်ယူခဲ့။ ဒေါ်ချစ်ကို ပဲပုတ်လေးနည်းနည်းလည်း ပေးပါဦးလို့ မှာခဲ့ကွာ''

ထိုသို့သော ထွေလီကာလီလေးများကို ခိုင်းရပါသည်။

ပထမသင်တန်းတစ်ဝက် **Mid term** မတိုင်မီအ အနန်းငွေသည် ပုံမှန်ရောက်လာ၏။ **Mid term** ကာလ နီး တော့ ပုံမှန်ချင်တော့။ ကျွန်တော့်ဆီရောက်တာ နောက်ကျ သည်။ လူကလည်း သပ်သပ်ရပ်ရပ် မဟုတ်တော့။ ဆံပင် ကျဲ။ အဝတ်အစားလျော့တိလျော့ရဲဖြင့် ဖြစ်လာသည်။ အ မူးတူးနှင့် အိပ်ရေး ပျက်နေသည့်ပုံလည်း ပေါ်သည်။ အချို များဆို လာပင်မလာတော့။ **Mid term** တိုင်ခါနီး၍ သင်တ လည်း အလွန်အရေးကြီးနေသည်။ ကျွန်တော်က စာ





ကြိုးစားနေရသည်။ ဤသင်တန်းကို အဆင့်မြင့်မြင့်အောင်လျှင် တပ်ရင်းမှူးဖြစ်ဖို့ သေချာပြီ။ ကျွန်တော်က အလွန်တပ်ရင်းမှူး ဖြစ်ချင်သည်။ ထို့ကြောင့် အလုပ်တွေ အလွန်အရေးကြီးလာ သည်။ ဒီလိုအချိန်မျိုးမှာမှ ပျက်ကွက်လာ၍ သူ့ကို မကျေနပ် တော့။

''ဟိတ်ကောင်။ မင်းက ဘယ်လိုဖြစ်နေတာလဲ။ ခဏ ခဏ ဘာဖြစ်လို့ ပျက်ကွက်ရတာလဲ''

''ဘာမှမဖြစ်ပါဘူး''

''ဘာမှမဖြစ်ပါဘူးသာပြောတာ မင်းကြည့်ရတာ ယိုင်တိ ယိုင်တိုင်နဲ့။ ညည မအိပ်ဘဲ ဘယ်တွေ လျှောက်သွားနေလဲ။ ကြည့်လုပ် ဟိတ်ကောင်''

ကျွန်တော်က ထိုသို့သတိပေးသော်လည်း သူက တစ်ရက်ခြား တစ်ခါလောက် ပျက်ကွက်မြဲ ပျက်ကွက်သည်။ လည်းမခံနိုင်တော့။ ထို့ကြောင့် သန်းထွန်းအောင်ကို အကျိုး အကြောင်း ခေါ်မေးရတော့သည်။

''သန်းထွန်းအောင် ဘယ်လိုလဲကွ။ အနန်းငွေက ကြည့်ရတာ မူးတူးမိုင်တိုင်နဲ့။ ညည အိပ်ရေးတွေ ပျက်ပြီတော့



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြောင်နေသလား မသိဘူး။ မင်း ဘာကြားလဲ''

''ဟုတ်တယ်ဗိုလ်မှူး။ ကျွန်တော်လည်းအဲ့ဒါပြောမလို့''

''ဟေ ဟုတ်လား ဘာဖြစ်နေတာလဲ။ မင်းသိတာ ပြောစမ်းပါဦး''

''ကိုအုန်းငွေက ဒေါ်တွတ်သမီး မပြားကြီးနဲ့ဖြစ် တယ်တဲ့ခင်ဗျ''

''ဟ မိပြားကြီးက အပျိုမှမဟုတ်တဲ့ကွ။ သူ့ယောက်ျား တယ်လေ။ ပြည်တပ်နယ်က ရဲဘော်လေကွာ။ အမှုဖြစ် တပ်က ထွက်ရပြီး ရဲဘက်စခန်းရောက်နေတယ်လို့ ကြားတယ် ကွဲ့မကွဲတော့ မသိဘူး။ တချို့ကလည်း ကွဲသွားပြီလို့ ပြောနေ တယ်''

''ဟုတ်တယ်ခင်ဗျ။ အခု ကိုအုန်းငွေက မပြားကြီးနဲ့ နေတာ ယူချင်တယ်လို့ ကျွန်တော့်လာပြောနေတယ်''

''သူ့အရင်ယောက်ျားနဲ့ရော''

''စာချုပ်စာတမ်းနဲ့ ကွဲပြီးပြီလို့ ပြောပါတယ်''

''ဟော လာပြန်ပြီဟော့ မခုတ်တတ်တဲ့ကြောင်တစ် ဒီအတိုင်းဆို ဒီကောင့်ကို ဒီမှာထားလို့မရတော့ဘူး။ တပ်





လွှတ်မှဖြစ်မယ်။ ဒီကောင်မနဲ့ယူဖို့ သဘောမတူဘူးကွ။ **Mid-term** မှာ တပ်ကိုဝါမပြန်ခင် သူ့ပြန်လွှတ်မှဖြစ်မယ်။ ဒီက တပ်နယ်ကားတန်း ရွှေပြောင်းသွားဖို့ ဘယ်တော့ရှိသလဲ မေးထား မ်းကွာ။ ကြားတဲ့နေ့ ငါ့လာပြော။ အေး အေး မင်းသွားတော့''

ဤနေရာတွင် မိပြားကြီး၏အကြောင်းကို ပြောရန်လို သာ၏။ မိပြားကြီးသည် နာမည်ကသာ မိပြားကြီး ဖြစ်သော် ည်း လူကမူ မပြားပါ။ ဖောင်းသင့်သောနေရာများတွင် တော်ဖောင်းပါသည်။ လုံးကြီးပေါက်လှ ညိုချောဖြစ်၏။ နှ်တော် ဗထူးတပ်နယ်မှာရှိစဉ်ကပင် သူမကို မကြာခဏ ပ်ဖူးနေ၏။ သူ့တပ်က ခွင့်ပြန် လာခြင်းဖြစ်၏။ လွန်ခဲ့သည့် နှစ် သုံးနှစ်က သူမ ယောက်ျားတပ်က ထွက်ရသည့်အခါ တွတ်တို့နှင့် ပြန်လာနေပြီး အတူလုပ်ကိုင်စားသောက် သည်။ ကလေးမရှိပါ။ အသက်ကမူ အုန်းငွေထက် ၁၀ ခန့်တော့ ကြီးမည်ထင်သည်။ ကျွန်တော် သဘောမတူနိုင် ည့် ကိစ္စထဲ၌ ဤအချက်သည် ထိပ်ဆုံးက ပါသည်။ ကိုယ့် ည့် ငယ်ငယ်ရွယ်ရွယ်ကို သူ့ထက် အသက်ဆယ်နှစ်ခန့်ကြီး ည့် မိန်းမနှင့် မပေးစားနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အပို့မပဟုတ်။ တစ်ခုလပ်ဖြစ်သည်။ ထို့ကြောင့် ခွဲရန်ကြံရတော့၏။ ငရဲကြီးရင်ကြီးပါစေတော့။

''ဗိုလ်မှူး၊ နက်ဖြန် ဗထူးရွှေညောင်ကားတန်းရှိတယ်တဲ့ ခင်ဗျ''

နောက်နှစ်ရက်အကြာ၌ တပ်သားသန်းထွန်းအောင်က လာသတင်းပို့သည်။

''အေး အဲဒါဆိုရင် အုန်းငွေ ငါ့ဆီလွှတ်လိုက်''

ထိုနေ့မနက်က အုန်းငွေအိပ်ချင်မူးတူးမျက်နှာနှင့် ကျွန်တော့်ဆီ ရောက်လာသည်။

''ကဲ အုန်းငွေ နက်ဖြန်ကားတန်းနဲ့ ရွှေညောင်ကို လိုက်သွားတော့။ ရွှေညောင်ရောက်ရင် ရထားစီးပြီး တပ်ကို ပြန် ဟိုရောက်ရင် တပ်ရေးဗိုလ်ကြီးကို သတင်းပို့။ ငါ့မိန်းမလည်း သွားတွေ့လိုက်ဦး။ ငါက ပြန်လွှတ်တဲ့အကြောင်းလည်း ပြော လိုက်''

''ဪ တပ်နယ်ဈေးမှာ ဒေါ်ချစ်သမီး အစန်းလေး ကို ငါ ခိုင်းထားတဲ့ ဝက်အူချောင်းကြော်နဲ့ ပဲပုတ်ကြော် ပါ သွားမယူနဲ့တော့ ငါ့ဟာငါ သွားယူလိုက်မယ်။ မင်းကော သူ့ကို





ဘာလုပ်ထားတာ ရှိသေးလဲ။ ဘာရှင်းစရာရှိသေးလဲ။ ရှိရင်ငါ့ကို ပြောခဲ့''

''မရှိပါဘူး ခင်ဗျ''

ထိုသို့ပြော၍ မျက်စိမျက်နှာပျက်နှင့် အုန်းငွေ ထွက်သွား သည်။ အပြန်လမ်းစရိတ်တော့ ထည့်ပေးလိုက်၏။

နောက်တစ်နေ့ စနေသင်တန်းနားသဖြင့် နေ့လယ် နေ့ခင်း တပ်နယ်ဈေးသို့ ထွက်ခဲ့သည်။ ဤတပ်နယ် ဈေးဘေးရှိ အိမ်ကလေးတွင် ကျွန်တော်တို့ မိသားစု၊ ၁၉၄၉ မှ ၅၁ အထိ နှစ်နှစ်ကျော်နေခဲ့၏။ အားလုံးနှင့် ချစ်ခင်ရင်းနှီးနေသည်။ အမြောက်က ဆရာကြီးလှခိုင်တို့မိသားစု၊ ဒေါ်ချစ်တို့မိသားစု၊ ဆရာဘိုနေမိသားစု၊ ရွှေဝါမိသားစု၊ ကိုတင်အောင် မတင်အုံး မိသားစု အားလုံးလိုလိုဖြစ်သည်။ ကျွန်တော်နှင့်စာလျှင် အိမ်၌ အမြဲ ကျန်ခဲ့သော မေနှင့် ပိုရင်းနှီးသည်။ ရပ်ကွက်သူ ရပ်ကွက် သားဖြစ်နေ၏။ ထစ်ခနဲဆို အားလုံးအကုန်သိသည်။ သူတို့ အထဲ၌ ဒေါ်ချစ်တို့မိသားစုနှင့် အရင်းနှီးဆုံးပါတည်း။ အစန်း လေးတို့ ညီအစ်မသုံးယောက်က သားသမီးလိုပင်ဖြစ်နေ၏။ ထို့ကြောင့် ကျွန်တော့်ကို လိုတာလေးတွေ ကြော်ချော်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပေးနေခြင်း ဖြစ်၏။

ထိုနေ့က ဒေါ်ချစ်ဆိုင်ရောက်သည်နှင့် အကြီးမအစန်းက ပြုံးစိပြုံးစိမျက်နှာနှင့် ကျွန်တော့်ကို ဆီးပြောတော့သည်။

"အောင်မယ်လေး ဦးရယ်၊ ဦးကလည်း တပည့်တွေ ခေါ်လာတာ မပွင့်တပွင့် ပျော့တိပျော့ဖတ်နဲ့ တကယ့် မခုတ်တတ်တဲ့ကြောင်ကလေးတွေ"

"ဦးတပည့် မခုတ်တတ်တဲ့ကြောင်ကလေးတွေက မခုတ်တတ်ဘူး၊ မခုတ်တတ်ဘူးနဲ့ ခုတ်မယ့်ခုတ်တော့လည်း ဆဒ္ဒန် ဆင်မင်းတောင်ခုတ်တဲ့ ကြောင်တွေပဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဦးတပည့်မောင်အုန်းငွေလေ ညက တစ်ညလုံး ဟောဟိုရုံကလေးထဲမှာ မပြားကြီးနဲ့ တစ်ယောက်တ တစ်ယောက် ဖက်ငိုနေကြတာ မိုးစင်စင်လင်းပါရောလား တစ်ညကွဲတာကိုပင် ရက်ပေါင်း ခုနစ်ရာခွဲကြတဲ့ ကိန္နရီ မောင်နှံလိုပဲနော်"

အမူအရာကောင်းကောင်းနှင့် အကြီးမအစန်းပြောပြ နေသည်ကို အငယ်မနှစ်ယောက်က ပြုံးပြုံးပြုံးပြုံးဖြင့် နားထောင်





နေကြ၏။

"ဟေ ဟုတ်လား။ သမီးက ဘယ်လိုလုပ်သိသလဲ"

"အဟင်းဟင်း၊ ညက သမီးတို့ညီအစ်မသုံးယောက် တစ်ညလုံး သွားချောင်းကြည့်နေကြတာလေ"

"အယ်"

"ဦးရေ၊ မပြားကြီးက ကိုအုန်းငွေကို သူ့ရင်ခွင်ထဲထည့် ပြီး ခေါင်းကလေးကို ပွတ်ပေးနေလိုက်တာ။ ဟိုကလည်း ရင်ဘတ်မှာ မျက်နှာအပ်ပြီး တရှုပ်ရှုပ်နဲ့ တစ်ညလုံးငိုနေတယ်။ တကယ့်ရုပ်ရှင်ထဲကအတိုင်းပဲ။ ဦးတပည့်တွေက အချွဲကောင်း တွေနော်"

"ဘယ်သိမလဲဟ"

"နောက်တစ်ခု ရှိသေးတယ်"

"ပြော"

"ဦးတပည့် မောင်အုံးငွေ အိပ်ရေးတွေ ပျက်နေတာရော သိလား"

"မသိဘူး။ ဒီကောင်မကြီးနဲ့ ညညချိန်းချိန်းတွေ့နေ လို့ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချိန်းစရာမလိုဘူး ဦးရေ၊ ဦးကလည်း တစ်ညလုံး မပြားကြီး အကြော်ကြော်ချိန်မှာ ဘေးနားကနေပြီး လိုတာ အကုန်လုံး မိုးလင်းအထိ ဝိုင်းလုပ်ပေးနေတာ၊ မပြားကြီးကလည်း သူ့မောင်လေးကို အကြော်တောင်ခွဲကျွေးနေသေး၊ ခစ် ခစ်၊ အဲဒါကြောင့် အိပ်ရေးတွေပျက်နေတာပေါ့ ဦးရဲ့"

"ကဲ တော်ပါပြီ သမီးရယ်၊ ဒီကောင့်ကို တပ်ကိုလည်း ပြန်လွှတ်လိုက်ပြီပဲ၊ ဇာတ်လမ်းက ပြီးသွားပါပြီ"

ကျွန်တော်က အစန်းလေးကို အတင်းပင်စကားလက်စ သတ်ကာ တပ်နယ်ဈေးမှ ပြန်ခဲ့တော့၏။ တပည့်တွေကြောင့် မျက်နှာကတော့ ခပ်ပူပူ။ သူတို့ပြောလည်း ပြောစရာများပါပေ

ကျွန်တော့်တွင် မခုတ်တတ်သောကြောင်လို တပည့် ရဲဘော်နှစ်ဦး ရှိခဲ့ဖူးပါသည်။

ကျွန်တော့်တပည့်တွေက မခုတ်တတ်ဘူး မခုတ်တတ် ဘူးနဲ့ ခုတ်မယ့်ခုတ်တော့လည်း ဆဒ္ဒန်ဆင်မင်း တောင်ခုတ်တဲ့ ကြောင်တွေပါလား။

အောင်မယ်လေးဗျာ။

၁၁-၆-၂၀၀





ကြွေနှင့်သွားသောပန်းကလေးများ

www.burmeseclassic.com

www.burmeseclassic.com

# ကြွေနှင့်သွားသော ပန်းကလေးများ

မနက် အိပ်ရာက ထလိုက်သည်နှင့် မောင့်ပလဲဆင့်ကုန်းပေါ်က တစ်ပင်တည်းသော ရင်ခတ်ပင်ကြီးကို လှမ်းကြည့်လိုက်ရာ ရင်ခတ်ပန်း ဝါဝါလေးတစ်ပွင့်၊ နှစ်ပွင့် ရှတ်တရက်ကြွေသွားသည်ကို မြင်လိုက်ရ၏။ ထိုအခါ မှုန်ဝါးဝါးအတိတ်ဆီမှ ပန်းချီကားတစ်ချပ်က တရေးရေးဖြင့် ပေါ်လာသည်။ မျက်စိကို ခဏမှိတ်ထားလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၄ ခုနှစ်က ဖြစ်ရပ်များ။

ညက မိုးထဲလေထဲမှာ ကျွန်တော့်ဗျူဟာနဲ့ လဲမည့် နည်းဗျူဟာအသစ် ရောက်လာ၏။ တပ်ရင်းတစ်ရင်းပါ ပါလာသည်။ တပ်လဲပြီးက ကျွန်တော်တို့ အလှည့်ကျအနား ပြန်ရပါမည်။ ဒီနေ့ မနက်အစောကြီးကတည်းက တလှုပ်လှုပ် တရွရွနဲ့ ဗျူဟာစခန်းကုန်းတစ်ခုလုံး ပြင်ဆင်နေကြသည်။ ရောက်လာသည့်တပ်အား လွှဲစရာရှိသည် များကို လွှဲပြောင်း ပေးနေကြသည်။ ရှင်းလင်းပြစရာရှိသည်များကို ကျွန်တော်အပါ အဝင် တာဝန်ရှိသူများက လူသစ်များသို့ အသီးသီး ရှင်းလင်းပြ ကြ၏။ စခန်းကုန်းတစ်ခုလုံး အသက်ဝင်လှုပ်ရှားနေသလို စခန်း အောက်ခြေရှိ ချောင်းငယ်ကလေးကလည်း သူ့တာဝန်မပျက် ကွေ့ပတ်စီးဆင်းမြဲ စီးဆင်းလျက်။

"ကဲ ဗျူဟာမှူးအသစ်ကလေး သတိဝီရိယနဲ့သာ နေခဲ့ပေတော့။ ဒီဒေသကတော့ သတိလွှတ်လို့ မရဘူးနော်"

ကျွန်တော်က တာဝန်လွှဲပြီး ဒီဒေသသို့ တစ်ခါမှ မရောက်ဘူးသေးသည့် ဗျူဟာမှူးအသစ်အား အထက်ပါ အတိုင်း မှာခဲ့သည်။ ပြီးတော့ အပြင်သို့ လှမ်းကြည့်လိုက်မိသ





စခန်းကုန်းအစွန် ချောင်းပေါ်မိုးနေသည့် ရင်ခတ်ပင် အုပ်အုပ်ကြီးများဆီမှ ရင်ခတ်ပန်းဝါဝါလေး တစ်ပွင့် နှစ်ပွင့်က အနောက်ဘက်က မိုးသက်လေတစ်ချက်အဝှေ့မှာ မိုးစက် ကလေးများနဲ့အတူ ချောင်းရေထဲသို့ ကြွေကျသွားကြသည်။ အပင်ပေါ်တွင် ကျန်ခဲ့သည့် အပွင့်များကတော့ သူတို့အဖော် အပွင့်ကလေးနှစ်ပွင့် ကြွေကျသွားသည်ကို စိတ်မကောင်းကြ သည်ထင့်။ လေအဝှေ့တွင် ဘယ်ဝှေ့ညာကူးနှင့် ယိမ်းထိုးနေ ကြ၏။ ခေါင်းရမ်းနေကြသလား မသိ။

ခြေသာ် ကြွေနှင့်သွားသည့် ပန်းကလေးများ။

☺

ကျွန်တော့်ဗျူဟာနှင့် အနားပြန်မည့်တပ်ရင်း ဒီဒေသတွင် တာဝန်ကျနေခဲ့သည်မှာ လပေါင်း အတော်ကြာပါပြီ။ ပြီးခဲ့သည့် ဆောင်းနှောင်းကာလက စရောက်သည်။ ယခုမိုးတွင်း ရောက်နေ ပြီ။ ဆောင်း၊ နွေ၊ မိုး ဥတုသုံးပါးလုံးနှင့် ကြုံခဲ့ရပြီးပြီ။ ဒီနေရာဒီဒေသကား လူသူမနီး တောကြီးမျက်မည်းဆိုသော် ရပါ၏။ ရှေးက လူသူ ရှိခဲ့ဖူးသော်လည်း ယခုတော့ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စွန့်ခွာထွက်ပြေးသွားကြပါပြီ။ ယခင် လူနေအိမ်ခြေရှိဖူးသည့် နေရာများတွင် ချုံနွယ်များ ပိတ်ဖုံးပြီး ပစ္စန္တရစ်တိုင်းပြည်ဖြစ်နေလေပြီ။ ဘယ်နေရာကြည့်ကြည့် တောနဲ့တောင်များချည်းသာ။ တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်းနှင့် အစဉ်အုံ့မှိုင်းရီဝေနေတတ်ပါသည်။

"မူဝံမပေါ် မမျှော်ပါရ
နေကိုတလည်း၊ ဘယ်ကရှေ့နောက်
ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်
ဖန်ဖန်အုံ့ညြိ၊ ကြုံတိုင်းမောစွ
ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့
မနိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်"

ဟု ဆိုရမလို ဖြစ်၏။

မည်သို့ဆိုစေ ကျွန်တော်တို့တစ်တွေကား သစ္စာလေးချက် ဦးထိပ်ရွက်နေသည့် တပ်မတော်သားများ ဖြစ်ကြသဖြင့် ကျရာနေရာဒေသတွင် အမိန့်နှင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည်သာဖြစ်ပါ၏။

ကျွန်တော်တို့ တာဝန်ကျနေသည့်နေရာကား ကရင်





ပြည်နယ်အတွင်း တစ်နေရာမှ သာလွန်ဒေသပါတည်း။

☺

ဒီတစ်ခေါက် ရှေ့တန်းအတက်တွင်တော့ ဇနီးသည်က

"ကို၊ ဒီတစ်ခေါက် ဘယ်ဘက် တက်ရမလဲဟင်"

ဟု မေး၏။

"သာလွန်တဲ့ကွာ"

"သာလွန်ဆိုတာ ဘယ်နားမှာလဲ ကို"

"သာလွန်ဆိုတာ မေ ခဏလိုက်လာဖူးတဲ့ ကတိုင်တိမြောက်ဘက်မှာကွ။ ကတိုင်တိနဲ့ ဆယ်မိုင်ကျော် လောက်ရှိတယ်။ ဆင်စွယ်ရွာနားက ဆင်စွယ်ချောင်းနဲ့ ယွန်းစလင်းချောင်းကြီးကို ကူးပြီးမှ သာလွန်ရောက်တာ"

"ဆင်စွယ်ဆိုတာ တောင်သုံးနားက ဟာလား"

"ဟုတ်တယ်။ အဲဒီကမှ ချောင်းကြီးတွေဖြတ်ပြီး သာလွန်ရောက်တာ"

"ဪ"

သူမက "ဪ" တစ်လုံးတည်းလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းစလင်းကူးပြီးမှရောက်မယ်ဆိုရင်တော့ သိ
မသက်သာလှဘူး ထင်တယ်နော် ကို"

"ကြည့်ရဦးမှာပေါ့ကွာ"

ခရီးမထွက်မီက အထက်ပါအတိုင်း ဖေးသည်နှင့် အ
အချ ပြောခဲ့မိဖူးပါသည်။

တကယ်တော့ သာလွန်ဒေသဆိုသည်မှာ ဖာပွန်မြို့နယ်
အတွင်းမှာပါ။ မြောက်ဘက်မှာ ကူးဆိပ်၊ တောင် ဘက်မှာ
ကတိုင်တိ၊ မယ်ညော်၊ အရှေ့ဘက်မှာ သံလွင်မြစ်ကြီး၊
အနောက်ဘက် ယွန်းစလင်းမြစ်တို့အကြား လျှိုမြောင်စိမ့်
များနဲ့ တောအထပ်ထပ် တောင်အသွယ်သွယ် အလယ်
နော်တရာပလောနဲ့ ဒေါမွဲဒေသပင် ဖြစ်ပါ၏။

ဖာပွန်မြို့နယ်မှာ ရှေးယခင်ကတည်းက အစွန်အဖျား
ဒေသမို့ လူနေကျဲပါးကာ အသွားအလာများ ခက်ခဲလှပါသည်
ကားလမ်းရှိသော်လည်း နွေရာသီတွင်သာ သုံးနိုင်ကြသည်
ရွာကလေးများမှာလည်း ရွာသိမ်၊ ရွာငယ်များသာ။
အကြမ်းဖက် သောင်းကျန်းသူများ ဖိစီးနှိပ်စက်မှုကြောင့် ရွာ
ပျက်ပြီ။ ရွာလေးအတော် များများ မရှိတော့ပြီ။





မမောင်းကို ပြောင်းကုန်ကြပြီ၊ ပြေးကုန်ကြပြီ။ တချို့ကတော့
ရေကြည်ရာ မြက်နုရာ ရွှေ့ပြွန်း၊ ဘားအံအထိ ဆင်းသွားကြ
သည်။ တချို့ဆို သထုံထိပင် စုန်သွားကြသည်။ သာလွန်တစ်ဝိုက်
မှာ ဘာရွာမှ မရှိတော့။ လူသူကင်းမဲ့၍ တကယ့်ကန္တာရကြီး
ဖြစ်နေခဲ့ပါပြီ။ ပြောမည်ဆိုက ဗုဒ္ဓဘာသာဘုန်းကြီး ကျောင်း
ကလေးတစ်ကျောင်းသာ ကျန်ခဲ့တော့၏။

ရွာများမရှိသော်လည်း ကျွန်တော်တို့ တပ်စခန်းများ
ကတော့ ရှိနေပါသည်။ တပ်စခန်းများမှ ဆွမ်းသွားပို့သည်။
ထို့ကြောင့်လည်း ထိုကျောင်းလေးမှ ရဟန်းတော်များက

"ဒကာကြီးတို့ရှိလို့ ဦးပဥ္စင်းတို့ ဆွမ်းမငတ်တာ"

ဟု ပြောကြရှာ၏။

အရှေ့ဘက် သံလွင်မြစ်ကြီးနားမှာက နာမည်ကျော်
ဖားဝီကျိုး (ခေါ်) ခွေးအိပ်တောင် (သို့မဟုတ်) ပွိုင့်-၄၀၄၄
တော့ ပွိုင့်-၃၈၀၈၊ ပွိုင့်-၃၆၁၀၊ ပွိုင့်-၂၈၉၅ စခန်းများ၊
နောက် ရန်ရှင်း၊ ရန်နိုင်၊ ရန်အောင်နှင့် အောင်မြေစခန်းများ
သည်ဖြင့် တမျှော်တခေါ် တစ်သီတစ်တန်း စခန်းကြီးငယ်
သွယ်သွယ်က ယွန်းစလင်းနဲ့ သံလွင်ကြားမှာ ထီးထီးမားမား



www.burmeseclassic.com

www.burmeseclassic.com



သီးသီးခြားခြား တည်ရှိနေကြ၏။

ဒီဒေသကို ကျွန်တော်တို့တပ်မတော်က ၁၉၉၂ ခုနှစ် KNU ခေါ် ကရင်အကြမ်းဖက် သောင်းကျန်းသူများ လက်ထဲ အသက်ပေါင်းများစွာပေးပြီး အမိအရ သိမ်းပိုက်ခဲ့ကြရ ထိုစဉ်က တိုက်ပွဲများပြင်းထန်လှ၍ ကမ္ဘာကတောင် အာရုံစိုက်ခဲ့ကြပါသည်။ BBC ကဆို မကြာခဏလွှင့်၍ မ သူတို့အသံ မကြားချင်မှ အဆုံး။

☺

"မာနယ်ပလောကို ခြိမ်းခြောက်ဖို့က ဒီဒေသ သိမ်းပြီး၊ ထိန်းထားမှ ရမယ်"

ကျွန်တော် နည်းဗျူဟာမှူးဖြစ်ခါစက အထက်တပ်မှူ ကြီးတစ်ဦးက သာလွန်နှင့်ပတ်သက်ပြီး အထက်ပါအတိုင် မှတ်ချက်ပြု၏။

စစ်ရေးအရ အချက်အခြာ ကျလှသည်မို့ ဒီဒေသကို မသိမ်း၍ မရပါ။ တပ်မတော်က မသိမ်းမီ ဒီနေရာတွင် KN များ အဓိကကျက်စားရာ ဖြစ်ခဲ့၏။ ရွှေကျင်၊ ကျောက်ကြီး





ညောင်လေးပင်မြို့နယ်များမှ ကျွဲ၊ နွား၊ မှောင်ခိုအုပ်ကြီးများ ရောက်စုဝေးသည်။ KNU ကို အခွန်ပေးဆောင်ပြီး မဲလက် ဂိတ်မှ မာနယ်ပလော ဖြတ်သည်။ ပြီးတော့ တစ်ဖက် ိုင်က မှောင်ခိုကုန်သည်များလက်ထဲ လွှဲသည်။ ထိုတရားမဝင် မှောင်ခိုအရောင်း အဝယ်က အခွန်အကောက်များဖြင့် KNU ကို လောကနိဗ္ဗာန် တည်ဆောက်နေကြသည်။ ခဲယမ်းမီးကျောက် ားဝယ်ပြီး နိုင်ငံတော်အား အဖျက်လုပ်ငန်းမျိုးစုံဖြင့် ဒုက္ခပေးကြ သည်။ ဒီဒေသကို ခြေကုပ်ယူပြီး ကမမောင်း၊ ဖာပွန် ဆက်သွယ် ေးလမ်းကြောင်းပေါ်က ကူးဆိပ်၊ ဆင်စွယ်၊ ကတိုင်တိ၊ ရေမှု သည့် တပ်စခန်းများကို မကြာခဏ လာတိုက်သည်။ ဖာပွန် ိုပြည်မ အဆက်အသွယ်ပြတ်အောင် လုပ်သည်။ နောက်ဆုံး ျတော့ ဖာပွန်ကိုပါ တိုက်မည်ပေါ့။ ဒါက သူတို့ရဲ့ အကြံအစည် တစ်စိတ်တစ်ပိုင်းပါ။

ဒါတင်မကသေးပါ။ ဒီဒေသမှာ KNU ဗဟိုနဲ့ ၁၁၁တပ် ဟာများ ဆက်သွယ်ရာတွင်လည်း ဖြစ်ပါသေးသည်။ သထုံ ဘက်မှ တပ်မဟာ (၁)၊ ရွှေကျင်၊ ညောင်လေးပင်နဲ့ တောင်ငူ အရှေ့ခြမ်းက တပ်မဟာ (၂)၊ (၃) တို့လည်း ဒီမှာ မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ဆုံကြသည်။ သာလွန်ဒေသက KNU ဗဟို မာနယ်ပလောနှင့် သံလွင်မြစ်တစ်ခုသာ ခြားသည်။ ပွင့်လင်းရာသီတွင် ပို့ုင့်-၄၀၄၄ ကနေပြီးကြည့်လျှင် KNU ဗဟို၏ ဆင်ဖြူတောင်ပေါ်က စခန်းများကိုပင် မြင်ရသည်။ (၁၉၉၅ ခုနှစ်က KNU ဗဟိုသိမ်းပိုက်ပွဲတွင် မြန်မာ့တပ်မတော်မှ အမြောက်ကြီးများဖြင့် ပို့ုင့်-၄၀၄၄ မှ မာနယ်ပလောသို့ ထိန်းချုပ်ပစ်ခတ်ခဲ့သည်။ ဤကား စကားချပ်)

သာလွန်ဒေသကိုသာ ထိန်းသိမ်းထားနိုင်ပါက မာနယ်ပလောကို အချိန်မရွေး ခြိမ်းခြောက်၍ရသည်။ မာနယ်ပလောသည် ကရင်ဗဟိုသာမက ပြည်ပြေးစိန်ဝင်းရဲ့ NCGUB ဌာနချုပ်သည်လည်းကောင်း၊ D.A.B ဌာနချုပ် သည်လည်းကောင်း အသီးသီး ရှိနေကြသည်။ ဒါ့ကြောင့် အကြမ်းဖက်သောင်းကျန်းသူတို့၏ စုဝေးရာကြီးဖြစ်နေပြီး သူတို့အတွက် အသက်တမျှ အရေးကြီးပါသည်။ ပြည်ပက ဆရာ့ဆရာကြီးများကိုလည်း မျှော်ဆန်တောင်းသည့်အခါ သကောင်သားများက မနယ်ပလောသို့ ပင့်ဖိတ်ကြပါသည်။ BBC ကလည်း "မာနယ်ပလောရွာကလေး" ဟု ကင်ပွန်းတပ်ကာ မကြာခဏ မွှန်းပေးသည်။





ထိုအကြောင်းတရားများကြောင့် သူတို့မာနယ်ပလောသာကို အထိအနိုက်မခံနိုင်။ ကျွန်တော်တို့ကလည်း မာနယ်ပလောသာနှင့် အမြောက်တစ်ကမ်းသာဝေးသည့် သာလွန်ကို လက်မလွှတ်အဲ အမိအရ ထိန်းသိမ်းထားခဲ့ကြပါသည်။ အခိုင်အမာ တပ်စွဲစခန်းများ စွဲထားကြပါသည်။ သာလွန်ကို ကျွန်တော်တို့ သိန်းထားနိုင်ခြင်းသည် သူတို့အတွက် အသည်းထဲက ဆူးဟု ဆိုရပါမည်။ တပ်စွဲထားသည်ဟု ဆိုရမှာ လွယ်လွယ်ကူကူတော့ ဟုတ်။ ကျွန်တော်တို့ တပ်မတော်သားများ၏ အသက်၊ သွေး ချွေးများနဲ့ ထိုက်ထိုက်တန်တန် လဲလှယ်ခဲ့ကြရ၏။

☺

သာလွန်ဒေသမှာ ခုနှစ်လတာနီးပါးအတွင်း ကျွန်တော့်ဟာ ကွပ်ကဲမှုအောက်က တပ်များမှ တိုင်းပြည် အတွက် အသက်ပေးသွားရသူ နှစ်ဆယ်ကျော်သည်။

ပွင့်လင်းရာသီ စုပုံရိုက္ခာ ပို့စဉ်က ကားများ မိုင်းထိရာတွင် တပ်သားသောင်းထိုက်နဲ့ဇာဟုတ်ကျဆုံးသည်။ တစ်ယောက်က ဗမာ၊ တစ်ယောက်က ချင်းကလေး၊ သကြံန်မင်္ဂလာမိက

www.burmeseclassic.com



တောင်သုံးလုံးနားမှာ ချောင်းပစ်ခံရသည်။ ဒုတပ်ကြပ် တစ်ယောက်နဲ့ ရဲဘော်တစ်ယောက် ကျဆုံးခဲ့ရပြန်သည်။ ထ တက်အလာတုန်းက မြစ်ကျိုးနားက တိုက်ပွဲမှာက သုံးယောက် ကျခဲ့သည်။ ကျသောင်းဆိပ်နားက တိုက်ပွဲမှာလည်း တပ်ကြပ် တစ်ယောက် အပါအဝင် သုံးယောက်ကျသည်။ ရိက္ခာစုပုံပြီး စခန်းထိန်းတာဝန် ထမ်းဆောင်ပြန်တော့ ငှက်ဖျားရောဂါ ဝမ်းရောဂါတွေက ဒုက္ခပေးပြန်သည်။ နှစ်စက ကျောင်းဆင်း လာတဲ့ တပ်သားသစ်အသုတ်က ရှစ်ယောက်လောက် ငှက်ဖျား ရောဂါ၊ ဝမ်းကိုက်ရောဂါများနှင့် ဆုံးပါးသွားသည်။ အရာရှိ တစ်ဦးပါ အဆစ်ပါသွားသေးသည်။ ဒီလို အကြောင်း အမျိုးမျိုး တိုင်းပြည်အတွက် အသက်များပေးလှူနေကြရပါသည်။

အမှန်ပင် ဒီဒေသမှာ အဖျားအနာ ထူပြောလှပါသည်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး ခြင်ရှိ၏။ ခြင်ကိုက်သည်။ မိုးတွင်းဆို ခြင်က ဆုပ်ပြီး ပက်လိုက်သလိုလည်း ပေါလှ၏။ နေ့ရောညပါ ကိုက်သည်။ ခြင်ကိုက်ခံရ၍ စစ်သည်များ မကြာ ခဏ ဖျားနာကြပါသည်။ ဗျူဟာမှူးကြီး ကျွန်တော်ပင်လျှင် ထိုဒုက္ခဘေးက ပြေးမလွတ်ခဲ့၊ သာလွန်ရောက်စ မိုးဦးကျ





ဆယ်ရက်လောက် ဖျားလိုက်ရသေးသည်။ အတော်ခံစားလိုက်ရ သည်။ အဖျားတာရှည်သွားပါက ငှက်ဖျားပိုး ဦးနှောက်တွင်း ရောက်သွားပြီး အသက်ပါ ဆုံးသည်။ ကျွန်တော့်မှာ **Artesunate** ကယ်ပေ၍ အသက်ဘေးက လွတ်ခဲ့ရ၏။ သာလွန် တွင် တချို့ရက်များဆို တစ်ရက်တည်းမှာ သုံး ယောက်လောက် ဆုံးသွားသည်များ ရှိသည်။ အထက်ဌာနများမှ လူနာကောက် ယာဉ် စီစဉ်ပေးသော်လည်း မိုးတွင်းမှာ မဆင်းနိုင်သည်က များသည်။ ရာသီဥတုက ကောင်းသည် မရှိ၊ အမြဲလိုလို မှုန်မှိုင်း အုံ့ဆိုင်းနေတတ်သည်။ သာလွန်က ခြင်များကလည်း ငှက်ဖျား ဆေးများ ယဉ်နေရော့သလား မသိ၊ တော်တော့ ငှက်ဖျားကာကွယ် ဆေးကို မဖြို၊ ဆေးက မတိုး၊ ဆေးအမျိုးစုံ စားနေသည့် ကြားကပင် ဖျားကြပါသည်။ ပြောမယုံ ကြုံဖူးမှ သိကြပါမည်။

အဖျားအနာသာမက အစားအစာကလည်း ရှားပါးလှပါ သည်။ စုပုံရိက္ခာကလွဲ၍ စားစရာ မရှိ၊ အသားဘူး၊ ငါးဘူး များသာ အားထားနေရသည်။ ယွန်းစလင်းနှင့် ဒေါမွဲဘေးက စခန်းလေးတစ်ခု နှစ်ခုကတော့ဖြင့် ကွင်းစပ်နှင့်နီး၍ အသီး အရွက်ကလေးများ ရှာစား၍ရသည်။ ချောင်းကလေး၊ မြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးများတွင် ငါးကလေး၊ ဖားကလေး ရှာစားနိုင်သည်။ စားစရာရှာရင်း သောင်းကျန်းသူ ကရင်ငပွေးများလည်း သတိထားရသေးသည်။ ငပွေးတို့က စိမ့်ဝင်လာပြီး ချောင်းပစ်တတ်သည်။ စားပင်၊ သီးပင်များကြား မိုင်းများထောင်သွားတတ်သည်။ သူတို့က ဒေသခံများဖြစ်၍ နယ်မြေ ကျွမ်းကျင်ကြသည်။ ကျွန်တော်တို့ သတိလစ်၍ မရ၊ သတိလစ်က ကျွန်တော်တို့ခြေထောက်များ အတိုတစ်၊ အရှည်တစ်ဖြစ်သွားနိုင်သည်။ အသွားမတော်တစ်လှမ်း၊ အစားမတော် တစ်လုပ် မဟုတ်လား။ ဤလိုနှင့် ခလရ (၄) မှ ဗိုလ်စောအောင်ထွန်းလေး ကျဆုံးခဲ့ရသည်။

တောင်ပေါ်စခန်းအများစုမှာ ကွင်းပြန့်စခန်းများလို မဟုတ်။ ဘာစားစရာမှ ရှာမရ၊ အောက်က ပို့ရသည်။ မိုးတွင်းမှာပင် မျှစ်နဲ့ ငှက်ပျောအူတောင် အနိုင်နိုင်။ လစာပေးအဖွဲ့ တစ်လတစ်ခေါက် မှန်မှန်တက်ပြီး ငပိ၊ ငါးခြောက်၊ ကြက်သွန် အာလူး၊ ဆေးလိပ်နဲ့ စားလို့ရရာ အသီးအရွက်များ ပို့ပေးရသည်။ မိုးတွင်းစိုက်ပြီး စားနိုင်အောင် ချဉ်ပေါင်စေ့၊ ရုံးပတီစေ့၊ ဗဲဘူး၊ ဖရုံ သခွားစသည့် စင်တင်သစ်စေ့များပါ ထည့်ပေးရသည်။ အသီးအရွက် ရှားလှ၍ မြက်ကျွတ်ပင်ကလေးများကိုပင်





စားကြရသည်။ အနွံပြင်းပြင်းနဲ့ ပန်းဖောက်ထိုးပင်များကို လည်း "တပ်မတော်ရွက်ကွ"ဟု ကြွေးကြော်ပြီး အားရပါးရ စားကြရသည်။

အသီးအရွက်သာမက အသားကလည်း စားစရာမရှိ။ သူ့ဘက်ကိုယ့်ဘက် စွန့်လွှတ်မိုင်းများကြောင့် မည်သူမှလည်း တောမလည်ရဲကြ။ အသားစာတ်ရအောင် ဆောင်းတွင်းဆို ပုရစ်များ ဖမ်းစားရသည်။ နွေဆို ပုဇဉ်းရင်ကွဲများ လိုက်ရိုက်ပြီး စားရသည်။ စခန်းများတွင် မင်းမူသောင်းကျန်းနေသည့် ကြွက်များကိုလည်း ထောင်ဖမ်းပြီး စားဖြစ်သည်။ စားလို့ရတာ အကုန်စားသည်။ ယခုဆို ကြွက်တောင် အတော်ရှားနေပြီ။ ကျွန်တော်တို့ကို ကြွက်ကတောင် စိတ်ညစ်သွားရသည်။

အစားအစာရှားပါးသည်သာမက ရာသီဥတုကလည်း ဆိုးဝါးလှသည်။ နွေတွင် ပူလောင်နေသည်။ ကွင်းစပ်စခန်းများမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေသုံးလေးရာသာရှိ၍ ချွေးတလုံးလုံးနှင့် အိုက်စပ်နေတတ်သည်။ မိုးတွင်းဆိုက ကွင်းစပ်စခန်းများမှာ ရေပတ်လည်ဝိုင်းနေပြီး မိုးရေတစ်ရေ တဖွဲ့ဖွဲ့ ကွင်းကျယ်အဝေးဝေး ဖြစ်နေသည်။ စခန်းတစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု လှေနဲ့ ကူးကြရသည်။ မဟာဇနကထုံး နှလုံးမူကြရသည်။ ရေစီးကလည်း သန်လှသည်။ မကြာသေးမီကပင် ရေမကူးတတ်သည့် ရဲဘော်တစ်ဦး ရေထဲချော်ကျရာ ရှာ၍ မတွေ့တော့။ အရှိန်နဲ့ မျောပါသွားသည်။ သုံးရက်လောက်ကြာမှ ယွန်းစလင်း မြစ်ထဲတွင် အလောင်းပြန်ပေါ်လာသည်။ ရေဘေးကလည်း သိပ်ပြီးမသေး၊ အရေးထဲမှာ မျှော့များက မကြာခဏ ငိုင်းတွယ်တတ်ကြပါသေးသည်။ စစ်သားများ ဖြစ်နေ၍ တော်သေးသည်။ စစ်သမီးများဆို ခက်ဦးမယ်။ ဖြုတ်ကလည်း ဘာကိုက်သလဲ မမေးနဲ့၊ ခြင်ထောင်ထဲထိ လိုက်ကိုက်သည်။ ခြင်ကတော့ သီချင်းစာဖွဲ့ယူရလောက်အောင် ကိုက်ပါပေသည်။

တောင်ပေါ်စခန်းများက ခြင်၊ ဖြုတ်အကိုက်တော့ နည်းနည်းသက်သာသည်။ သို့ရာတွင် သူ့ဒုက္ခက တစ်မျိုး အမြဲတမ်း မြူဆိုင်းအုံ့မှိုင်းနေပြီး ဘယ်ကိုမှ ကောင်းစွာ မမြင်ရ။ လေပြင်းများက အဆက်မပြတ် တဟူးဟူး တိုးဝှေ့တိုက်ခတ်နေတတ်သည်။ အဆောက်အဦများ မကြာခဏ ပျက်သည်။ မိုးတွင်းဆို တောင်ဘက် မှ လေပြင်းများလာသလို ဆောင်းတွင်းမှာလည်း အသည်းခိုက်အောင် အေးလှပါသည်။ တောင်ပေါ်စခန်း





တွေ အားလုံး နှင်းခိုးနှင်းငွေ့များက အစဉ်လိုလို ဖုံးလွှမ်းနေတတ်သည်။

ရှေ့တန်းစခန်းက ကျွန်တော်တို့ တပ်မတော်သားများရဲ့ အာဝေဏိက ဒုက္ခများက မသေးလှပါခင်ဗျာ။ ထိုအာဝေဏိက ဒုက္ခများနှင့် ဆက်စပ်၍ သာလွန်ရောက်ပြီး လေးငါးလအကြာ၌ "သာလွန်ဆိုသည်မှာ" အမည်ရသော ကပေါက်တိ ကပေါက်ချာ ကဗျာတစ်ပုဒ်အား ကျွန်တော် ရေးစပ် ထုတ်လုပ်လိုက်၏။ ထိုကဗျာမှ တစ်ပိုင်းစာစ်စအား မျှဝေခံစားနိုင်ရန် အောက်တွင် ဖော်ပြလိုက်ပါသည်။

"သာလွန်အရှေ့ တောင်ငွေ့တွေဖြာ ကြည့်လေရာမှာ
တောင်သေလာတိုင်း မြူခြေဆိုင်း၍
နှင်းရှိုင်းတွေကျ မိုးရွာချနဲ့
လွလွဖြူဖွေး ဟိုးအဝေးမှာ လေးသုညလေးလေး
ခွေးအိပ်တဲ့တောင် ညိုမှောင်မှောင်နဲ့
မြင်ယောင်ကြည့်စမ်း မြောက်တောင်တန်းနေ
တောင်တန်းတွေလည်း စီရိုပဲလေ
ထိုတောင်တွေမှာ နေကြရှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အာဝေဏိက ဒုက္ခခံစား
စစ်သည်များမှာ စစ်သားမို့ပါ သစ္စာလေးချက်
ဦးထိပ်ရွက်လျက် အခက်အခဲ
ဘယ်လိုပဲကြုံ တို့မဖြုံဟု
မတုန်မလှုပ် ကြိုးကုပ်အားတင်း ရဲမာန်သွင်းလျက်
ကိုယ်နဲ့သက်ကို နှင်းဆက်တိုက်မည်
စိတ်မှာ ရည်၏။
ဩော် မြယာပင်တော သာလွန်ကျော်မှာ လေးလတာမျှ
ကြာကြပြီ''

ကဗျာတစ်ပိုင်းတစ်စမှာ ထိုမျှသာ ဖြစ်ပါ၏။

☺

မှတ်သုန်မိုးက အငြိုးကြီးစွာဖြင့် သဲသဲမဲမဲရွာလျက်၊ ရောက်လာသည့်တပ်သစ်ကို စခန်းတာဝန်လွှဲခဲ့ပြီးပြီ။ ကျွန်တော်တို့အားလုံး စခန်းကုန်းပေါ်မှ ဆင်းလာခဲ့ကြ၏။ စခန်းဘေးက ဝါးရုံတောကလေးမှာလည်း စုရုံးလိုက်ကြပါသည်။ ဝါးရုံတောလေး





ထဲတွင်ကား တပ်ထွက်လာစဉ်က ရှေ့တန်းသို့ အတူတကွ ထွက်ခဲ့ကြပြီး၊ ယခုတပ်အပြန်တွင်တော့ ပြန်လည် မလိုက်ပါနိုင်တော့သည့် ရောင်းရင်းရဲဘော်ဘက်များ ထာဝရလဲလျောင်းကျန်ရစ်ခဲ့ရာ မြေပုံမို့မို့များ၊ မှတ်တိုင်များနှင့် နာမည်ကိုယ်စီ ထိုးထားပါသည်။ စုစုပေါင်း (၂၁)ဦး။

ဗိုလ်စောအောင်ထွန်း၊ တပ်ကြပ်ဌေးကျော်၊ တပ်သား အဒီး၊ တပ်သားမင်းအောင်စိန်၊ တပ်သားဇာဟုတ်၊ တပ်သား သောင်းထိုက် စသည် စသည်ဖြင့် အားလုံးဆုံးအောင် ကျွန်တော် ဆက်မဖတ်နိုင်ပါပြီ။ စစ်ကြောင်းကြီး တစ်ခုလုံး စနစ်တကျ စုရုံးတန်းစီပြီး သူတို့ကို နောက်ဆုံးနှုတ်ဆက် အလေးပြုလိုက်ကြပါသည်။

''ကဲ နေရစ်ခဲ့ပေတော့ ရဲဘော်တို့ရေ။ မင်းတို့ တာဝန်ကျေပါပြီ''

''ရဲသော် မသေ၊ သေသော် ငရဲမလားပါ''

နှုတ်မှ ခပ်တိုးတိုး ရေရွတ်၍ တက္ကသိုလ်တွင် သင်ခဲ့ဖူးသည့် ရှင်မဟာသီလဝံသ၏ စာတစ်ပိုင်းတစ်စကိုလည်း သတိရမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူရဲဘာဘာ အသက်ကိုစွန့်မြဲ
သူရဲမှုလျက် အသက်ကိုချစ်ဖွယ် မရှိ
အသက်ကို ချစ်သော် သူရဲမှုဖွယ် မရှိ'

အသက်စွန့်သူတွေ စွန့်သွားကြပါပြီ။ မလိုအပ်ဘဲ ထပ်၍ မစွန့်စေရပါ။ ထို့ကြောင့် ဝါးရုံတောလေးက မထွက်မီ ပို့ပွင်သွားမည့် တပ်ခွဲမှူးနှစ်ဦးကို ခေါ်လိုက်၏။ အထိအခိုက် အရှုအနာ မရှိစေရေး ညကလည်း မှာပြီးပြီ။ ယခုလည်း ကျွန်တော်က မှာသင့်သည်များ ထပ်မှာရသည်။ မမှာလို့ကတော့ မဖြစ်။ ကျွန်တော်တို့နောက်မှ တောင်ပေါ်က ဆင်းလာမည့် စစ်ကြောင်းများက ရှိသေးသည်။ ထိုစစ်ကြောင်းများမှာက လက်နက်ကြီးများ၊ ကျည်ဆန်ပုန်းများ စတဲ့ အလေးအပင်များသာမက ဖျားနာနေသည့် လူနာစစ်သည်များနဲ့ အထမ်းအပိုးများက တစ်အုပ်တမကြီး ပါလာကြဦးမည်။ ဒါတွေအတွက် ရှေ့မှ လုပ်သင့် လုပ်ထိုက်သည်များ လုပ်သွားမှ ရပါမည်။ မလုပ်မိက အထိအခိုက် အကျအဆုံးများ ရှိလာဦးမည်။ ကျွန်တော်ကိုယ်တိုင် ပင် စိတ်ပူ၍ ရှေ့က လိုက်ခဲ့၏။

"အဘ ရှေ့က မလိုက်ပါနဲ့"





ဟု ဦးစီးအရာရှိများက တားသည်ကိုပင် လက်မခံခဲ့ပါ။

"ရပါတယ်ကွာ။ ကိုယ်တစ်ယောက်တည်းမှ မဟုတ်ဘဲ၊ တပ်ရင်းမှူးလည်း ပါတာပဲ"

ဟု ပြောမိ၏။

သာလွန်ဒေသမှ ကျွန်တော်တို့စစ်ကြောင်း တရွေ့ရွေ့ ပြေးထွက်တော့ မိုးကသာ သဲသဲမဲမဲ ရွာနေသည် မဟုတ်။ ဒေါ်မွှေချောင်းကလေးကလည်း တရှုံရှုံ တဟဲဟဲ မြည်ဟီးပြီး တောင်ကျရေ နီနီများက ဒလဟော စီးဆင်းနေသည်။ ရေစီး သန်လှ၍ လွယ်လွယ်နဲ့ ဖြတ်မရ။ တံတားကလည်း ရေမျောပါ သွားပြီ။ ကြိုးတန်းပြီး တစ်ဦးစီ ကြိုးကိုင်ကူးရသည်။ မိုးထဲရေထဲ မှာ ကြိုးလွတ်ပါသွားမှာ စိုးနေရသေးသည်။ ဂရုမစိုက်၍ကတော့ ချေ။ တက်လာသည့်တပ်က ရေစီးထဲ မျောပါသွား၍ စစ်သည် တစ်ယောက် ရေနစ်သေဆုံးသွားပြီးပြီ။ ယခုထပ်ပြီး အဆုံးမခံနိုင် ပါ။

"ဟေ့ ကြည့်လုပ်ကြနော်။ အလာတစ်ယောက် အပြန်တစ်ယောက် ဖြစ်နေဦးမယ်"

အထက်ပါအတိုင်း သတိပေးရသေး၏။ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်ကြီးကြပ်မိ၏။

ဒေါ်မွဲကူးပြီးရင်တော့ ဆင်စွယ်နဲ့ ယွန်းစလင်းမြစ်ကို ကူးရဦးမည်။ အဲဒါတွေကူးပြီးရင် အနီးဆုံးစခန်းက ကတိုင်တီ၊ အဲ့ဒီမှာ တစ်ထောက်နားပြီး ဆက်ထွက်က ရေပူ၊ အဲ့ဒီနောက် ဆက်ထွက်ရင်တော့ သံလွင်အနောက်ခြမ်းက ကမမောင်းမြို့ ကလေး၊ ကမမောင်း ရောက်ရင်တော့ ခြေလျင်ခရီးပြီးပြီ မော်တော် စီးရပါမည်။ မော်တော်ပြီးရင်တော့ မီးရထားနဲ့ ဒွာနချုပ်ရှိရာ အထက်အညာဒေသ ရောဝတီအနောက်ဘက်က ကမ်းခြေဖေယျာသို့။

☺

လောလောဆယ်တော့ သာလွန်ဒေသကနေပြီး ကမမောင်းအထိ ခြေလျင်သွားရမည့် ကန္တာရ ခရီးကြမ်း။

ချောင်းအတန်တန် ကူးရမည်။ ဒေါ်မွဲ၊ ယွန်းစလင်း ဆင်စွယ်စသည်များ မည်သည့်နေရာမှ တံတား မရှိ တံတားများ ရေထဲမျောပါသွားခဲ့ပြီ။ မြစ်ချောင်းအားလုံး ရေက ပြည့်လျှံနေသည်။ တံတားနေရာဟောင်း များတွင်လည်း ငွေးတိုင်





ခိုင်းထောင်ထားကြသည်တဲ့။ လမ်းကြောင်းလည်း သုံးမရ။ လမ်းကြောင်းဟောင်းပေါ် တွင်လည်း တိုက်မိုင်း၊ နင်းမိုင်း၊ ခွဲမိုင်းအမျိုးစုံဖြင့် ငွေးများက ချုံခိုစောင့်တတ်သည်။ အနူလက် သီးတိုးခံရနိုင်သည်။ သို့ဖြစ်၍ ကျွန်တော်တို့ တောတိုးရမည်။ ချုံခုတ်ရမည်၊ ဆူးညှိမည်၊ ဝါးကိုင်းရိုက်မည်၊ သက်ကယ် ရှုသည်။ တောင်စောင်းများက ချော်ကျမည် စသည်ဖြင့် ခရီးက သော့ တွင်မည်မဟုတ်။ တရွေ့ရွေ့သာ တိုးသွားရမည်။ တစ်နေ့ တစ်လံ ပုဂံဘယ်ပြေးမလဲဆိုတဲ့ ဖွဲ့နဲ့ချီတက်ရမည်သာ။

"ကဲ ကိုယ့်လူတို့။ မင်းတို့ယောက်ဖတွေက အတိုတစ် အရှည်တစ်ဖြစ်အောင်လုပ်ဖို့ စောင့်နေတယ်ဟေ့။ သတိဝီရိယ ကြီးစွာနဲ့သာ ချီတက်ကြပေတော့။ မှားသူ ခံစတမ်းပဲ"

အဲဒီလိုလည်း မှာတမ်း ခြွေရသေး၏။

တပ်ပြန်အဝင်မို့ အမြန်ချီတက်ချင်၍တော့မရ။ အလောတကြီးဆယ်လုပ်လိုက်မိက အိမ်ကမိန်းမ မုဆိုးမ ဖြစ်သွားနိုင်သည်။ အပြေပန်းနဲ့ လက်ကမ်းမကြိုနိုင်ဘဲ ရေချိုးထားတာပါ အလကား ဖြစ်သွားနိုင်သည်။ အတိုတစ်၊ အရှည်တစ်နဲ့ စစ်သားဘဝက အနားယူသွားရနိုင်သည်။ မည်သို့ဆိုစေ မိုးထဲလေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့တစ်တွေ ကတော့ အမိန့်နဲ့တာဝန်ကို ဦးလည်မသွ
ထမ်းဆောင်လျက်

"မိုးတွေကလည်း မစဲဘဲ ရွာနေတယ် ××× မြ
ချောင်းအင်းအိုင် ရေတွေပြည့်လို့ ငါတို့တိုက်ရတယ် ဘယ်
မှာလဲ အိပ်ရတယ် ရှိလိမ့်မယ် ××× အမြဲတမ်း ချီတ
လို့သာ တိုက်ခိုက်နေရတယ်"

အရေးထဲတွင် စစ်သည်သုံးလေးဦးက အထက်ပါအ
စစ်ချီသီချင်းများ ဆိုနေ၍ ပြုံးရပါသေးသည်

"ကဲ သွားကြ သွားကြ။ ဒို့အားလုံး ကမမောင်းရော
အေးမယ်"

ရဲဘော်များကိုပြောရင်း အတွေးစများက ခေါင်းထဲဝင်
၏။ အတွေးစများကို တစ်ခုပြီးတစ်ခု ဆက်ကြည့် နေမိသည်

☺

၁၉၈၈ က တိုင်းပြည် ချောက်ထဲမကျအောင် ကျွန်
တို့တပ်မတော်က ကယ်တင်ခဲ့သည်။ ထမင်းစားဖို့ တစ်ခု
အတွက် ကျွန်တော်တို့တစ်တွေ တပ်ထဲ ဝင်လာတာ မဟုတ်





၏။ သမိုင်းအစ ဘိုးဘွားမိဘများရဲ့ တိုင်းချစ်ပြည်ချစ်စိတ်ကို
အမွေခံနေခြင်းသာ ဖြစ်ပါ၏။

ကျွန်တော်တို့ ဘိုးဘွားဘိဘင်များက ပုဂံ၊ တောင်ငူ၊
ကုန်းဘောင် လက်နက်နိုင်ငံတော်ကြီးများကို တည်ထောင်ခဲ့ကြ
၏။ နယ်ချဲ့အင်္ဂလိပ်နဲ့ ဖက်ဆစ်ဂျပန်များကို တွန်းလှန်ပြီး
လွတ်လပ်ရေးရအောင် စွမ်းဆောင်ခဲ့ကြ၏။ အမျိုးမျိုးသော
အရေးအခင်းကြီးများ၊ အန္တရာယ်များကြားမှ တိုင်းပြည်ကို ကယ်မ
ခဲ့ကြ၏။ ဒီစိတ်ဓာတ်ကို ကျွန်တော်တို့ အမွေခံကြရပါမည်။

ဒီစိတ်ဓာတ်နဲ့ပဲ ကျွန်တော်တို့ ဘိုးဘွားမိဘများဆီက
တာဝန်များကို ပုခုံးပြောင်းပြီး ဆက်လက်ထမ်း ဆောင်သွားကြပါ
ဦးမည်။ တပ်မတော်ရဲ့ အစဉ်အလာကောင်းများနဲ့ ဒို့တာဝန်
အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားကြပါဦးမည်။ ဒီတာဝန်
တွေ ထမ်းဆောင်ရင်း ရင်ခတ်ပွင့်ကြီးက ပန်းပွင့်လေးများ
ကြွေသလို ပန်းကလေးများကား မရှောင်သာ မလွှဲသာ ကြွေနေ
ကြပါဦးမည်။

သို့ရာတွင် ခေတ်အဆက်ဆက်က ပြုစုပျိုးထောင်လာခဲ့
သည့် ကျွန်တော်တို့ရဲ့ ပန်းဥယျာဉ်ကြီးမှ ပန်းမျိုးတစ်ရာ နှင့်ရ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဆက်ကာ ဆက်ကာ ပွင့်နေဦးမည်သာပင်။

☺

အတွေးစဉ် အမျှင်တန်းက ဖျတ်ခနဲ ဆုံးသွား

မျက်စိ ဖွင့်ကြည့်လိုက်တော့ မောင့်ပလဲဆင့်ကုန်းပေါ်


ရင်ခတ်ပင်ကြီးမှာ ရင်ခတ်ပန်း ဝါဝါတွေ ထိန်ထိန်ဝေလျ

☺

၁၉၉၄ ခုနှစ်က နည်းဗျူဟာ (၃၃၁)နှင့်အတူ သာ

ဒေသတွင် တာဝန်ထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုလျ

မြရတနာစာပေ




www.burmeseclassic.com

www.burmeseclassic.com

# မလွှမ်းပို မငိုနဲ့နော်

ညောင်ခန်းထဲတွင် အမျိုးသမီးကြီးတစ်ဦး ရောက်နှင့်နေ၏။

သူမနှင့်မျက်နှာချင်းဆိုင်ခုံသို့ ကျွန်တော် ဝင်ထိုင်လိုက်သည်နှင့် ကျွန်တော့်ကို အကဲခတ်သလိုကြည့်လိုက်ပြီး သူမကပင် စတင်ပြီး စကားဆိုသည်။

"မြင်ဖူးသလိုရှိတယ်နော်"

"မလွှမ်းပိုကလည်း လုပ်ပြန်ပြီ"

"ဟယ်၊ ကိုသက်ဦး"

သူမက အလွန်ဝမ်းသာသွားသည်။ ကျွန်တော့်အသံကို မှတ်မိသွားပြီး မုန့်ရသည့်ကလေးငယ်လေးလိုလည်း ပျော်မြူး



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

"ကိုသက်ဦးက သိပ်ဝလာ တာကိုး။ ကျွန်မ ဘယ် မှတ်မိမှာလဲ၊ မတွေ့ကြတာလဲ ကြာပြီနော်"

"ဟုတ်တယ်။ အနှစ်လေးဆယ်နီးပါးရှိပြီ။ တစ်ခါမှ ပြန်မဆုံကြတော့ဘူး"

"အနှစ်လေးဆယ်နီးပါးရှိပြီနော်"

"ဟုတ်တယ်လေ"

"ကိုသက်ဦး အခု ဘာလုပ်နေလဲ"

"**Free Lance Writer** လေ။ အငြိမ်းစားစာရေးဆရာ၊ စာပဲရေးတယ်။ မလွှမ်းပိုရော"

"အတူတူပါပဲရှင်"

"နေတော့ရော။ အခု ဘယ်သူတွေနဲ့လဲ။ **Family** နဲ့လား"

သူမက ကျွန်တော့်အမေးကို မချိုမချဉ်အပြုံးဖြင့် နားထောင်ပြီး အသာအယာ ခေါင်းရမ်းကာ

"အရင်လိုပါပဲ။ နေတာလည်း အရင်မြို့မှာပဲလေ။ ရန်ကုန်ရောက်တုန်း စာမူကိစ္စနဲ့ မဂ္ဂဇင်းတိုက် ခဏဝင်လာတာ။





ကိုသက်ဦးကရော"

"ကျွန်တော်က ဒီရန်ကုန်မှာပါ။ ဒီကို မကြာမကြာ ရောက်ပါတယ်။ မလွှမ်းပိုနဲ့ မဆုံဖြစ်ကြလို့ပါ"

"ဆုံဖို့ကြုံဖို့ဆိုတာလည်း အကြောင်းတိုက်ဆိုင်မှလေ"

"ဟုတ်တာပေါ့"

"ဒါနဲ့ ဟိုလူတွေရော"

"သူတို့လည်း ပင်စင်စားတွေဖြစ်ကုန်ကြပြီ။ ကိုအေးကို က တောင်ကြီးမှာ အခြေချတယ်လို့ကြားတယ်။ ကိုကျော်ကျော် ကတော့ ရန်ကုန်မှာပဲရှိပါတယ်။ မနှစ်က ကျွန်တော် ဗုဒ္ဓဂါယာ ဘုရားဖူးသွားတော့ သူနဲ့ နီပေါမှာ တွေ့ခဲ့သေးတယ်။ သူတို့အဖွဲ့နဲ့ ကျွန်တော်တို့အဖွဲ့ လုမ္ဗိနီမှာ သွားဆုံတာ"

"ဩော် တွေ့ရင်ပြောပေးဦးနော်။ ကျွန်မက သတိရ လျက်ပါဆိုတာ"

ကျွန်တော်က ပြုံး၍ခေါင်းညိတ်ပြလိုက်၏။

သူမနှင့် ကျွန်တော် ရှေးဟောင်းနှောင်းဖြစ်များပြောပြီး၊ စကားကောင်းနေစဉ် မဂ္ဂဇင်းတိုက်မှ တာဝန်ရှိသူများရောက်လာ ၍ စကားစပြတ်သွား၏။ အယ်ဒီတာအဖွဲ့နှင့် ကိုယ်တော်စွများ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောဖြစ်ကြသည်။ ကိစ္စများပြီးသွားမှ သူမနှင့် အချိန်အတော်ကြာအောင် စကားပြန်ဆက်ဖြစ်၏။ အယ်ဒီတာအဖွဲ့က ကျွန်တော်တို့နှစ် ယောက်ကိုကြည့်ပြီး အံ့ဩနေ၏။

"ဆရာမကြီးတို့နှစ်ယောက်က အသိတွေလား"

"သူငယ်ချင်းတွေ"

"သြော်"

"ကိုသက်ဦး စာတွေရေးမှန်း ကျွန်မ မသိဘူး။ အခုရင် ကျွန်မနဲ့တွေ့တုန်းကတည်းက ရေးနေတာလား"

"အဲဒီကတည်းက မလွှမ်းပိုအားကျလို့ ကဗျာအတိုအစလေးတွေ ရေးကြည့်နေပြီ"

"ဟင်း လုပ်ပြီ။ ဟုတ်လည်း မဟုတ်ဘဲနဲ့"

"တကယ်ပါ။ အဲဒီတုန်းက ရေးထားတဲ့ ကဗျာလက်ရေးမူစာအုပ်ကလေးတောင် သိမ်းထားတာ အခု ထက်ထိရှိသေးတယ်"

"သြော် တကယ်နော်"

"တကယ်ပါ"

ထိုနေ့က မဂ္ဂဇင်းတိုက်တွင် မလွှမ်းပိုနှင့် ကျွန်တော်တို့





အချိန်အတော်ကြာအောင် စကားပြောဖြစ်ခဲ့သည်။ သူမ့်ပြန်ရန် ကားလက်မှတ်ဝယ်ထားပြီးဖြစ်သဖြင့် ကားထွက်ချိန်နီး၍ ကျွန်တော့်ကို နှုတ်ဆက်ကာ ထွက်ခွာသွားတော့၏။ အသက်ကြီးသော်လည်း မလွှမ်းပိုက ရှေးယခင်ကလို သွက်သွက်လက်လက်နှင့် ငယ်မူငယ်သွေးအချို့ ကျန်နေပါသေးသည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်နှင့်လာတွေ့သွား၍ အလွန်လည်း သူမ ဝမ်းသာ သွားပုံရ၏။ ဝမ်းသာမည်ဆိုလည်း ဝမ်းသာလောက်၏။ မလွှမ်းပိုနှင့် ကျွန်တော်ကြားတွင် ပြောစရာများ အတော်များများ ရှိခဲ့ဖူးပါသည်။

ထိုပြောစရာများကား

☺

၁၉၇၁ မိုးတွင်းကာလ။

ရန်ကုန်ချော်တွင်းကုန်းရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်တွင် ကျွန်တော် သင်တန်းတက်ရသည်။ သင်တန်းက သဘောတရားရေးရာသင်တန်း။ နည်းပြအဆင့်ဖြစ်၍ သင်တန်းသားအတော်များများမှာ စီနီယာအရာရှိ ကြီးများသာ ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ပေါက်စ သုံးလေးငါးဦးသာ ပါဝင်ရာ ကျွန်တော်၊ ကိုကျော်ကျော်၊ ကိုအေးကို၊ ကိုဟန်တင်တို့ ဖြစ်ကြ၏။ ကျွန်တော်တို့က ဗိုလ်အဆင့် လက်ဖတင်နင် **Lieutenant** လေးတွေ။ ကျန်သင်တန်းသားများမှာ ဗိုလ်ကြီး **Captain** နှင့် ဗိုလ်မှူး **Major** များသာဖြစ်၏။

သင်တန်းသားက ၄၀ ကျော်သည်။ လူကြီးများကို ဗိုလ်မှူးတစ်ယောက်တစ်ခန်း၊ ဗိုလ်ကြီးနှစ်ယောက် တစ်ခန်းထားသော်လည်း ကျွန်တော်တို့ နောက်ဆုံးက လူငယ်လေးဦးကိုမူ လေးယောက်တစ်ခန်း၌ စုပြီး အတူထားသည်။ ကျွန်တော်တို့ လေးဦးသည် ရောက်ခါစက တစ်ယောက်အကြောင်းတစ်ယောက် မသိကြသေးသဖြင့် ခပ်တည်တည်နှင့်လုပ်နေကြ၏။ ရက်အနည်းငယ်အကြာတွင်မူကား လေးဦးလုံး ငယ်ပေါင်းကြီးဖော်ပမာ စစ်သားပီပီ ရင်းရင်းနှီးနှီး စကားပြောဖြစ်ကြတော့၏။ အားလုံး အသက်သုံးဆယ်ပင် မရှိကြသေးပါ။ သို့ရာတွင် လူပျိုကမူ အသက်သုံးဆယ်ပြည့်ခါနီး ကိုကျော်ကျော်တစ်ဦးသာ ပါ၏။ ကျန်ကျွန်တော်တို့သုံးဦးက ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်သည် ကလေးအဖေများ။





ကျွန်တော်တို့အထဲ၌ ကိုအေးကိုနှင့် ကိုဟန်တင်တို့က အလွန်သွက်သည်။ အစအနောက်လည်းသန်၏။ ကိုကျော်ကျော်က ခပ်အေးအေးသမား။ စကားကိုပင် ဖြည်းဖြည်းလေးလေး ပြောတတ်သူ။ အလွန်လည်း ရိုး၏။ ထို့ကြောင့် ကိုအေးကိုနှင့် ကိုဟန်ထင်တို့က မကြာခဏ စကြသည်။

"ဒီသူငယ်ချင်း လူပျိုကြီးကို မိန်းမပေးစားရမယ်ဟေ့"

ဟုလည်း ဆိုကြသည်။ ဒါသာမက ညည စာကြည့်ချိန်များ၌ စာကောင်းကောင်းမကြည့်ဘဲ ကိုကျော်ကျော်ကို အိပ်ရာဝင်တိုးတိုးပုံပြင်များ ပြောပြကြ၏။

"ဒါမှ လူပျိုကြီး မိန်းမလိုချင်လာမှာ"

ကျွန်တော်တို့ ဘယ်လိုပြောပြောစစ ကိုကျော်ကျော်ကမူ သူကား မတုန်မလှုပ် ကျောက်ရုပ်ဟုဆိုရမယ့် ဗန်းမော်တင်အောင် ဝတ္ထုထဲက ဓာတ်လိုက်နှယ် သိပ်မလှုပ်ပါချေ။

သို့ရာတွင် ကျွန်တော်တို့ သင်တန်းဖွင့်ပြီး နှစ်ပတ်ခန့် အကြာ၌ နယ်ဘက်မှ သမဝါယမရေးရာသင်တန်းကြီးတစ်ခု လာဖွင့်သည်။ လူပေါင်းတစ်ရာခန့်ရှိသည်။ အတော်များများမှာ အမျိုးသမီးများသာ ဖြစ်ကြ၏။ အမျိုးသားသင်တန်းသားကား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်၊ အစိပ်ထက် ပိုမည်မထင်ပါ။ သူတို့ရောက်လာ၍ ကျွန်တော်တို့ ထမင်းစားနေကျ ထမင်းစားဆောင် **Dining Hall** ကြီး လူပြည့်ကြပ်သွားသည်။ စားချိန် သောက်ချိန်များ၌ ယခင်ကလို မဟုတ်တော့။ ယူနီဖောင်းအစိမ်းများသာမကတော့ဘဲ ဖြူနီပြာဝါရောင်စုံဖြာသည့် လိပ်ပြာလေးများပမာ သင်တန်းသူလေးများက ဟိုမှသည်မှ လူးလွန့်သွားလာပျံဝဲနေကြ၏။ သာယာနာပျော်ဖွယ် အသံသာလေးများ ဖြင့် မ,သံပေးကာ ဟန်ရေးပြနေကြ၏။ အစွမ်းကုန်ဖီးလိမ်းပြင်ဆင်ဝတ်စားကာ သူနိုင် ငါနိုင် အလှချင်း ပြိုင်နေ ကြ၏။

သင်တန်းသားလူကြီးများက ရောင်စုံလိပ်ပြာလေးများကြောင့် ဘာမှဟုတ်တိပတ်တိ မထူးခြားလာသော်လည်း ကျွန်တော်တို့ လူငယ်အရာရှိများအတွက်ကား ထူးခြားမှုရှိ၏။ မတုန်လှုပ်သော ကိုကျော်ကျော်တစ်ယောက်ပင် လှုပ်လာ၏။

ညညစကားဝိုင်းတွင် အဖြူလေးလည်း ဖိမ်ပဲ၊ အပြာလေးလည်း ဖိမ်ပဲ၊ အနီလေးလည်း ဖိမ်ပဲဖြစ်လာ၏။ ထမင်းစားချိန် မလှမ်းမကမ်း ထမင်းဝိုင်းမှ တောင့်တောင့်ဖြောင့်ဖြောင့် အပျိုချောလေးနှစ်ဦးကို သူ သဘောအလွန်ကျနေသည်။ ဒါကို





သိသည့် ကိုအေးကိုက တွန်းပို့လောကလုပ်၏။

"ဟော့လူ၊ ဒီတစ်ခါတော့ ခင်ဗျားဟန်ကျပြီ။ ချစ်သူရွေးမယ် ချစ်ဝဲလည်ဘဲ။ သမဝါယမက အရာရှိမလေးတွေက အချောချည်း၊ အနိပ်စားလေးတွေဗျ"

"မိတ်ဆက်ဖို့လိုသေးတယ်လေ"

"ဒါက မခက်ပါဘူး။ ကျွန်တော်တို့တာဝန်ထားပါ။ ဆေးရှိပါတယ်။ ကဲ ခင်ဗျား ကြိုက်တာသာပြော။ သောကြာရောက်လာရင်ထူးစေရမယ်။ဟိုက် ငါဆရာအမိန့်အာချလောင်း"

ကိုအေးကိုက ပျောက်စေဆရာလိုလို၊ ဂိုဏ်းဆရာလိုလို၊ ပီယဆေးဆရာလိုလိုနှင့် အိတ်ထဲမှ လက်ဖွဲ့သဏ္ဍာန်ပစ္စည်းတစ်ခုကိုထုတ်ပြီး လက်ကိုင်ပဝါဖြင့် အုပ်၍ ဟန်နဲ့ပန်နဲ့ မြှောက်ပြကာ ဆိုလိုက်ရာ ကျွန်တော်တို့တစ်ဖွဲ့လုံး မပြုံးဘဲနှင့် ဝါးလုံးကွဲရယ်လိုက်ရပါသည်ခင်ဗျား။

☺

ချော်တွင်းကုန်းသင်တန်းကျောင်းက သင်တန်းသူ သင်တန်းသားများအား သင်တန်းနားရက် **Holiday** များ၌



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ခွင့် **Outpass** ပေးလေ့ရှိ၏။ ရန်ကုန်တွင် မိသားစု ခေါ်ထားသူများက **Family Pass** ပြန်ကြသည်။ အချို့က ပဲခူး၊ ပြည်၊ တောင်ငူ စသည့်မြို့များသို့ **Station pass** ပြန်ကြသည်။

ကျွန်တော်တို့အဖွဲ့သားလေးဦး၌ ကိုဟန်တင်က သူ့ဇနီး ကျောင်းဆရာမကြီး ရန်ကုန်မှာရှိနေသဖြင့် စနေ၊ တနင်္ဂနွေ အိမ်ပြန်သည်။ ကျွန်တော်နှင့် ကိုအေးကိုတို့ကတော့ မိသားစု ခေါ်မလာနိုင်ပါ။ ကျွန်တော်က ဖာပွန်မှာ ထားခဲ့ရသည်။ ကိုအေးကိုက ကျိုင်းတုံမှာ ထားခဲ့ရသည်။

ထို့ကြောင့် စနေ၊ တနင်္ဂနွေများ၌ ကျွန်တော်တို့နှစ်ဦးနှင့် လူပျိုကြီးကိုကျော်ကျော် ပေါင်းသုံးဦး ဟိုဟိုဒီဒီ သွားကြသည်။ မကြာခဏ အသွားဖြစ်ဆုံးမှာ မနီးမဝေးက ကမ္ဘာအေးစေတီသို့ သာဖြစ်၏။ ဘုရားဖူးသည်၊ ဘုရားဈေးတန်းမှာ ဗေဒင်လက္ခဏာ များ အပျင်းပြေဝင်မေးသည်။ ပြီးတော့ "ချိန်တန်ပြီ" အမည်ရ ဖက်လက်ရည်ဆိုင် ဝင်ထိုင်၍ လက်ဖက်ရည်သောက်ပြီး ရောက် တတ်ရာရာများ ပြောဖြစ်သည်။

ယနေ့ စနေနေ့။

နေ့ဝက်သင်တန်းပြီး၍ နေ့လယ်စာစားပြီး အပျင်းပြေ





သုံးယောက်သား ကမ္ဘာအေးဘုရားဘက် ထွက်ခဲ့သည်။ မိုးက ညို့နေသဖြင့် ဝေးဝေးလံလံ မသွားရဲ။ ဘုရားကန်တော့ပြီး ထိုင်နေကျ ချိန်တန်ပြီသို့ ဝင်ခဲ့၏။

"ဟိတ် ကိုကျော်ကျော် ဆိုင်ထဲမှာ ခင်ဗျားပြောတဲ့ စားပွဲဝိုင်းက ဖြူနီပြာဝါလေးတွေ ရောက်နေတယ်ဗျို့။ ကျုပ် ဆေးက အစွမ်းပြပြီ"

ကိုအေးကိုက ဆိုသည်။

ဟုတ်၏။

ဆိုင်ထဲ၌ ကိုကျော်ကျော် သဘောကျနေသည်ဆိုသော ကျွန်တော်တို့ဘေး ထမင်းဝိုင်းမှ မိန်းကလေးနှစ်ဦးနှင့် အဖော် တစ်ဦးတို့ ကြိုရောက်ပြီးနေနှင့်၏။ ထမင်းစားမကောင်း၍ တစ်ခုခုမှာစားနေကြသည့် ထင်ပါ၏။

ကျွန်တော်တို့သုံးဦးက ဘေးစားပွဲဝင်ထိုင်ပြီး နေရာယူ လိုက်၏။ ပြီးတော့ အဖွဲ့နှစ်ဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကဲခတ်ကြ သည်။ မျက်လုံးများဖြင့် **Message** များ ပို့လွှတ်ကြသည်။ အမျိုးသမီးသုံးဦးအနက် အကြီးဆုံးထင်ရသူ အမျိုးသမီးက အနီးဆုံး ကျွန်တော့်မျက်နှာကို အသေအချာ ကြည့်ပြီး အပြုံး



www.burmeseclassic.com

www.burmeseclassic.com



လှလှဖြင့်

"မြင်ဖူးသလို ရှိတယ်နော်"

ဟု ဆိုလိုက်၏။ ကိုအေးကိုက လက်ကုတ်လိုက်သည်။ သူ့ဆေးအစွမ်းပြပြီပေါ့။

"မလွှမ်းပိုက ကျွန်တော့်မြင်ဖူးမှာပေါ့။ ကျွန်တော်က ဘီအိုစီဖွင့်တော့ **V. Combination** က ကိုထွန်းသိန်းရဲ့ သူငယ်ချင်းလေ"

"ရှင်"

"ဟုတ်ပါတယ်။ ကျွန်တော် ကိုထွန်းသိန်းရဲ့သူငယ်ချင်းပါ"

"ဩော် ဒါကြောင့် ကျွန်မနာမည်ကို သိနေတာကိုး"

"မလွှမ်းပိုတင်မကပါဘူး။ ကျွန်တော်တို့ **V. Combination** က ရွှေမြိုင်ဝတ်မှုံဦးတို့၊ တက္ကသိုလ်မောင်လှ ချောတို့ တက္ကသိုလ်စိုးအောင်တို့ ကလောင်ရှင်အားလုံး ကျွန်တော် သိပါတယ်။ သူတို့ကိုတော့ မလွှမ်းပိုထက် ပိုရင်းနှီးပါတယ်"

"ဩော် ရှင်က တော်တော်သိတာကိုး"

"ဟုတ်ကဲ့။ မလွှမ်းပို **GG Combination** ကဆိုတာ





ရော၊ နာမည်ရင်းက မလွင်လွင်မြင့်ဆိုတာရော၊ ပြည်ဘက်က ဆိုတာရော သိပါတယ်"

သူမက အတော်အံ့ဩသွား၏။ ဝမ်းသာသွားပုံလည်း ရသည်။

"သဘောကျသွားပြီရှင်။ ရှင့်နာမည်က"

"သက်ဦးပါ။ ကျွန်တော်က ဗိုလ်သက်ဦး။ ဒါက ဗိုလ်ကျော်ကျော်၊ ဒါက ဗိုလ်အေးကို။ တစ်ခန်းတည်း အတူနေ **Room mate** တွေပါ။ မလွှမ်းပိုတို့လိုပဲ။ ချော်တွင်းကုန်းသင်တန်း ပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ ကျွန်မကလည်း မိတ်ဆက်ပေးပါဦးမယ်"

"ကျွန်မက ရှင်တို့သူငယ်ချင်းပြောတဲ့အတိုင်း မလွှမ်းပို ပေါ့ လွင်လွင်မြင့်၊ အထက်တန်းပြ ဆရာမပါ။ ဒါက ကြည်ကြည် ပဲ ဒါက ပြုံးပြုံးငွေ အားလုံး **B.com** ဘွဲ့ရ သမဝါယမ ... နယ်အရာရှိတွေပါ"

အဖော်နှစ်ဦးက ပြုံးပြကြသည်။ အားလုံး အသက် ... ဆယ်သာသာ ငယ်ငယ် ချောချောတွေ။ မလွှမ်းပိုကတော့



www.burmeseclassic.com

www.burmeseclassic.com



အသက်သုံးဆယ်နားကပ်နေပြီထင်၏။ ဟိုနှစ်ယောက်စာသော် အနည်းငယ် ပိုပြီး ရင့်ကျက်ပုံရ၏။

ထိုနေ့က စကားဝိုင်း၌ B.O.C ကောလိပ်အတူတက် ခဲ့ကြသည့် မလွှမ်းပိုနှင့်ကျွန်တော်က ဒိုင်ခံအပြောသမားများ ဖြစ်ကြ၏။ ပြောဖြစ်ကြသည့်အကြောင်းအရာများမှာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က တက္ကသိုလ်ကျောင်းသားဘဝ ဘီအိုစီကောလိပ်၌ စာသင်ခဲ့ရသည့် စာသင်သားဘဝကို လွမ်းတရင်း ကုံကော်တော အင်းလျားကန်နဲ့ အင်းလျားလေ၊ သစ်ပုတ်သင်၊ ဘွဲ့နှင်းသဘင် ခန်းမနှင့် အဓိပတိလမ်းမကြီးများအကြောင်းသာ ဖြစ်ခဲ့ပါသ

လူချင်းခွဲတော့

"ကိုသက်ဦးတို့နဲ့ ပြန်တွေ့ရတာ ကျွန်မတို့ အသက်ငယ် ပြန်ငယ်သွားပြီ။ ဒီလိုသင်တန်းနားတဲ့ရက် တွေမှာ အခုလို စကားပြောချင်တယ်ရှင်"

"ရပါတယ်။ တွေ့ကြတာပေါ့"

ကျွန်တော် မပြောရသေးမီ အလွန်သွက်သော ကိုအေး ကိုက ဝင်ပြောလိုက်၏။ ထိုအခါ အားလုံးက တစ်ပြိုင်နက်ပြုံး လိုက်ကြ၏။





ပြော် အဖိုနဲ့အမဆိုတော့လည်း ဒီလိုရှိပေမပေါ့သော။

☺

"ဟော့လူ ကိုသက်ဦး။ ဒီည ခင်ဗျားရဲ့ မလွှမ်းပို အကြောင်းပြောဗျာ"

ကိုအေးကိုက စပြော၏။

"မလွှမ်းပိုက နည်းနည်းအသက်ကြီးပြီ။ ကျုပ်ကဘော့ ကိုအငယ်လေးနှစ်ယောက်ပဲ သဘောကျတယ်"

ကိုကျော်ကျော်က ဆို၏။

"ဟော့လူ ဇာတ်လမ်းက အခုမှစရမှာ။ အငိုများသော ရှုးခါးသော လုပ်မနေနဲ့။ မုန့်ဆီကြော်က နှုတ်ခမ်းအနဲ့ သည့်ပုံမလားမလုပ်နဲ့။ ခင်ဗျား အဲဒါကြောင့် လူပျိုကြီး ဖြစ် နေတာ"

ကိုအေးကို ဆိုသည်။

"ကိုသက်ဦး ခင်ဗျား မလွှမ်းပိုကြီးအကြောင်းပြောပြစမ်း ပျင်းပြေ နားထောင်ရအောင်"

ယနေ့ညမှ အဆောင်စောစောပြန်ရောက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ကိုဟန်တင်က ဝင်ပြောသည်။ သူကလည်း ဒါမျိုးဆို ဝါသနာအ

"ဒီလိုဗျ။ ၁၉၆၁/၆၂ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ် စတက်တော့ **Arts and Science University** ဆိုပြ ရန်ကုန်ဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်လို့ ဖြစ်ရောဗျာ။ အရင်ထိုးတန်း ရန်ကင်းကိုဖျက်ပြီး အားလုံး **Main University** ပင်မ လာစုကြတာ။ **Arts** က **B.O.C** မှာ၊ **Science** က **Dom** လိပ်ခုံးမှာ။ ဘာသာတွဲ **Combination** တွေကလည် အများကြီးပဲ။ သိပ္ပံတွဲကတော့ မသိဘူး။ ကျွန်တော်တို့ ဝိဇ္ဇာ ကတော့ **CC, GG, FF, SS** တဲ့ **MN** တဲ့၊ **V** တဲ့၊ အတွဲပေါင်း သုံးလေးဆယ်လောက် ရှိတယ်"

"ခင်ဗျားဘာသာတွဲတွေနဲ့ မလွှမ်းပိုက ဘာဆိုင် လဲဗျာ"

"လာမယ်လေ။ ဆရာကြီးရဲ့ မလောပါနဲ့ဦး"

"အဲဒီမှာ ကျွန်တော်က **V.Combination** စိတ်ကြိုက်မြန်မာစာ။ အနောက်တိုင်းသမိုင်း။ ပထဝီ။ အ **G.G** ယူတာဗျ။ **G. G** က **History O.B Logic** သ စိတ်ကြိုက်မြန်မာစာ၊ လောဂျစ်လို့ခေါ်တဲ့ တက္ကဗေဒ





အဲဒီဘာသာတွဲက လူတွေသိပ်များပြီး အခန်းလုံး တိုးရဝှေ့ရနဲ့ စိတ်ပျက်ပြီး လူနည်းတဲ့ V ကိုပြောင်းလိုက်တာ။ G.G က လူ ၁၀၀၀ ကျော်၊ V က ၂၀၀ ကျော်ပဲရှိတယ်။ မလွှမ်းပိုက G. G က။ V ကလူနည်းတော့ ကျွန်တော် တို့ လူ ၂၀၀ လောက်က ခဏလေးနဲ့ခင်သွားကြတာ။ ဇာတ်လမ်းက အဲဒီမှာ စဘော့ တာပဲဗျို့"

"ဘယ်လိုစတာလဲ"

"ဒီလိုဗျ။ ကျွန်တော်တို့ **V Combination** က နေ့ကျောင်းသားအုပ်စုမှာ စောစောက ကျွန်တော်ပြောခဲ့တဲ့ ကိုထွန်းသိန်းဆိုတဲ့ သူငယ်ချင်းကြီးရှိတယ်။ ဒီကောင်ကြီးက ထောင်ထောင်မောင်းမောင်းနဲ့ ရုပ်ချောကြီး။ ပြောရမယ်ဆိုရင်ဗျာ ညတ်တော် (၁၀)ပါး ဇာတ်ကားထဲက အမေရိကန်ရုပ်ရှင် င်းသားကြီး ချာလတန်ဟက်စတန် **Charlton Heston** ရုပ်မျိုး။ လွှမ်းပိုက အဲဒီကောင်ကြီးကို တအားသဘောကျနေတာ။ ကိုထွန်းသိန်းကြီးက အားကစားလည်း တော်တယ်။ သူနဲ့ ကိုခွန်း ောင်တို့နှစ်ယောက်က မြန်မာ့လက်ရွေးစင် ဘော်လီဘော သမား နေ့ကျောင်းသားတွေ ဘော်လီဘောကစားရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ခဏ ခဏ နောက်ကျပြီး ထိုင်ရင် နောက်ဆုံးတန်းက ထိုင်ကြတယ်။ မလွှမ်းပိုက အဲဒါကိုစောင့်ပြီး ကိုထွန်းသိန်းတို့အေး ဝင်ဝင်ထိုင်တယ်။ သူတစ်ယောက်တည်း Solo ပဲ။ အဲဒါ တစ်ရက် မကဘူး။ လနဲ့ ချီကြာတယ်''

''ခင်ဗျားမလွှမ်းပိုက တကယ် ဇာမဏီပါလား''

''ဟုတ်ပါ့ဗျာ။ သင်ရတာကလည်း စိတ်ကြိုက်မြန်မာစာ။ သင်တဲ့ဆရာတွေကလည်း အပြောကောင်း၊ အဟောကောင်း။ ဆရာကြီးဦးလှရွှေတို့၊ မြန်စာဂုဏ် ဦးတင်မောင်ဒွေးတို့၊ ဆရာ ဦးအောင်သင်းတို့လေ''

''မလွှမ်းပိုက ကဗျာတွေလည်း ရေးတယ်။ ကျောင်းက နံရံကပ်စာစောင်တွေမှာ ရေးရုံတင်မကဘူး။ အပြင်က အမျိုး သမီးမဂ္ဂဇင်းတွေမှာတောင် သူ့ကဗျာတွေက ပါတယ်။ မလွှမ်း ဆိုတဲ့နာမည်နဲ့လိုက်တဲ့ အချစ် အလွှမ်းကဗျာတွေပါပဲ''

''ဘယ်လိုကဗျာတွေလဲဗျ။ **တစ်ဖက်သတ်ချစ်တာ** **ဆိုးပါသည်၊ အသက်မကချစ်တာ ခက်လှသည်၊ အသည်း ထဲ စွဲကာနေသူဆီ အမြဲတမ်း သူ့ကို မျှော်ကာရှိ ဆိုတာမျိုး** လား''





ကိုအေးကိုက ဝင်နောက်လိုက်သည်။ ကိုကျော်ကျော်က ပြုံးနေသည်။

''ခင်ဗျားကလုပ်ပြီ။ အဲဒီကိုမြကြီးသီချင်းမျိုး မဟုတ်ပါ ဘူးဗျာ။ လှိုင်ထိပ်ခေါင်တင်ရဲ့ အပျိုဖော်ရှယ် မစေ့ခင်က ငယ်ဓလေ့ဂေါ်ရီဆိုတဲ့ဟာမျိုးတွေလို ပြောတာပါပဲ။ ထားပါတော့။ ခက်တာက ကိုထွန်းသိန်းကြီးမှာ သူ့ **Girl Friend** ရှိတယ်ဗျာ။ သူက မလွှမ်းပိုကို ကျောင်းနေဖက် သာမန်သူငယ်ချင်းမိတ်ဆွေ ထက် မပိုဘူး။ အဲဒါကြောင့် ဇာတ်လမ်းက **B.O.C** ကောလိပ်မှာ တော့ **Half-Cock** နဲ့ ပြီးသွားရောဗျာ။ **B.O.C** ကနေ **Social Science** ပြောင်းတော့ ကျွန်တော်တို့လည်း ဘာသာတွဲတွေ ပြောင်းလိုက်တာနဲ့ သူတို့အတွဲကို မျက်ခြေပြတ်သွားတယ်ဗျာ''

''ခင်ဗျားဟာက ဒါပဲလားဗျ''

''မဟုတ်သေးဘူး။ လာဦးမယ်လေ။ ၆၄/၆၅ ကျွန်တော် လုပ်သားကောလိပ်မှာ ဘီအေနောက်ဆုံးနှစ်တက်တော့ ကိုထွန်း သိန်းကြီးလည်း အပြင်မှာ အလုပ်ထွက်လုပ်ရင်း နောက်ဆုံးနှစ်ကို လုပ်သားကောလိပ် ပြောင်းတက်တယ်။ အောင်မယ် အဲဒီမှာ မလွှမ်းပိုက ပင်မတက္ကသိုလ်ကနေပြီး ညည လုပ်သားကောလိပ်



www.burmeseclassic.com

www.burmeseclassic.com



လာတက်တယ်ဗျာ။ ကိုထွန်းသိန်းကြီး တွေ့ရအောင်လေ"

"ဒီလောက်ဖွဲ့ကောင်းတာ ခင်ဗျားမိတ်ဆွေကြီးက နည်းနည်းလေးမှ ပြန်မကြိုက်ဘူးလား"

"ပြန်မကြိုက်လို့ မလွမ်းပို အိမ်ထောင်မကျသေးတာ။ ခင်ဗျားတို့ အမြင်ပဲလေ"

"နောက် ခင်ဗျားလူကြီးကရော"

"သူ့ငယ်ရည်းစားနဲ့ ဘွဲ့ရပြီးတော့ ယူသွားပါလေရော ဗျာ။ မလွမ်းပိုကတော့ အချစ်အလွမ်းဝတ္ထုတွေ ပိုရေးပြီးတော့ စာပေလောကမှာ ပိုနာမည်ကြီးလာတယ်ပေါ့။ အခုလည်း သူက နာမည်ကြီးစာရေးဆရာမပဲ"

"ဟာ ဟော့လူ ဖြစ်ပါ့မလား။ တော်နေကြာ ကျုပ်တို့ကို သူ့ဝတ္ထုထဲထည့်ပြီး နှိပ်နေဦးမယ်ဗျ"

တစ်ချိန်လုံး ငြိမ်နားထောင်နေသည့် ကိုကျော်ကျော်က ဝင်ပြော၏။

"ကိုကျော်ကျော် ခင်ဗျားက စတောင်မစရသေးဘူး ကြောက်နေပလား။ မလွမ်းပိုက ခင်ဗျားကို ကိုက်မစားပါဘူးဗျာ"

ကျွန်တော်၏ စကားဆုံးသည်ဆိုလျှင်ပင် ကျွန်တော်တို့





လေးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ တဟားဟားနဲ့ ရယ်မောလိုက်ကြပါသည် ခင်ဗျား။

☺

သင်တန်းနားရက်အချိန်ကျသည်နှင့် မချောသုံးယောက် ကိုယ်သုံးယောက်တို့ "ချိန်တန်ပြီ"၌ ပုံမှန် တွေ့ဖြစ်ကြ၏။ နောက်ထပ် နှစ်ကြိမ် သုံးကြိမ်မျှ တွေ့ပြီးသည်နှင့် ကျွန်တော်တို့ အားလုံး တစ်ဦးအကြောင်း တစ်ဦး သိသင့် သိထိုက်သည်များ သိကြတော့၏။

ပထမက ကျွန်တော်တို့အကြောင်း။

ကျွန်တော်တို့သုံးဦးတွင် ကျွန်တော်က တပ်ထဲရောက်ပြီး မကြာမီ အိမ်ထောင်ကျခဲ့သည်။ ကလေးတစ်ယောက် အဖေ၊ နက်ဖြန်သဘက် နှစ်ယောက်အဖေ ဖြစ်တော့မည်။ တပ်ကြပ်ကြီးဘဝမှ အားကစားထူးချွန်သဖြင့် အရာရှိဖြစ်လာသူ ကိုအေး ကိုက ကလေးသုံးယောက်အဖေ။ ကိုအေးကိုက လွန်ခဲ့ သည့် ၅ နှစ်ခန့်က တပ်မတော် တာတိုအပြေး ချန်ပီယံ၊ မြန်မာ့ သက်ရှေးစင် စိုးဝင်း၊ စိုးအောင်၊ ယောဟန်တို့နှင့် တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ဘည်း တစ်ပြိုင်တည်း တာတိုပြေးလာ သူဖြစ်၏။ အပြေးသွက်ခဲ့သောမက အရာရာသွက်သဖြင့် သူလည်း ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျပြီး ယခု အသက် ၃၀ မရှိမီမှာပင် ကလေးသုံးယောက်ရပြီးဖြစ်သူဖြစ်၏။ လူမျိုးကား စကားနည်းသော၊ ဥပဓိရုပ်ကောင်းကောင်း မင်းသားကြီးဖေယျပုံဖမ်းနေသည့် ကိုကျော်ကျော်တစ်ဦးသာပင်။ အားလုံးထဲ၌ ကိုကျော်ကျော်က အသက်အကြီးဆုံး။ သုံးဆယ်နားကပ်နေ၏။ သူကမှ မလွမ်းပို ကြိုက်တတ်သည့် အရပ်မြင့်မြင့်၊ ထောင်ထောင် မောင်းမောင်း။

ကျွန်တော်တို့အကြောင်းပြီးတော့ သူတို့အကြောင်း။ သူတို့အကြောင်းကိုတော့ ကိုအေးကို မှတ်တမ်းတင် ထားသလို ဖော်ပြပါမည်။

(က) မလွမ်းပို ခေါ် မလွင်လွင်မြင့်

အသက် – ၂၈ နှစ်။

အလုပ်အကိုင် – အထက်တန်းပြဆရာမ

ပညာအရည်အချင်း – BA. BED

အိမ်ထောင်ရေးအခြေအနေ – အပျို

အရပ်အမောင်း – ၅ ပေ ၂ လက်မ





ကိုယ်အတိုင်းအထွာ(ခန့်မှန်း) – ၃၂–၂၀–၃၄

ကိုယ်အလေးချိန် – ပေါင် ၁၀၀ ခန့်

အသားရောင် – မဖြူမညို

ဝါသနာ – စာပေအနုပညာ

လူမျိုးဘာသာ – ဗမာ၊ ဗုဒ္ဓ

မှတ်ချက် (ချစ်လျှင် သတိထား။ ဗို့ ၁၅၀၀ အား)

(ခ) မကြည်ကြည်ခင် (ခေါ်) ရှမေ

အသက် – ၂၂ နှစ်။

အလုပ်အကိုင် – လက်ထောက်မြို့နယ်ဦးစီးမှူး။ သမဝါယမဌာန

ပညာအရည်အချင်း – B.Com

အိမ်ထောင်ရေးအခြေအနေ – အပျို

အရပ်အမောင်း – ၅ ပေ ၃ လက်မ

ကိုယ်အတိုင်းအထွာ(ခန့်မှန်း) – ၃၄–၂၂–၃၆

ကိုယ်အလေးချိန် – ၁၁၅ ပေါင်

အသားရောင် – အဖြူ

ဝါသနာ – Indoor game များ



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ။ ကိုသက်ဦး ဆရာမကြီးတော့ လန့်တယ်ဗျ"

"ဟော့လူ ကိုကျော်ကျော်။ ကျွန်တော့်ဆရာမကြီး မဟုတ်ရပါဘူးဗျာ။ ကျောင်းနေဖက်သူငယ်ချင်းပါ"

"ခင်ဗျားကျောင်းနေဖက်ကြီးက ခင်ဗျားနဲ့ပဲ စကားတွေ ပြောစရာရှိတာဗျ။ ကျွန်တော်နဲ့က ဘာမှမရှိဘူး"

"အခုကအစပဲလေ။ နောက်တော့ ရှိလာမှာပေါ့။ ကဲပါဗျာ။ ခင်ဗျားကြိုက်တာ ခင်ဗျားဟာခင်ဗျားပဲကြိုးစားပါ။ စကားကတော့ ဒီလိုပဲ ဆက်စပ်ပြီးပြောရတာပေါ့ဗျ။ အကြောင်းမရှိ အကြောင်းရှာ လျှောက်ပြောရတာပေါ့။ မိန်းမပိုးတယ်ဆိုတာ လွယ်လွယ်နဲ့တော့ ဘယ်ရမလဲ။ နည်းနည်းတော့ အပင်ပန်းခံရတာပေါ့။ ဆရာကြီးက ပို့ဆွမ်းချည်းစားချင်လို့တော့ ဘယ်ရမှာလဲ"

သို့ကလို ဆွေးနွေးပြီး ထိုးစစ်တိုက်စစ်အတွက်ပြင်ဆင်နေစဉ်မှာပင် အခြေအနေက ရုတ်ချည်း ပြောင်းလဲသွားသည်။ နောက်တစ်ခါ "ချိန်တန်ပြီ" သို့ မလွှမ်းပိုတစ်ယောက်တည်း ရောက်လာ၏။

အငယ်နှစ်ယောက်က **Indoor game** ကြက်တောင်





ပြိုင်ပွဲဝင်ရန်အတွက် လေ့ကျင့်ပြီးကျန်ခဲ့သတဲ့။ သူတို့ သင်တန်းတွင် အမျိုးသမီး၊ အမျိုးသား ကြက်တောင်နှင့် ဘော်လီဘော ပြိုင်ပွဲရှိသည်ဆို၏။ မကြည်ကြည်ခင်နှင့် မပြုံးပြုံးငွေတို့က တက္ကသိုလ်တွင် ကြက်တောင် **Women Double** နှစ်ယောက်တွဲ ဆုရဖူးသူများဖြစ်၏။

ထိုနေ့က ဘာစိတ်ကူးရသည်မသိ။ မလွှမ်းပိုက .

"ကိုသက်ဦး၊ အလွှမ်းပြေ လုပ်သားကောလိပ်သွားရအောင်"

ဟုဆိုသဖြင့် ကျွန်တော်တို့သုံးဦးသား သူမကို လုပ်သားကောလိပ် လိုက်ပို့ရသည်။ ကောလိပ်၌ အပေါ်တက်အောက်ဆင်း တစ်ခန်းဝင် တစ်ခန်းထွက်လုပ်ပြီးတော့ မိုလ်တွာထောင်ဘုရား ဝင်ဖူးဖြစ်သည်။ ဘုရားတွင် မလွှမ်းပိုအတွက် ပန်းဆီမီး ဖယောင်းတိုင် အစရှိသည်တို့ကို သွက်လက်သော ကိုအေးကိုက သွားဝယ်ပေးသည်။ သူမ ဘုရားရှိခိုးနေသည်ကို ကျွန်တော်တို့က စောင့်ပေးရသည်။ အတော်ကြာ၏။ ဘာတွေများ ဆုတောင်းနေသလဲတော့မသိ။ ကျွန်တော်တို့ သုံးဦးကတော့ စိတ်သားမို့ ဘုရားအား ဦးချကာသြကာသလောက်နှင့် ခပ်တိုတိုသာ ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြ၏။ အပြန် အတွက် ကားတား ကားငှား စသည်များကို လည်း ကိုအေးကိုပင်လျှင် လုပ်ပေးသည်။ ကိုကျော်ကျော်ကတော့ သူ့ထုံးစံအတိုင်း မတုန်မလှုပ်ဖြင့်သာ

အပြန်ကားပေါ်၌ ကျွန်တော်က

“ကိုကျော်ကျော် ခင်ဗျားက အဓိကဇာတ်လိုက်လေ နည်းနည်းပါးပါး လှုပ်ရှားလေဗျာ။ ကျုပ်တို့က ဇာတ်ရံ”

ဟု မထိတထိ စလိုက်၏။

ကိုကျော်ကျော်က ဘာမှပြန်မပြော။ ပြုံး၍သာနေ၏။ ကိုအေးကိုကမူ ရယ်ဖြဲဖြဲလုပ်၏။

ထိုအခါ မလွှမ်းပိုက ခပ်တည်တည်ဖြင့် စကားတစ်ခွန်း ဆို၏။

“ကျွန်မကတော့ ဇာတ်ရံကိုပဲ သဘောကျနေပြီ”

ဟိုက်၊ ဇာတ်ရံဆိုတာ ဘယ်သူပါလိမ့်။ ကိုယ်လား သူလား။ ကျွန်တော်လား၊ ကိုအေးကိုလား။

ကျောင်းရောက်လို့ မလွှမ်းပိုကို အဆောင်ပြန်ပို့ပေးတော့

“နောက်အပတ်ရော သွားကြဦးစို့ ကိုသက်ဦး၊ ဒီတစ်ခါ တော့ B.O.C ကို လိုက်ပို့နော်”





ဟု သူမကပင် ပြောသွားသည်။ ဘာပြောရမှန်းမသိ၍ ခေါင်းညိတ်ပြခဲ့ရ၏။

ထိုညက အခန်း၌ ကျွန်တော်တို့သူငယ်ချင်းသုံးယောက် တစ်ယောက်ကိုတစ်ယောက် ဇာတ်ရံလား ဇာတ်လိုက်လား တစ်ဦးကိုတစ်ဦး စောကြောရင်း စရင်း နောက်ရင်း ရယ်ရင်း မောရင်း အိပ်ရာဝင်ဖြစ်ခဲ့ကြပါသည်ခင်ဗျား။

(၅)

အချိန်က ဩဂုတ်လကုန်ခါနီးဖြစ်သည်။

ကျွန်တော်တို့သုံးလသင်တန်းက နှစ်လကျော်သွားပြီ။ သူတို့နှစ်လသင်တန်းက တစ်လကျော်ပြီ။ စက်တင်ဘာလလယ် လောက် သင်တန်းဆင်းမည်။ ကျွန်တော်တို့၏ မချောသုံးယောက် ကိုယ်သုံးယောက်ဇာတ်လမ်းက ဇာတ်ရှိန် သိပ်မတက်ဘဲ ဇာတ် ပျောနေ၏။ ဒီအချိန်မှာပင် အဓိကဇာတ်ဆောင် ကျွန်တော် ကလည်း ရုတ်တရက် သရုပ်ဆောင်အဖြစ်မှ နုတ်ထွက်လိုက်ရ၏။

မလွှမ်းပိုချိန်းသည့်နေ့မှ ကျွန်တော်က ဆိုင်းဆင့် ခံ့ပေါ် ရန်ကုန်ရောက်ချလာသည့် မေ့ကို မင်္ဂလာဒုံလေဆိပ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြိုလိုက်ရ၏။ ဒုတိယကလေးအား အမှတ်(၂)စစ်ဆေးရုံတွင် မွေးရန် တပ်ရင်းတင်ပြ၍ ခွင့်ပြုချက်ရသဖြင့် ရန်ကုန် လိုက် လာသည်ဆို၏။ မေက ဒါမျိုးတွေလုပ်တတ်သည်။ မော်လမြိုင် ကန်သုံးကန်၌ တိုင်းတပ်တွင်း ပညာပေးသင်တန်းတက်စဉ်က လည်း သားဦးလေးမွေးရန် ယခုလို လိုက်လာဖူးသည်။ ယခု ဒုတိယကလေး မွေးရန်အတွက် ကျွန်တော်လည်း ရန်ကုန်မှာရှိနေ သဖြင့် လိုက်လာသည်ဆို၏။ အမှတ်(၂)စစ်ဆေးရုံတွင် သူ့ခေါ် အစ်မဝမ်းကွဲတစ်ဦးက Maternity Ward သားဖွားဆောင်တွင် ရှိသည်လေ။

မေရောက်လာ၍ သင်တန်းပိတ်ရက်များ၌ မလွမ်းပိုနှင့် မတွေ့ဖြစ်တော့။ တာဝန်ကို ထောက်(၄) ဘောက်ချာငြိမ်း ကိုအေးကိုအား အပြီးလွှဲပေးလိုက်သည်။

"ကဲ ကျွန်တော်လည်း စနေ၊ တနင်္ဂနွေ အိမ်ပြန်ရ ကိုဟန်တင်လိုဖြစ်သွားပြီ။ မိန်းမပိုက်ပွတ်ပေးဖို့ တာဝန်ကျလာ ပြီဗျာ။ ကျွန်တော့်ကို နားလည်ပေးကြပါ"

"နားလည်ပါတယ်ဗျာ။ ပွတ်စရာရှိရင် သွားပွတ်သာ ပွတ်ပါ။ ကျန်တာ ကျွန်တော်တို့တာဝန်ထား။ ဆက်လုပ်လိုက်





ယ်၊ ဟဲ ဟဲ"

ကိုအေးကိုကပင် ပြော၏။

မေရောက်လာ၍ မေ့အား ကန်တော်လေး လမ်း(၉၀)က သူ့မအစ်ကိုအိမ် လိုက်ပို့ရသည်။ အမှတ်(၂) စစ်ဆေးရုံမှာ တာဝန်ကျသည့် ဝမ်းကွဲအစ်မကလည်း ထိုအိမ်မှာပင် နေသည်။ မေရောက်လာတော့ ကျွန်တော်လည်း အလိုက်သိစွာ သင်တန်း ပိတ်ရက်၌ ကန်တော်လေးသွားအိပ်ရတော့၏။

မေရောက်ပြီး နှစ်ပတ်အကြာ၌ ဒုတိယကလေးအား အမှတ်(၂)စစ်ဆေးရုံမှာ မွေးသည်။ သမီးကလေး ဖြစ်၏။ မကိုစွာ၊ သမီးကိုစွနှင့် အလုပ်များနေသဖြင့် ညအိမ်ပြန်အိပ်ခွင့် ရားဝင် သင်တန်းသို့တင်ပြရာ ခွင့်ပြုချက်ရ၍ သူငယ်ချင်း များနှင့် ည ရောက်တတ်ရာရာပြောခြင်းအမှု မပြုဖြစ်တော့ပါ။ ကြားထဲ မေက ကလေးအမွေးခက်နေသဖြင့် မီးနေစောင့်ခွဲကာ သည်း သုံးရက်ယူလိုက်သေးရာ မလွမ်းပိုနှင့် ဖာတ်လမ်း များ ၀ံ့ အဆက်ပြတ်သွား၏။ ယောကျ်ားဖောင်စီး၊ မိန်းမ မီး နှင့် ကို အထူးဂရုစိုက်နေရ၏။ မိန်းမနှင့် ကလေးကိစ္စ ဗျာမျာ နေ သဖြင့် ပြင်ပကမ္ဘာကို ခေတ္တလည်း မေ့သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် မလွမ်းပိုတို့ သင်တန်းဆင်းသွားပါလေတော့သည်။

ကျွန်တော် ခွင့်စေ၍ သင်တန်းပြန်တက်တော့

"ဟော့လူ၊ ခင်ဗျား ဆရာမကြီးတော့ သွားပြီဗျို့။ နှုတ်ဆက်သွားတယ်။ အငယ်မလေးနှစ်ယောက်ကလည်း တာ့တာတို့တီတွေ လုပ်သွားသေးတယ်။ ကိုကျော်ကျော်က ပြန်ခါနီးမှ Lady တွေကို သွားချွဲနေလိုက်သေးတယ်ဗျာ။ ဒီလူ စောစောက ငြိမ်နေပြီးတော့"

"သြော်၊ မေ့လို့ဗျို့။ မလွမ်းပိုက ခင်ဗျားအတွက် စာတစ်စောင်လည်း ပေးခဲ့တယ်။ ဟောဒီမှာဗျာ၊ ဟဲ ဟဲ"

ထိုနေ့က သင်တန်းမတက်မီ ကိုအေးကိုက ဆီးပြောပြီး စာကို ထုတ်ပေးပါတော့သည်။

ကိုသက်ဦး

ကျွန်မ စာရေးခဲ့ပါတယ်။

သင်တန်းပြီးလို့ ပြန်သွားပြီ။ သင်တန်းကာလ ကိုသက်ဦးတို့နဲ့တွေ့ရလို့ ရွှေမြစ်ဆောင်း ခံစားခဲ့ပြီး ကျွန် အရမ်းပျော်ခဲ့တယ်။ ကိုယ့်တာကိုယ် ကျောင်းဆရာမကြီးလို့





တော့ဘဲ ကျောင်းသူလေးလို့ ထင်မိတယ်။ အခု မေ့နေတာပေါ့။ မေ့လည်းထားချင်တယ်။ ဒါက အနှစ်လေး။

အနှစ်နဲ့ အခုက တစ်လတည်းမတွေ့ပါဘူး။ မြန်းဆို ကိုသက်ဦးက Family ရောက်လာတော့ ချိန်းထားပြီကို မလာနိုင်တော့ဘူးလေ။ ကျွန်မ နားလည်ပါတယ်။ အရင်နှင်းသုံး ကိုသက်ဦး မရှိတော့ တစ်မျိုးပါပဲ။ ဒါပေမယ့် ပိန္နဲဆယောက်က ကျွန်မကို စောင့်ရှောက်ပါတယ်။ ကျွန်မ သွားချင်တဲ့နေရာတွေ လိုက်ပို့ပါတယ်။ ကျေးဇူးတင်ပါရပါတယ်။

ကျွန်မက Lonely Life တစ်မိပေါက်တစ်ယောက် ဆိုတော့ အပျော်ခင်တတ်ခဲ့ရင့်။ ဒါကြောင့် မြို့မှာလည်း တပည့်လေးတွေ၊ ကျူး၊ ကျူမလေးတွေကို ချစ်ခင်ထားတယ်။ ဒီမှာလည်း ညီမလေး ကြည်ကြည်ခင်နဲ့ ဖွံ့ဖြိုးငွေကို အပေါင်းဖ နေတာလေ။ ကိုသက်ဦးတို့နဲ့တွေ့တော့ ပိုပျော်သွားတာပေါ့။ အပျော်မရှိတဲ့ ကျွန်မအတွက် ဒီသင်တန်းကာလလေးက ရှားပါး အပျော်ကာလလေးပါ။

အလိုက်တကြင်းဆိုးမသိစွာနဲ့ ကိုသက်ဦးကို ကိုကိုဒီဒီ လိုက်ပို့နိုင်ခဲ့တာကို နားလည်ခွင့်လွှတ်ပေးပါ။ သင်တန်းမှာ ကျွန်မကို တက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကူညီစောင့်ရှောက်ပေးခဲ့တာတွေကို အထူးကျေးဇူးတင်ပါတယ်ရှင်၊

ကျွန်မတို့မြို့လေးကို ရောက်တဲ့အခါလည်း ဝင်ခဲ့ပါရှင်၊

အမြဲသတိရခင်မင်နေမယ့်

မလွှမ်းပို

သူ့စာဖတ်ပြီး ကျွန်တော်က ဖာတ်လိုက်လား၊ ဖာတ်ရုံလားဆိုတာကိုပင် ကိုယ့်ဟာကိုယ် မပြောနိုင် တော့ပါ။

ဩော် မလွှမ်းပိုရယ်။

☺

စက်တင်ဘာလကုန်တွင် သင်တန်းပြီးဆုံး၍ ဖာပွန်တပ်သို့ လေယာဉ်ဖြင့် ရန်ကုန်မှပြန်ခဲ့၏။

အပြန်၌ ကျွန်တော်တို့မိသားစုသုံးဦးသာမက တစ်ခန်းတည်းအတူနေခဲ့သည့် ကိုဟန်တင်လည်း လိုက်ပါလာ၏။ သူက လှိုးဘွဲ့တပ်က။ ဘားအံတွင်ဆင်းပြီး ဘားအံမှ လှိုင်းဘွဲ့သို့ ကားဆက်စီးရမည်ဖြစ်သည်။

လေယာဉ်ပေါ်၌ တစ်ခန်းတည်းအတူနေ ရဲလေးဘော် အကြောင်း စပ်မိစပ်ရာပြောဖြစ်ကြရာ မဖြစ်မနေ မလွှမ်း





အကြောင်းပါလာ၏။ ဘေးမှ မေပါလာ၍ တိုးတိုးတိတ်တိတ် ပြောရသည်။ တိုးတိုးတိတ်တိတ် ပြောရသဖြင့် ပြောသို့ ပိုပြီး ခံတွင်းတွေ့နေသည်။ မေကတော့ မွေးကင်းစသူ့သမီးငယ်ဖြင့် အလုပ်များနေရှာ၏။

"ဟေ့လူ၊ ခင်ဗျားဆရာမကြီးရဲ့ နောက်ဆုံးအခြေ အနေရော သိပြီလား။ ခင်ဗျားကို ဟိုလူနှစ်ယောက် ဘာမှမပြော ဘူးလား"

"မပြောဘူးဗျ"

"မလွှမ်းပိုက ကိုကျော်ကျော်ကြီးကို သဘောကျ နေက လူပိုခိုပေမယ့် ခပ်တည်တည်ကြီးဆို တော့ ခံ...းအတွင် မရဘူး။ ပြီးတော့ ဒီလူက သင်တန်းပြီးခါနီးမှ အဆော...ဆင် သွားသွားလည်ပြီး အဆောင်မှူးညီမ ဘွဲ့ရခါစလေးနဲ့ ဒ...ဆ်ပြ သွားတယ်ဗျ။ ယူတောင် ယူတော့မှာတဲ့"

"ဩော် ဟုတ်လား"

"ဟုတ်တယ်။ ခင်ဗျားဆရာမကြီးကိုတော့ ကိုအေးကို ကပဲ ဆက်ပြီး ဟတ်နိုင်တာလေးတွေ ကူညီနေတာ။ ကိုအေးကို က လူပျော်လူသွက်၊ ရုပ်ကလည်း ကောလိပ်ဂျင်နေဝင်းလိုလို



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်ဝင်းလိုလို ခပ်ဖြောင့်ဖြောင့် ဆိုတော့ မလွမ်းပိုက ကြွေတယ်ဗျာ''

"အင်းလေ၊ ဖေယုကြီး ဘယ်ကြိုက်မှာလဲ။ ကောလိပ်ဂျင်နေဝင်းတို့၊ ညွှန့်ဝင်းတို့ပဲ ကြိုက်တော့မှာပေါ့"

"အဲဒါနဲ့ သင်တန်းပြီးတော့ မလွမ်းပိုက အဆောင်လာနှုတ်ဆက်ရင်း ငိုသွားသေးတယ်ဗျ။ ငိုတာတောင် ကိုအေးကိုကို ဖက်ငိုသွားတယ်လို့ ကိုကျော်ကျော်က ပြောတာပဲ။ ကျွန်တော်က အဲဒီတုံးက အဆောင်မှာ မရှိတော့ဘူး။ အိမ်ပြန်သွားပြီ။ ဒါကြောင့် သူတို့နဲ့ မတွေ့လိုက်ရဘူး။ မလွမ်းပိုရဲ့လွမ်းခန်းကို ကိုယ်တိုင်ကိုယ်ကျ မမြင်လိုက်ရဘူးပေါ့ဗျာ''

"ဩော်"

ကိုဟန်တင်နဲ့ တိုးတိုးတိတ်တိတ် မလွမ်းပိုအကြောင်း ပြောပြီးချိန်၌ လေယာဉ်က ဘားအံလေဆိပ်သို့ ဆင်းသက်ရောက်ရှိတော့၏။

"ကဲ ကိုသက်ဦးရေ သွားပြီဗျို့''

ကိုဟန်တင်က နှုတ်ဆက်ပြီး ဆင်းချသွား၏။ ဘားအံခရီးသည်အချို့ဆင်းပြီးသည်နှင့် လေယာဉ်က ဖာပွန်သို့ ဆက်





ထွက်သည်။

မေက သူကလေးနှင့်သူ အလုပ်များနေစဉ် ကျွန်တော်က မေ မသိသည့် မလွမ်းပိုအကြောင်း စဉ်းစား နေမိ၏။

မလွမ်းပိုက ဘဝနှင့်ဆန္ဒအနက် ဆန္ဒကို ပိဦးစားပေးခဲ့ရ၏။ B.O.C တုန်းက ကိုထွန်းသိန်းကြီးကို သူမ လမ်းပေါ်င်း အတော်ကြာအောင် ရင်းနှီးကျွမ်းဝင်ရေး အားထုတ်ခဲ့သည်။ ကိုထွန်းသိန်းကြီးမတိုင်မီကလည်း ကျွန်တော် နှင့်အတူတူတပ်ထဲ ဝင်ခဲ့သည့် ဝါးခယ်မမှ မောင်တက္ကသိုလ် ကိုမောင်မောင်သန်းကြီး ကိုလည်း ဤနည်းနှင်နှင်ပင် သူမ ချဉ်းကပ်ဖူးသည်ဟု ကြားရ၏။ ယခုလည်း ကိုအေးကိုဆီလာပြီး ငိုသွားသေးသတဲ့။

ဩော် မလွမ်းပိုရယ် ဖြစ်မှဖြစ်ရပလေ။

☺

မဂ္ဂဇင်းတိုက်က ပြန်အထွက်တွင်လည်း မလွမ်းပို မျက်ရည်ဝဲသွားခဲ့သည်ကို ကျွန်တော် မမြင်ချင်ယောင် ဆောင်ခဲ့၏။ မျက်ရည်လွယ်သလား မလွမ်းပိုရယ်။

မလွမ်းပိုအကြောင်းကို စဉ်းစားရင်း အဆိုတော် မိုင်ခဲ့ လွမ်းပို အမည်ရသီချင်းလေးကို ပြန်သတိရမိသည်။ ခုဆို

www.burmeseclassic.com



ခုနှစ်က။ ကျွန်တော်တို့ ကျိုင်းတုံဒေသ စစ်ဆင်ရေးဝင်တော့ ရဲဘော်တိုင်းပါးစပ်ဖျားဖြ ရေပန်းစားခဲ့သည့်သီချင်းဖြစ်၏။ သူတို့ဆိုလွန်းအားကြီး၍ နားစွဲခဲ့ခြင်းပင်။ အားလုံးတော့ အလွတ်မရပါ။ ရသလောက် တစ်ပိုင်းတစ်စကို ဆိုကြည့်မိ၏။

“မလွမ်းပို မငိုပါနဲ့ကွယ် ×××
မောင်ချစ်ရင် မငိုပါဘူးကွယ် ×××
နေစိမ့်နိုင်သူကြီးရယ် ×××
ဘယ်တော့ပြန်လာမလဲကွယ် ×××
မောင်ရေ မောင်ရေ ×××
မလွမ်းပိုလေ လွမ်းရင်း မျက်ရည်လည်”

မလွမ်းပိုရေ ကျွန်တော်တို့တစ်တွေ အသက်တွေကြီးကြပါပြီ။ အခုအချိန်မှာတော့ သူငယ်ချင်းမကြီး မလွမ်းပိုကို တစ်ခုသာ ကျွန်တော် ပြောလိုပါသည်။

အဲဒီတစ်ခုကတော့ ဒီသီချင်းလေးထဲကအတိုင်း “မလွမ်းပို မငိုနဲ့နော်” ဆိုတာပါပဲ။

၁-၆-၂၀၀၀

## သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်
၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးတော်မတီ သမိုင်း
၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)
၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)
၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)
၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)
၇။ သေကံမရောက် သက်မပျောက်
၈။ ကွက္ကိုယခေါ် မိန်းမတို့သည်
၉။ ယောက်ျားတို့အကြောင်း
၁၀။ ကျွန်တော်လယ်သမားကြီး
၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ
၁၂။ ငါ့သားများစစ်ထဲဝင်ရင်လေ
၁၃။ ကြည်း၊ ရေ၊ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ
၁၄။ မူးမြစ်မှသည် ရာဝတီ
၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ
၁၆။ စစ်မြေပြင်မှ ကိုယ်တွေ့ လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်များ အမှတ်(၁)

www.burmeseclassic.com

www.burmeseclassic.com

၁၇။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်များ
အမှတ်(၂)
၁၈။ ကြက္ကွတ္တိယခေါ် မိန်းမတွေ့သည်နှင့် ယောက်ျားတို့အကြောင်း။
၁၉။ အစ်ကိုတို့စစ်သား
၂၀။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်များ
အမှတ်(၃)
၂၀။ ကျွန်တော် ဂေါက်သီးသမား
၂၂။ ဗိုလ်ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ
၂၃။ စစ်မြေပြင်မှ ကိုယ်တွေ့ လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်များ
အမှတ်(၄)
၂၄။ ကပ္ပတိန်ကျော်ညွန့်၏ စွန့်စားခန်းများ
၂၅။ အချစ်နဲ့ စစ်သား
၂၆ ဆန်းကြယ်ထူးခြား စစ်သားတို့၏ လက္ခဏာများ

## ယခုထွက်ရှိသည့် စာအုပ်

၂၇။ မလွမ်းပိုမငိုနဲ့နော်

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၂၈။ မြန်မာ့မြေမှ အင်္ဂလိပ် ဂျပန်တိုက်ပွဲများ
၂၉။ အမှတ်တရတိုက်ပွဲများ အမှတ်(၁)
စီစိဝမ်တာဝန်တိုက်ပွဲကြီး
၃၀။ အမှတ်တရတိုက်ပွဲများ အမှတ်(၂)
မိုင်းယန်းတိုက်ပွဲ
၃၁။ စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်များ
အမှတ်(၅)

အထက်ပါ ထွက်ရှိပြီးစာအုပ်များအား
မြရတနာစာပေတိုက်သို့ မှာကြားနိုင်ပါသည်။
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ်(၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စစ်သားဖြစ်စအချိန်မှသည် နည်းဗျူဟာမှူး
ဖြစ်သည်အထိ သေမင်းနှင့်
လက်တစ်ကမ်း ကြုံခဲ့ရသော
စာရေးသူ၏ သက်စွန့်ဆံဖျား ဖြစ်ရပ်များ

## သောင်းဝေဦး

# “သေကံမရောက် သက်မပျောက်”

ဒုတိယအကြိမ်

စာမူခွင့်ပြုချက်အမှတ်–၁၁၃၁/၂၀၀၄ (၁၀)
အထက်ပါ စာအုပ်များ မြရတနာစာပေတွင် ရနိုင်ပါသည်

**မြရတနာစာပေ**။ ။ ဖုန်း ၀၁–၅၇၈၆၇၀၊ ၀၁၃၇[illegible]

BURMESE CLASSIC

www.burmeseclassic.com